www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# နတ်ရှူဦး၊ မောင်ညွှန့်မြိုင်း

# လုံဘားကျောက်တံတား မရဏလိုက်သံခုတင်နှစ်လုံး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၃၉၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၀၀၀၆၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၁၊စက်တင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ • ၈၃
ညီမှိုင်း၊မောင်(သန်လျင်)၊နတ်လူဦး
မရဏာလိုဏ်သံခုတင်နှစ်လုံး၊ လံဘားကျောက်တံတား အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ / မောင်ညီမှိုင်း(သန်လျင်)၊ နတ်လူဦး– ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၁၆–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) မရဏာလိုဏ်သံခုတင်နှစ်လုံး၊ လံဘားကျောက်တံတား အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မရဏာလိုက်ဏ်သံ ခုတင်နှစ်လုံး<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | လံဘား ကျောက်တံတား<br>*နတ်လှဦး* | ၁၁၃ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်ုပ်သည် အရွယ်ရောက်စအချိန်ကစ၍ ကျွန်ုပ်၏အဘိုးနန်းရိုးစဉ်ဆက် မင်းပုရောဟိတ်အနွယ်ဝင် ပုဏ္ဏားတော် ဗေဒင်ပညာရှင်ကြီး ဒေဝသီဟာထံမှ ဗေဒင်ပညာအမွေများ ရရှိခဲ့ရကာ ဟူးရားဗေဒင်၊ ဇာတာအဟောသာမက နက္ခတ်ဗေဒင်ဆိုင်ရာ ပညာရပ်များကိုပါ ထူးကဲစွာ အမွေပညာရရှိခဲ့၏။

ပြောရလျှင် ကျွန်ုပ်တို့မျိုးရိုးသည် ရွှေနန်းသုံး ပုရောဟိတ်အဆက်ဖြစ်ရကား သားအစဉ်မြေးအဆက် ဗေဒင်ပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်ဖြစ်၏။

မန္တလေးမြို့ကို အခြေပြုပြီးနောက် ရန်ကုန်–မော်လမြိုင်မြို့ကြီးများတိုင် ပေါက်ရောက်နှံ့သိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ...

ဆန်းကျမ်းဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာပညာ၊ လက္ခဏာပညာ၊ အနောက်တိုင်း ဗေဒင်လက္ခဏာပညာ၊ အရှေ့တိုင်း ဗေဒင်လက္ခဏာပညာများကိုပါ တိုးချဲ့လေ့လာမှတ်သားသင်ယူခဲ့၏။

များမကြာခင် မနောပညာရှင် ဆာဒူးသူတော်စင်ကြီးတစ်ဦးနှင့်လည်းကောင်း၊ ဂမ္ဘီရပညာရှင် ဘရာကျော်ဦးတိုက်ပုံအမည်ရှိ လူထူးဆန်းတစ်ဦးနှင့်လည်းကောင်း၊ သမထဖိုးသူတော်ကြီး ဦးရာဇကိတ္တိနှင့်လည်းကောင်း၊ အဂ္ဂိရတ်ဘုန်းတော်ကြီး ဦးကေသရနှင့်လည်းကောင်း အကြောင်းဖက် ပေါင်းသင်းဆက်ဆံမိရာမှ သားတပည့်ဘဝကိုခံယူကာ ရသမျှပညာများကို စုံလုနီးပါး ဆည်းပူးခဲ့သည်မှာ (၁၅)နှစ်ခန့်ကြာခဲ့၏။

ဆာဒူးသူတော်စင်ကြီး မဟိန္ဒနှင့်လည်း အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့၏။ နီပေါနိုင်ငံသို့ ရောက်ခဲ့၏။

ဟိမဝန္တာတောင် တောထဲ၌ ထူးဆန်းသော ယောဂီကြီးများ၊ ဆာဒူးကြီးများ၊ ဖကီးများ၊ သူတော်စင်များဖြင့်လည်း တွေ့ဆုံခဲ့၏။

ဟိမဝန္တာမှ ပြန်လာပြီးနောက် ဘတိုက်ပုံ ဦးရာကျော်အမည်ရှိ လူထူးဆန်းအဘိုးအိုဖြင့် မြန်မာပြည်တစ်ဝှမ်းရှိ တောတောင်များ၊ ဂူများ၊ ဘုရားပုထိုးများ၊ သုသာန်သချိုင်းများမှာ သမထကျင့်စဉ်၊ ဘာဝနာကျင့်စဉ်များ လိုက်လံကျင့်ကြံရင်း အဘရဲ့ ကိုးတောင်ပြည့်စေတီများ တည်ရာမှာလည်းပါဝင်ခဲ့ဖူး၏။

နောက်ဆုံး ကျွန်ုပ်သည် ထူးဆန်းသော မနောအမြင်ဝိတ်များရရှိခဲ့ကာ စီးပွားရေးသဘောမဟုတ်ဘဲ လူသတ္တဝါများအကျိုး သည်



www.burmeseclassic.com

www.burmeseclassic.com



ပိုးသည့်အနေဖြင့် မနောစိတ်အမြင်ဖြင့် ဟောပြောခဲ့လေရာ အကြောင်း အကျိုးတိုက်ဆိုင်၍ လူယုံကြည်ကိုးစား အားထားမှုများ ရရှိကျော်စော လာခဲ့၏။

ဤသို့ ဟောပြောမှုများအတွက် ကျွန်ုပ်သည် အခကြေးငွေ ကိုမူ တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆိုခြင်း အလျဉ်းမပြုခဲ့။

အများအားဖြင့် အဟောပြောခံ ပုဂ္ဂိုလ်များသည် အကျွန်ုပ် ဟောပြောချက် တိုက်ဆိုင်ခြင်းကို လွန်စွာနှစ်မြို့က်ရကား ငွေကြေးဝတ္ထု ပစ္စည်းများဖြင့် ကန်တော့ကြ၏။

ရလာသမျှ လာဘ်ပဿကာများကို ကျွန်ုပ်ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြု။ ကျေးဇူးရှင် လူထူးဆန်းဘတိုက်ပုံ ဦးရာကျော် စေတီ ပုထိုးများတည်ရာ ပြုပြင်ရာမှာ ပါဝင်လှူဒါန်းပစ်ခဲ့၏။

ဆင်းရဲနွမ်းပါးလှသည့် တိုင်းရင်းသား ပရဟိတကျောင်းများ သို့လည်းကောင်း၊ မိဘမဲ့ဂေဟာများသို့လည်းကောင်း၊ စုပေါင်းရှင်ပြုပွဲ များမှာသော်လည်းကောင်း ထည့်ဝင်လှူဒါန်းခဲ့၏။

ထိုကုသိုလ်အစုစုကိုလည်း ကျွန်ုပ်၏ ကောင်းမှုကုသိုလ်ဟု မယူဆဘဲ အများကောင်းမှု၊ တပည့်သားမြေးများ ကောင်းမှုအဖြစ် ခံယူ၍ အမျှအတန်းပေးဝေ၏။

တန်ဆောင်မုန်းလပြည့်၊ တပို့တွဲလပြည့်၊ တပေါင်းလပြည့်လို နေ့မျိုးနှင့် အကြောင်းဆိုင်လျှင် သုသာန်များသို့ သွားရောက်ပြီး အကျွတ် အလွတ်ဒါနများကို အဘနှင့်အတူ အများစုပေါင်း၍ ကောင်းမှုပြုခဲ့ သည်။

ထိုသို့သော ကောင်းမှုကုသိုလ်အား၊ ကျင့်စဉ်စရဏအားများ ကြောင့်လားမသိ ...

www.burmeseclassic.com



နာမည်ကျော်စီးပွားရေးလုပ်ငန်းရှင်များ၊ နာမည်ကျော် အနုပညာရှင်များ၊ သူဌေးကြီးများ၊ နိုင်ငံခြားသားများသည် ကျွန်ုပ်ကို သီးသန့်ပင့်ဖိတ်၍လည်းကောင်း၊ ကျွန်ုပ်ရှိရာအရပ်သို့ လိုက်လာ၍လည်းကောင်း၊ အကူအညီတောင်းလေ့ရှိရကား ကျွန်ုပ်၏ အကောင်းအဆိုး မနောအမြင်ဟောချက်နှင့် ထူးခြားမှုများရှိသွားပြီး ကျွန်ုပ်၏ဂုဏ်သတင်းသည် အိမ်နီးချင်းနိုင်ငံများသို့တိုင် ထင်ရှားစ ပြုလာခဲ့လေသည်။

မည်သို့ပင် ထင်ရှားကျော်ကြားစေကာမူ ကျွန်ုပ်မှာ အိမ်ပိုင်မရှိပါ။ တိုက်ပိုင်မရှိပါ။ ကားမရှိပါ။ ဆိုင်ကယ်မရှိပါ။ ရေဒီယိုအစုတ်ကလေးတစ်လုံးမျှပင် မရှိပါ။

ကျွန်ုပ်သည် ငယ်ဆရာ ဖိုးသူတော်ကြီး ရာဇကိတ္တိရှိရာ အဂ္ဂိရတ်ဘုန်းတော်ကြီး ဦးကေသရကျောင်းမှာပဲ နေထိုင်ခဲ့ပါသည်။

တစ်ခုတော့ ကျွန်ုပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့သည်။

ကျွန်ုပ်သည် ဒေသန္တရဗဟုသုတကို လွန်စွာလိုလား၏။ သွားချင်စိတ်ရှိသော နေရာဌာနကို ရောက်အောင်သွားလေ့ရှိ၏။ သို့နှင့် ...

တပည့်သားမြေးများ စောင်မမှုနှင့် ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံများသို့ တစ်နှစ်လျှင် တစ်ကြိမ်လှည့်လည်ရောက်ရှိသွားခဲ့ပြီး ရှေးဟောင်းမဟာယန ဗုဒ္ဓရုပ်ပွားတော်များ၊ ထေရဝါဒဗုဒ္ဓရုပ်ပွားတော်များ၊ အဆန်းအကြယ်နေရာများသို့ သွားရောက် လေ့လာဖူးမြော်ခဲ့၏။

၎င်းနေရာဌာနများ၌ ကျွန်ုပ်တို့ မြန်မာလူမျိုးများလည်း အလုပ်လုပ်ကိုင်လျှက်ရှိရကား ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုခေါ်ဆောင်ခဲ့သည့် တပည့်သားမြေးများအဆက်ဖြင့် ဓနေဒါဗေဒင်ပညာဖြင့်လည်းကောင်း၊ လက္ခဏာပညာဖြင့်လည်းကောင်း ဘာပ်အပ်ဟောပြောခဲ့၏။

ဒီလိုနှင့် ... အချို့သောနိုင်ငံများမှာ မိတ်သစ်ဆွေသစ်များ ဘပ်မံတိုးပွားကာ ကျွန်ုပ်၏လုပ်ငန်းသည် ထင်ရှားကျယ်ပြန့်စပြု၍ တိုး ဘက်ခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

တစ်နေ့သောအခါ နိုင်ငံခြားသား သတင်းသမားတစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာခဲ့၏။

ကျွန်ုပ်၏ မနောစွမ်းအားအမြင်ကို လက်တွေ့လေ့လာပြီး စာရေးချင်လို့ပါဟု ဖွင့်ဆိုလာ၏။

ကျွန်ုပ်သည် ဟိန္ဒူစကား၊ မြန်မာစကား၊ ဂျပန်စကား၊ အင်္ဂလိပ်စကားနှင့် တရုတ်စကား အတော်အတန် ပြောဆိုနိုင်ရကား ပြောရေးဆိုခွင့်ကိစ္စများမှာ သိပ်အခက်အခဲမရှိလှပေ။ ကျွန်ုပ်က ဧည့်သည် နိုင်ငံခြားသားကို မေးလိုက်၏။

"အမည်ဘယ်လိုခေါ်ပါသလဲ မိတ်ဆွေ"

"မစ္စတာ ဟင်နရီလို့ခေါ်ပါတယ်"

"ဘယ်နိုင်ငံသားများပါလည်းခင်ဗျာ"

"( .........)ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကြောင်းနဲ့များ မစ္စတာဟင်နရီက ကျွန်ုပ်နှင့် တွေ့ချင်ရတာပါလည်း ခင်ဗျာ"

"အရှေ့တိုင်းသားတစ်ဦးဖြစ်တဲ့ မစ္စတာဦးအောင်မောင်းစည် အနေနဲ့ လူတစ်ယောက်ရဲ့မျက်စိကို စူးစိုက်ကြည့်ပြီး၊ ဒါမှမဟုတ် ဝတ္ထု ပစ္စည်းတစ်ခုကို စူးစိုက်ကြည့်ပြီး ဟောပြောရာမှာ အလွန်ကို တိကျ မှန်ကန်တယ်လို့ ကျွန်ုပ်တို့ ( ...... ) နိုင်ငံ သတင်းစာများမှာပါ ဖတ်သိရလို့ လာရောက်တွေ့ဆုံရတာပါ"

"တွေ့ဆုံလို့ ထူးခြားချက်ကိုသိခဲ့ရင် မစ္စတာဟင်နရီ ဘာဆက် လုပ်ဖို့ အစီအစဉ်ရှိပါသလဲခင်ဗျာ"

"ကျွန်ုပ်တို့အလုပ်က ....."

ဒီမှာပဲ ကျွန်ုပ်က ဖြတ်၍ ပြောချလိုက်၏။

"မစ္စတာဟင်နရီရဲ့ အလုပ်က သတင်းထောက်။ ပြီးတော့ စာရေးဆရာပါ"

ဒီမှာ သူမျက်လုံးနည်းနည်း ကျယ်သွားခဲ့၏။

"ကျွန်ုပ်အကြောင်းကို မစ္စတာ အောင်မောင်းစည် ကြိုကြား သိပြီးပြီလား ခင်ဗျား"

ဒီမေးခွန်းကို ကျွန်ုပ်က ပြန်မဖြေခဲ့ပါ။

"မှန်ပါတယ် ခင်ဗျာ။ ကျွန်ုပ်က ( ......)သတင်းစာရဲ့ နယ်လှည့်သတင်းထောက်ပါ။ စာလည်းရေးပါတယ်။ အထူးသဖြင့် ကမ္ဘာ တစ်ဝှမ်းက ထူးထူးဆန်းဆန်း လူပုဂ္ဂိုလ်များ၊ သဘာဝအနေအထား များ၊ ရှေးဟောင်းပစ္စည်းဆန်းများအကြောင်းကို လူအများသိရှိဖို့ ရှာ ဖွေလေ့လာ တွေ့ဆုံမှတ်တမ်းတင်ပြီး သတင်းများ ဖြန့်ဝေပါတယ် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ခု မေတ္တာရပ်ခံပါရစေ မစ္စတာဟင်နရီ"

"ပြောပါ မစ္စတာအောင်မောင်းစည် ခင်ဗျား"

"ကျွန်ုပ်နှင့်ပတ်သက်၍ ခင်ဗျားသိလိုသည်များကို မေးမြန်းနိုင်ပါတယ်။ ဒါပေမဲ့ ဒီအကြောင်းများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာ မရေးပါနဲ့"

"ခင်ဗျာ . . . ဘာ . . . ဘာဖြစ်လို့ပါလဲ မစ္စတာ အောင်မောင်းစည်"

"ကျုပ် နာမည်မကြီးချင်ဘူး၊ ကမ္ဘာမကျော်ချင်ဘူး"

"ဟင် . . . မစ္စတာအောင်မောင်းစည်က အလွန်ထူးဆန်းတဲ့လူပဲ။ အချို့ကမ္ဘာကျော်ရတာကို အလွန်နှစ်ခြိုက်ကြပါတယ် ခင်ဗျာ"

"အဲဒီလိုလူစားထဲမှာ မြန်မာပြည်က ကျွန်ုပ် လုံးဝမပါဝင်ပါဘူး။ ခုချိန်ကစပြီး သင်သိလိုတာကို မေးမြန်းနိုင်ပါပြီ"

ထိုအချိန်က ကျွန်ုပ်၏အနီး၌ တက္ကသိုလ်ပါမောက္ခကြီးတစ်ဦး၊ အထက်တန်းကျောင်းအုပ်ကြီးတစ်ဦး၊ ဘုန်းတော်ကြီးနှစ်ပါးနှင့် အိန္ဒိယနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးနှင့်အတူ ဗေဒင်လက္ခဏာဆိုင်ရာ လေ့လာလိုက်စားနေကြသော လူရွယ်ပညာတတ်သုံးဦးတို့လည်း အတူရှိနေကြ၏။

နိုင်ငံခြားသား မျက်နှာဖြူသတင်းထောက်သည် အနီးရှိ လူပုဂ္ဂိုလ်များကို မျက်စိဝေ့ကြည့်ပြီးနောက် အခွင့်တောင်းစကား ဆိုလိုက်သည်။

အားလုံးကလည်း နားလည်လက်ခံလိုက်ကြ၏။

ဒီမှာပဲ နိုင်ငံခြားသားလူဖြူ မစ္စတာဟင်နရီက သတ္တုဖြင့်ပြုလုပ်ထားသည့် နှစ်လက္ခခန့်ဘူးလေးတစ်ဘူးကို ထုတ်၍ ကျွန်ုပ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်သို့ ချထားလိုက်ပြီးနောက် မေးခွန်းတစ်ခုကို ကျွန်ုပ်မျက်နှာအား စေ့စေ့ကြည့်၍ မေးလိုက်၏။

"မစ္စတာအောင်မောင်း ခင်ဗျား ... သင်ဟာ မနောအမြင်အလွန် စူးရှထက်မြက်သူလို့ အာရှနိုင်ငံများမှာ ကျော်ဇောနေပါတယ်။ ယခု ကျွန်ုပ် လက်တွေ့လေ့လာသိရှိချင်လို့ ကိုယ်တိုင်ရောက်ရှိလာခဲ့ပါတယ်။ ဟောဒီသတ္တုဘူးထဲကပစ္စည်း ဘာပစ္စည်းလည်းဆိုတာ သင်ပြောပြပါ"

ညှိသည်နိုင်ငံခြားသား သတင်းထောက်၏လုပ်ရပ်ကား လွန်စွာ ဖြောင့်ကျလွန်းလှ၏။ ပြတ်သား ရှင်းလင်းလွန်းလှ၏။ ကျွန်ုပ်တို့ဝန်းကျင်ရှိညှိသည်များ၊ တပည့်များသည် သူ့ရဲ့မေးခွန်းကြောင့် ကျွန်ုပ်ရဲ့မျက်နှာကို 'ဘယ်လိုလဲဆရာ'ဟု လှမ်းကြည့်နေကြ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ လေ့ကျင့်ရရှိထားသော မနောအသိပညာစွမ်းများအား မယုံသူလာရောက်စမ်းသပ်လှည့်ကြပါဟု ဘယ်တုန်းကမှ ဖိတ်ခေါ်ကြွားဝါခြင်း အလျဉ်းမပြုခဲ့။

အခက်အခဲရှိလာသူများကိုသာ တတ်စွမ်းသမျှ ကူညီဟောပြောနေခြင်းသာ ဖြစ်၏။

ယခုကျွန်ုပ်ကို သံသယရှိသူ နိုင်ငံခြားသားတစ်ဦးက လက်တွေ့စမ်းသပ်နေလေပြီ။

ကျွန်ုပ် ဤကဲ့သို့ အပြုအမူ အဟောအပြောမျိုးကို ဖြစ်နိုင်လျှင် လုံးဝ မလုပ်ချင်ပါ။

ကျွန်ုပ်၏ ဆရာသခင်များကလည်း မနှစ်သက်ကြပါ။

ဒါပေမဲ့ မြန်မာလူမျိုးတို့၏ သမထကျင့်စဉ်မှလည်းကောင်း၊ ဝိဇ္ဇာလမ်းကြောင်းဆိုင်ရာ ကျင့်စဉ်မှလည်းကောင်း၊ သိဒ္ဓိပြောက်နေသကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ကြိုးစားကျင့်ကြံလျှင် ရရှိနိုင်စွမ်းရှိသော ဂမ္ဘီရပညာပိုင်းဆိုင်ရာ တွေ့ရှိချက်ကိုမူ အထင်သေးခံရအောင် မလုပ်ချင်ပါ။

ဤကျင့်စဉ်အစွမ်း စိတ်ပါဝါစွမ်းအင်များသည် ကမ္ဘာမှာလည်း ရှိပါသည်။ အမြင်ထူးများရရှိခဲ့သူ ဒတ်ချ်အမျိုးသား ပီတာဟာကို(စ်) သည် နိုင်ငံခေါင်းဆောင်များ ကိုးကွယ်နေသည့် အကြားအမြင်ရ ပုဂ္ဂိုလ် ထူးဖြစ်၏။ လူတစ်ယောက်သေမသေကို အကြားအမြင်နှင့်ဟောပြောပြီး ဖြေရှင်းပေးနိုင်ခဲ့သူဖြစ်၏။

နောက်တစ်ယောက်က 'ဝုလ်(ဖ)ဂရီရိုရီဗစ်(ရှ်)မက်ဆင်း' ဆိုသူ ဝါဆောမြို့သားဖြစ်၏။ သူသည် မနောစိတ်ပညာနှင့် လူတစ်ယောက် ကို လိုရာစေခိုင်းနိုင်၏။ သိပ္ပံပညာကျော် အိန်စတိန်းနှင့် စိတ်ပညာရှင် ကြီး ဆစ်မန်ဖရွိုက်အပါအဝင် အိန္ဒိယပြည်ဖခင်ကြီး ဂန္ဒီကြီးတို့ကိုယ်တိုင် အံ့သြချီးကျူးလေးစားခဲ့ရသော မနောပညာရှင်တစ်ဦးဖြစ်၏။

မက်ဆင်းသည် စိတ်ပညာမနောစွမ်းအားနှင့် အမှုအခင်းများ ကို စုံစမ်းထောက်လှမ်းနိုင်သူ၊ စေခိုင်းအမိန့်ပေးနိုင်သူ ဖြစ်ခဲ့သည်။ ဒါမျှမကသေး ဘိုးရင်းကုမ္ပဏီမှ 'ရှမစ်' ဆိုသူ သိပ္ပံပညာရှင်တစ်ဦးသည် လည်း စိတ်တန်ခိုးစွမ်းအားဖြင့် ရေဒီယိုဓာတ်ကြွပစ္စည်းများကို ချို့ ယွင်းသွားအောင် လုပ်နိုင်ခဲ့သည်ဟု ကြားသိရ၏။ ပြီး ...

ရုရှပြည်မှ စိတ်တန်ခိုးရှင် 'နီလာကူနဂီ' ဆိုသူ အမျိုးသမီး ကြီးသည် မီးခြစ်ဆံ၊ မီးခြစ်ဘူး၊ ပလပ်စတစ်နှင့် အခြားပစ္စည်းများကို သူမ၏ စိတ်တန်ခိုးစွမ်းအားဖြင့် တစ်ပေခန့်ရွှေ့ကြွသွားအောင် ဆောင် ရွက်နိုင်ခြင်းသည် အထင်အရှားဖြစ်၏။

မကုန်သေးပါ။ ကျန်ပါသေးသည်။

'အစ္စရေး' နိုင်ငံမှ စိတ်မနောတန်ခိုးရှင် 'ယူရီဂဲလား' သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ မနောစွမ်းအင်တန်ခိုးဖြင့် သက်မဲ့အရာဝတ္ထုပစ္စည်းများကို ရွေ့ပြောင်းစေခြင်း၊ ကောက်ကွေ့ပျော့ပြောင်းစေခြင်း၊ အပိုင်းပိုင်းပြတ်စေခြင်းသာမက အပျော်စီး ပင်လယ်ကူးသင်္ဘောကြီးကိုပင် သူ့စိတ်တန်ခိုးစွမ်းအင်နှင့် ခေတ္တရပ်သွားအောင် လုပ်ပြနိုင်ခဲ့သည်ကား သဘာဝလွန်စိတ်ပညာရပ်၏ ကျယ်ပြန့်လာသော အံ့မခန်းဖြစ်ရပ်ဆန်းများ ဖြစ်ပေသည်။

မနောပညာရှင် ဆရာကြီး 'ကိုင်ရို' ဆိုလျှင် လူတစ်ယောက်၏ ဘဝကံကြမ္မာ အဆိုးနှင့်အကောင်းကို နေ့ရက်လအချိန်အတိအကျ ဟောပြောနိုင်၏။

သူသည် ကမ္ဘာကျော်ခဲ့၏။

ကမ္ဘာကျော်အောင်ကိုလည်း စာနယ်ဇင်းများက ဝိုင်းဝန်းမွှံပိုးခဲ့၏။

ဖကီးများ၊ ဆာဒူးသူတော်စင်များလည်း ထိုကဲ့သို့ ဟောပြောနိုင်ကြ၏။

နာမည်ကြီးလာတာကို ကျွန်ုပ်မလိုလားသော်လည်း ဤပညာပိုင်းကိစ္စအား မပြောမပြတဲ ဆိတ်ဆိတ်နေလိုက်ပြန်လျှင် ဤသတင်းထောက်လူမျိုးခြားသည် တစ်ချိန်မဟုတ်တစ်ချိန် ကျွန်ုပ်အား ပျက်ရယ်ပြုသည့်စာများဖြင့် ရေးသားဝေဖန်ပေလိမ့်မည်။

ထိုအခါ ကျွန်ုပ်ကြောင့် ကျွန်ုပ်တို့လူမျိုးကို လိမ်ညာဖန်တီးစားသောက်နေသော လူမျိုးပါဟု အားလုံးက အထင်သေးမှာလည်း ကျွန်ုပ် အမှန်စိုးရိမ်ပူပန်မိပါသည်။

သို့နှင့် ...

ကျွန်ုပ်က ဘုရားစင်ရှေ့မှာ ရပ်၍ ဘုရားရှင်ကိုယ်တော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိရာသို့ လက်အုပ်ချီရှိခိုးကန်တော့လိုက်၏။

ငင်းနောက် ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာသခင်များ ဖြစ်ကြသော လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်၊ ဆာဒူးသူတော်စင်ကြီး မဟိန္ဒက၊ သမထဖိုးသူတော်ကြီး ဦးရာဇကော်တ္တိနှင့် အဂ္ဂိရတ်ဘုန်းတော်ကြီး ဦးကေသရအပါအဝင် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့အား ပန်ကြားမေတ္တာ ရပ်ခံလိုက်၏။

ဆရာသခင် ကျေးဇူးရှင်အပေါင်းနှင့် ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့ခင်ဗျာ။ ကျွန်ုပ်သည် ယနေ့တိုင် ကံငါးပါးကို လုံခြုံစွာစောင့်ထိန်းခဲ့ပါ၏။ ပဉ္စနန္တရိယကံအမှုများ လုံးဝမကျူးလွန်ခဲ့ပါ။ ရရှိသမျှ လာဘ်လာဘတို့အားလည်း ကိုယ်ကျိုးအတွက်အတွက် လုံးဝ မသုံးခဲ့ပါ။ ဘာသာသာသနာ၊ လူမျိုး၊ ယဉ်ကျေးမှု အကျိုးအတွက်သာ အသုံးပြုခဲ့ပါ၏။ နိဗ္ဗာန်မဂ်ဖိုကို ရှေးရှုနေဆဲဖြစ်ပါ၏။

သို့ပါသော်ငြားလည်း မြန်မာလူမျိုးတို့၏ ဝိဇ္ဇာမဟိဒ္ဓိသိဒ္ဓိနှင့် ကျင့်စဉ်အစွမ်း အံ့မခန်းပညာများအား လူမျိုးခြားတို့ ကဲ့ရဲ့ရှုံ့ချ အထင်သေးခြင်းမှ ကင်းလွတ်ပါရစေချင်းအကျိုးငှာ ပညာအပိုင်းအချို့အား ဟောပြောအသုံးချရမည်ဖြစ်နေပါသဖြင့် အခွင့်ပြုပါရန် ရိုသေစွာ မေတ္တာရပ်ခံ တောင်းပန်ပါသည်။ ဆရာ သခင်ကျေးဇူးရှင်များနှင့် အစောင့်အရှောက် ပုဂ္ဂိုလ်ရေး ပုဂ္ဂိုလ်မြတ်အပေါင်းတို့ ခင်ဗျာ။

ကျွန်ုပ်လည်း ဘုရားရှင်နှင့်တကွ အနန္တော အနန္တငါးပါးကို ရိုသေစွာ ဦးခိုက်ကန်တော့ပြီးနောက် အများရှေ့မှာ ပြန်ထိုင်လိုက်၏။

"မစ္စတာ ဟင်နရီ"

"ရက်စ် ...မစ္စတာ အောင်မောင်းစည်"

"ကျွန်ုပ် မြင်သမျှ ဖြေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရက်စ် ... ရက်စ် ... ဖြေပါ မစ္စတာအောင်မောင်းစည်"

ကျွန်ုပ်သည် မစ္စတာဟင်နရီရဲ့ သတ္တုဘူးလေးကို အာရုံစိုက်၍ ကြည့်လိုက်၏။

ကျွန်ုပ်မျက်လုံးထဲမှာ ကနေသည့် ငှက်တစ်ကောင်ပုံ ပေါ်လာသည်။ ၎င်းပစ္စည်းသည် ရွှေနှင့်လုပ်ထားမှန်း ကျွန်ုပ်မြင်နေရ၏။

"မစ္စတာ ဟင်နရီ"

"ပြောပါ မစ္စတာ"

"အထဲမှာရှိနေတာ ရွှေဒင်္ဂါးတစ်ပြားပါ"

"ခင်ဗျာ ..."

"ဒေါင်းရုပ်ပုံပါ မြန်မာရွှေဒင်္ဂါးတစ်ပြားပါ မစ္စတာ ဟင်နရီ ခင်ဗျာ"

လူမျိုးခြား မစ္စတာဟင်နရီသည် ကျွန်ုပ်ရဲ့မျက်နှာကို ကြည့်ရင်း မျက်ခုံးကို ပင့်လိုက်၏။

ကျွန်ုပ်ဝန်းကျင်မှ ဧည့်ပရိသတ်များကလည်း ကျွန်ုပ်ဟောချက် ဟုတ်မှဟုတ်ပါ့မလားဟု စိုးရိမ်နေကြ၏။

"ဖွင့်လိုက်ပါ မစ္စတာဟင်နရီ"

ဒီမှာပဲ လူမျိုးခြားမျက်နှာဖြူ သတင်းထောက် မစ္စတာဟင်နရီက သတ္တုဘူးလေးရဲ့အဖုံးကို ဖြည်းဖြည်းခြင်း ဖွင့်လိုက်သောအခါ ..

"ဟာ ..."

"ဟယ် ..."

"အလိုလေး ..."

ပါမောက္ခကြီး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဖိုးသူတော်ကြီးအပါ အဝင် ဧည့်သည်တပည့်များပါ အံ့သြသွားကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက သတ္တုဘူးလေးထဲမှာ အားလုံးမြင်လိုက်ရသည်က အတောင်ဖြန့်၍ကနေသည့် ဒေါင်းပုံရွှေဒင်္ဂါးတစ်ပြား။

ရတနာပုံခေတ်သုံး ရွှေဒင်္ဂါးပြားတစ်ပြား ဖြစ်နေသောကြောင့်တည်း။

"ရက်စ် ... ဘဲရီးဂွတ် ... မစ္စတာ အောင်မောင်းစည်"

မျက်နှာဖြူသတင်းထောက်သည် သူယူဆောင်လာသည့်ပစ္စည်းကို တစ်ခါမှမမြင်ဘူးပါပဲ တပ်အပ်သေချာပြောနိုင်၍ လွန်စွာ ရှင်မြူးသွားခဲ့၏။

"နောက်တစ်ခုမေးခွင့်ပြုပါ မစ္စတာ အောင်မောင်းစည်"

"မေးပါ။ ဒါပေမဲ့ သုံးကြိမ်ပဲ ခွင့်ပြုပါမယ်"

"ဘာဖြစ်လို့ပါလဲ မစ္စတာ မောင်းစည်"

"ကျွန်ုပ်ကို မျက်လှည့်ဆရာလို့ မြင်သွားမှာစိုးလို့ပါ"

"အိုး ... ရက်စ် ... ရက်စ် ... ကောင်းပါပြီခင်ဗျာ"

သည့်နောက် လူမျိုးခြား မျက်နှာဖြူ သတင်းထောက်ကြီးက အင်္ကျီအိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူ၍ ကျွန်ုပ်ရှေ့မှာ ချထားလိုက်၏။ စာအိတ်မှာ ချိတ်ပိတ်စာအိတ်တစ်ခုဖြစ်၏။

အရောင်က အဖြူရောင်ခပ်ရှည်ရှည် ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ လေယာဉ်စာအိတ်အကြီးဆိုက်ခန့်ရှိ၏။

"မစ္စတာ အောင်မောင်းစည်ခင်ဗျာ ... အထဲမှာ စာရွက်တစ်ရွက်ရှိပါတယ်။ အဲဒီစာရွက်ပေါ်မှာ စာကြောင်း ဘယ်နှစ်ကြောင်းပါဝင်ပါသလဲ၊ ၎င်းစာကြောင်းများက ဘာအကြောင်းများကို ရေးထားပါသလဲ ကျေးဇူးပြု၍ ထပ်မံဟောပြောပါခင်ဗျာ"

မစ္စတာဟင်နရီ၏ မျက်နှာပေါ်မှာ အပြုံးရိပ်တစ်ခု သန်းနေ၏။

www.burmeseclassic.com



သူ့အနေအထားပုံသွင်က စောစောကပေဟာပြောချက်သည့် အကြောင်း သင့်၍ တိုက်ဆိုင်သွားသည်ဟု ယူဆထားပုံရ၏။

ယခုအလှည့်မှာကော ကျွန်ုပ်ဖြေနိုင်လျှင် ဖြေပေးလေဆဲသည့် မထိတရိအပြုံးက ပေါ်လွင်နေ၏။

ကျွန်ုပ်သည် ဆိုင်းငံ့မနေတော့ဘဲ စာအိတ်ပေါ်သို့ မျက်စိအစုံ နှင့် အာရုံစိုက်လိုက်၏။ ညာလက်ဝါးကိုလည်း မှောက်အုပ်ထားလိုက် ၏။

အချိန်အတန်ကြာသွားခဲ့သည်။

အားလုံး တိတ်နေရကား အပ်ကျသံကိုပင် ကြားရနိုင်၏။

"မစ္စတာ ဟင်နရီ"

သူက ကျွန်ုပ်ကို စိုက်ကြည့်နေ၏။ ပြီး . . . မေးငေါ့၍ ပြလိုက် သေး၏။

"စာအိတ်ထဲက စာရွက်ပေါ်မှာ လက်နှိပ်စက်နဲ့ စာကြောင်း ငါးကြောင်းပါဝင်ပါတယ်။ သင်စာရေးပြီး မှတ်လိုက်ပါ"

ဩဇာသံပါသော ကျွန်ုပ်၏အမိန့်ကြောင့် မစ္စတာဟင်နရီသည် ဖောင်တိန်ကိုထုတ်၍ မှတ်စုစာအုပ်မှာ ကျွန်ုပ်ပြောသည့်အတိုင်းလိုက် ရေးလိုက်၏။

ဗေဒင်နက္ခတ်ပညာသင်ယူနေကြသည့် တပည့်သုံးဦးကလည်း စာရွက်ပေါ်မှာ လိုက်ရေးမှတ်နေကြ၏။

"မစ္စတာဟင်နရီ ပြန်ပြောပါမယ်။ စာရွက်ပေါ်မှာ လက်နှိပ် စက်နဲ့ရိုက်ထားသည့် စာကြောင်းငါးကြောင်းပါဝင်ပါတယ်။

တစ် . . . ပထမစာကြောင်းမှာ ရေးထားတာက ငွေဇနီးရဲ့ အမည်ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ် ...ဒုတိယစာကြောင်းမှာ ရေးထားတာက သင့်သားရဲ့ အမည်ပဲဖြစ်တယ်။

သုံး ...တတိယမြောက်စာကြောင်းမှာ ရေးထားတာက သင်တို့မိသားစုသုံးယောက်ပေါင်းရဲ့ အသက်သည် (၇၀)နှစ်ဖြစ်သည်လို့ ရေးထားတာဖြစ်တယ်။

လေးအချက်စာကြောင်းက သင့်သားရဲ့အသက်သည် ငါးနှစ်ပြည့်မြောက်ခဲ့ပါပြီတဲ့။

နောက်ဆုံး ...ငါးခုမြောက် စာကြောင်းအဓိပ္ပာယ်က ကမ္ဘာကျော် မနောဗေဒင်ပညာရှင် ကိုင်ရိုလိုလူမျိုး နောက်ထပ်ပေါ်နိုင်ဦးမှာလားလို့ အဓိပ္ပာယ်ရှိတဲ့ စာကြောင်းငါးကြောင်းပါ မစ္စတာ ဟင်နရီ။ ကျွန်ုပ်ပြောတာဟုတ်မဟုတ် သင်ကိုယ်တိုင် ဝန်ခံစရာမလိုပါဘူး။ ဟောဒီက အင်္ဂလိပ်စာပါမောက္ခကြီး ဦးချစ်အောင်သန်း (ခေါ်) မစ္စတာချစ်အောင်သန်းကို ဖွင့်ဖောက်ဖတ်စေပါမယ်။ ပါမောက္ခကြီးခင်ဗျား ကျေးဇူးပြု၍ ဟောဒီစာအိတ်ကို ဖွင့်ဖောက်ဖတ်ပြပေးပါခင်ဗျား”

ဒီမှာပဲ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ အငြိမ်းစားပါမောက္ခကြီး ဦးချစ်အောင်သန်းက စာအိတ်ယူ၍ ထိပ်ပိုင်းကို ကပ်ကြေးနှင့်ညှပ်လိုက်ပြီး အထဲက စာရွက်အဖြူတစ်ရွက်ကို ထုတ်ယူ၍ ဖြန့်လိုက်၏။

ဒီအချိန်မှာ မျက်နှာဖြူသတင်းထောက်ကြီး မစ္စတာဟင်နရီသည် ကျွန်ုပ်၏မျက်နှာကို လေးစားအံ့ဩသော မျက်လုံးအစုံနှင့်ကြည့်ပြီး ဘာပြောရမှန်းမသိဖြစ်နေ၏။

“မစ္စတာ ဟင်နရီ ...ဒီမှာ စာကြောင်းငါးကြောင်း ပါပါတယ်ခင်ဗျား။ လက်နှိပ်စက်နဲ့ ရိုက်ထားပါတယ်။ ဒီမှာကြည့်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်း လက်ခံပါသလား"

"ရက်စ် ... ပါမောက္ခကြီး ... အိုကေ ... ရိုက် ..."

"ပထမစာကြောင်းက ကျွန်ုပ်၏ဇနီးအမည်သည် မစ္စစ်ဟင်နရီ ချက်(က်)ပါတဲ့။ ဟုတ်ရဲ့လား"

"ရက်စ် ... ရက်စ် ... မစ္စတာ"

"ဒုတိယအကြောင်းက ကျွန်ုပ်သားအမည်မှာ မိုက်ကယ်ဝင်း ဟုခေါ်သည်။ မှန်ရဲ့လား မစ္စတာဟင်နရီ"

"ရက်စ် ... ရက်စ်ဆာ"

"တတိယတစ်ကြောင်းမှာ ဟောဒီလိုရေးထားပါတယ်။ ကျွန်ုပ်၏အသက် (၃၅)နှစ်၊ ဇနီး၏အသက် (၃၀)နှစ်၊ သား၏အသက် (...) နှစ် စုစုပေါင်း (၇၀)နှစ်ဖြစ်ပါသည်။ ဒါရော ဆရာကြီး မစ္စတာအောင် မောင်းစည်ရဲ့ဟောချက်နဲ့ အံကိုက်ပါရဲ့လား"

"အံကိုက်ပါပဲ ပါမောက္ခကြီး။ လွန်စွာ အံ့ဩစရာပါပဲခင်ဗျာ"

"လေးခုမြောက်အကြောင်းကတော့ စောစောက စာကြောင်းမှာ ခင်ဗျားရဲ့အသက်နဲ့ ခင်ဗျားရဲ့ဇနီးအသက်ကို သေသေချာချာ ရေးထားပြီး ခင်ဗျားသားရဲ့အသက်ကို ( ... ) ကွက်လပ် (Blank) လုပ်ထားပြီး ဒီစာကြောင်းမှာမှ ခင်ဗျားတို့သားရဲ့ အသက်အစစ်အမှန် ရေးထားပါတယ်။ စာရဲ့အဓိပ္ပာယ်ကို ကျွန်ုပ်ပြန်ဖတ်ပြပါမယ်။ ကျွန်ုပ်တို့ သားကြီး၏အသက်သည် (ငါးနှစ်) ပြည့်မြောက်ခဲ့ပါပြီတဲ့။ အဲဒီအချက် ရော မစ္စတာ ငြင်းချင်ပါသေးသလား"

မစ္စတာဟင်နရီခေါ် ကမ္ဘာလှည့် သတင်းထောက်ကြီးသည် စကားတစ်လုံးမျှ ပြန်မပြောနိုင်ဘဲ ကျွန်ုပ်ရဲ့မျက်နှာကိုသာ လွန်စွာ အံ့ဩသောအကြည့်များဖြင့် စိုက်ကြည့်နေမြဲ စိုက်ကြည့်နေ၏။

---



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ငါးခုမြောက်စာကြောင်းမှာ မစ္စတာဟင်နရီရဲ့ သံသယကို ဟောဒီလိုရေးထားပါတယ်။ ဖတ်ပြပါမယ်။ ကမ္ဘာကျော် မနောဗေဒင်ပညာရှင် ကိုင်ရိုလိုလူမျိုး နောက်ထပ်ပေါ် နိုင်ဦးမှာတဲ့။ ကိုင်း ... ဒီလို လူကြီးမင်း လျှို့ဝှက်ချိတ်ပိတ်ယူလာတဲ့ အကြောင်းပါ အချက်အလက်များနှင့် ကျွန်ုပ်တို့ မြန်မာ မနောပညာရှင်ဆရာကြီး မစ္စတာ ဦးအောင်မောင်းစည် ဟောပြောချက်မှာ ကွဲလွဲချက်တစ်စုံတစ်ရာ ရှိပါသလား။ ရော့ ... လူကြီးမင်း ကျေးဇူးပြု၍ ပြန်တိုက်ဆိုင်ကြည့် ပါ"

မစ္စတာဟင်နရီက ပါမောက္ခကြီးလှမ်းပေးသည့်စာရွက်ကို လှမ်း ယူတိုက်ဆိုင်စစ်ဆေးပြီးနောက် ဦးခေါင်းကို မော့လိုက်ပြီး ...

"လွန်စွာ အံ့သြစရာကောင်းလှပါပေတယ် လူကြီးမင်းခင်ဗျာ။ လူကြီးမင်းရဲ့ ဟောပြောချက်များအားလုံး တစ်ချက်မကျန် အားလုံး မှန်ကန်လျက်ရှိကြောင်းပါခင်ဗျား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

အနီးရှိပရိသတ်များက ဝမ်းသာလွန်း၍ သြဘာလက်ခုပ် ဗိုင်း တီးကြရကာ မစ္စတာဟင်နရီ လွန်စွာ ကျေနပ်ဝမ်းသာလျက်ရှိနေ၏။

"ခင်ဗျား သုံးခုမြောက် နောက်ဆုံး မေးခွန်းတစ်ချက်မေးဖို့ ကျန်သေးတယ်။ ကြိုက်ရာကိုမေးပါ မစ္စတာဟင်နရီ"

"ကျွန်ုပ် ဘာမေးရမှာလဲ လူကြီးမင်းခင်ဗျား"

"ခင်ဗျားကြိုက်ရာကို မေးနိုင်ပါတယ်။ ဥပမာ ... ခင်ဗျား အိတ်ထဲမှာ ငွေဘယ်လောက်ပါသလဲ။ အင်္ကျီဘယ်နှစ်ထည်၊ ဘောင်းဘီ ဘယ်နှစ်ထည်ပါသလဲ သိချင်ရင် မေးနိုင်ပါတယ်"

www.burmeseclassic.com



ဒီမှာ သတင်းထောက်ကြီး မစ္စတာဟာင်နရီက အတန်ကြာ စဉ်းစားပြီးနောက် ...

"လူကြီးမင်း မြင်တဲ့အချက်ကို ပြောလိုက်ပါခင်ဗျား"

"ဒါဆိုကောင်းပြီ မစ္စတာဟာင်နရီ။ သင် သင့်နိုင်ငံကို ပြန်ရောက်လျှင် အင်္ဂလန်ကဲ့သို့သော နာမည်ကျော်ထီဆုကြီး ပေါက်ပါလိမ့်မည်ခင်ဗျာ"

"အိုး ... မိုင်ဂေါ့ ... ကျွန်ုပ် အင်္ဂလန်ထီမျိုးပေါက်မည်။ ဒါဒါ ... အမှန်တကယ်ပဲလား လူကြီးမင်းခင်ဗျား"

"ဒိုင်ယာရီမှာ သေသေချာချာ အချိန်နေ့ရက်များကို မှတ်သွားပါ။ သင် ဟိုကိုရောက်ပြီး ရက်ပိုင်းအတွင်း သိရပါလိမ့်မည် မစ္စတာဟာင်နရီ"

"လူကြီးမင်းခင်ဗျား ... သင်လုံးဝမမြင်ရသေးတဲ့ ဘူးထဲက ပစ္စည်းနှင့် စာအိတ်ထဲက စာကြောင်းများကို အားလုံးမှန်ကန်အောင် ဟောပြောနိုင်တာ ကျွန်ုပ် လွန်စွာ အံ့ဩရပါတယ်။ ကျွန်ုပ် သင်ကဲ့သို့ နာမည်ကြီးလှသော စိတ်မနောပညာရှင်အချို့နှင့် အခြားနိုင်ငံများမှာ ကြုံခဲ့ရပါတယ်။

ယခုမေးခွန်းများအားလုံးကို သူတို့အားလုံး မှန်ကန်အောင် မပြောနိုင်ကြပါဘူး။ အချို့တစ်ချက်နှစ်ချက် လွဲချော်ကြပါတယ်။ လူကြီးမင်း မစ္စတာအောင်မောင်းက အားလုံးကို တိကျမှန်ကန်အောင် ပြောနိုင်တာ ကျွန်ုပ် အံ့ဩလေးစားလို့ မဆုံးပါဘူး။ နောက်ဆုံးဟောချက် ကျွန်ုပ်အင်္ဂလန်ထီက အမှန်တကယ်ပေါက်ခဲ့ရင် သင့်ကို ဒုတိယအကြိမ်မြောက် ကိုင်ရိုစာရင်းသွင်းမိမှာ ဧကန်မုချပါပဲခင်ဗျား"

သို့နှင့် သူက ကျွန်ုပ်ရဲ့လိပ်စာကို မှတ်ယူသွားပိုက်၏။ ဒါနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ဆက်သွယ်ရလွယ်ကူပြီး လိပ်စာအမှန်အကန် အခြေတကျရှိနေမည့် အငြိမ်းစား အင်္ဂလိပ်စာပါမောက္ခကြီး ဦးချစ်အောင်သန်းရဲ့လိပ်စာကိုလည်း ကျွန်ုပ်က မှတ်ယူသွားစေ၏။

မကြာခင် သူနှင့်ကျွန်ုပ်တို့ မနောပိုင်းဆိုင်ရာ ပညာရပ်များ၊ သမထဆိုင်ရာ ကျင့်စဉ်များနှင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ကာလသုံးပါးကို ကြို၍ သိရှိဟောပြောနိုင်ကြသည့် ထူးဆန်းသောလူပုဂ္ဂိုလ်များ၊ သူတော်စင်များ၊ ယောဂီကြီးများနှင့် ပညာပိုင်းဆိုင်ရာ ကိစ္စများအကြောင်း တစ်နာရီခန့်ပြောဆိုဆွေးနွေးပြီးနောက် မျက်နှာဖြူနိုင်ငံခြားသား ကမ္ဘာလှည့်သတင်းထောက်ကြီး မစ္စတာဟင်နရီ နှုတ်ဆက်ကာ ဘုန်းကြီးကျောင်းပေါ်မှ ပြန်ဆင်းသွားခဲ့လေသည်။

နောက် သီတင်းတစ်ပတ်ကြာပြီးသော တစ်နေ့၌ ကျွန်ုပ်ရှိရာဘုန်းကြီးကျောင်းသို့ အငြိမ်းစား အင်္ဂလိပ်စာပါမောက္ခကြီး ဦးချစ်အောင်သန်းရောက်ရှိလာ၏။

"ဆရာကြီး . . ."

"ပြောပါ . . . ပါမောက္ခကြီး၊ ဘာကူညီရပါမည်လဲ ခင်ဗျား"

"စာတစ်စောင်ရောက်နေလို့ပါ ခင်ဗျာ"

"ဘယ်ကစာများပါလိမ့်ဗျာ"

"ဆရာကြီးလိပ်စာနဲ့ စာပါခင်ဗျား။ အင်္ဂလန်ကနေ ပို့လိုက်တာဖြစ်ပါတယ်။ ရော့ . . . ဖတ်ကြည့်ပါခင်ဗျား"

စာမှာလေယာဉ် အထူးစာအိတ်ဖြစ်၏။ အင်္ဂလန်နိုင်ငံနှင့် မြန်မာပြည်ဝင်စာတိုက်တံဆိပ်များ ရိုက်နှိပ်ထား၏။ အောက်ခြေ၌ မစ္စတာဟင်နရီ . . . ရဲ့ လိပ်စာကို အထင်အရှား တွေ့လိုက်ရသဖြင့် စာကိုအလျင်အမြန်ဖောက်၍ ဖတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စာမှာ အင်္ဂလိပ်လို ရိုက်နှိပ်ထား၏။

မြန်မာလို ဘာသာပြန်ရမည်ရှိသော် ...

မနောဓာတုပညာရှင် ဆရာကြီး မစ္စတာဦးအောင်မောင်းစည် ခင်ဗျား ... ကျွန်ုပ် မြန်မာပြည်ရောက်ခဲ့စဉ်က လူကြီးမင်းကြိုတင် နိမိတ်ဖတ်ကာ ပြောလိုက်သည့်အတိုင်း အင်္ဂလန်ပြန်ရောက်ပြီး (၇)ရက် ကြာသောအခါ ကျွန်ုပ် အင်္ဂလန်ထီပေါက်၍ အင်္ဂလိပ်ပေါင်ငွေတစ်သန်း ရရှိပါသည် ခင်ဗျား။ ဆရာကြီး (လူကြီးမင်း)၏ ကြိုတင်ဟောပြောချက် တိကျမှန်ကန်လွန်းလှ၍ လွန်စွာ အံ့သြလေးစား ကျေးဇူးတင်ရှိပါသော ကြောင့် လူကြီးမင်းအလိုရှိရာ အသုံးပြုနိုင်ရန် အင်္ဂလိပ်ငွေပေါင်( ...) လွှဲပို့လိုက်ပါသည်။

ကျွန်ုပ်တို့ မိသားစုသာမက အသိမိတ်ဆွေများကလည်း လူကြီး မင်း၏ ဉာဏ်ပညာအား လွန်စွာဂုဏ်ယူလေးစား အစဉ် သတိရလျက်ရှိ ပါကြောင်း ...

မစ္စတာဟင်နရီ

-----------လမ်း၊

လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ။

ရင်းစာကို ကျွန်ုပ်က အငြိမ်းစားအင်္ဂလိပ်စာ ပါမောက္ခကြီး အား ပေးဖတ်လိုက်သည်ရှိသော် ပါမောက္ခကြီးသည် အံ့သြဝမ်းသာ၍ မဆုံးဖြစ်ပြီး ကျွန်ုပ်၏လက်ကို နှစ်ထောင်းအားရစွာဆွဲ၍ နှုတ်ဆက် ဂုဏ်ပြုတော့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

❑

များမကြာမီ ကျွန်ုပ်သည် စက်ာပူနိုင်ငံရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသစ် ရေစက်ချပွဲသို့ မြန်မာနိုင်ငံမှ ကုသိုလ်ရှင် အလှူရှင်များ ခေါ်ဆောင်မှုဖြင့် ရောက်ရှိသွားခဲ့၏။

စက်ာပူနိုင်ငံသို့ရောက်ရှိပြီး မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ရေစက်ချ မင်္ဂလာပွဲအခမ်းအနားပြီးနောက် အတူပါလာသူများက လှည့်လည်ကြည့်ရှုသင့်သော နေရာဌာနများသို့ လိုက်လံပို့ဆောင်ပေးခဲ့၏။

ကျွန်ုပ်တို့နားနေရာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ညနေစောင်း ရောက်သောအခါ လူရွယ်တစ်ဦး ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်ုပ်နှင့် တွေ့ဆုံလိုသည်ဟုဆိုသဖြင့် ကျွန်ုပ်တွေ့ဆုံလိုက်သောအခါ ကျွန်ုပ်သိသော မြန်မာလူရွယ် မောင်သစ္စာစိုးဆိုသူဖြစ်နေ၏။

"ဆရာကြီး ... ကျွန်တော့်ကို မှတ်မိပါရဲ့လားခင်ဗျား"

"မှတ်မိပါတယ်ကွယ်။ ရန်ကုန်၊ ကျောက်တံတားမြို့နယ်က မောင်သစ္စာစိုးမဟုတ်လား"

"မှန်ပါတယ် ဆရာကြီးခင်ဗျား။ ကျွန်တော် မောင်သစ္စာစိုးပါ။ ဒီကိုရောက်နေတာ နှစ်နှစ်ရှိသွားပါပြီ။ ဆရာကြီးနဲ့တွေ့ပြီး မျှားမကြာမီ စင်္ကာပူနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းမှာ ရောက်ရှိလုပ်ကိုင်နေပါတယ် ခင်ဗျာ"

လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်ကဖြစ်၏။ ကျွန်ုပ်ရှိရာ ဘုန်းကြီးကျောင်းသို့ မောင်သစ္စာစိုးဆိုသူ လူရွယ်တစ်ဦး ရောက်ရှိလာ၏။

ထိုစဉ်က သူသည် 'ဖန်နစ်ရှာ' ခေါ် အလှပရိဘောဂလုပ်ငန်းမှာ နေ့စားနှင့် ဝင်ရောက်လုပ်ကိုင်နေသူဖြစ်၏။ ပညာအခြေခံကောင်းသော်လည်း ဝင်ငွေနည်း၍ ဟန်ကျပန်ကျမနေနိုင်ရှာ။

မိသားစု ညီအစ်ကိုမောင်နှမများ ပညာရေးအတွက် ညဉ့်နက်သည့်တိုင် မနေမနား လုပ်ကိုင်ရှာဖွေ ကျွေးမွေးနေရရှာ၏။ တက္ကသိုလ်စာပေးစာယူလည်း သင်ယူနေ၏။

ထိုစဉ်က နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်လိုသူများ တက်ကြွနေချိန်ဖြစ်၏။ သူသည် နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက်လုပ်ကိုင်လို၏။ ထိုစဉ်က ငွေ (၁၀)သိန်းခန့်ရှိမှ အဆက်အသွယ်ကောင်းမှ သွားနိုင်၏။

သူကား ငွေရင်းငွေလုံးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပညာတော့ရှိ၏။

သို့နှင့် လူတစ်ယောက်အဆက်နှင့် ကျွန်ုပ်ထံရောက်လာပြီး ပညာပိုင်းဆိုင်ရာ အကူအညီဖြင့် သူနိုင်ငံရပ်ခြားသွားရောက် လုပ်ကိုင်နိုင်ခွင့် ရှိမရှိကို လာရောက်မေးမြန်းခဲ့၏။

ကျွန်ုပ်သည် သူ့ရဲ့အသက်ကိုမျှ မမေး။

သူရဲ့လက်ဝါးနှစ်ဖက်ပေါ်ရှိ လက္ခဏာအရေးအကြောင်းများကိုမျှ လှန်လှောမကြည့်ဘဲ နာမည်ကိုမေးပြီး သူ့မျက်လုံးကိုစိုက်ကြည့်၍ အာရုံယူလျက် ပြောချလိုက်၏။

"တစ်လအတွင်း သွားကိုသွားရမယ်"

"ဗျာ ... တစ်လအတွင်း ... ဟုတ်လား အဘဆရာကြီး"

"ဟုတ်တယ်"

"ဟုတ်ပါ့မလား အဘဆရာကြီးခင်ဗျာ။ ကျွန်တော် ဘာမှမစီစဉ်ရသေး. . ."

"ဟုတ်ကို ဟုတ်တယ်"

"ငွေရေးကြေးရေးလည်း လုံးဝမပြည့်စုံသေး ..."

"ဟုတ်တယ် ... ဟုတ်ကို ဟုတ်တယ်။ သူတို့ လာခေါ်လိမ့်မယ်"

သည်တုန်းက သူ မယုံမရဲနှင့် ပြန်သွားခဲ့၏။ ချွေးနည်းစာငွေလေးနှင့် ကျွန်ုပ်ကို ကန်တော့သွားခဲ့၏။

ကျွန်ုပ်က ကန်စွန်းရွက် ကန်စွန်းညွန့်ကို ခေါင်းအုံးအောက်မှာထည့်အိပ်ပါဟု ပြောလိုက်၏။

သိပ်မကြာလိုက် ...။

နိုင်ငံခြား ပရိဘောဂကုမ္ပဏီမှ အတွင်းကိုယ်စားလှယ်များ

www.burmeseclassic.com



သူလုပ်ကိုင်နေရာ 'အောင်သိဒ္ဓိ' ပရိဘောဂလုပ်ငန်းရှိရာသို့ ရောက်ရှိလာ၏။

ထိုစဉ်က အောင်သိဒ္ဓိနှင့် ရွှေပင်ငွေပင် ဦးသန်းထွန်း အစရှိသည့် မြန်မာပြည်မှ ထင်ရှားသော ပရိဘောဂလုပ်ငန်းကြီးများသည် နိုင်ငံခြားတိုင်းပြည်များသို့ မြန်မာ့ပရိဘောဂ အချောထည်များကို ဖြန့်ချိပို့ဆောင်နေချိန်ဖြစ်၏။

(မှတ်ချက် ။ ။ ရွှေပင်ငွေပင် ဦးသန်းထွန်း၏ ပရိဘောဂအချောထည် ပို့ကုန်လုပ်ငန်းအကြောင်းကို ကမ္ဘာကိုပတ်နေသော ရွှေပင်ငွေပင် ပရိဘောဂစိုက်ခင်းအမည်ဖြင့် ဆောင်းပါးရှည်ကြီး ရေးသားခဲ့ဖူး၏။ မြန်မာ့ကျွန်းသစ် ပရိဘောဂစွမ်းရည်အကြောင်းသိလိုပါမူ မြို့တော်မဂ္ဂဇင်း (၁၉၉၀)ကို ဖတ်ရှုလေ့လာနိုင်သကဲ့သို့၊ ရွှေပင်ငွေပင်များရဲ့ တန်ဖိုးဂုဏ်ကိုသိလိုပါက ဂန္ဒီဆေးရုံအနီး မဟာဗန္ဓုလတံတားအဆင်းရှိ ရွှေပင်ငွေပင် ဦးသန်းထွန်းသို့ သွားရောက်မေးမြန်း လေ့လာနိုင်ပေသည်။) (မောင်ညိုမှိုင်း၊ သန်လျင်)

စင်္ကာပူနိုင်ငံမှ ပရိဘောဂ အရောင်းကိုယ်စားလှယ်များသည် လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ပြီးနောက် မောင်သစ္စာစိုး၏ လုပ်ရည်ကိုင်ရည်ကို လွန်စွာသဘောကျပြီး သူတို့နိုင်ငံမှ စက်ထိုးပရိဘောဂလုပ်ငန်းအကြောင်းလေ့လာရန် ဖိတ်ခေါ်ရင်းမှ နောက်ဆုံး ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် စင်္ကာပူနိုင်ငံမှာ အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်းရရှိသွားခဲ့ကြောင်း သိရှိရလေသည်။

ယခု မောင်သစ္စာစိုး ကျွန်ုပ်ရှိရာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာ၏။ လက်ဆောင်ပစ္စည်းများလည်း ယူလာ၏။

"နေရေးထိုင်ရေး လုပ်ငန်းကိုင်ငန်းများ အဆင်ပြေရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မောင်သစ္စာစိုး"

"အဆင်ပြေပါတယ် အဘ"

"အဘ ရောက်တုန်းရောက်ခိုက် ဘာအကူအညီများပေးရမလဲကွယ် ....ပြော"

"အဲဒီကိစ္စအတွက် အဘရောက်နေကြောင်းသိလို့ အမြန်လိုက်လာတာပဲ အဘရဲ့"

" ပြော ...ဘာကိစ္စလဲ"

"အဘ အချိန်ရရဲ့လား"

"ဒီမှာ နှစ်ရက်လောက် နေရဦးမယ်ကွဲ့"

"ဟန်ကျလိုက်တာ အဘရာ။ ဒီလိုအဘရေ ...။ ကျွန်တော့်အသိမိတ်ဆွေ လင်မယား ကိစ္စပါခင်ဗျ။ သူတို့ဟာ ကျွန်တော်ဒီနိုင်ငံကိုရောက်တော့ ကျွန်တော့်ကို သွေးရင်းသားရင်းလို ဝိုင်းဝန်းကူညီ စောင့်ရှောက်ခဲ့ကြလို့ ပြောရရင် သူတို့ကျေးဇူးတွေ အများကြီးရှိခဲ့ဖူးပါတယ် အဘရယ်။ အခု အဲဒီ ကျေးဇူးရှင်ဇနီးမောင်နှံမှာ ထူးဆန်းတဲ့အဖြစ်အပျက်နဲ့ ကြုံနေရတယ် အဘရဲ့။ ဇာတ်လမ်းကို အစအဆုံး ကျွန်တော်ပြောပြချင်ပါတယ်။ အဘ နားထောင်ချင်ရဲ့လား မသိဘူးခင်ဗျ"

"ပြောပါ ...မောင်သစ္စာစိုး။ အဘ အချိန်ရပါတယ်"

"ဒီလိုပါ အဘခင်ဗျား"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ယခုဖော်ပြမည့် အပိုင်းသည် မောင်သစ္စာစိုး ပြန်လည်ပြောပြသည့် အပိုင်းဖြစ်သည်။

အမျိုးသားကြီးရဲ့အမည်က မစ္စတာ ချောင်လီကွမ်းတဲ့။ မစ္စတာချောင်လီကွမ်းရဲ့ ဇနီးအမည်က မစ္စစ်ယုချီရှိုင်း လို့ခေါ်ပါတယ်။ သူတို့ဇနီးမောင်နှံမှာ မွေးစားသားတစ်ယောက် ရှိတယ်။

သားလုပ်သူက အမေရိကား တက္ကသိုလ်တစ်ခုမှာ ပညာသင်နေတာပေါ့။

မစ္စတာချောင်လီကွမ်းတို့ ဇနီးမောင်နှံက ရှေးဟောင်းပစ္စည်းများနဲ့ ထူးဆန်းသောပစ္စည်းများကို လိုက်လံဝယ်ယူစုဆောင်းပြီး ပြန်လည်ရောင်းချတဲ့ လုပ်ငန်းများကို လုပ်ကိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ဟာ ဒီနိုင်ငံရဲ့ (...) မြို့မှာ နာမည်ရှိတဲ့ အရောင်းဆိုင်ပါပဲခင်ဗျ။

ဆိုင်ခန်းကလည်း မြို့ရဲ့အချက်အချာကျတဲ့နေရာမှာ ခမ်းခမ်းနားနားဖွင့်ထားတာမို့ ကမ္ဘာလှည့်ခရီးသွားများရော၊ ရှေးဟောင်းပစ္စည်းမြတ်နိုးသူများရော၊ ရှေးဟောင်းလက်ရာများ လေ့လာလိုသူ လူငယ်လူကြီးမရွေး ဝင်ထွက်သွားလာရောင်းဝယ်တဲ့ နေရာပါပဲ။

သူတို့ဇနီးမောင်နှံဟာ နိုင်ငံအနှံ့ကို ခရီးထွက်လေ့ရှိပြီး အလွန်ရှေးကျ ထူးဆန်းလှတဲ့ ပစ္စည်းပစ္စယမျိုးစုံကို ဈေးကြီးဈေးကောင်းပေးပြီး ဝယ်ယူလေ့ရှိတယ်။

ဒါကြောင့် သူတို့ရဲ့ ရှေးဟောင်းပစ္စည်း အရောင်းခန်းမကြီးမှာ ...

အိန္ဒိယနိုင်ငံက ရှေးဟောင်းပစ္စည်းများ၊

မြန်မာနိုင်ငံက ရှေးဟောင်းပစ္စည်းများ၊

တရုတ်၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ နီပေါ၊ တိဘက်၊ ဥရောပတိုက်က ရှေးဟောင်းလက်ရာ ပစ္စည်းမျိုးစုံရှိနေတယ် ခင်ဗျ။

မြေနဲ့လုပ်တဲ့ ရှေးဟောင်းပစ္စည်းအမျိုးမျိုး၊

စဉ့်နဲ့လုပ်တဲ့ ရှေးဟောင်းပစ္စည်းအမျိုးမျိုး၊

သံ၊ ကြေး၊ ငွေ၊ သစ်သား၊ သားရေစသည့် ပစ္စည်းများနဲ့ ပြုလုပ်တဲ့ ရုပ်တု၊ ရုပ်ကြွ၊ သေတ္တာ၊ ပန်းခက်၊ ခြူးပြောက်ပန်းနွယ်၊ ဓားလှံ၊ သေနတ်၊ လေးမြား၊ အင်းအမျိုးမျိုး၊ လက်ဖွဲ့အဆောင်အမျိုးမျိုး၊ အင်္ကျီအဝတ်အစား အသုံးဆောင်အမျိုးမျိုး၊ ရုပ်တုအမျိုးမျိုးရှိနေတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက ဘုရားဆင်းတုများ၊ နတ်ရုပ်များ အဆောင်ရုပ်တုများ၊ ချင်း၊ ကချင်၊ နာဂတိုင်းရင်းသားများကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လေ့ရှိတဲ့ ရှေးခေတ်သုံးလက်နက်များ၊ ထိုင်း(ယိုးဒယား)မင်းများ ခေတ်သုံးနန်းသုံးပစ္စည်းများ၊ ကမ္ဘောဒီးယား ရှေးခေတ်သုံးပစ္စည်းများ၊ စာအုပ်များ၊ ပေစာများ၊ ပုရပိုက်စာများ၊ ရှေးဟောင်းအကျဆုံး စာအုပ်စာတမ်းများ ... အဲဒါတွေလည်း သူ့နိုင်ငံအလိုက် စုဆောင်းထားတယ် ခင်ဗျ။

အထူးသဖြင့် ... မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံက ရှေးဟောင်းပစ္စည်း တိုလီမုတ်စများကို အများဆုံးတွေ့နိုင်တယ်။

အဲဒီမှာ ရတနာပုံခေတ် ဒေါင်းဒင်္ဂါးအမျိုးမျိုး၊ ဝေသာလီခေတ် ရုပ်တုနှင့် ငွေဒင်္ဂါးများ၊ ပျူသရေခေတ္တရာသုံး မြေအိုးများ၊ အိန္ဒိယ ဟိန္ဒူ ရုပ်တုများရှိနေကြတယ်။

တစ်နေ့ ... သူတို့ ထိုင်းနိုင်ငံကိုခရီးထွက်ရင်း အပြန်မှာ ပစ္စည်းနှစ်ခု ရရှိလာခဲ့ကြတယ်။

အဲဒီပစ္စည်းက အခြားမဟုတ်ဘူး. အဘရဲ့ ... ရှေးဟောင်း ခုတင်နှစ်လုံးပဲ။

ခုတင်တစ်လုံးက သစ်သားနဲ့ ပြုလုပ်ထားတယ်။ ကျန်ခုတင် တစ်လုံးက သံနဲ့ပြုလုပ်ထားတယ်တဲ့"

လက်ရာကလည်း မြောက်လွန်းလို့ ကြိုက်ဈေးတောင်းဈေး ကိုမဆစ်ဘဲ ဒီနိုင်ငံကို မရအရ သယ်လာခဲ့ကြတယ်။

ဒီမှာ လက်ရာမြောက်လွန်းလှတဲ့ ရှေးဟောင်းခုတင်နှစ်လုံးကို သူတို့လိုပဲ ရှေးဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းပြီး၊ သေလဲပင် ဈေးတင်ရောင်းတဲ့လူများက လိုချင်မျက်စိကျပြီး အမြတ်အများကြီးပေး ဝယ်ကြပေမယ့် မစ္စတာချောင်လီကွမ်းတို့ ဇနီးမောင်နှံက လုံးဝမရောင်း ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သူတို့လင်မယား ဝေစုခွဲပြီး အသုံးပြုလိုက်ကြတယ်။

သစ်သားခုတင်ကြီးကို လင်သားလုပ်သူ မစ္စတာချောင်လီကွမ်းက အိပ်ခုတင်အဖြစ် အသုံးပြုသလို၊ ကြိုးများနဲ့လက်ရာမြောက်စွာ ထိုးထားတဲ့ အိန္ဒိယလူမျိုးသုံး သံကြိုးခုတင်ကြီးကိုတော့ မစ္စတာကွမ်းရဲ့ ဇနီး မစ္စစ်ယုချိုရှိုင်းက သူမရဲ့အိပ်ခန်းမှာ အိပ်ခုတင်အဖြစ် အသုံးပြုလိုက်တယ်တဲ့။

ဆိုခဲ့သရှိပေါ့ အဘရယ် ...။

သူတို့ဇနီးမောင်နှံနဲ့ ကျွန်တော်ဟာ ဆွေရင်းသားရင်းလို ရင်းနှီးကြတဲ့အပြင် ကျွန်တော်ကလည်း အာရှတိုက်သားဖြစ်နေတော့ ဒီလို ရှေးဟောင်းပစ္စည်းများကို စိတ်ဝင်တစား မေးမြန်းနားထောင်လေ့ ဆွေးနွေးလေ့ရှိတော့ ပစ္စည်းအသစ်အဆန်းရလာတိုင်း ကျွန်တော့်ကို ဂုဏ်ယူဝံ့ကြွားစွာပြသပြီး အကျိုးအကြောင်းတန်ဖိုးကို ဟောပြောဆွေးနွေးလေ့ရှိတာကိုး။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

တစ်နေ့လည်းကျရော မစ္စတာချောင်လီကွမ်းက ကျွန်တော့်ကို ကိစ္စတစ်ခု တိုင်ပင်ပါရောခင်ဗျာ။

သူက ကျွန်တော့်အမည်ရင်း မောင်သစ္စာစိုးကို အရှည်မခေါ်တတ်လို့ မောင်သစ်လို့ ကြိုးစားပြီးခေါ်လေ့ရှိတယ် ခင်ဗျာ။

"မောင်သစ် ..."

"အန်ကယ်လ် ကွမ်း"

"မောင်သစ်ကို ကျွန်ုပ် နည်းနည်း ဆွေးနွေးတိုင်ပင်ချင်တယ်ကွဲ့"

"ပြောပါ အန်ကယ်(လ်)ကွမ်း။ ဘာများ တိုင်ပင်ချင်ပါသလဲခင်ဗျား ..."

"မောင်သစ် အိပ်မက်ဆိုတာကို ဘယ်လိုသဘောရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက် ..."

"ရက်စ် ... အိပ်မက်ဆန်းဆန်းမက်ရင် ဘယ်လိုသဘောရသလဲ"

"ကျွန်တော်တို့ မြန်မာလူမျိုးများကတော့ အိပ်မက်ကောင်းကောင်းပေါ့နော် ... ဥပမာ ... ရွှေရတာငွေရတာ ကောင်းကင်မှာပျံရတာ၊ ဘုရားရှင်ကိုဖူးရတာ၊ အလှူကြီးအတန်းကြီးများကို ပေးရတာမျိုး အိပ်မက်မြင်မက်ရင် အိပ်ရာကနိုးတာနဲ့ ပျော်ရွှင်ကြည်နူးပြီး ဒါ အတိတ်ကောင်း၊ နိမိတ်ကောင်းလို့ ယူဆကြတာပဲ အန်ကယ်ကွမ်း"

"အခြားအိပ်မက်ဆိုရင်ကော ကွယ်"

"ဥပမာ ... အိပ်မက်ထဲမှာ မစင်တွင်းထဲကျတယ်၊ အသတ်ခံရတယ်၊ မြွေပွေးတယ်၊ မီးလောင်တယ်၊ အနာလုံးများပေါက်တယ်၊ သင်္ချိုင်းထဲမှာ အိပ်ရတယ်၊ ကားတိုက်တယ်၊ မိုးကြိုးပစ်ခံရတယ်၊ ခွေးကိုက်ခံရတယ်လို့ အိပ်မက်မက်ခဲ့ရင် ဒီလိုအိပ်မက်သည် ရှေ့အနာဂါတ်အတွက် မကောင်းသော ဘေးဆိုးတစ်ခုခုနဲ့ ကြုံရတော့မယ်လို့ ယူဆကြပါတယ် ခင်ဗျား"

"ဒါ မောင်သစ်တို့ မြန်မာလူမျိုးများ ယူဆလက်ခံတဲ့ အယူအဆပါပဲလား"

"ကျွန်တော်တို့ မြန်မာလူမျိုးအားလုံး အိပ်မက်ကို အကြွင်းမဲ့လက်ခံယုံကြည်မှု မရှိပါဘူး။ ယုံချင်တဲ့လူ ယုံလို့ရသလို၊ မယုံကြည်ဘူး၊ လက်မခံဘူးဆိုပြီး စွန့်ပယ်တဲ့လူများလည်း အများကြီးပါပဲ ခင်ဗျာ"

"ဒီကိစ္စက အလွန်ကိုကျယ်ပြန့်ပါတယ် အန်ကယ်ကွမ်း။ အထူးသဖြင့် စိတ်နယ်လွန်ပညာရပ်အနေနဲ့ရော၊ စိတ်ပညာနဲ့ရော၊ ဆက်စပ်နေပါတယ်။ ကျွန်တော်လေ့လာလို့ သိရသလောက် .အချို့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်စွဲလမ်းမှုကြောင့် မက်ကြတယ်။ အချို့က စိတ် ကယောင် ချောက်ချားဖြစ်ပြီး မြင်မက်ကြတယ်။ အချို့ ရုပ်ဝါဒီများက အိပ်မက် ဆိုတာ ဘာမှ အဓိပ္ပာယ်မရှိဘူးတဲ့။ အချို့သော စိတ်ဝါဒသမားများက မေတ္တာတရားကြီးမားသူ၊ သမာဓိ အားကောင်းသူများအတွက် ပုဗ္ဗနိမိတ် ရှေ့ပြေးနိမိတ်ထင်ဟပ်တယ်လို့ ယုံကြည်ကြတာလည်းရှိပါတယ် ခင်ဗျာ။

အမှန်ကပြောမယ်ဆိုရင် ရုပ်ကြမ်းဝါဒီများပြောသလို အိပ်မက် ဆိုတာ အဓိပ္ပာယ်မရှိသောအရာ မဟုတ်ပါဘူး။ အဓိပ္ပာယ်မကောက် တတ်ကြလို့ပါ။ အိပ်မက်ရဲ့သဘောက အလွန်ကိုအဓိပ္ပာယ်ရှိပြီး သိမ်မွေ့ တဲ့စိတ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတစ်ခုဖြစ်တယ်လို့ ပြောချင်တာပါပဲ''

''ချဲ့လို့ရရင် ချဲ့ပြပါလား မောင်သစ်''

''ကျွန်တော်တို့ အရှေ့တိုင်းသားများမှာ အိပ်မက်ဆိုင်ရာ ဖွင့် ဆိုကျမ်းတွေ အများကြီး ကိုယ်စီရှိကြပါတယ်ခင်ဗျာ။ ကျွန်တော်တို့ မြန်မာလူမျိုးများမှာတော့ (မိလိန္ဒပညာ)ဆိုတဲ့ ပညာရှိများ အမေးအဖြေ ရှိပါတယ်။ ဒီအကြောင်းသိလိုလို့ မေးသူက 'မိလိန္ဒ' ဆိုတဲ့ ပညာရှင် ကောရာဇ်မင်းကြီးပါ။ ဖြေဆိုသူက 'ရှင်နာဂသိန်' ဆိုတဲ့ ကျမ်းတတ် စာတတ် ရဟန်းပညာရှိပါခင်ဗျာ။ အဲဒီအမေးအဖြေကျမ်းမှာ ဘာပြော ထားသလဲဆိုတော့ အိပ်မက်မက်သူ ခြောက်ဦးရှိပါတယ်တဲ့''

''ကျွန်ုပ် အလွန်စိတ်ဝင်စားတယ်မောင်သစ်။ ဆက်ပြောပါ''

''အဲဒီခြောက်ဦးက တစ် ... လေနာရှိသူ၊ နှစ် ... သည်းခြေ ပျက်သူ၊ သုံး ... သလိပ်ပျက်သူ၊ လေး ... နတ်သိကြားပါတ်စွဲသူ၊ ငါး ... နတ်တို့ဖြားယောင်းခံရသူ၊ ခြောက် .... နိမိတ်ထင်သူတို့ ဖြစ်ကြပါ တယ်တဲ့''

''တစ်ခါ အိပ်မက်မက်ရခြင်း အကြောင်းများကိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



တစ် ...အစားအစာများစွာ စားပြီးအိပ်ခြင်း၊ နှစ် ...အိပ်ရာနေရာ မသန့်ရှင်းခြင်း၊ သုံး ...မကောင်းသောနတ်ဆိုးများ လှည့်ဖြားခြင်း၊ လေး ...ဓာတ်ကြီးလေးပါးဖောက်ပြန်၍ မက်ခြင်း၊ ငါး ...နတ်ကောင်းနတ်မြတ်များ သတိပေးလို၍ မက်ခြင်း၊ ခြောက် ...ရှေးက မြင်တွေ့ခဲ့ခြင်းတို့ကြောင့်မက်ခြင်း စသည်ဖြင့် ရှိပါသတဲ့ခင်ဗျာ။

ကျွန်တော်တို့မြန်မာမှာ 'မိလိန္ဒ' လို့ခေါ်တဲ့ ရှင်ဘုရင်ကြီးက ရဟန်းပညာရှိ အရှင်နာဂသိန်ဆိုသူကို ဒီလိုမေးခွန်းမေးခဲ့ဖူးပါတယ်။

မိလိန္ဒက ...

"အရှင်ဘုရား ...အိပ်မက်မြင်မက်သူသည် အိပ်ပျော်နေစဉ် မြင်မက်ပါသလော၊ နိုးကြားနေစဉ် မြင်မက်ပါသလော"

လို့မေးတော့ ...

အရှင်နာဂသိန်ရဟန်းပညာရှိက ဒီလိုပြန်ဖြေခဲ့ပါတယ်။

"မင်းကြီး ...အိပ်မက်သည် အိပ်ပျော်နေစဉ်တွင် မမြင်မက်။ နိုးကြားနေစဉ်လည်း မမြင်မက်။ စင်စစ်အားဖြင့် ငိုက်မြည်းနေသော အခိုက်အတန့်တွင် ဘဝင်အယဉ်သို့ မရောက်သေးမီအတွင်း ထိုအိပ်မက်ကို မက်၏။

ဥပမာအားဖြင့် ...အလွန်စင်ကြယ်လှသော ကြေးမုံပြင်ကို အလင်းရောင်မရှိသော အမှောင်တိုက်၌ ထောင်ထားလျှင် အရိပ်မထင်ပေ။ ထို့အတူ ငိုက်မြည်းနေသောစိတ်သည် ဇောဝီထိအားဖြင့် မဖြစ်ပေါ်နိုင်ပေ။ ထိုသို့ မသိနိုင်သဖြင့် ချမ်းသာဆင်းရဲကို မသိနိုင်ပေ။ အိပ်မက်ကို မမြင်မက်နိုင်ပေ။ ဘဝင်အယဉ်သို့ ရောက်နေသောပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားနေသောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်နှစ်ဦး၏ ခန္ဓာသည် ရှင်ရှားနေသော်လည်း စိတ်သည် မဖြစ်ပေါ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နိုးကြားနေသူ၏ စိတ်သည် လှုပ်ရှားနိုင်၏၊ ပွင့်လင်း၏၊ ပေါ့လွင်၏၊ အမြဲမရှိပေ။ ထို့ကြောင့် ထိုသူ၏စိတ်အစဉ်၌ အိပ်မက်အာရုံ မထင်လာနိုင်ပေ ... တဲ့။ ဆိုလိုတာက လုစ်ခနဲ ငိုက်မြည်းသတိလက်လွတ်ဖြစ်သွားခိုက်မှာ မြင်မက်တာပါတဲ့ အန်ကယ်လ်ကွမ်း"

ကျွန်တော် သူ့ကို အင်္ဂလိပ်လိုရော၊ ၎င်းတို့ဘာသာစကားနှင့်ပါ ရောညှပ်၍ နားလည်နိုင်အောင် ရှင်းပြရတယ် အဘရဲ့။ သူဘာကြောင့် အိပ်မက်ကို အထူးစိတ်ဝင်စားနေတယ်ဆိုတာ ကျွန်တော်မသိသေးဘူး။ ဒီမှာသူက မြန်မာလူမျိုးများရဲ့ အိပ်မက်နိမိတ်များအကြောင်း ပြောပြစမ်းပါဟု မေတ္တာရပ်ခံလာသောကြောင့် မြန်မာမင်းတို့၏ ရာဇဝင်လာအိပ်မက်များ၊ ရဟန်းသူတော်စင်နှင့် လူပုဂ္ဂိုလ်အချို့၏ အိပ်မက်ဆန်းများအကြောင်း ဗဟုသုတအဖြစ် ပြောပြခဲ့ရတယ်။

"မောင်သစ် ..."

"ခင်ဗျာ ,... အန်ကယ်လ်ကွမ်း"

"မောင်သစ် ... လူကလေးဟာ ဗဟုသုတနှင့် နှံ့စပ်ကြွယ်ဝပြီး အသိဉာဏ်ပညာရှိတဲ့ မြန်မာလူမျိုးတစ်ဦးပါပဲ။ ကျွန်ုပ် မောင်သစ်ကို ယုံကြည်လေးစားပါတယ်။ ကျွန်ုပ် မောင်သစ်ကို အထူးတိုင်ပင်စရာကိစ္စရှိနေတယ်"

"ပြောပါ ... အန်ကယ်လ် ကွမ်း"

"ကျွန်ုပ်တို့ဖနီးမောင်နဲ့ ခရက်ပိုင်းကာလမှာ အလွန်ကို ထူးဆန်းတဲ့ အိပ်မက်များမြင်မက်နေတယ် ... မောင်သစ်"

"ဘယ်လိုအိပ်မက်များပါလဲ အန်ကယ်"

"ပထမအိပ်မက်က ... ဝတ်ရုံကြီးခြုံထားတဲ့ လူ့ခေါင်းကြီးတွေ ကျွန်ုပ်ဝန်းကျင်မှာ တောင့်တောင့်ကြီးရပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ရော …"

"ပြီး … အလွန်ကိုထူးဆန်းတဲ့ ခေါင်းတလားကြီးတစ်လုံးပဲ ငွေရောင်ပန်းခက်ပန်းနွယ်များနဲ့ စီရင်ထားတယ်။ အဲဒီခေါင်းတလား ကြီးတစ်လုံးဟာ လေထဲမှာမြောက်ကြွပြီး ကျွန်ုပ်ရဲ့ရင်ဘတ်ပေါ်မှာ တန်းနေတယ်။ တစ်ခါတစ်ခါ ငှက်လိုဝဲပျံနေတယ်"

"ဟင် …."

"နောက်တစ်ခါမက်တာက … ခေါင်းတလားထဲက လက်ကြီး တစ်ဖက်ထွက်လာပြီး ကျွန်ုပ်ကို ဒီခေါင်းတလားထဲမှာ ဝင်အိပ်ဖို့ ခေါ်နေသလိုပဲ။ နောက်ဆုံးမြင်မက်ရတဲ့အိပ်မက်က …. ကျွန်ုပ်ဟာ ခေါင်း တလားထဲမှာရောက်နေပြီး သူသေကောင်လိုဖြစ်နေတယ်။ ပိုထူးဆန်း တာက ကျွန်ုပ်အိပ်ပျော်နေစဉ်မှာ ခုတင်အောက်ကနေ တွန်းတင်လိုက် တာမျိုး မကြာခဏ ခံစားနေရတယ်။ အဲဒါ မကြာခဏ မက်နေတော့ ကျွန်ုပ်အိပ်လို့မပျော်နိုင်ဘူး"

"အဲဒါ ဘယ်နှစ်ကြိမ်ရှိပြီလည်း အန်ကယ်(လ်)ကွမ်း"

"အကြိမ်မနည်းတော့ဘူး။ ကျုပ်အနေရခက်နေတာက ခုတင် အောက်ကနေ လက်နဲ့တွန်းတင်နေတာပဲ။ လန့်နိုးလို့ ခုတင်အောက် ငုံ့ကြည့်လိုက်ရင် ဘာမှလည်းမတွေ့ရဘူး"

"အန်ကယ်ကွမ်း စိတ်စွဲစိတ်ထင်လို့များလား ခင်ဗျာ"

"မဟုတ်ဘူး …။ တစ်ယောက်ယောက်က တွန်းတင်သလို လုပ်နေတာ။ ကြာတော့ … ကျွန်ုပ် ဒီခုတင်ဆန်းကြီးပေါ်မှာ အိပ်ရမှာ ကြောက်လာသလို ဖြစ်လာတယ် မောင်သစ်"

"အိပ်မက်တော့ အိပ်မက်ပဲ မဟုတ်လား"

"ဟုတ်တယ် … အိပ်မက်ပဲ။ အဲဒါ ကျွန်ုပ် ရှေ့ ဘာဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလဲဟင်။ အခု အဲဒီအိပ်မက်ဆိုးတွေကို မကြာခဏ မြင်မက်ရလွန်းလို့ ကြောက်ချင်သလိုလို ဖြစ်နေရတယ် မောင်သစ်"

"အခြားခုတင်နဲ့ ပြောင်းအိပ်ရင်ကော အန်ကယ်ကွမ်း"

"အဲဒီလိုတော့ ပြောင်းမအိပ်ဘူး။ ဒီခုတင်ကြီးက အလွန်ကိုရှေးကျပြီး ခမ်းနားလွန်းလို့ သဘောကျပြီး အသုံးပြုနေတာ။ ဒါနဲ့ မောင်သစ်"

"ပြောပါ အန်ကယ်လ် ကွမ်း"

"ကျုပ်သာလျှင် အိပ်မက်ဆန်းများမြင်မက်ပြီး စိတ်ဂနာမငြိမ်ဖြစ်နေရတာမဟုတ်ဘူး မောင်သစ်ရဲ့။ မာမိကြီးရှိုင်းလည်း အဲဒီလိုဖြစ်နေတယ်"

"ဗျာ ... မာမိရှိုင်းလည်း ဆန်းပြားတဲ့အိပ်မက်တွေ မက်နေတယ်"

"ဟုတ်တယ် ... ကျုပ်တို့ နှစ်ဦးစလုံး ခုတစ်လော ထူးဆန်းတဲ့အိပ်မက်များ မက်နေကြတယ်။ မောင်သစ်ရဲ့ မာမိရှိုင်းနဲ့တွေ့ရင် မောင်သစ် မေးမြန်းကြည့်ပါ။ မာမိရှိုင်းကလည်း မောင်သစ်နဲ့ စကားပြောချင်နေတယ်"

"စိတ်ချပါ အန်ကယ်ကွမ်း။ ကျွန်တော် တွေ့လိုက်ပါ့မယ်ခင်ဗျာ"

"ဒီအိပ်မက်ဆန်းများဟာ မောင်သစ်တို့ မြန်မာလူမျိုးအချို့ရဲ့ အယူအဆသဘောအရဆိုရင် ကောင်းသောအိပ်မက်များ မဟုတ်ပေဘူး မောင်သစ်။ အိပ်မက်ဆိုးနိမိတ်ကြောင့် ထူးခြားဆန်းကြယ်မှုများ မကြုံဖူးပေမယ့် ခု အိပ်မက်ရဲ့ ရှေ့ဖြစ်လာမယ့် ဆန်းကြယ်မှုကိုတော့ ကျုပ် လက်တွေ့စောင့်ကြည့်ရဦးမှာပဲ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

❑

"များမကြာမီရက်အတွင်း စနေ၊ တနင်္ဂနွေ အလုပ်အားရက်မှာ ကျွန်တော် အနန်ကယ်ကွမ်းတို့အိမ်ကို ရောက်သွားခဲ့ပါတယ် အဘ။

အဲဒီအချိန်တုန်းက အနန်ကယ်ကွမ်း အိမ်မှာမရှိပါဘူး။

အနန်ကယ်ကွမ်း စိတ်ရောဂါဆေးရုံမှာတက်ရောက်ပြီး ဆေးဝါးကုသမှု ခံယူနေရပါတယ်။

သူဟာ ညသန်းခေါင်ကျော်ရင် ...

"ခေါင်းတလားကြီး ..."

"ခေါင်းတလားကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... လာကြပါဦး။ ငါ့ရင်ဘတ်ပေါ်မှာ ခေါင်းတလားကြီးပိနေလို့။ လာကြပါဦး ...။ ရှိုင်း ... ရှိုင်း ... ထ ... ပါ ... ဦး ..."

"ဒါလင် ... ဒါ ... လင် ..."

"ခေါင်းကြီး ... တလားကြီး ..."

"ဒါလင် ... ဘာတွေယောင်ပြီး အော်နေတာလဲဟင်"

"အား ... အား ... ဟူး ... တော်ပါသေးရဲ့။ ရှိုင်း ... မင်းအရောက်အနိုးမြန်လို့"

"ဒါလင် ... ဘာတွေဖြစ်ပြန်တာလဲ ဟင် ... ဟင် ..."

"ဟို ... ဟို ... လူသေကောင်မျက်ခွက်နဲ့ ဝတ်ရုံလွှမ်းထားသူတွေက ငါ့ရဲ့ရင်ဘတ်ပေါ်ကို အလွန်ကြီးမားတဲ့ သစ်သားခေါင်းတလားကြီး လာတင်လို့"

"အို ..."

အဲဒီလိုအဖြစ်မျိုး လန့်အော်တာမျိုး၊ ကယောင်ချောက်ချားနဲ့ နေမရထိုင်မရဖြစ်တာမျိုး အကြိမ်များလာတော့ မစ္စတာချောင်လီကွမ်းဟာ အိပ်မပျော်၊ စားမဝင်နဲ့ ကျန်းမာရေးချို့တဲ့လာပြီး မကြာခင် စိတ်ရောဂါအထူးကုဆေးရုံမှာ ဆေးဝါးတက်ရောက်ကုသမှု ခံယူနေရရောအဘာရေ။

ဒီမှာ မစ္စတာချောင်လီကွမ်းရဲ့ဇနီး မာမီရှိုင်းက ကျွန်တော့်ကို ထူးဆန်းသည့်အိပ်မက်အကြောင်း ပြောပြပါရော။

ဒီအိပ်ခန်းကျယ်ထဲမှာ ကိုယ်ပိုင်ရှေးဟောင်း ခုတင်တစ်ယောက်တစ်လုံးနဲ့ ခွဲအိပ်နေတာ တစ်လကျော်ခန့်ရှိသွားပြီ။ အဲဒီမှာ အိပ်မက်ဆန်းတွေမက်ပြီး ဖြစ်ချင်တိုင်းဖြစ်နေကြတာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်သစ် ..."

"ခင်ဗျာ ... မာမီရှိုင်း"

"မင်းအန်ကယ်လ်တော့ စိတ်ရောဂါကုဆေးရုံကို ရောက်သွားခဲ့ရပြီ မျှားမကြာခင် မာမီရှိုင်းလည်း သူ့လိုပဲ စိတ်ရောဂါကုဆေးရုံကို သွားရတော့မယ်နဲ့တူပါရဲ့ မောင်သစ်ရယ်"

"ဘာဖြစ်လို့လည်း မာမီရယ် ... ဟင်"

"မင်းအန်ကယ်လိုပဲ မာမီလည်း ထူးဆန်းတဲ့အိပ်မက်တွေ မကြာခဏ မက်နေရလို့ပဲ"

"ဟင် ..."

"မာမီက သူကြောက်မှာစိုးလို့ မပြောခဲ့တာ။ ထူးဆန်းတဲ့ အိပ်မက်နဲ့ ဖြစ်ရပ်ဆန်းတွေ ဟောဒီအိပ်ခန်းထဲမှာ ဖြစ်နေတာကြာပြီ မောင်သစ်ရဲ့"

မာမီရှိုင်းရဲ့မျက်နှာပေါ်မှာ စိုးရိမ်ကြောက်ရွံ့မှုများ ထင်းခနဲ ပေါ်လာတာကို ကျွန်တော်တွေ့လိုက်ရတယ်။

"ဘယ်လိုဖြစ်ရပ်ဆန်းတွေဆိုတာ ပြောပြပါဦး မာမီ"

"တစ်ည ... ရှေးဟောင်းကြိုးခုတင်ကြီးပေါ်မှာ အိပ်ပျော်သွားတုန်း အိပ်မက်တစ်ခု စမက်တာပဲ"

"ခုတင်ပေါ်ကနေ မာမီရဲ့ခြေထောက်ကို ဆွဲချလှုပ်နှိုးလိုက်တာပဲ။ မာမီက မင်းရဲ့အန်ကယ် လာနှိုးတယ်မှတ်ပြီး ထကြည့်လိုက်တော့ သူလည်း ရှေးဟောင်းသစ်သားခုတင်ပေါ်မှာ အိပ်မောကျလို့ပဲ။ အဲဒီလိုမျိုး တစ်ညကို နှစ်ကြိမ်လောက် လှုပ်နှိုးဆွဲချခံရတော့ လူက အိပ်ရေးပျက်ပြီး စိတ်ညစ်ရတာပေါ့ မောင်သစ်"

"တစ်ညလည်းကျရော ထူးဆန်းတဲ့အိပ်မက်တစ်ခု မြင်မက်



www.burmeseclassic.com

www.burmeseclassic.com



ရပြန်ပါရော။

အိန္ဒိယ မဟာရာဂျာလိုလို၊ အုပ်မောင်းနဲ့ မုတ်ဆိတ်ပါးမြိုင်းနဲ့ ရွှေချည်ထိုးအင်္ကျီများ ဝတ်ထားသည့် လူထွားထွားကြီးတစ်ဦးက အိပ်ပျော်နေတဲ့ မာမီ့ကို လှုပ်နှိုးပြီး ခုတင်ပေါ်ကနေ မောင်းထုတ်နေတယ်။

သူ့မျက်နှာက အလွန်ခက်ထန်ပြီး တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေပုံမျိုးပဲ။

ဒါနဲ့ မာမီလည်း ဒေါသထွက်ပြီးမေးတာပေါ့။

"သင် ... ဘယ်သူလဲ"

"သွား ... သွား ... ဒီပေါ်မှာမအိပ်နဲ့ ... သွား ..."

"ဒါ ငါ့ခုတင်။ ငါ့အိမ်။ ငါ့ပစ္စည်း။ သင်နဲ့ဘာဆိုင်လို့လဲ။ သင် အခုထွက်သွား။ သွားလေ ..."

"မအိပ်ရဘူး"

"အိပ်တယ် ဘာဖြစ်လဲ။ သွား ... ခု ထွက်သွား"

"မသွားဘူး"

"မ ... သွား ... ဘူး"

"ကဲဟာ ..."

ဒီမှာပဲ မာမီက အိပ်ရာနံဘေးစားပွဲပေါ်က ဖန်ခွက်နဲ့ ကောက်ပေါက်လိုက်ရော သူ့ကိုယ်ကိုထိမှန်သွားပြီး သောက်ရေများဟာ သူ့ရဲ့ ရွှေချည်ထိုးအင်္ကျီမှာ ရွှဲရွှဲစိုကုန်ရော။

"တောက် ..."

"သွားနော် ... မသွားဘူးလား"

သူက ဒေါသမီးဝင်းဝင်းမျက်လုံးအစုံနဲ့ စိုက်ကြည့်ပြီး ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်စွာ တောက်ခတ်လို့ စိုက်ကြည့်နေရော။

စာရေးစားပွဲက အံဆွဲကိုဖွင့်ပြီး လိုင်စင်နဲ့ကိုင်တဲ့ (၃၂)ဗို့ ခြောက်လုံးပြူးကို ဆွဲယူလိုက်ရော မဟာရာဂျာလိုလို၊ ဇာတ်မင်းသား လိုလိုလူကြီး ပျောက်သွားရော။

အဲဒီနောက်ပိုင်း သန်းခေါင်ချိန်ရောက်ရင် ခုတင်အနီးမှာ လမ်း လျှောက်သံကို ကြားရတယ်။ တောက်ခေါက်သံကို ကြားရတယ်။

မီးဖွင့်ပြီး ထကြည့်လိုက်ရင် ဘာမှမရှိဘူး။

"အန်ကယ်ကွမ်းများ အပေါ့အပါး ထသွားတာလား"

"မဟုတ်ဘူး။ မိုးလင်းလို့ မင်းအန်ကယ်လ်ကို မေးကြည့်ရင် သူညက မထခဲ့ဘူးတဲ့။ သူလည်း ထူးဆန်းတဲ့ အိပ်မက်များကြောင့် အိပ်ဆေးသောက်ပြီး အိပ်နေရတယ်တဲ့"

"ဆက်ပြောပါဦး မာမီရွှေချိုင်း"

"နောက်နေ့ညတွေရောက်တော့ သန်းခေါင်ရောက်ရင် အခန်း ထဲမှာ သွေးညှီနံ့ နံနေတာပဲ။ အလွန်ကိုဆိုးဝါးလွန်းတဲ့ သွေးညှီနံ့ပါ တွယ်"

"အန်ကယ်ရော အဲဒီအနံ့ကို ရသတဲ့လား မာမီ"

"ရတယ်လို့ပြောတယ်။ ဒါနဲ့ မီးတွေဖွင့် အခန်းထဲမှာလိုက် ရှာ၊ ဘေးဘီဝန်းကျင်မှာ မီးထိုးပြီး လိုက်ရှာပေမယ့် ဘာအနံ့၊ ဘာပစ္စည်း မှ မတွေ့ရဘူး။ အဲဒီသွေးညှီနံ့ဟာ (၁၅)မိနစ်လောက် ဒုက္ခပေးပြီးရင် ပျောက်သွားရော။ အဲဒီအချိန်ရောက်ရင် မာမီ့မှာ ရေမွှေးတွေထဖျန်း နေခင်းဘက်ရောက်ရင် ပိုးသတ်ဆေး၊ သန့်စင်ဆေးများဖြန်း၊ ခြေလက် သန့်ရှင်းရေး လုပ်ခဲ့ရတယ်။

တစ်နေ့ မင်းရဲ့အန်ကယ်လ်ကွမ်း အရောင်းအဝယ်ကိစ္စနဲ့ ခရီး



www.burmeseclassic.com

www.burmeseclassic.com



သွားနေလို့ အိမ်မှာ မာမီတစ်ယောက်တည်း ရှိနေတယ်။

အိမ်ဖော်တွေက နောက်ဖေးတန်းလျားမှာ နေကြတယ်။

ညည့်ဦးပိုင်းမှာ အရောင်းအဝယ် ပစ္စည်းဝင်ငွေထွက်ငွေ စာရင်းပြုစုနေတုန်း မာမီ့ရဲ့အိပ်ခန်းထဲက လူပ်ရှားနေတဲ့ အသံလိုလို၊ ဘာလိုလို ကြားတာနဲ့ အခန်းတံခါးဖွင့်ဝင်ကြည့်လိုက်ရော …

"အမယ်လေး …"

မီးရောင်အောက်မှာ လူတစ်ယောက်။

မာမီအိပ်တဲ့ ရှေးဟောင်းကြိုးခုတင်ကြီးပေါ်မှာ ဖဲခြနှစ်ချောင်းချပြီး ထိုင်လို့။ ခေါင်းပေါ်မှာ အုပ်စောင်းကြီးနဲ့။

နှုတ်ခမ်းမွေးကားကားကြီးကို ညာလက်နဲ့သပ်ပြီး မာမီ့ကို မျက်လုံးရဲရဲကြီးနဲ့ စိုက်ကြည့်နေတာ မြင်လိုက်ရပါရော။

"ဝုန်း …"

တံခါးကို တအားဆွဲပိတ်လိုက်ပြီး နောက်ဖေးဘက်က အိမ်ဖော်များကို အသံကုန်ဟစ်လို့ ခေါ်လိုက်ရပါရောလား။

ဒီမှာပဲ ငယ်သံပါအော်ခေါ်လိုက်တဲ့ အသံကြောင့် အိမ်ဖော်လင်မယားနှစ်ယောက် အပြေးအလွှား ရောက်လာကြတယ်။

"အန်တီ ဘာဖြစ်လို့လဲ"

"အထဲမှာ … အ … ထဲ … မှာ …"

"အထဲမှာ ဘာလဲဟင်။ မြွေလား … ကြောင်လား …"

"နီး … နီး … လူ … လူ … လူ …"

"လူ … ဘယ်သူလဲ။ အန်ကယ်ဘာဖြစ်လို့လဲဟင်"

"နီး … အန်ကယ်လ် မဟုတ်ဘူး။ လူဆိုး … လူဆိုး … ရောက်နေတယ်။ မြန်မြန်ကူဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုး ... ဟုတ်လား"

"ဟုတ်တယ် ... မြန်မြန်လုပ်ကြပါ"

"ရဲစခန်းကို ဖုန်းဆက်လိုက်ရမလား"

"ကောင်းတယ် မြန်မြန်လုပ် ... မြန်မြန်လုပ်"

ဒါနဲ့အိမ်ဖော် 'အာရငေး' ဆိုသူ ဖိလစ်ပိုင်လူရွယ်က တယ်လီဖုန်းဆက်ပြီး ရဲစခန်းကို ချက်ချင်း အကြောင်းကြားလိုက်တယ်။

မကြာခင် ရဲအမှုထမ်းများရောက်လာပြီး အကျိုးအကြောင်းကို မေးကြပါရော။

မာမီကလည်း ရှင်းပြတယ်။ အထဲမှာ လူစိမ်းလူဆိုးတစ်ဦး ရောက်နေတယ်။ ပန်ချာပီအုပ်စောင်းလိုအရာနဲ့၊ နုတ်ခမ်းမွေးကားကားနဲ့။ အသက် (၅၀)ဝန်းကျင်ခန့်ရှိမယ်လို့ ပြောလိုက်ရော ရဲအမှုထမ်းများက သေနတ်များ မောင်းတင်ချိန်ထိုးပြီး အသင့်နေရာယူရင်းက အခန်းတံခါးကို ဆွဲဖွင့်လိုက်ကြတယ်။

စောစောတုန်းက အထဲမှာ လျှပ်စစ်မီးဖွင့်ထားလို့ လင်းထိန်နေတာ အခု တံခါးလည်းဖွင့်လိုက်ရော အခန်းထဲမှာ မီးလုံးဝမလင်းဘဲ မှောင်မည်းနေပါရောလေ။

"မထူးဆန်းဘူးလားနော်"

"အိမ်ရှင်များ ဝပ်နေကြပါ"

ရဲအုပ်လုပ်သူက အမိန့်ပေးတာနဲ့ မာမီတို့သုံးဦး လှေကားထိုးကြမ်းခင်းပေါ်မှာ ဝပ်နေလိုက်ကြတယ်။

ဒီမှာ ရဲအုပ်က အထဲကို လက်နှိပ်မီးနဲ့ တစ်ချက်လှမ်းထိုးလိုက်တယ် . . ."

"အထဲက ဘယ်သူလည်းဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်ပြောသံ မကြားရဘူး။

"အထဲကလူ ခေါင်းပေါ်လက်တင်ပြီး ထွက်ခဲ့နော်။ သုံးမိနစ် အချိန်ပေးမယ်။ မထွက်ရင် လိုအပ်သလို လုပ်ရမှာပဲ။

အားလုံး တိတ်နေကြတယ်။

"တစ်မိနစ် ..."

"နှစ်မိနစ် ..."

"သုံးမိနစ် ..."

"ဟာ ..."

"အလိုလေး ..."

"ဟ ... မီးပျက်သွားပြီဟ။ သတိထားကြ"

ဒီအချိန်မှာပဲ တစ်အိမ်လုံးမှာရှိတဲ့ လျှပ်စစ်မီးများ ရုတ်ခြည်း ပျက်ပြီး အိမ်ခြံတစ်ဝန်းလုံး မှောင်ကျသွားပါရော။

ရဲအုပ်လုပ်သူဟာ အခန်းထဲနဲ့ အခန်းဝကို မီးထိုးထားပြီး မျက်ခြည်မပြတ်ကြည့်နေတယ်။

ကျန်ရဲအမှုထမ်းများကလည်း အခန်းပေါက်ဝကို လက်နက် ငယ်များနဲ့ အသင့်ချိန်ထားကြတယ်။

"ဟေ့ ... အထဲကလူ ထွက်ခဲ့နော်"

"ထွက်လေကွာ"

အဲဒီမှာပဲ အခန်းထဲက ကျယ်လောင်တဲ့ တောက်ခေါက်သံ ကြားလိုက်ရပါရောလား မောင်သစ်ရယ်။

ဒီတင် ရဲအမှုထမ်းတစ်ယောက်က လက်နှိပ်မီးရောင်အောက် ကနေကွယ်ပြီး ဝမ်းလျားထိုးမိကျောင်းသွား အခန်းထဲကို သွားလိုက် တယ်။ လက်ထဲမှာလည်း ခြောက်လုံးပြူး သေနတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အချိန်က အတန်ကြာသွားတယ်။

ဒီမှာလည်း လျှပ်စစ်မီးများ ပြန်လင်းလာပါရော အိပ်ခန်းမီးလည်း ပြန်လင်းလာတယ်။

ဒီမှာ ရဲအမှုထမ်းများ အခန်းထဲကို လက်နက်ကိုယ်စီနဲ့ လျင်မြန်စွာ ခုန်ဝင်လိုက်ကြတယ်။

လှည့်ပတ်ကြည့်လိုက်တော့ အထဲမှာ ဘာမှမရှိကြဘူး။

လူလည်းမရှိ။

ကြောင်လည်းမရှိ။

ကြွက်လည်းမရှိ။

"ဟင် ... ဘာမှ မရှိပါလားကွ"

"တောက်ခေါက်သံ အကျယ်ကြီး ကြားရတယ်မဟုတ်လား"

"ကြားတယ်"

"ကြားရင် လူရှိရမှာပေါ့"

ဒါနဲ့ ခုတင်နှစ်လုံးအောက်ကို သေသေချာချာ ပိုင်းရှာကြတယ်။ ဘီရိုတံခါးများကို ဖွင့်ရှာကြတယ်။

ပြတင်းတံခါးလည်း မပွင့်ဘူး။

ပြတင်းတံခါးက သံဆန်ကာကပ်ထားတဲ့ တံခါးဂျက်လည်း မပြုတ်ဘူး။ အားလုံး အံ့သြနေကြတယ်။

သူတို့အားလုံး အခန်းတံခါးဝမှာ ပိုင်းဝန်းထားကြတယ်။

တောက်ခေါက်သံကြားပြီး လူရှာလို့မတွေ့လို့ အံ့သြနေကြတယ်။ ဒီအချိန်မှာ အလွန်ညှီလွန်းလှတဲ့ သွေးညှီနံ့လို အနံ့မျိုးရလို့ ရဲအမှုထမ်းများ နှာခေါင်းပိတ်ပြီး ပြန်ထွက်ခဲ့ကြတယ်။

"ကဲ ... မထူးဆန်းဘူးလားဟင် မောင်သစ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဖြစ်ရပ်ဆန်းကြယ်ကိစ္စ အနက်ကယ်ကွမ်းကို ပြော မပြဘူးလား မာမီ"

"နောက်ဆုံးတော့ ပြောပြရတာပေါ့။ သို့သော် ဘယ်လိုမှ စဉ်းစားပြီး အဖြေရှာလို့မရဘူး။ တစ်ခါမှာတော့ မာမီ အလွန်ကိုထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခု ကြုံရပြန်ပါရော မောင်သစ်ရေ"

"ဘယ်လိုများပါလိမ့် မာမီ"

"နားနဲ့မနာ ဖဝါးနဲ့နာ ...လူကလေးရယ် ပြောဆိုတိုင်ပင်စရာ လူရင်းလူယုံက မင်းပဲရှိလို့ ဒီစကားကို ဖွင့်ဟဝန်ခံတိုင်ပင် ပြောကြားရတာပါ။ ဒီဖြစ်ရပ်ဆန်းကြယ်ကိစ္စများကို အိမ်ဖော်များအာချောင်လို့ ဝန်းကျင်ကသိသွားပြီး မာမီတို့လင်မယားကို စိတ်ရောဂါဖြစ်နေတယ်လို့ ဝေဖန်ကြ။

အချို့လူရင်းများဆို ကြောက်လန့်လို့ စကားတောင် မပြောကြတော့ဘူး မောင်သစ်ရဲ့။ ဒီလိုကွဲ့ ...။ မာမီတို့ဇနီးမောင်နှံဟာ တစ်ညမင်းအနက်ကယ်(လ်)ရဲ့ ခုတင်ပေါ်မှာ အတူအိပ်စက်ချစ်တင်းနှောပြီး အဲဒီခုတင်ပေါ်မှာပဲ အိပ်ပျော်သွားခဲ့ကြတယ်။

အဲဒီမှာ အလွန်ချောက်ချားပြီး အံ့ဩဆန်းကြယ်စရာကောင်းတဲ့ အိပ်မက်တစ်ခုကို မြင်မက်ကြရပါရောကွယ်။

အဲဒီအိပ်မက်ကို မာမီတစ်ယောက်တည်း မြင်မက်ရတာမဟုတ်ဘူး။ လင်မယားနှစ်ယောက်စလုံး ပြိုင်တူမက်နေကြတာ။

"အိပ်မက်ထဲက ဘယ်လိုအိပ်မက်မို့လဲ မာမီ"

"အိပ်မက်ထဲမှာ အလွန့်ကိုလှပပြီး ပြောင်လက်နေတဲ့ ကျွန်းသားခေါင်းတလားကြီးတစ်လုံး လေထဲမှာလွင့်ပြီး မာမီတို့ခုတင်ပေါ်မှာ ပျံ့ဝဲနေတယ်။ ခေါင်းထဲကနေ လူသေကောင်ဆေးမိထားတဲ့ အနံ့



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်း ရနေတယ်။

မာမီတို့ ကြောက်လန့်အံ့ဩစွာနဲ့ တစ်ဦးကိုတစ်ဦးဖက်ပြီး ငေးကြည့်နေစဉ်မှာပဲ ခေါင်းတလားကြီးရဲ့ အဖုံးကွာလာပြီး ခေါင်းတလား ထဲကနေ လူသေကြီးထလာပါရော။ လူသေကောင်ကြီးဟာ ဦးခေါင်းမှာ ဆံပင်မရှိဘူး ကတုံးကြီးနဲ့။ အသက်အလွန်ကို ကြီးလွန်းလှတဲ့ပုံပဲ။

မျက်လုံးဟောက်ပက်။ ပါးချောင်များရှုံ့တွပြီး သွားငေါငေါများ ပေါ်လို့။ ထူးဆန်းလှတဲ့ လူသေကောင် (ဖုတ်ဝင်သလို) ကြီးဟာ ခေါင်း ထဲက ထလာရော မာမီတို့လင်မယားလည်း အဲဒီခုတင်ပေါ်ကနေပြေး ပြီး ကြိုးခုတင်ပေါ်အနီးက ရပ်ကြည့်နေတုန်းမှာပဲ လူသေကောင်ကြီးက ခေါင်းတလားထဲ ပြန်ပြုတ်ကျသွားခဲ့တယ်။

မကြာဘူး ...။ အဲဒီခေါင်းတလားကြီးဟာ ကျွန်းခုတင် ကြီးပေါ်မှာ အလျားလိုက်တင်နေတော့တယ်။

ပြောရရင် လူသေကောင် မှသာချကာနီး ပုံသဏ္ဍာန်မျိုးပဲ။ အဲဒီအချိန်မှာလဲ အသံတွေ ကြားရတော့တာပဲ။

ကြားရသည့်အသံများက သံပြိုင်သီဆိုသံလို အသံမျိုးပဲ။ လူ အစုနဲ့ ပြိုင်တူရွတ်ဆိုနေတဲ့ သီချင်းလိုလို အသံမျိုးတွေပဲ။

ဒါနဲ့အတူ မာမီတို့နားမလည်တဲ့ တူရိယာတီးမှုတ်သံများ ကြား လိုက်ရပြီး ခုတင်ကြီးကို လူတစ်စုက မလိုက်သကဲ့သို့ ကြွတက်သွား တာလည်း မြင်လိုက်ရရော ...

တို့လင်မယား အသံကုန်အော်ဟစ်လိုက်ပြီး အိပ်ရာက လန့်နိုး ခဲ့ကြတာပဲ။

ဒီအချိန်မှာ နှစ်ဦးစလုံး ချွေးသံရွှဲရွှဲနဲ့ ကြောက်လန့်လို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အရမ်းကို အံ့ဩကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေကြကာ ...

"ဒါ ... လင် ..."

"ရှင်း ...

"ကြောက်တယ် ... ဒါလင်"

"ရှင်း ... ဘာကိုကြောက်နေတာလဲ"

"အိပ်မက် ... အိပ်မက်ကို ..."

"အိပ်မက်ဆိုး ... ဟုတ်လား။ ဘယ်လိုအိပ်မက်ဆိုးလည်း ဟင် ... ဟင် ..."

ဒါနဲ့ ဆိုးဝါးလှတဲ့ အိပ်မက်ဆိုးအကြောင်း 'ကွမ်း'ကို ပြောပြလိုက်ရော မာမီရဲ့ယောက်ျားဟာ မာရီရဲ့ပခုံးကို လက်အစုံနဲ့ ကိုင်လှုပ်ပြီး ...

"မင်း ... မင်း ... ဒီလိုမျိုးမက်တယ်။ ဟုတ်လား ... ရှင်း"

"ဟုတ် ... ဟုတ် ... တယ် ... ဒါ ... လင် ..."

"အိုး ... မိုင်ဂေါ့ ..."

သူဟာ ဘုရားသခင်ကိုတရင်း ဦးခေါင်းကိုရမ်းလို့ မျက်စိမျက်နှာ ပျက်သွားပါရောလားကွယ်။

"ဘာဖြစ်လို့လဲ ဒါလင် ... ဟင် ... ဟင်"

"ဘာဖြစ်လို့လဲဆိုတော့ မင်းမက်ခဲ့တဲ့အိပ်မက်ဆိုး၊ အိပ်မက်ဆန်းအတိုင်း ကိုယ်လည်း ခုလေးတင် မြင်မက်ခဲ့လို့ပဲ။

"အို ..."

အံ့ဩစရာ မကောင်းဘူးလားဟင် မောင်သစ်။ အိပ်မက်တစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း နှစ်ယောက်ပြိုင်တူ မြင်မက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ မဆန်းလွန်းဘူးလားဟင် ...။

ဒီလိုနဲ့ အချိန်သိပ်မကြာခင်မှာ

မစ္စတာကွမ်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ယားနာတစ်မျိုးဖြစ်လာခဲ့ရော။ အဲဒီယားနာဟာ မစ္စတာကွမ်းကနေ မာမီ့ကိုလည်း ကူးစက်ခဲ့တယ်။ နေ့ဘက်မှာ လွန်စွာယားပြီး မနေနိုင်အောင် ကုတ်ဖဲ့နေရတဲ့ ယားနာပဲ။

အင်္ကျီဝတ်လို့မရအောင် ကုတ်ဖဲ့နေရတယ်။

နေဝင်မှောင်သွားမှ ယားနာရောဂါပျောက်သွားတယ်။

မိုးလင်းရင် အဲဒီယားနာရောဂါ ပြန်ပေါ်လာရော။ ဆပ်ပြာတိုက်၊ ရေချိုးလည်း မပျောက်ဘူး။

အဝတ်အစား အမျိုးမျိုးလဲလှယ်ဝတ်လည်း မပျောက်ဘူး။ နောက်ဆုံး မာမီတို့ အိမ်ပြင်ကို လုံးဝထွက်လို့မရတဲ့ဘဝကို ရောက်ခဲ့ရတယ်။

ဒါနဲ့ ဆရာဝန်နဲ့ ပြသကုသခဲ့တယ်။

ခန္ဓာကိုယ်ဟာ ကုတ်ရလွန်းလို့ နီရဲနေတယ်။ ဒါပေမဲ့ အသားအရည်များ ပွဲခြင်း၊ လန်ခြင်း လုံးဝမရှိဘူး။

ထူးဆန်းတဲ့ ဒီရောဂါအတွက် ဆေးရုံက သွေး၊ ဆီး နမူနာယူပြီး စစ်ဆေးကြပေမယ့် သွေးနဲ့ဆီးမှာ ရောဂါပိုးလက္ခဏာ သဲလွန်စဘာမှမရခဲ့ကြဘူး။

ဒီတော့ လုပ်ငန်းများကို အရောင်းမန်နေဂျာနဲ့လွှဲပြီး လုပ်ကိုင်နေရတာပေါ့။

လူက နေရောင်ခြည်နဲ့ လေသလပ်ခံလို့ကို မရဘဲကိုး။

နေရောင်ခြည်နဲ့ လေထိလိုက်တာနဲ့ မနေနိုင်အောင် တွန့်တွန့်



www.burmeseclassic.com

www.burmeseclassic.com



လူး ယားယံလာရော မကုပ်ရမနေနိုင် အိခြေမွဲလောက်အောင် ဆိုးလွန်းတဲ့ဘဝကို ခံစားရလွန်းလို့ ဘယ်ညည်းသည် အရောင်းအဝယ်ကိုယ်စားလှယ်များနဲ့မှ မတွေ့ရဲကြဘူး။

ဒီမှာ တိုက်တိုက်ဆိုင်ဆိုင်ပါပဲကွယ်။

ယခင်က ရောင်းပန်းဝယ်ပန်းသာပြီး လူစည်ကားခဲ့တဲ့ မာမီတို့ရဲ့ ရှေးဟောင်းပစ္စည်းများ အရောင်းပြခန်းဟာ ဝယ်ယူမယ့်သူ လုံးဝမရှိတော့ဘူး။

ယုတ်စွအဆုံး ... ဝင်ရောက်မေးမြန်းတဲ့လူ တစ်ယောက်တောင်မရှိဘဲ အရောင်း'အ'သွားခဲ့လိုက်တာ မကြာဘူး စီးပွားရေးချုတ်ခြုံကျလု အခြေအနေမျိုး ဖြစ်ခဲ့ရပါရော။

အဲဒီလို စီးပွားရေး ရုတ်ခြည်း အရောင်းအဝယ် ချုတ်ခြုံကျနေချိန်မှာပဲ မင်းရဲ့အန်ကယ်လ်ကွမ်း ညသန်းခေါင်ကျော်ရင် အလန့်တကြားထအော်တဲ့ ဖြစ်ရပ်ဆန်းက ဝင်မွှေပြန်တာပဲ။

အဲဒါ တစ်ရက်တည်းမဟုတ်ဘူး။

ညစဉ်ရက်ဆက် ဒါမှမဟုတ် ရက်ခြားလိုလိုပဲ။

နေ့အခါမှာ အိမ်ဖော်များက ရှုးသွပ်တဲ့ရောဂါဆန်းတစ်မျိုးဝင်နေပြီလို့ အာချောင်တာနဲ့ အလွန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသင်္ဂဟများကတောင် ဆက်ဆံမှုများကို ရပ်ဆိုင်းပစ်လိုက်ကြတယ်။

နောက်ဆုံး စိတ်ရောဂါဆေးရုံမှာ တက်ရောက်ကုသမှုခံယူရတဲ့ဘဝကို ရောက်သွားခဲ့တာပဲ။

ဒီအိမ်မှာ မာမီတစ်ယောက်တည်း ရှိနေချိန်မှာလည်း စောစောက ပြောခဲ့သလိုပေါ့။

အမျိုးအမည်မသိ လူတစ်ဦးကို ဒီကြိုးခုတင်ပေါ်မှာ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာ တွေ့ရတယ်။

အော်ခေါ်အကူအညီတောင်းလိုက်ရင် ပျောက်သွားရော။

ကြာတော့ အိမ်ဖော်များက မာမီရှိုင်းကိုဆက်ဆံရမှာ ကြောက်ရွံ့လာကြတယ်။ မာမီ့ကိုလည်း ထူးဆန်းသော စိတ်ရောဂါတစ်မျိုး ဖြစ်နေတယ်လို့ ကွယ်ရာမှာ သတင်းလွှင့်အပုတ်ချကြလို့ အခုအိမ်ဖော်ဟောင်းများကို ထုတ်ပစ်ပြီး အိမ်ဖော်အသစ်များကို ခေါ်ထားရတယ်။

အချို့က မာမီတို့လင်မယား 'စကာစ်ဇိုဖရီးနီးယား' လို့ခေါ်တဲ့ စိတ်ရောဂါလိုလို၊ ဟစ်(စ်)ကီးယားလို့ခေါ်တဲ့ စိတ်ရောဂါလိုလိုဖြစ်ပြီး ရှုံးသွပ်ကုန်ကြပြီလို့ ဝေဖန်နေတာ ပြန်ကြားရတော့ လူတွေနဲ့ရင်ဆိုင်ရမှာရော၊ လူတောထဲဝင်ဆံ့ရမှာရော အလွန်ကို စိုးရိမ်နေမိတယ်။

ဒီတော့ မောင်သစ်ကိုပြောချင်တာက ငါတို့ရဲ့ဖြစ်စဉ်ဟာ လွန်စွာမှကို ဆန်းကြယ်နေတယ် လူကလေးရယ်။

ဆေးပညာသဘောအရ မာမီတို့ ငွေကုန်ကြေးကျခံပြီး ကုသနေပါတယ်''

''စိတ်ရောဂါဆေးရုံရောက်တော့ အန်ကယ့်အခြေအနေ ဘယ်လိုရှိနေပါသလဲ မာမီ''

''မဆိုးဘူးလို့ ပြောရမလိုပါပဲ။ တစ်နေ့လောက် မောင်သစ် မာမီတို့နဲ့ လိုက်တွေ့ပါဦးလား။ မင်းအန်ကယ်(လ်)ကလည်း ခုချိန်မှာ ဆိုးတိုင်ပင်ကောင်းတိုင်ပင် တူသားလိုဖြစ်နေတဲ့ မောင်သစ်ကိုပဲ တွေ့ချင်နေရှာပါတယ် လူကလေးရယ်''

အားလပ်တဲ့တနင်္ဂနွေနေ့မှာ ကျွန်တော်နဲ့မာမီရှိုင်း ကားတစ်စီးနဲ့ အန်ကယ်ကွမ်း ဆေးဝါးကုသနေရာ စိတ်ရောဂါအထူးကုဆေးရုံကို ရောက်ရှိသွားခဲ့ပါတယ် အဘ။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်(လ်)ကွမ်းဟာ ခုချိန်မှာ ရောဂါသက်သာလာစပြုနေလို့ သီးသန့်စပါယ်ရှယ် အိပ်ခန်းနဲ့နေနေပါတယ်။

"ဂွတ်မောနင်း အန်ကယ်(လ်)"

"မောနင်း ... မောင်သစ် ... ထိုင်ပါ လူကလေး"

"နေရထိုင်ရသက်သာရဲ့လား အန်ကယ်(လ်)ကွမ်း"

"အရင်ကထက်စာရင် နေရထိုင်ရတာ မဆိုးပါဘူး မောင်သစ်။ ဒါပေမယ့် တစ်ခါတစ်ခါ လန့်ပြီး အော်ချင်သလို ဖြစ်နေသေးတယ်"

"မကြာခင်ကောင်းသွားမှာပါ အန်ကယ်(လ်)"

"ဆရာဝန်ကလည်း ဒီအတိုင်းပြောပါတယ်။ ခု စိတ်ငြိမ်ဆေးလည်းစားတယ်၊ တစ်ခုခုထဲမှာ အာရုံနှစ်ပါဆိုလို့ ဘာသာရေးစာအုပ်များကို အထူးဦးစားပေးဖတ်ရှုရင်း စိတ်ကိုငြိမ်အောင် ကြိုးစားနေပါတယ် မောင်သစ်"

"ဒါနဲ့ အန်ကယ်(လ်)နဲ့မာမ့်ကို တစ်ခုအကြံပြုချင်ပါတယ်။ ကျေးဇူးပြုပြီး နားထောင်ချင်ပါသလား ခင်ဗျာ"

"ပြောပါ မောင်သစ်။ ဒီအချိန်မှာ အန်ကယ်(လ်)တို့မိသားစုအတွက် ဆိုးတိုင်ပင်ကောင်းတိုက်ပင်လူရင်းဟာ မောင်သစ်ပဲလို့ အန်ကယ်ရော မင်းရဲ့မာမီရော လက်ခံယုံကြည်ထားပါတယ်။ ပြောပါ အကြံပြုပါ"

"ဖြစ်နိုင်ရင်ပေါ့လေ ... အန်ကယ်(လ်)တို့ ယုံကြည်ကိုးကွယ်တဲ့ ဘာသာရေးအရ အိမ်သန့်စင်တာ၊ ဆုတောင်းဝတ်ပြုတာများ ပြုလုပ်ကြည့်ပါလားဟင်"

ဒီမှာပဲ မာမီရှိန်းက ဝင်ပြောလိုက်တယ်။

"မာမီတို့ ဘာသာရေးဆိုင်ရာ ဘုန်းတော်ကြီးကို ပင့်ဖိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပွဲရော . . . မကောင်းဆိုးဝါးရှိရင် နှင်တာရော လုပ်ပြီးပါပြီ မောင်သစ်''

''အရင်ကထက် ထူးခြားပါရဲ့လား မာမီ''

''မာမီအမြင်ရတော့ သိပ်မထူးခြားဘူး မောင်သစ်ရဲ့''

''အင်း . . . တစ်မျိုးပဲနော်''

''မောင်သစ်ကရော ဘယ်လိုမြင်လို့လဲဟင်''

''မာမီတို့က နိုင်ငံပေါင်းစုံက ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းပြီး ပြန်ရောင်း အသက်မွေးဝမ်းကြောင်းပြုနေတာ မဟုတ်လား''

''ဟုတ်တယ်လေ''

''ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့ အယူအဆမှာတော့ အချို့သော ရှေးဟောင်းပစ္စည်းများမှာ ကောင်းကျိုးပေးသည့် သိဒ္ဓိဝင်ပစ္စည်းများ ပါဝင်ကြသလို၊ အချို့သောပစ္စည်းများမှာ မကောင်းကျိုးဆိုးကျိုးကို ဖန်တီးပေးနိုင်စွမ်းရှိတဲ့ ပစ္စည်းအမျိုးအစားများ ပါဝင်တာမျိုးရှိတယ်လို့ ယုံကြည်ကြပါတယ်။ ပြောရရင်တော့ အန်ကယ်(လ်)ရယ် . . . အချို့သော ရှေးဟောင်းပစ္စည်းများဟာ အလွန်ကို သဘာဝလွန် ဖြစ်ရပ်ဆန်းများနဲ့တည်ရှိနေတာ အန်ကယ်(လ်)တို့လည်း ကြုံဖူးမှာပါပဲ''

ဒီလိုပြောလိုက်တော့ အန်ကယ်(လ်)ကွမ်းက အလွန်စိတ်ဝင်စားသော မျက်နှာနှင့် မူလရောဂါကိုမေ့လျော့ပြီး ကျွန်တော်ရဲ့ အဆိုပြုချက်ကို ချက်ချင်းပဲ ထောက်ခံဆွေးနွေးလိုက်တယ်။

''မောင်သစ်ရဲ့အဆိုပြုချက်ကို အန်ကယ်(လ်)ထောက်ခံချင်တာ တစ်ချက်ရှိတယ် မောင်သစ်ရဲ့။ ဒါက အန်ကယ်(လ်)ရဲ့ ကိုယ်တွေ့ဖြစ်အပျက်တစ်ခုပေါ့။ မောင်သစ်လည်း ဗဟုသုတရတာပေါ့ကွာ။ ပြောပြ

www.burmeseclassic.com



မယ်။ တစ်ခါတော့ အန်ကယ် တိဘက်ပြည်ကိုရောက်သွားခဲ့ပြီး ပလွေ တစ်ချောင်းကို ရရှိခဲ့တယ်ကွဲ့။ အဲဒီပလွေက လူ့ရဲ့အရိုးနဲ့ လုပ်ထားတဲ့ ပလွေလို့ သိရတယ်။ ပလွေမှာ အပေါက်သုံးပေါက်ပါတယ်။ ပလွေရဲ့ အောက်အနားမှာ ဆင်စွယ်ပန်းပုကဲ့သို့ လက်ရာမြောက်စွာ အမွှန်း အပြောက်များ ထုဆစ်ထားတော့ကာ မသိရင်ဆင်စွယ်နဲ့ လုပ်ထားတဲ့ ပလွေလို့ ထင်ရတာပေါ့။

ဒီပလွေကို ရှေးဟောင်းတိဘက်အချို့က ဘာသာရေးအခမ်း အနားများနဲ့ နာရေးကိစ္စများမှာ အသုံးပြုကြတယ်လို့ ကြားသိရတယ်။ အဲဒီပလွေကို ကျေးလက်တစ်ခုက ဈေးပေါပေါနဲ့ ရခဲ့တာပဲ။ အဲဒီပလွေ ဦးရဲ့ဆိုင်ကိုရောက်ပြီး မကြာခင်မှာပဲ ပလွေက သူ့အလိုလို အသံထွက် လာပါလေရောဗျာ''

''ပလွေက သူ့အလိုလို အသံထွက်လာတယ် . . . ဟုတ်လား အန်ကယ်(လ်)''

''ဟုတ်တယ် . . . အစကနဦးတော့ အရောင်းစာရေးကရော၊ အန်ကယ်(လ်)ရော မယုံသေးဘူးကွဲ့။ အသံက ပလွေထည့်ထားတဲ့ ကတ္တီပါ ခွက်ထဲကနေ မြည်နေတာ။ တစ်ချက်တစ်ချက်မြည်တာ။

ပလွေသံက သေကာနီး လူမမာညည်းသံလိုလိုမျိုးကွဲ့။ ပထမ တော့ ပလွေကိုလေတိုးပြီး လျှာခင်နဲ့အံကိုက် အလျဉ်းသင့်လို့ ရုတ် တရက် အသံမြည်တယ်လို့ မှတ်တာပေါ့။

ဒီပလွေသံကို ဦးစွာကြားသိလိုက်ရတဲ့ အရောင်းစာရေးဟာ များမကြာခင် ပြင်းထန်တဲ့ နားကိုက်ဝေဒနာခံစားရပြီး ဆေးခန်းကို သွားပြပါရော။

ဆေးခန်းသွားပြလည်း ခဏပဲ သက်သာတယ်။ ဆိုင်ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့ အဲဒီပလွေသံကို လူရှင်းချိန်မှာ ကြားလိုက်ရရင် နားကိုက်ရောဂါက ဆိုးဆိုးဝါးဝါး ပြန်ဖြစ်လာပြန်ရော။

ဒီလိုနဲ့ သုံးကြိမ်သုံးခါလည်း ကြုံရဖြစ်ရရော အဲဒီအရောင်းစာရေးဆိုင်ကနေ အလုပ်ထွက်သွားပါရော။

အံ့သြစရာ မကောင်းဘူးလားဟင်။

မကြာခင် သူ့နေရာမှာ အရောင်းစာရေး အမျိုးသမီးတစ်ဦး ခန့်ထားလိုက်တယ်။ သူမကခေတ်ပညာတတ် လူငယ်တစ်ဦးပါ။

တစ်နေ့ ...

ပစ္စည်းစာရင်းများကို စာရွက်နဲ့ တိုက်ဆိုင်စစ်ဆေးနေစဉ်မှာပဲ အဲဒီထူးဆန်းသော အရိုးပလွေက အလိုလို အသံမြည်လို့ လန့်သွားရော အံ့သြသွားရော။

ဒီအချိန်မှာ အန်ကယ်(လ်)ကလည်း ဆိုင်ကိုရောက်တဲ့အချိန်။ ချက်ချင်း သူက သတင်းပို့ပါလေရော။

ပလွေက အလိုလို အသံမြည်လို့ဆိုရောဟော့။

အန်ကယ်လ်ကြည့်လိုက်တော့ ပလွေက ဒီအတိုင်းပါပဲကွယ်။

"မစွစ်ယောင် ...ဘယ်မှာ အသံမြည်လို့လဲကွယ်"

"ကျွန်မနားနဲ့ ဆတ်ဆတ်ကြားရတာပါသူဌေး။ သုံးကြိမ်တိတိ ပလွေက အသံမြည်ပါတယ်ရှင်"

"ဘယ်လိုမြည်လို့လဲ မစွစ်ယောင်"

"လူတစ်ယောက်ညည်းတဲ့ အသံမျိုးပါ သူဌေး"

"နိုး ...နိုး ...မစွစ်ယောင် ...ဒါ လုံးဝ မဖြစ်နိုင်ပါဘူးကွယ်။ ပလွေဆိုတာ လူရဲ့နှုတ်ခမ်းနဲ့မှုတ်မှ အသံမြည်ရိုးထုံးစံရှိပါတယ်။ မယုံရင် ဒီမှာကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ အန်ကယ်(လ်)က ရှေးဟောင်းတိဘက်ပလွေကို လှမ်းယူပြီး နှုတ်ခမ်းမှာတေ့လို့ မမှုတ်တတ်မှုတ်တတ်နဲ့ မှုတ်ပြလိုက်တော့ အလွန်စူးရှတဲ့အသံတစ်ခု ထွက်လာတာကို အရောင်းစာရေးမလေး မစွစ်ယောင် အတိုင်းသားကြားလိုက်ရတယ်။

"စောစောက မင်းကြားရတာ ဒီအသံမျိုးလား မစွစ်ယောင်"

"နိုး ... နိုး ... သူဌေး၊ လူညည်းသံလိုလို၊ သီချင်းညည်းသံလိုလိုမျိုးပေါ့ရှင်"

"မစွစ်ယောင်"

"ရှင် ... အမိန့်ရှိပါ သူဌေး"

"နောင်ကို မစွစ် ဒီမှာအလုပ်လုပ်နေစဉ် ကာလတစ်လျှောက် ဒီလိုမဟုတ်မဟာပ်စကားမျိုး ဝယ်သူများကိုမပြောမိအောင် ထိန်းသိမ်းပါ ... မစွစ်။ ကြားရဲ့လား ..."

"ဟုတ် ... ဟုတ် ... ကဲ့ပါ ... သူဌေး"

အင်း ... ဒီလို ရှေးဟောင်းလူရိုးတိဘက်ပလွေက ထူးဆန်းမြည်သံ တစ်ခါတစ်ရံ ထွက်တာကို ကိုယ်တွေ့ကြားရသူ မစွစ်ယောင်နဲ့ဆိုရင် နှစ်ဦးရှိသွားပြီဆိုတာကို ကျုပ်ရင်ထဲမှာ မှတ်သားထားလိုက်တယ်။

ဒီမှာ ထူးဆန်းသော အဖြစ်အပျက်နှစ်ခုကို ရှေ့ဆင့်နောက်ဆင့် အန်ကယ်(လ်) ကြုံလိုက်ရရော မောင်သစ်ရေ။

"ဘယ်လိုအဖြစ်အပျက်ပါလိမ့် အန်ကယ်လ်"

"ထူးခြားဆန်းကြယ်သော ရှေးဟောင်းပစ္စည်းတို့၏ ဆက်ဝင်လှုပ်ရှားမှုများဆိုတဲ့အမည်နဲ့ စာတစ်အုပ်ရေးမယ်လို့တောင် အန်ကယ်(လ်) စဉ်စားထားမိတယ်။ ဖြစ်ပုံက ဒီလိုမောင်သစ်ရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ပထမအရောင်းစာရေး မစွတာရှမ်းရယ်၊ မစွစ်ယောင်ရယ်တို့ဟာ ထူးဆန်းသော နားကိုက်ရောဂါများနဲ့ အလုပ်က ထွက်သွားပြီးနောက် မစွစ်ကွန်နာဆိုသူ အရောင်းစာရေးမလူသစ်တစ်ဦး အလုပ်စဝင်ခဲ့တယ်။ သူမလည်း အဲဒီလိုအဖြစ်မျိုး ကြုံရပြန်ပါရောကွဲ့။

အလုပ်စဝင်ပြီး ဒုတိယမြောက်နေ့မှာပေါ့။

သူမဟာ ကြက်မွေးတံမြက်စည်းတစ်ချောင်းနဲ့ ဖုန်ခါသန့်ရှင်းရေးလုပ်နေစဉ်မှာပဲ အဲဒီအရိုးပလွေက ရှတ်ချည်းအသံထမြည်လို့ လန့်ဖျတ်အံ့သြပြီး အန်ကယ်လ်ကို အကြောင်းကြားပါရော။

အန်ကယ်(လ်) ရောက်သွားတော့ အဲဒီပလွေက လုံးဝအသံမထွက်တော့ဘူးဗျာ။

"ဘယ်လိုဖြစ်သလဲ ... မစွစ်ကွန်နာ"

"ဟို ... ဟို ... ပလွေက အသံအလိုလို မြည်လို့ပါ ... ဆောစ့်"

"မင်း နားကြားလွဲတာ ဖြစ်မှာပါ"

"နိုး ... နိုး ... ပလွေက တုန်ခါပြီး အသံထွက်နေတာ"

"အို ... လုံးဝမဖြစ်နိုင်တာ။ မင်းဖုန်ခါရင်း လေတိုးမိလို့များလားမှ မသိဘူးကွယ်"

ဂျာကာတာအမျိုးသမီး အရောင်းစာရေးမလေးဟာ အန်ကယ့်(လ်)ကို စိုးရွံ့တဲ့ဟန်နဲ့ လှမ်းကြည့်ရင်းကနေ ...

"ဘော့စ် ... ကျွန်မ သန့်ရှင်းရေးမလုပ်သေးပါဘူး။ ပစ္စည်းများရဲ့ အနေအထားကို ပြန်ချနေတုန်းပဲ ရှိပါသေးတယ်။ အဲဒီအခိုက်မှာ ပလွေက ဘယ်ညာလှုပ်ပြီး မြည်တာပါ"

"ဒါဆို အခု ဘာလို့အသံမမြည်သလဲ မစွစ်ကွန်နာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲ ..."

"ပြောလေ ... ပြောပါ ... ဘာလို့ အသံမပြည်တာလဲ။ ပြော"

"အဲ ... အဲ ..."

"ပြောလေ ... ပြောပါ။ ဘာလို့ အသံမပြည်တာလဲ။ ပြော"

"အဲ ... ဒါ, ... အဲဒါတော့ ... ကျွန် ... မ ... မပြော တတ်ဘူး ဘော့စ်။ အမှန်တကယ် အသံပြည်တာပါ။ ပြည်သံက ... ဟို ... ဟို ... လူမမာ ညည်းသံလိုမျိုးကြီး"

"မစ္စစ်ကွန်နာ ..."

"ရှင် ... ဘော့စ်"

"ဒီလို မသေချာမရေရာ သက်သေမနိုင်မာတဲ့ အဖြစ်အပျက် မျိုးကို လျှောက်မပြောပါနဲ့ မစ္စစ်ကွန်နာ။ အကျွန်ုပ်ရဲ့လုပ်ငန်းကို ထိခိုက် သွားနိုင်လို့ပါ။ နားလည်ရဲ့လား"

"ရက်(စ်) ... ရက်(စ်) ... ဘော့စ် ..."

အန်ကယ်(လ်)အနေနဲ့ ဒီဂျကာတာ အရောင်းစာရေးမလေး မစ္စစ်ကွန်နာရယ်၊ အိန္ဒိယနိုင်ငံသား အရောင်းစာရေးလေး မစ္စတာရှူစီး ရယ်၊ မစ္စစ်ယောင်ရယ် ... သုံးယောက်စလုံး ပလွေသံကြားရတယ် လို့ပြောနေတာ ထပ်တူဖြစ်နေလို့ အံ့ဩ၊ သတိပြု ရှိနေခဲ့တယ်"

သိပ်မကြာဘူးကွယ် ...။ မစ္စစ်ကွန်နာက ကျွန်ုပ်ကိုစကား ပြောရော။

"ဘော့စ် ..."

"ဘာလဲ မစ္စစ်ကွန်နာ"

"ကျွန်မ အလုပ်ထွက်ပါရစေ ဘော့စ်"

"ဟင် ... ဘာဖြစ်လို့လဲ မစ္စစ်ကွန်နာ။ မင်းအလုပ်ဝင်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ပဲရှိသေးတယ်လေ။ ဘာလဲ လစာနည်းလို့လား။ ဟုတ်လား''

''မ . . . မ . . . ဟုတ်ပါဘူး။ အား . . . ကျွတ် . . . ကျွတ်''

''မင်း ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား''

''ဟုတ်တယ် ဘော့စ်။ ညာဘက်နားက အရမ်းကိုက်တယ်''

''အလို . . . နားကိုက်တာ ဆေးခန်းပြလေ''

''ပြပါတယ် ဘော့စ်။ လုံးဝမသက်သာဘူး''

''ဘယ်လိုဖြစ်ရတာလဲ မစွစ်ကွန်နာ။ ပြောပါဦး''

ဒီလိုမေးတော့ မစွစ်ကွန်နာက သူမရဲ့ညာဘက်နားကို လက်နှင့်အုပ်ကိုင်ပြီး ညည်းညူနေရှာတယ်။ မျက်စိနှစ်လုံးကလည်း မျက်ရည်ဥများ စီးကျလို့လာနေတယ်။

''နားထဲကို ပိုးကောင်ဝင်သွားတာလားကွယ်။ ဓာတ်မှန်ရိုက်မကြည့်ဘူးလား။ ကျုပ်အသိ ဆရာဝန်တွေရှိပါတယ်။ ကျုပ်ကူညီပါရစေလား မစွစ်ကွန်နာ''

''ပိုးကောင်ဝင်တာ မဟုတ်ဘူးဘော့စ်။ ဓာတ်မှန်ရိုက်ပြီးပြီ''

''ဒါဆို ဆရာဝန်က ဘာပြောသလဲ''

''နားစည်ရောင်တာတဲ့''

''ဘာလို့ ရောင်ရတာလည်းကွယ်''

''ကျွန်မ မှန်ရာကို ဝန်ခံပါရစေဘော့စ်''

''ပြောပါ . . . မစွစ်ကွန်နာ။ ပြောပါ . . .''

''ကျွန်မတစ်ယောက်တည်း ရှိနေချိန် ပစ္စည်းဝယ်သူမေးမြန်းသူ မလာတဲ့အချိန်မျိုးမှာ ဟောဟို . . . အဖြူရောင်ပလွေက လူမဲ့သည်းသံလိုညည်းပြီး အသံမြည်တယ်၊ လှုပ်တယ်''

''ဟင် . . .''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုအဖြစ်မျိုး သုံးကြိမ်တိတိ ထူးထူးဆန်းဆန်းကြုံပြီး နောက်ပိုင်း ...ဒီ ...ဒီ ...ပလွေသံကြောင့်လို့ထင်တာပဲ။ ကျွန်မ ကို အလုပ်က ထွက်ခွင့်ပြုပါ ဘော့စ်။ ဒီလိုပြောရတဲ့အတွက် ကျွန်မ လွန်စွာဝမ်းနည်းပါတယ်။ အားလည်း အားနာပါတယ်ရှင်"

"မင်း ...မင်း ...အဲဒီကိစ္စ ဆရာဝန်ကို ပြောပြလိုက် သေးလား မစ္စစ်ကွန်နာ"

"နိုး ...နိုး ...လုံးဝ မပြောခဲ့ပါဘူး ဘော့စ်။ အကယ်လို့ ပြောလိုက်ရင် ကျွန်မကို ရူးသွားပြီလို့မှတ်ပြီး စိတ်ရောဂါကုဌာနကို အကြောင်းကြားလိုက်ရင် ကျွန်မ ဒီနိုင်ငံကနေ အမြန်ဆုံး ပြန်ထွက် သွားရပါလိမ့်မယ် ဘော့စ်"

"သိုင်းကျူး (Think You) ပစ္စစ်ကွန်နာ။ 'မင်းကို ကျေးဇူး တင်တယ်။ အရမ်းကို ကျေးဇူးတင်ပါတယ်"

သည့်နောက် သူမရဲ့ဆန္ဒအတိုင်း အလုပ်က ထွက်ခွင့်ပြုလိုက် ပြီး၊ လုပ်အားခငွေများကိုလည်း ရှင်းလင်းပေးလိုက်တယ်။ ဒါနှင့်အတူ နောင် ...အလုပ်ပြန်လုပ်လိုစိတ်ဖြစ်လာခဲ့ရင် ပြန်လာခဲ့ဖို့လည်း မှာ ကြားလိုက်တယ်။

ဒါပေမဲ့ ပထမဦးဆုံး အလုပ်ထွက်သွားသူ အိန္ဒိယနိုင်ငံသား အရောင်းစာရေး မစ္စတာရှုဖီးရော၊ ဂျာကာတာလူမျိုး အရောင်းစာရေး မလေးရော၊ ကျုပ်ရဲ့ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကို လုံးဝခြေဦး မလှည့်ကြတော့ဘူး။

နောက်နေ့ သတင်းစာကနေ အရောင်းစာရေးဝန်ထမ်းတစ်ဦး အလိုရှိသည်။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောနိုင်ရမည်။ ရှေးဟောင်းပစ္စည်းများကို စိတ်ဝင်စားသူဖြစ်ရမည်လို့ ကြော်ငြာပြီး ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ...

တိဘက်လူမျိုးလို့ယူဆရတဲ့ လူတစ်ဦး အလုပ်လာလျှောက်ခဲ့တယ်။

အလုပ်ဝင်ပြီး မကြာခင်မှာ သူက ကျုပ်ကို စကားတစ်ခုဆိုလာတယ်။

"ဘော့စ် ..."

"ဘာလဲ မစ္စတာလွန်"

"ဒီပလွေကို ဘယ်ဈေးနှင့်ရရင် ရောင်းမှာလဲခင်ဗျ"

"ဒေါ်လာငါးဆယ်ရရင် ရောင်းလိုက်ပါ မစ္စတာလွန်"

ဒီမှာပဲ တိဘက်လူမျိုးဘဏ္ဍာန်ပေါက်တဲ့ အင်္ဂလိပ်လိုလည်း ကျွမ်းကျင်စွာပြောဆိုနိုင်တဲ့ အရောင်းစာရေးလူသစ် မစ္စလွန်ဟာ ချက်ချင်းပဲ သူ့အင်္ကျီအိတ်ထဲကနေ ဒေါ်လာငါးဆယ်ကိုထုတ်ပြီး အရောင်းပြေစာမှာ ရေးချလိုက်တယ်။

"မစ္စတာလွန်"

"ခင်ဗျာ ... ဘော့စ်"

"ဒီပလွေကို ဘယ်သူဝယ်ခိုင်းလို့လဲဟင်"

"ကျွန်ုပ်ကိုယ်တိုင် ဝယ်ယူတာပါဘော့စ်ခင်ဗျာ"

"ဟင် ... မစ္စတာလွန်ကိုယ်တိုင်ဝယ်တာ ဘာလုပ်ဖို့လဲဟင်။ မစ္စတာလွန်က တီးပိုင်းမှာမှုတ်ဖို့လားဟင်"

"မဟုတ်ပါဘူး သူဌေး။ ဒီပလွေဟာ ဒီမှာရှိဖို့ မသင့်တော်လို့ပါ"

"အလို ... ထူးဆန်းလှချေလား မစ္စတာလွန်။ ကျေးဇူးပြုပြီး ဘာကြောင့်ဆိုတာ ကျွန်ုပ်ကို ရှင်းမပြနိုင်ဘူးလား မစ္စတာလွန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ် ... အမှန်မတော့ ဘော့စ်အနေနဲ့ ဒီပလွေကို ဒီလို နေရာ အရောင်ဆိုင်မျိုးမှာ ကြာရှည်မထားသင့်ဘူး"

"ဟင် ... ကြာရှည်မထားသင့်ဘူး။ ဘာဖြစ်လို့ပါလိမ့် မစ္စတာ လွှန်"

"ကြမ္မာဆိုးများ ဝင်ရောက်လာနိုင်လို့ပါခင်ဗျာ"

"ကြမ္မာဆိုး ... ဘယ်လိုကြမ္မာဆိုးများပါလိမ့်"

"ဒီပလွေကို ရှေးတုန်းက တိဘက် (...) ကြီးများ အသုဘ အခမ်းအနား (သို့မဟုတ်) အလွန်အရေးကြီးတဲ့ ဂမ္ဘီရအခမ်းအနား များမှာ အသုံးပြုခဲ့ကြပါတယ်။ အလွန်ကို ရှေးဟောင်းကျတဲ့ ရှားရာ ပစ္စည်းတစ်ခုပါ။

ဒီပစ္စည်းကို (...) တစ်ဦးရဲ့ လက်ဖျံရိုးနဲ့ ကျွမ်းကျင်ပညာရှင် များက ပြုလုပ်ခဲ့တာပါ။ ပြောရရင် ... မမြင်အပ်သော၊ ထူးဆန်းသော၊ ဆန်းကြယ်သော အစီအရင်များနဲ့ ပြုလုပ်ထားတာပါ။ ရှင်းအောင်ပြော ရရင် ဝိညာဉ်ပူးကပ်နေသလို ရှိပါတယ်။ ဒီပစ္စည်းမျိုးဟာ ဘာသာရေး ကျောင်းမှာသော်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်မှာ သော်လည်းကောင်း၊ နာရေးအခမ်းအနား စီစဉ်ကြီးကြပ်လုပ်ကိုင်သူ များ ထံမှာသော်လည်းကောင်း၊ ဒါမှမဟုတ် ဂမ္ဘီရလို့ခေါ်တဲ့ ထူးခြား ဆန်းကြယ်ပညာရပ်များ ရရှိပိုင်ဆိုင်သူ လူပုဂ္ဂိုလ်သူတော်စင်များထံ မှာသာ ရှိနေသင့်ပါတယ်။

ဒီပလွေရဲ့အသံဟာ နားမလည်သူ လူမျိုးခြားတစ်ဦးကြားရ ရင် သေခါနီးလူမမာ ညည်းနေသလို ... မျိုးဖြစ်နေတတ်ပါတယ်။ လူမျိုးတိုင်းရဲ့ အသုဘအခမ်းအနားမှာ ဂီတနဲ့သဖြိုလ်တဲ့ အခမ်းအနား ရှိကြပါတယ် ဘော့စ်။ သူ့လူမျိုးရဲ့ နာရေးဆိုင်ရာ ဂီတသံကို အဲဒီ သူ့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးပဲ နားလည်ခံစား လက်ခံနိုင်ကြပါတယ်။ အခြားလူမျိုးတစ်ဦးရဲ့ နားအကြားအာရုံမှာတော့ ရယ်စရာဖြစ်ချင်ဖြစ်မယ်၊ လန့်စရာ ဖြစ်ချင် ဖြစ်မယ်။ နားဝင်ပီယံ မရှိချင်စရာလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်''

ပြီး ... အချို့သောပစ္စည်းများဟာ သူ့လူမျိုးအတွက် အကျိုး ပေးနိုင်ကောင်း ပေးချင်ပေမယ့်။ အခြားလူမျိုးတစ်မျိုးအတွက်တော့ အကျိုးပေးချင်မှ ပေးပါလိမ့်မယ်။

တစ်ခု ... အချို့သောလူမျိုးများရဲ့ ဂမ္ဘီရအနွယ်ဝင် ရှေး ဟောင်းပစ္စည်းများသည်လည်းကောင်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းများသည် လည်းကောင်း၊ ဝိညာဉ်လို့ခေါ်တဲ့ မနောသက်ရှိကြတော့ အဲဒီပစ္စည်းများ မှာ ပူးကပ်ခိုဝင်မှီတွယ်နေတဲ့ ဝိညာဉ်က သူ့ပစ္စည်းကို သူ့မူလအရပ်မှာ ပဲ ရှိစေချင်တာသဘာဝပါ။ ပိရမစ်သင်္ချိုင်းများက မံမီရုပ်ကလာပ်တွေ ရှေးဘုရင်များရဲ့ အသုံးအစွဲပစ္စည်းများဆိုရင် ပိုပြီးဆန်းပြား အံ့ဖွယ် ထူးခြားမှုနဲ့ ထုံမွှမ်းနေပါတယ်။

အချို့သောပစ္စည်းများမှာ ကျိန်စာတိုက်ထားတာရှိတယ်။ အချို့ ပစ္စည်းများမှာ ရွှေ့ပြောင်းသူကို ဥပါဒ်ဖြစ်စေသည့် ဂါထာမန္တာန်များနဲ့ စီရင်ထားတာရှိနေတော့ မယုံကြည်သူများ သုံးစွဲရယူတဲ့အခါ ဒုက္ခဖြစ် တော့တာပါပဲ။ ဘောစ့်ကို ကျွန်တော် သေသေချာချာပြပါမယ်။ ဒီမှာ ကြည့်ပါ''

ဒီမှာ သူဟာ ကတ္တီပါပွင့်ဘူးထဲက အရိုးပုလွေကို ရိုသေစွာ ထုမ်းယူပြီး မှန်ဘီလူးနဲ့ အနီးကပ်ကြည့်ခိုင်းလို့ ကျွန်ုပ်ကိုယ်တိုင်ကြည့် လိုက်ရာ အရိုးပုလွေရဲ့အောက်ခံမှ ပိုးတဝါးစာတမ်းတစ်ခုကို သေသေ ချာချာ ကြည့်တော့မှ မြင်လိုက်ရတယ်။

အဲဒီစာကို ကျွန်ုပ် မဖတ်တတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာပါလဲ မစ္စတာလွန်"

"ဒါ အလွန်ရှေးကျတဲ့ တိဘက်လူမျိုးတစ်မျိုးရဲ့ ရှေးပါဠိစာပါ"

"ဟင် ... အဓိပ္ပာယ်လဲသိသလား မစ္စတာလွန်"

"ကျွန်တော်သိသလောက်ပြောရရင် ဘာသာပြန်ရရင် ငါ့နေရပ်မှလွဲ၍ ဘယ်အရပ်မှ ငါမပျော်။ ငါ့ဝိညာဉ်တော်သည် ငါ့မွေးဖွားရာအရပ်မှာပဲ ရှင်သန်နေလိုသည်။ ငါ့အား မနှောင့်ယှက်ပါနှင့်"

လို့ အဓိပ္ပာယ်ရပါတယ်။ ဒီမှာ ဘော့စ်"

"ပြောပါ မစ္စတာလွန်"

"ဘော့စ်ကို ကျွန်တော် တစ်ခုမေးပါရစေ"

"မေးပါ မစ္စတာလွန်"

"ဒီပစ္စည်းကို ဘယ်ကရခဲ့ပါသလဲ"

"ကျွန်ုပ် တိဘက်ကိုရောက်ခဲ့စဉ်က အလွန်ခေါင်တဲ့ ကျေးရွာတစ်ရွာက မုဆိုးတစ်ဦးထံက ဝယ်ခဲ့တာပါ"

"ဒီပစ္စည်း ဒီကိုရောက်တော့ ဘယ်လိုထူးဆန်းတဲ့ ဖြစ်စဉ်များဖြစ်ခဲ့ပါသလဲ ခင်ဗျာ"

ဒီမှာပဲ မထူးတော့ပြီမို့ အန်ကယ်(လ်)က အရောင်းစာရေးသုံးဦးရဲ့ တွေ့ကြုံခံစားရတဲ့ ထူးဆန်းသော ဖြစ်စဉ်များကို ပြောပြလိုက်တော့ သူက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ပြီးနေတယ်။

"ကျွန်ုပ်ထင်တဲ့အတိုင်းပါပဲ။ အဲဒီအဆင့်ကိုရောက်ပြီးရင် နောင်အခါ အ,မင်္ဂလာအဖြစ်ဆိုးမျိုး ကြုံတွေ့ရနိုင်ပါတယ်။ ကျွန်ုပ်လွန်ခဲ့ပြီး ( ... )နှစ်ရက်မြောက်မှာ အဲဒီအရိုးပုလွေက အသံမြည်တာကို ကျွန်ုပ်ကြားခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...မစ္စတာလွန်လည်း ကြားရတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ... ဒါ အ,မင်္ဂလာနိမိတ်ဆိုး ကျရောက်တော့မည့်လက္ခဏာပါ။ အကယ်၍သာ ဒီရှေးဟောင်းအရိုးပုလွေကို ဒီလို အရောင်းဆိုင်မှာမထားဘဲ ဘော့စ်ရဲ့အိမ်ပေါ်မှာထားခဲ့ရင် များမကြာခင် ထူးဆန်းသော ရောဂါဝေဒနာတစ်ခုခုနဲ့ ဘေးဥပါဒ်သင့်ဖို့ ကြုံရဖွယ် ရှိပါတယ်။

ဒီလို ရှေးဟောင်းအရိုးပုလွေအကြောင်း ကျွန်ုပ်က တိဘက် ဝန်းကျင်မှာရှိနေတဲ့ ရှေးဟောင်းဂမ္ဘီရပညာရှင် ဘာသာရေးပုဂ္ဂိုလ်တစ်ဦး ထံ စာရေးအကြောင်းကြားလိုက်ပါတယ်။ ဒီမှာလည်း သူက အဲဒီအရိုး ပုလွေကို ရတဲ့ဈေးနဲ့ဝယ်ပြီး သူ့ထံပို့ပေးဖို့ပြောလို့ ခုလို ကျွန်ုပ်အမြန် ဝယ်လိုက်ရတာပဲ ... ဘော့စ်"

အဲဒီတုန်းက ကျွန်ုပ်တို့အဖို့ ကံကောင်းတယ်လို့ ပြောရမှာပါ ပဲ။ အဲဒီအရိုးပုလွေ သူ့မူလဒေသက ဂမ္ဘီရပညာရှင်တစ်ဦးထံကို ပြန် ရောက်သွားခဲ့ပြီး ထူးဆန်းသော ဖြစ်ရပ်တစ်ခုကိစ္စလည်း နိဂုံးချုပ်သွား ခဲ့ဖူးတယ်။ မောင်သစ်ရယ် တစ်ခါတစ်ခါ ပြန်စဉ်းစားကြည့်တယ်။ အခု အန်ကယ်(လ်)နဲ့ မင်းရဲ့ မာမီရှိုင်းတို့ ကြုံတွေ့နေရတဲ့ ထူးဆန်းသော ဖြစ်ရပ်များကလည်း အဲဒီလိုမျိုးများ ဖြစ်နေမလားလို့ တစ်ခါတစ်ခါ အန်ကယ်(လ်) အရှေ့တိုင်းသားများ အယူအဆနဲ့ စဉ်းစားကြည့်မိတယ် မောင်သစ်"

"အန်ကယ်(လ်) ...ဒါဆိုလည်း မနောဗေဒပညာရှင်များနဲ့ စစ်ဆေးကြည့်ပါလား။ အင်္ဂလန်နိုင်ငံမှာတော့ မနောသုတေသန အသင်း ကြီး ရှိနေဆဲဥစ္စာ။ အဲဒီအသင်းကြီးမှာ နိုင်ငံကျော်စာရေးဆရာတွေ၊ သိပ္ပံပညာရှင်တွေ၊ မနောသုတေသီတွေ၊ ထင်ရှားတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



များပါဝင်ပြီး နိုင်ငံတကာက ဖြစ်ရပ်ဆန်းကြယ်ကိစ္စများကို သိပ္ပံနည်းကျ စမ်းသပ်ပြီး အဖြေရှာပေးနေတယ်လို့ သတင်းစာဂျာနယ်များမှာ ဖတ်ခဲ့ဖူးတယ် အန်ကယ်(လ်)"

"အန်ကယ် (လ်) လည်း ဖတ်ဖူးပါတယ်။ စာရေးပြီးလည်း ဆက်သွယ်မေးမြန်းကြည့်ဖို့ အစီအစဉ်ရှိပါတယ်။ ခရီးတော့ဝေးသပေါ့။ ဒါနဲ့ အဲဒီလိုမျိုးကိစ္စများကို စမ်းသပ်စစ်ဆေးတဲ့ လူထူးဆန်းပုဂ္ဂိုလ်များရော မောင်သစ်တို့ မြန်မာပြည်မှာရှိလားဟင်"

"ရှိပါတယ် အန်ကယ်(လ်)"

ဒီလိုပြောလိုက်တော့ သူဌေးကြီး အန်ကယ်ချောင်လီကွမ်းဟာ အလွန့်ကို စိတ်ဝင်စားသွားပြီး ရောဂါကိုမေ့လို့ လူကောင်းတစ်ယောက်လို အားရုံစိုက်ပြီး ငုံ့လင့်နေလျက်ပါပဲ"

"ဘယ်လိုပုဂ္ဂိုလ်များပါလဲ ... မောင်သစ်"

"သုံးမျိုးသုံးစားရှိပါတယ် အန်ကယ်(လ်)"

"အန်ကယ် အရမ်းစိတ်ဝင်စားတယ် မောင်သစ်"

"မာမီလည်း စိတ်ဝင်စားတယ်ကွယ် သားရယ်"

"ဒီလိုပါ ... အန်ကယ်ကွမ်းနဲ့ မာမီရှိုင်းခင်ဗျား။ ဒီလို ဂမ္ဘီရဆန်တဲ့ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းကြယ်ရောဂါများကို ကျွန်တော်တို့ မြန်မာလူမျိုးများကုသရာမှာ ရှေးထုံးကရော ယနေ့တိုင်ပါ သိဒ္ဓိတန်ခိုး သီလသမာဓိနဲ့ပြည့်စုံတဲ့ ရဟန်းသူမြတ်များ၊ ယောဂီရသေ့ သူတော်စင်များ၊ ဖိုးသူတော်များနဲ့ မနောစွမ်းအင်လို့ခေါ်တဲ့ well power စွမ်းသည် သိဒ္ဓိထူးများ ကျင့်ကြံရရှိထားသူ ဝိဇ္ဇာကဲ့သို့သော လူထူးဆန်း မနော ပညာရှင်များက အကြားအမြင်နဲ့ ဝေဖန်သုံးသပ်စီရင်ပြီး ကုသပေး ခဲ့တာမျိုး ရှိခဲ့ဖူးပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်ရောပျောက်ရဲ့လား မောင်သစ်ရဲ့"

"အများအားဖြင့် ဆေးသိပ္ပံပညာက ရှင်းလင်းလို့မရခဲ့တဲ့ ရောဂါများ၊ ဖြစ်ရပ်ဆန်းများကို မြန်မာလောကီပညာရှင်များ ဗိန္ဒော ဆေးနည်းနဲ့ရော၊ စိတ်ပညာနဲ့ရော၊ မန္တန်ဂါထာ ဗုဒ္ဓဂုဏ်တော်များနဲ့ ရော၊ အင်းအိုင်ခါးလှည့် လက်ဖွဲ့များနဲ့ရော ကုသရင်း အံ့ဩဆန်း ကြယ်စွာ ပျောက်ကင်းချမ်းသာရတာတွေ အနည်းအများ ရှိနေဆဲပါပဲ ခင်ဗျာ"

"မောင်သစ်နဲ့ရင်းနှီးသည့် ပုဂ္ဂိုလ်ထူးများ ရှိပါသလား"

"ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျာ"

"ကျွန်ုပ်တို့ တစ်ကြိမ်လောက် စမ်းသပ်လေ့လာလို့ မရနိုင် ဘူးလားဟင်"

"မြန်မာပြည်ကိုသွားမယ်ဆိုရင် တွေ့နိုင်ပါတယ်-အန်ကယ်"

"သူတို့က ဆရာကြီးကိုင်ရှိလိုပဲလား"

"အဲဒီလိုတော့ တရားသေ မပြောချင်ဘူးခင်ဗျ။ အကြောင်း ကံသင့်ရင်၊ အပ်စပ်ရင်တော့ အံ့ဩစရာကောင်းအောင် ရောဂါပျောက် ကင်းတာမျိုး၊ ပြောပဟောနိုင်တာမျိုး၊ ညွှန်ကြားဆောင်ရွက်ပေးတာမျိုး ရှိတာတော့ ကျွန်တော့်ကိုယ်တွေ့ ကြုံဖူးပါတယ် အန်ကယ်(လ်)"

"အေးကွယ် ... အဲဒီလို လူထူးလူဆန်းပုဂ္ဂိုလ်မျိုးနဲ့ တစ်ခါ လောက်များ ကြုံချင်စမ်းပါဘိ မောင်သစ်ရယ်"

အန်ကယ်ချောင်လီကွမ်းရဲ့ ဆုတောင်းစကားလား၊ မျှော်လင့် ညည်းတွားစကားလို့ပဲ ပြောရမလား။

အဲဒီ ဆုတောင်းရေရွတ်စကားသံဟာ များမကြာမီ ပြည့်စုံပြီး မြောက်ဖို့ အခြေအနေရောက်တော့မယ်လို့ ကျွန်တော် မျှော်လင့်ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခဲ့ရပါတယ် အဘ။

ရှေးဟောင်းပစ္စည်းများ ရောင်းချစုစည်းသူ သူဌေးချောင်လီကွမ်း မကြာမီ ရောဂါသက်သာလာတာနဲ့ ဆေးရုံက ပြန်ဆင်းလာလိုက်တယ်။

ဇနီးမောင်နှံနှစ်ယောက် စိတ်ပြေလက်ပျောက်အဖြစ်လည်း ကောင်း၊ အိပ်မက်ဆိုးများမှ ရှောင်တိမ်းလိုသည့် သဘောနှင့်လည်း ကောင်း ခရီးထွက်သွားကြတယ်။ သူတို့ဂျပန်နိုင်ငံက ကျွန်းစုတစ်ခုရဲ့ တည်းခိုခန်းမှာ တည်းကြတယ်။ အချိန်ရတော့ ဖူဂျီယာမမီးတောင်ကို တက်ကြတယ်။

မကြာခင် မြန်မာပြည်ကို အလည်အပတ်သွားမယ်လို့ ဇနီးမောင်နှံနှစ်ယောက် တိုင်ပင်ကြတယ်။

ဒီအချိန်မှာ ဆက်လက်ဒုက္ခရောက်နေတာ အိမ်ဖော်ဇနီးမောင်နှံနှစ်ယောက်ပဲ။

ဒီအကြောင်းကို နောက်ပိုင်းကျမှ အိမ်ဖော်ဇနီးမောင်နှံက ပြောပြ၍ သိရခြင်းဖြစ်သည်။ (စကားချပ်) ။ မစ္စတာ ချောင်လီကွမ်းနှင့် ဇနီးမစ္စစ်မှိုင်းတို့ အိပ်ခန်းမှ ညအခါ လှုပ်ရှားသံများကြားရသည်တဲ့။

မီးဖွင့်ပြီးထားလျှင် အဲဒီအခန်းမှာ မကြာခင် မီးမှိတ်နေလေ့ရှိသတဲ့။ ဒါနဲ့ မီးမှိတ်ထားလိုက်ရင် မီးက အလိုလိုပွင့်နေရော။

အိမ်ဖော်လင်မယားနှစ်ယောက်ဟာ မင်းဖွင့်သလား။ ငါဖွင့်သလားနဲ့ အငြင်းပွားကြရော။

ဒါနဲ့ နှစ်ဦးသဘောတူ စောင့်ကြည့်တော့ အထဲကနေ လူရိပ်လိုလို၊ လမ်းလျှောက်သလိုလိုကြားရတာနဲ့ အသာချောင်းကြည့်လိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ လူတစ်ယောက် ငုတ်တုတ်ထိုင်နေတာကိုမြင်ရပြီး–

"ဘယ်သူလဲ"

"ဟဲလို ... အထဲက ဘယ်သူလဲ။ သူဌေးပြန်ရောက်နေသလား"

"သူဌေးလား ...,"

ထူးသံမကြားရဘူး။ ဒါနဲ့ တံခါးကို ပြန်စစ်ဆေးကြတယ်။ အဓိကတံခါးကြီးက သော့ခတ်လျက်ပဲ။

ပြတင်းတံခါးများလည်း လုံးဝမပွင့်ဘူး။

ဒီမှာ မှန်တံခါးကို လက်နဲ့ခေါက်သည့် အသံထွက်လာပါရော။ ဒါနဲ့ မှန်ကိုမျက်နှာကပ်ပြီး ကြည့်လိုက်တော့ ဘာမှမမြင်ရဘူး။ ဒါပေမဲ့ တောက်ခတ်သံတစ်ချက် ကြားရတယ်။

တစ္ဆေပဲနေမှာဆိုပြီး ကိုယ်နေတဲ့ အိမ်ဖော်အခန်းကနေ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရသတဲ့။

မကြာခင် သူဌေးလင်မယား ခရီးသွားရာက ပြန်ရောက်လာကြတယ်။

ဘယ်သူလာသေးသလဲ။ ဘာထူးခြားသေးလဲလို့ မေးပေမဲ့ အိမ်ဖော်လင်မယားက စောစောကကိစ္စကို လုံးဝ ဖွင့်မပြောကြဘူး။ ဒါပေမဲ့ ရင်ထဲမှာတော့ တထိတ်ထိတ်ပေါ့။

တော်သေးရဲ့ ...။ အထဲမှာ ဘာပစ္စည်းမှ ခြေရာလက်ရာ ပျောက်လို့ ပျက်ရင် သော့တူနဲ့ဖွင့်ဝင်ပြီး ပစ္စည်းခိုးတယ်လို့ အစွပ်စွဲခံရဦးမှာ ကျိန်းသေပဲတဲ့။

သူတို့ပြန်ရောက်ပြီး သိပ်မကြာပါဘူး။

ရှေးဟောင်းသစ်သားခုတင်ကြီးပေါ်မှာ လင်မယားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ညဘက် ချစ်ရည်လူးပြီး အိပ်ပျော်သွားခိုက်မှာပဲ ...

အလျင်တစ်ခါလိုပဲ သစ်သားခေါင်းတလားကြီး ပေါ်လာပြီး သူတို့နှစ်ဦးရှိရာ ရင်ဘတ်ပေါ်မှာ ပျံဝဲနေရော။

ဝတ်ရုံဖားလျားနဲ့ လူသေမျက်နှာလို လူသုံးဦးကိုလည်း ချောက်ချားစဖွယ် စမြင်လိုက်ရတယ်။

ဒါနဲ့အတူ သစ်သားခေါင်းတလားကြီးပွင့်လာပြီး ခေါင်းထဲက လက်ကြီးတစ်ဖက်ထွက်လာကာ သူဌေးချောင်လီကွမ်းရဲ့ လက်ကိုလှမ်းဆွဲလိုက်ရော သူဌေးကြီးမစွတာကွမ်း ငယ်သံပါအောင်အော်ပြီး ထခုန်ပါရော ...

ဘယ်လိုမှ ထိန်းလို့သိမ်းလို့မရဘူး။

"ခေါင်းတလားကြီး ..."

"ခေါင်းတလားကြီး ..."

"ဒါလင် ... ဒါလင် ... ဘယ်လိုဖြစ်ပြန်တာလည်းဟင်"

"လူသေလောင်းကြီးက ခေါင်းထဲကနေ ငါ့ ... ငါ့ကိုလှမ်းဆွဲပြီး ခေါင်းထဲကိုသွင်းနေတယ်"

"ဒါလင် ... ဒါ ... လင် ... ဒါ ... ဒါ ... အိပ် ... မက်လေ ..."

"မ ... မဟုတ်ဘူး ... ငါ့ကို ... သေဖို့ ... ခေါ် ... နေတာ။ ငါ ... ငါ ... မကြာခင် ... သေ ... သေ ... ရတော့မယ် သေရတော့မယ်"

ဘယ်လိုမှ ထိန်းလို့သိမ်းလို့မရဘူး။

နောက်ဆုံးတော့ ညတွင်းချင်းပဲ အရေးပေါ်ဆေးရုံ ပြန်တင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မတင်လို့လည်း မရတော့ဘူး။

မစွစ်ရှိုင်းလည်း ကြောက်လန့်ပြီး အော်ရရော။ ဘာလို့လည်း ဆိုတော့ မစွတာကွမ်းဟာ ညဝတ်အင်္ကျီရှည်ကြီးနဲ့ အခန်းထဲမှာ နားကို ပိတ်ပြီး အလန့်တကြား အော်ဟစ်ပြေးလွှားနေလို့ပဲ။

ပစ္စည်းပစ္စယများလည်း လဲပြိုကျကွဲကုန်ပြီ။

မစွစ်ရှိုင်းရဲ့ အလန့်တကြားအော်သံကြောင့် လူမည်းအိမ်ဖော် လင်မယားနှစ်ယောက် အပြေးအလွှား ရောက်လာကြတယ်။

နောက်ဆုံး သူတို့ရဲ့ အကူအညီကိုရယူပြီး ညတွင်းချင်း စိတ် ရောဂါကုဆေးရုံကို အားချင်းပြန်တင်လိုက်ရတယ်။

"ဖြစ်စဉ်ကတော့ အဲဒါပါပဲ အဘရယ်"

မောင်သစ္စာစိုးက ဝတ္ထုဇာတ်လမ်းသဖွယ် ဇာတ်ကြောင်းအသေး စိတ်ကို ပြန်ပြောပြီးနောက် မောသွား၍ ခဏနားနေလိုက်၏။

"ပြောရရင် သူတို့ဟာ ဒီတိုက်အိမ်ကြီးမှာ လုံးဝချောက်ချား တဲ့ဘဝကိုရောက်ပြီး အလွန့်ကို စိတ်ဆင်းရဲနေကြပါတယ် အဘ"

"စီးပွားရေးလုပ်ငန်း အခြေအနေကရော မောင်သစ္စာစိုး"

"လုံးဝကို အရောင်းထိုင်းသွားခဲ့ပါတယ် ခင်ဗျာ။ ခုတော့ အရောင်းစာရေးကို လစာအသားလွှတ်ပေးနေရသလို အခြေအနေမျိုး ရောက်နေပါတယ် အဘ။ မေးမည့်သူကို မရှိတော့တဲ့ အခြေအနေမျိုး ကိုလည်း ထိုးကျသွားခဲ့ပါပြီ ခင်ဗျ"

"နေပါဦး ... မောင်သစ္စာစိုးရဲ့ သူတို့အခန်းပြောင်းပြီး မအိပ် ကြည့်ကြဘူးလား"

"အိပ်ခဲ့ပါတယ်ခင်ဗျ။ အများအားဖြင့် ဒီအိမ်ကြီးကို ဝယ် ပြီးနောက် သေသေချာချာ မွမ်းမံပြင်ဆင်ပြီး ဒီအခန်းမှာပဲ အိပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ ယနေ့တိုင်ပါပဲ အဘရဲ့"

"ဒီတော့ မောင်သစ္စာစိုးက ဘယ်လိုလုပ်ချင်လို့တုန်း"

"ထူးတာတော့ အတော့်ကိုထူးဆန်းနေတာ အဘရယ်။ ကျွန်တော်တို့ မြန်မာလို ပုဏ္ဏကတိုက်တာမျိုးလည်း မဟုတ်ဘူး။ အိပ်မက်ကနေ စိတ်ချောက်ချားသွားအောင် ဒုက္ခပေးလိုက်။ လိုအပ်ရင် မိန်းမလုပ်သူကို ပိုးတိုးဝါးတား ကိုယ်ထင်ပြလိုက်နဲ့။ တခြေမှားရှိနေသလား မသိဘူး။

ပြောရရင် ... စိတ်ရောကိုယ်ပါ ဒုက္ခဆင်းရဲပင်လယ်ဝေပြီး အဖြေလည်းရှာမရ၊ ဖြေရှင်းပေးနိုင်သူလည်းမရှိတဲ့ အချိန်မှာ အဘဒီကို ရောက်နေတယ်လို့ကြားတာနဲ့ အားကိုးတကြီး ကျွန်တော်ရောက်လာတာပဲ။ သူတို့ဟာ ကျွန်တော်ရဲ့ကျေးဇူးရှင်များပါ အဘရယ်။ အလွန့်ကို စိတ်သဘောထားကောင်းတဲ့ လင်မယားပါ။ မွေးစားမိဘများလို ဖြစ်နေသူများပါ။ ဖြစ်နိုင်ရင် အဘမပြန်ခင်လိုက်ကြည့်ပြီး လိုအပ်သလို လိုက်စစ်ဆေးပေးစေချင်ပါတယ် ခင်ဗျာ"

"သူတို့သဘောထားကရော ..."

"ကျွန်တော်က အဘရဲ့အကြောင်းကို ကြိုတင်ပြောပြထားဖူးပါတယ်။ မြန်မာပြည်ကိုလာရင် ဝင်တွေ့ဖို့ အစီအစဉ်လည်း ရှိခဲ့ပါတယ်။ ခု အဘဒီနိုင်ငံကိုရောက်နေတာ သူတို့နှစ်ဦးစလုံး အဘကို အားကိုးကြီးစွာ မျှော်လင့်စောင့်စားနေကြပါတယ်ခင်ဗျ။ အဘ သူတို့ရှိရာကို ကြွရောက်ဖို့လည်း အထူးတလည် ဖိတ်မန္တကပြုလိုက်လို့ သူတို့ကိုယ်စား ကျွန်တော်အဘကို လာရောက်ပင့်ဖိတ် အကူအညီတောင်းရတာပါ အဘ"

သို့နှင့် ကျွန်ုပ်သည် မောင်သစ္စာစိုး မောင်းလာသည့်ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေးပေါင်းပစ္စည်းများ စုဆောင်းရောင်းဝယ်သူ (......) သူဌေးကြီး မစ္စတာချောင်လီကွမ်းတို့ ဇနီးမောင်နှံနေထိုင်ရာ တိုက်အိမ်ကြီးရှိရာသို့ လိုက်ပါလာခဲ့လိုက်လေသည်။

ခြံဝန်းကြီးထဲသို့ ဝင်လိုက်သောအခါ နှစ်ထပ်တိုက်ငယ်တစ်လုံး တို မြင်ရ၏။ သစ်ပင်ပန်းမန်များ ပွင့်ဖူးဝေဆာနေရကား ဒီလိုမြေရှား ပါးသည့် နိုင်ငံမျိုးမှာ ကိုယ်ပိုင်ခြံဝန်းနှင့် ဥယျာဉ်နှင့်နေနိုင်ခြင်းသည် အလွန်ကိုကံကောင်းသည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟု ကျွန်ုပ် ယူဆမိပါသည်။

မကြာမီ ...

အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် တရုတ်ကပြားရုပ်ပေါက်သော အမျိုးသမီးကြီးတစ်ဦး ခရီးဦးကြိုပြုရှာ၏။

အသက် (၄၀) ဝန်းကျင်ခန့်ရှိ၏။ ခေတ်မီမီ ဆင်ယင်ဝတ် စားထားသော်လည်း သူမရဲ့မျက်နှာပေါ်မှာမူ မျက်ကွင်းများ ချောင်ကျ နေပြီး နားထင်များ ချိုင့်ဝင်နေကာ စိတ်ဆင်းရဲစိတ်ညစ်သည့် လက္ခဏာ များ အထင်းသား ပေါ်ပေါက်နေ၏။

သို့သော် ...

သူမသည် ကျွန်ုပ်တို့ အရှေ့တိုင်းသား မြန်မာအဘိုးအိုတစ်ဦး ကိုမူ လေးစားစွာ ကိုယ်ကိုကြို၍ ခရီးဦးကြိုပြုပြီး နေရာထိုင်ခင်းပေး ၏ ...

"အဘ ..."

"လူကလေး ..."

"ဒါ ကျွန်တော်ပြောတဲ့ မစ္စစ်ချိုင်းပါ။ မာမီချိုင်း"

"ပြောပါ သား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော် မကြာခဏ ပြောပြောပြခဲ့ဖူးတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံက ကျွန်တော်ရဲ့ကျေးဇူးရှင် အဘဆရာကြီးပါ။ နာမည်က ဦးအောင်မောင်းစည်တဲ့"

"တွေ့ရတာ အလွန်ဝမ်းသာပါတယ် မစ္စတာဦးအောင်မောင်းစည်။ လူကြီးမင်းရဲ့ အတတ်ပညာ အသိပညာများနဲ့စပ်လျဉ်းပြီး ဒီလူကလေးမောင်သစ်က မကြာခဏပြောပြဖူးလို့ ဆရာကြီးကို အလွန်တွေ့ချင်နေပါတယ်။ မြန်မာပြည်ကို လာတွေ့ဆုံဖို့ ကြိုးစားနေချိန်မှာပဲ ခုလို ဆိုက်ဆိုက်မြိုက်မြိုက် ကြုံဆုံခွင့်ရရှိတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း မစ္စစ်ရှိုင်းတို့ အိမ်သားများနဲ့ မမျှော်လင့်ဘဲ ရင်းနှီးတွေ့ဆုံရတဲ့အတွက် လွန်စွာကျေနပ်မိပါတယ်။ ကျွန်ုပ် ဘာများ အကူအညီပေးရမည်လဲ မစ္စစ်ရှိုင်း"

ဒီမှာပဲ မစ္စစ်ရှိုင်းဆိုသူ (......) နိုင်ငံသားအမျိုးသမီးကြီးလည်း အိမ်အတွင်းဘက်သို့ တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး ...

"မောင်သစ် ... လူကလေး ဆရာကြီးကိုပြောပြခဲ့ရဲ့လား"

"ဟုတ်ကဲ့ ... အဓိကအကြောင်းအရာများကို ကြိုတင်ပြောပြခဲ့ပြီးပါပြီ မာမီရှိုင်း"

"ဒါဆို ကျွန်မ အကျယ်မချဲ့လိုတော့ပါဘူး ဆရာကြီး မစ္စတာအောင်မောင်းစည်ရှင့်။ ကျွန်မရော ကျွန်မရဲ့ခင်ပွန်း မစ္စတာချော်လ်ကွမ်းမှာရော ခုရက်များမကြာမီမှ လူကလေးမောင်သစ် ကြိုတင်ပြောပြသလို ဒီအိမ်အတွင်းမှာ ထူးဆန်းတဲ့အဖြစ်အပျက်များ ဖြစ်နေပါတယ်။ ခုဆို ခင်ပွန်းသည် မစ္စတာကွမ်းဟာ စိတ်ရောဂါဆေးရုံမှာ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်မြောက် တက်ရောက်ကုသမှုခံယူနေရပါပြီ။ မစ္စတာ ဦးအောင်မောင်းစည်ရှင့်''

''မစ္စစ်ရှိုင်း ...''

''ပြောပါ မစ္စတာ''

''ကျွန်ုပ် မစ္စစ်ရှိုင်းတို့ရဲ့ အဓိကအကျဆုံးနဲ့ အိပ်ခန်းကို ဝင်ရောက်လေ့လာလို့ ရနိုင်ပါသလားခင်ဗျာ''

''အို ... ရတယ် ... ရပါတယ် ... Please. မစ္စတာ ... ကျေးဇူးပြုပြီး လိုအပ်သလို ဝင်ရောက်လေ့လာပါရှင်။ ကြွပါ ... ကြွပါ ...''

သို့နှင့် ...

မစ္စစ်ရှိုင်း၏ ဦးဆောင်မှုဖြင့် ကျွန်ုပ်တို့သုံးဦး အိပ်ခန်းရှိရာသို့ လှမ်းလာခဲ့လိုက်၏။

အိပ်ခန်းအဝင်ဝကို အလွန်ရှားပါး တန်ဖိုးကြီးလှသည့် ကျွန်းသားတံခါးချပ်ကြီးနှင့် ပိတ်ထား၏။

၎င်းတံခါးကို ဖွင့်လိုက်သောအခါ ပန်းနုရောင်လိုက်ကာကို တွေ့ရ၏။ ၎င်းလိုက်ကာကို နံဘေးသို့ဆွဲလိုက်ပြီးနောက် မစ္စစ်ရှိုင်းက အတွင်းခန်းမီးခလုတ်ကို ဖွင့်လိုက်သောအခါ ...

အသားမြုပ်မီးရောင်အောက်မှာ လွန်စွာ အံ့ဖွယ်ကောင်းလှသော ခုတင်နှစ်လုံးနှင့် အိပ်ခန်းသုံးဘီရိုစားပွဲများကို အစီအရီတွေ့လိုက်ရ၏။

ခုတင်နှစ်လုံးအကြားမှာ ငါးပေခန့်ကွာ၏။ ဒါ့အပြင် ခုတင်နှစ်လုံးသည် နံရံမှာ အသီးသီးကပ်လုနီးပါးရှိ၏။

ဒီမှာကျွန်ုပ်လည်း သစ်သားခုတင်ကြီးပေါ်သို့ ဦးစွာ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်ခဲ့၏။

သစ်သားခုတင်ကြီးကား လွန်စွာ အံ့ဘနန်းရှိလှပါကလား။

ကြည့်ပါ ...။

ကျွန်းခုတင်ကြီးတစ်ခုလုံးကို လွန်စွာရှေးကျသော လက်ရာများဖြင့် ထုဆစ်ထား၍ ခုတင်ခေါင်းရင်းပိုင်းပွတ်လုံးတိုင် နှစ်လုံးပေါ်၌ လက်အုပ်ချီကန်တော့နေဟန် နတ်သားရုပ်တုနှစ်ခုကို အံ့ဖွယ်မြင်လိုက်ရသကဲ့သို့ ခုတင်ခြေရင်းပိုင်း ပွတ်လုံးတိုင် နှစ်ခုသည်လည်း နတ်ရုပ်တုလိုလို၊ အစောင့်လိုလို၊ ရုပ်တုနှစ်ခုက လက်အုပ်ချီဟန် ထုဆစ်ထားသော ရုပ်လုံးနှစ်ခု။

ပေါင်းလေးခုကို တွေ့မြင်လိုက်ရ၏။

ခုတင်တစ်ခုလုံးကို ပန်းပြောက်ပန်းမွှမ်း ယိုဒယားကနုတ်များဖြင့် စီရင်ထားရကာ ...

ကျွန်းခုတင်ကြီးသည် ထုထည်ကြီးမားသည်နှင့်အမျှ ရှေးကျကျ ပန်းကနုတ်လက်ရာများဖြင့် အရှေ့တိုင်းသားလက်ရာ (အထူးသဖြင့်) မြန်မာမှုလက်ရာလိုလို၊ ထိုင်း (ယိုးဒယား) သစ်ထွင်းလက်ရာလိုလို အထင်အရှား မြင်တွေ့နေရ၏။

ကျွန်းခုတင်ကြီး၏ ခြေထောက်လေးချောင်းကို ဂရုစိုက်၍ ကြည့်လိုက်တော့ ပို၍ အံ့သြဖွယ်ရာများကို တွေ့ရပြန်သည်။

ရိုးရိုးခုတင်ခြေထောက်မဟုတ်။ ခြူးနွယ်ပန်းခက်များဖြင့် အနုစိတ် ထုဆစ်ထားသည့် ရုပ်ကြွသစ်ထွင်းလက်ရာဖြစ်၏။

မင်းညီမင်းသား စော်ဘွားများ၊ ဒါမှမဟုတ် အလွန်ထူးခြားသည့်ပုဂ္ဂိုလ်များ အသုံးပြုသည့် ပစ္စည်းမျိုးဖြစ်ဖွယ်ရှိသည်ဟု တွေးတောနေစဉ်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဦးခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး ယိမ်းယိုင်သကဲ့သို့ ရှိသွားကာ မျက်စိရှေ့မှာ မြူဆိုင်းသကဲ့သို့သော အခိုးအငွေ့များ ဖြစ်ပေါ်လာသည်ကို အံ့ဖွယ်ကြုံလိုက်ရ၏။

ရင်းဖြစ်အင်ကို မစွစ်ရှိုင်းနှင့် မောင်သစ္စာစိုးတို့ မြင်တွေ့ဖွယ် မထင်။ သူတို့ကား ကျွန်ုပ်ကိုသာ ငေးမောစူးစိုက်ကြည့်နေကြ၏။

ကြည့်နေရင်းမှာပင် ...

နှင်းမြူထုကဲ့သို့သော ဖြူဖွေးသည့် အခိုးအငွေ့များကြားမှာ ကျွန်ုပ် ထူးဆန်းသောဖြစ်ရပ်ကို ချက်ချင်းပဲ မြင်လိုက်ရတော့သည်။

ရှေးကျွန်းခုတင်ကြီးပေါ်မှာ ခေါင်းတလားကြီးတစ်ခု။

ခေါင်းတလားကြီးသည် အဖုံးကိုဖွင့်ထား၏။ သည်မှာ ကျွန်ုပ်က ရှေ့သို့တိုး၍ ငုံ့ကြည့်လိုက်သောအခါ အရောင်လွင့်နေသည့် ပိတ်စကိုရုံပတ်ထားပြီး အသက်ကင်းမဲ့နေသည့် လူအိုကြီးတစ်ဦးကို ထူးခြားစွာမြင်တွေ့လိုက်ရ၏။

ဒါနှင့်အတူ ...

ခေါင်းတလားတင်ထားရာ ရှေးခုတင်ကြီးအနီးဝန်းကျင်မှာ ပြောင်လက်သော အဝတ်အစားများနှင့် ဘာမှန်းမသိရသော လူတစ်စုသို့လို ဝိုးတိုးဝါးတားအရာများကို လက်အုပ်ချီနေဟန်၊ ငိုကြွေးနေဟန်၊ သက်ညှိုးထိုး စေခိုင်းနေဟန်များနှင့် မြင်လိုက်ရ၏။

ဒါနှင့်အတူ ကျွန်ုပ်နားထဲမှာ ဘုန်းကြီးပျံများနှင့် ယောင်ကျူး သကဲ့သို့ ငိုချင်းချသံလိုလို၊ ဆိုင်းသံလိုလို အသံများ နားထဲမှာကြားရ သလိုရှိလာပြီးနောက် ဖြူဖွေးသော တိမ်စိုင်လို မြူထုကြီးသည် ခေါင်းတလားတင်ထားရာ ရှေးဟောင်းလက်ရာမြောက် ခုတင်ကြီးကို ဖုံးလွှမ်း သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သိပ်သည်းလှသော မြူတိမ်လို အရာများအကြား လူရိပ်သဏ္ဌာန်လိုလိုအရာများ၊ အသံများ ပါးလျားပျောက်ကွယ်သွားကာ မှောင်ပိန်းနေသကဲ့သို့ ရှိနေ၏။

"အဘ ... အဘ ဆရာကြီး ..."

"အဘ ... ဆရာကြီး"

အနီးကပ်ခေါ်လိုက်သံကြား၏။ ကျွန်ုပ် အိပ်မက်လိုလို အခြင်းအရာမှာ နစ်မြောနေ၏။

ကျွန်ုပ်သည် အနီးကပ်ခေါ်သံကို လုံးဝအာရုံမဝင်စားနိုင်ဘဲ အလိုလို အိပ်မက်မက် လမ်းလျှောက်နေသကဲ့သို့ဟန်မျိုးဖြင့် အခြားနံရံနံဘေးရှိ သံခုတင်ကြီးရှိရာသို့ လှမ်းသွားနေသည်ကို ခံစားရ၏။

အလို ...

သံခုတင်ကြီးက အကြီးကြီးပါလား။

သံခုတင်ကြီးကို ဖန်ချည်ကြိုးကဲ့သို့သော အရာများဖြင့် ထိုးယှက်ထား၏။ ကျွန်ုပ်အာရုံထဲမှာ သွေးကွက်ကြီးတစ်ကွက်ကို မြင်နေရသည်။ ၎င်းသွေးကွက်ပေါ်မှာ လူတစ်ယောက် လူးလွန့်အော်ဟစ်နေပါကလား။

သေသေချာချာ အာရုံစိုက်၍ စူးစူးနစ်နစ် စိတ်မနောကို နှစ်မြှုပ်ကြည့်လိုက်သောအခါ ဦးပေါင်းနှင့် ပိုးဖဲအင်္ကျီဝတ်ထားသည့် ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးနှင့် လူတစ်ယောက်။

အသက် (၅၀)ခန့်ရှိမည်။

ခန္ဓာကိုယ်ပေါ်၌ လက်ဝတ်ရတနာများ အစီအရီနှင့် ပိုးသားဘောင်းဘီနှင့်အင်္ကျီမှာ နီရဲသောသွေးများ စွန်းထင်းပေကျံနေပြီး သူသည် ထူးဆန်းစွာ ပိတ်နေအောင်ထိုးထားသည့် ကြိုးခုတင်ပေါ်မှာ

www.burmeseclassic.com



နာကျင်စွာအော်ဟစ်ရင်း လူးလွန့်နေသည်။

သူ့စကားသံများက အိန္ဒိယနိုင်ငံမှ လူမျိုးတစ်မျိုးသုံးသည့် စကားမျိုး။

သူ့ရင်ဝမှာ ကျွဲချိုရိုးတပ် ဓားမြှောင်တစ်ချောင်းက တစ်ဆုံး နီးပါး နှစ်ဝင်လျက်ရှိပြီး မကြာခင် ကြိုးခုတင်ကြီးကို လက်နှစ်ဖက်နှင့် ကိုင်ဆုပ်ကာ သေးစောင်း အသက်ပျောက်သွားသည်ကို ကျွန်ုပ် မြင် လိုက်ရ၏။

ကျွန်ုပ်သည် ရုပ်ရှင်ပြသကဲ့သို့ ဇာတ်ကနေသကဲ့သို့ ထူးဆန်း စွာ ဖြစ်နေရသည့် မြင်ကွင်းကိုကြည့်ပြီး စိတ်မသက်မသာ ရှိနေစဉ်မှာ ပင် ...

၎င်း အနိဋ္ဌာရုံမြင်ကွင်းများသည် တဖြည်းဖြည်း မှုန်ဝါးပျောက် ကွယ်၍ သွားသည်ကို သိမြင်ခံစားနေရ၏။

"အဘ ..."

"အဘ ဆရာကြီး"

"မစွတာ အောင် ..."

"ဟဲလို ... မစွတာအောင် ... ဟဲလို ... ဟဲလို ..."

မောင်သစ္စာစိုးက ကျွန်ုပ်ရဲ့ညာလက်ကို ကိုင်လှုပ်၍ တကြော် ကြော် အော်ခေါ်နေ၏။ ကျွန်ုပ်နားထဲမှာ အင်္ဂလိပ်လိုရော၊ တရုတ်သံ ပါသော စကားလုံးနှင့် ခေါ်နေသံမျိုးလည်း ကြားနေရ၏။

ကျွန်ုပ် ချက်ချင်း အသိများပြန်ဝင်လာ၏။

ပြန်ဝင်လာသည်နှင့် ဣန္ဒြေကို ချက်ချင်းဆည်လိုက်၏။

"အဘ ..."

"မောင် ... သစ္စာ ... စိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဘာဖြစ်သွားတာလဲ"

"အဘ ဘာဖြစ်သွားတာ မြင်လိုက်ရလို့လဲ လူကလေး"

"အဘ ... ဟောဟိုက ခုတင်နှစ်ခုကို တစ်လှည့်စီကြည့်ရင်း အံ့ဩနေလိုက်တာမှ အကြာကြီးပဲ။ အဘ ဘာဖြစ်သွားတာလဲ ဟင် ..."

"မစွတာအောင်"

"မစွစ်ရှိုင်း"

"မစွတာအောင် ... ဘာဖြစ်သွားတာပါလဲရှင်"

"မစွစ်ရှိုင်း ... ခဏလေးခွင့်ပြုပါ"

"ရက်(စ်) ... ရက်(စ်) ... လုပ်ပါ ... လုပ်ပါ ... မစွတာအောင်"

"ကျွန်ုပ် ဒီခုတင်နှစ်ခုပေါ်က မွေ့ရာများကိုဖယ်ရှားပြီး စစ်ဆေးကြည့်ရှုချင်ပါတယ် ... မစွစ်ရှိုင်း"

"အိုး ... ရတယ် ... ရတယ် ... အိမ်ဖော်များကို ခေါ်လိုက်မယ်"

ဒီမှာပဲ အောင်သစ္စာစိုးက မစွစ်ရှိုင်းရဲ့ရှေ့ရပ်လိုက်ပြီး ...

"မာမီရှိုင်း ..."

"ပြောပါ ... လူကလေး မောင်သစ်"

"အိမ်ဖော်များကို မခေါ်ပါနဲ့ မာမီရှိုင်း။ ကျွန်တော်ပဲ ဒီကိစ္စကို လုပ်လိုက်ပါ့မယ်"

"အို ... မသင့်လျော်ပါဘူး လူကလေးမောင်သစ်"

"ရတယ် ... မာမီရှိုင်း၊ မခေါ်ပါနဲ့။ ဒါ လျှို့ဝှက်ထားရမဲ့ အရာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဒီလိုလား။ ဒါဆို မောင်သစ်ပဲကူညီပါ၊ ဆောင်ရွက် ပါ။ သိုင်(ခ်)ယူ ... မောင်သစ်"

ဒါနဲ့ မောင်သစ္စာစိုးက ဦးစွာ ရှေးဟောင်းလက်ရာမြောက် ကျွန်းခုတင်ကြီးပေါ်က မွေ့ရာများနှင့်စောင်များကို ဖယ်ရှား၍ တစ်နေ ရာမှာ စုပုံလိုက်သည်။ ကျွန်ုပ်သည် မီးရောင်အောက်မှာ အထင်းသား မြင်နေရသည့် ရှေးဟောင်းခုတင်ကြီးရဲ့ ဝမ်းပျဉ်ကျောခင်းကို လက်နှိပ် မီးတစ်လက်တောင်းယူ၍ စစ်ဆေးလိုက်သောအခါ ...

ဒီမှာ ခုတင်ကျောခင်းရဲ့ အလယ်ဗဟိုမှာ ငါးလက်မဝန်းကျင် ခန့် ပတ်လည်ရှိသည့် လေးထောင့်ပုံအက်ကြောင်းတစ်ခုကို မမျှော်လင့် ဘဲ တွေ့လိုက်ရသဖြင့် ချွန်မြသောဓားသွားလို ကိရိယာနှင့် ကော်တင် လိုက်သောအခါ သစ်သားအဖုံး ပွင့်သွား၏။

မစ္စစ်ရှိုင်းနှင့် အောင်သစ္စာစိုးတို့လည်း ကျွန်ုပ်၏အပြုအမူ ကို ကြည့်၍ အံ့သြသွားကြ၏။

အထဲကို မီးရောင်နှင့် ထိုးကြည့်လိုက်တော့ ...

သုံးလက်မနှင့် လေးလက်မခန့် အကျယ်အဝန်းရှိသော ကြေး ပြားတစ်ချပ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

၎င်းကြေးပြားကို ကောက်ယူ၍ ပွတ်တိုက်ပြီး ဖတ်လိုက်သော အခါ ပါဠိလိုရေးသားထားသော စာကြောင်းသုံးကြောင်းကို တွေ့ရ၏။

မြန်မာလို အဓိပ္ပာယ်ပြန်လိုက်လျှင် ...

"အနိစ္စ - အမြဲမရှိ၊

သတ္တဝါတိုင်း သေခြင်းတရားကို ကေန်ကြုံကြရမည်ဖြစ်၏။

သေခြင်းတရားသည် အသင့်ကြို၍နေ၏ဟူသတည်း"

၎င်းနောက် သံခုတင်ပေါ်မှ မွေ့ယာများကို ဖယ်ရှားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။

ဤခုတင်သည် မစွစ်ရှိုင်း သီးသန့်အိပ်သည့် ခုတင်ဟုဆို၏။

မွေ့ရာ၊ စောင်များ မရှိတော့မှ ကျွန်ုပ်က သေသေချာချာ ကြည့်လိုက်၏။ ကြိုးခုတင်ပေါ်မှာ ထိုးထားသည့် ဖန်ချည်ကြိုးလက်ရာသည် အလွန် အနုစိတ်လှ၏။ စက်နှင့်ထိုးထားသည့်ထက် အဆင့်မြင့်လှ၏။ ကြိုးက နှစ်ထပ်ကြိုးထိုးဖြစ်ပြီး အောက်နှင့်အပေါ်ကို ကြိုးရှည်တစ်ချောင်းတည်းနှင့် အဆက်အစပ်မရှိဘဲ ဆန်းကြယ်စွာ ထိုးထားသည်။

ကြိုးခင်းပေါ်မှာ စိန်တုံးကဲ့သို့သော ပန်းချီဒီဇိုင်းကို ဖော်ထိုးထား၏။

သေသေချာချာ ကြည့်လိုက်သောအခါ ...

စိန်တုံးနေရာ အချို့သည် ပြောင်လက်သည့် ပိုးကဲ့သို့သော၊ သို့မဟုတ် သားမွေးတစ်မျိုးနှင့် ရောစပ်ထိုးထားသည့် လက်ရာပဟောင်းခပ်လွှင်လွှင် ကျန်ရစ်နေပြီး စိန်တုံး၏ အောက်ခြေဝန်းကျင်ကား ညိုမည်းသောအကွက်ကို မြင်နေရ၏။ သဏ္ဌာန်က စွန်းထင်းပေကျံနေသည့် လက်ရာမျိုး။

ရင်း မသက်မသာ ဖွယ်အစွန်းအကွက်ကို ကျွန်ုပ်လည်း ကျွန်ုပ်၏ မနောအာရုံပညာနှင့် စုစည်း၍ ကြည့်လိုက်သောအခါ ...

သွေးကွက်ကဲ့သို့ နီရဲသောအရာမျိုးသည် ကျွန်ုပ်၏ မနောအသိအာရုံမှာ ထင်ရှားစွာပေါ်လာ၏။

ဒါနှင့်အတူ ညှီလွန်းလှသည့် သွေးညှီနံ့သည် ကျွန်ုပ်၏နှာခေါင်းထဲသို့ စူးဝါးစွာ ဝင်ရောက်လာပြီး အော်ဂလီဆန်ကာ အန်ချင်သလိုဖြစ်လာခဲ့၍ မအန်မိအောင် ပါးစပ်ကို လက်ဝါးနှင့်အုပ်ထားလိုက်၏။

---



www.burmeseclassic.com

www.burmeseclassic.com



နှစ်မိနစ်ခန့် နီရဲသောသွေးကွက်နှင့် စူးဝါးဆိုးဝါးလွန်းလှသော အနံ့ဆိုးကို ခံစားရရှိပြီးနောက် ၎င်းအရာအနံ့များသည် ကျွန်ုပ်အာရုံထဲမှ လွင့်ပြယ်ပျောက်လွင့် သွားခဲ့လေသည်။

"မစွစ်ရှိုင်း ..."

"မစ္စတာအောင် ပြောပါရှင်"

"ကျွန်တော်တို့ ညည်ခန်းမှာ စကားများပြောကြရအောင်လား ခင်ဗျား"

"ကောင်းပါပြီ ... မစ္စတာအောင်"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## [ ၇ ]

❑

ကျွန်ုပ်တို့သုံးဦး ညှိခန်းမှာ စုဝေးမိကြသောအခါ ကျွန်ုပ်လက်ဝါးနှစ်ဖက်နှင့် ကုပ်ပိုးတို့၌ ချွေးစေးများပင်ပြန်နေ၏။

"ဘာများ ထူးခြားမှုရှိပါသလဲ မစ္စတာအောင်"

"မစ္စစ်ရှိုင်းခင်ဗျား . . . ခင်ဗျားတို့ ဒီခုတင်နှစ်လုံးကို ဘယ်ဒေသကများ ဝယ်ယူရရှိခဲ့ပါသလဲ ခင်ဗျား"

"ဒီပစ္စည်းနှစ်ခုကို ကျွန်မတို့ဇနီးမောင်နှံ ထိုင်းနိုင်ငံနဲ့ မြန်မာပြည်နယ်စပ်က တွေ့ရှိပြီး ဝယ်ခဲ့တာပါ။ ဘာဖြစ်လို့ပါလဲရှင်"

"ဘယ်လိုနေရာမျိုးက ဝယ်ခဲ့တာပါလဲ မစ္စစ်ရှိုင်း"

"ရှေးဟောင်းပစ္စည်းများနှင့် အသုံးမလိုသောပစ္စည်းဟောင်းများ ရောင်းချရာ ဆိုင်တစ်ဆိုင်က ဝယ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပစ္စည်းများရဲ့ နောက်ခံရာဇဝင်ကိုရော သိကြပါရဲ့လား"

"မေးမြန်းဖို့ အချိန်မရတာနဲ့ မမေးမြန်းဖြစ်ခဲ့ပါဘူး။ မျက်မြင်အရ ဒီခုတင်နှစ်ခုဟာ အလွန်လက်ရာမြောက်တဲ့ လက်မှုပညာသုံး ရှေးဟောင်းပစ္စည်းလို့ ယူဆပြီး အလွန်သဘောကျ နှစ်မြို့က်လွန်းလို့ သူတို့ပြောတဲ့ဈေးအတိုင်း ဝယ်ခဲ့ကြတာပါရှင်။ ဘာများ ထူးခြားနေလို့ ပါလဲ မစ္စတာအောင်"

ကျွန်ုပ်သည် ကျွန်ုပ်အာရုံမှာ ဖြစ်ခဲ့ရသည့် အနေအထားများကို ပြောပြရန် သင့်မသင့် ချင့်ချိန်စဉ်းစားနေရ၏။

သူတို့သည် အလွန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စပြုနေသည့် နိုင်ငံကြီးမှာ အခြေချနေထိုင်ကြသည့် ခေတ်ပညာတတ်များဖြစ်ကြ၏။

သို့သော် ...

သူတို့သည် ရှေးဟောင်းပစ္စည်းများကို ရောင်းဝယ်စုဆောင်းသူများလည်း ဖြစ်ကြသည်။

ဒါပေသည့် သူတို့သည် အရှေ့တိုင်းသား လူမျိုးများရဲ့ ရိုးရာဓလေ့ ထုံးစံအစဉ်အလာ ယုံကြည်သက်ဝင်မှုများကို အကြွင်းမဲ့ နားလည်လက်ခံနိုင်ကြပါရဲ့လား ...။

အထူးသဖြင့် ...

တိဘက်လူမျိုးများရဲ့ ဂမ္ဘီရပညာ၊ အိန္ဒိယယောဂီများ၊ ဆာဒူးကြီးများရဲ့ ဂမ္ဘီရဆန်းကြယ် ပညာရပ်များ၊ ထိုင်းလူမျိုးများရဲ့ ရိုးရာဓလေ့ ဖြစ်ရပ်ဆန်းကြယ်ကိစ္စများ၊ ကျွန်ုပ်တို့ မြန်မာလူမျိုးရဲ့ ဂမ္ဘီရပညာ သဘောတရားများ၊ ဂမ္ဘီရပညာများ၊ ဂန္ဓာရီနှင့် မဟာဂန္ဓာရီ ဝိဇ္ဇာပညာရပ်များ အကြောင်းကိုရော နားလည်လက်ခံနိုင်ကြပါရဲ့လား။

တစ်နည်း ...



www.burmeseclassic.com

www.burmeseclassic.com



ပရလောကရဲ့ ဖြစ်ရပ်ဆန်းကြယ်ကိစ္စများကို လက်ခံယုံကြည်မှုဒိတာပွား နားလည်ခံစားနိုင်ကြပါမည်လား ...။

အရှေ့ဥရောပ အနောက်ဥရောပသားများထဲမှ အချို့ကတော့ ပရဝိညာဉ်လောက အကြောင်းကိုလည်းကောင်း၊ လူ့ဝင်စားဘဝများကိုလည်းကောင်း၊ ထူးဆန်းသော သိဒ္ဓိမြောက် ဆဌမအာရုံအကြောင်းကိုလည်းကောင်း၊ အခြားဘဝသားများဖြင့် ဆက်သွယ်ခြင်းဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ မနောသုတေသနအသင်းကြီး အမည်ခံ၍ လေ့လာနေကြပါပြီ။ ထိုအသင်းများ အင်္ဂလန်နိုင်ငံမှာရှိသည်။ အမေရိကန်နိုင်ငံမှာလည်း ရှိနေသည်။

ကျွန်ုပ်နှင့်ပင် ၎င်းမနောသုတေသန အသင်းဝင်အချို့ စာပေးစာယူ အဆက်အသွယ် ရှိခဲ့ကြဖူး၏။

ကျွန်ုပ်အား စိတ်တန်ခိုးစွမ်းအင် (မနောအာရုံအကြားအမြင်ထူးခြားမှု ဖြစ်စဉ်များအကြောင်း) လေ့လာ၍ စာတမ်း (သို့မဟုတ်) ကိုယ်တွေ့ဆောင်းပါးများ ရေးသားဖတ်ကြားပေးပါရန်နှင့် အကြံပြုစာများ ရောက်ရှိခဲ့ဖူး၏။

"မစ္စစ်ရှိုင်း ..."

"ပြောပါ မစ္စတာအောင်"

"ကျွန်တော် တစ်ခု အကြံပြုပါရစေ၊ ဆွေးနွေးပါရစေ"

"ရက်(စ်) ... အမိန့်ရှိပါ မစ္စတာအောင်"

"ခင်ဗျား ပရဝိညာဉ်လောကအကြောင်း ကြားဖူးပါသလား"

"အနည်းအကျဉ်း ကြားဖူးပါတယ်"

"ဘယ်လိုကြားဖူးပါသလဲ"

"အိန္ဒိယကိုရောက်တော့ သေသူကို ခဏခဏသက်သွင်းပြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြကွက်အချို့အထိ ထူးဆန်းအံ့ဖွယ်များကို ဖကီးများ၊ သာဓုကြီးများ လက်တွေ့ရှင်းပြချက်နဲ့ ကြုံခဲ့ရဖူးပါတယ်"

"အကြွင်းမဲ့ လက်ခံနိုင်ပါသလား"

"နိုး . . . အကြွင်းမဲ့တော့ လက်မခံနိုင်သေးပါဘူး မစ္စတာအောင်။ မျက်လှည့်ဆန်လို့ပါ။ ဘာများဖြစ်လို့ပါလဲရှင်။ ပွင့်ပွင့်လင်းလင်း ပြောပါ"

"မစ္စစ်ရှိုင်းနဲ့ မစ္စတာချောင်လီကွမ်းတို့ နှစ်ဦးစလုံးဟာ ထူးဆန်းသော အိပ်မက်များနှင့်အတူ အမျိုးအမည်မသိ ပုဂ္ဂိုလ်တစ်ဦးကို အိပ်ခန်းထဲမှာ မကြာခဏ မြင်မက်တွေ့ရှိရသတဲ့။ အဲဒါရော အဟုတ် အမှန်ပါပဲလား ခင်ဗျာ"

ဒီအချက်ကိုမေးလိုက်တော့ မစ္စရှိုင်းရဲ့မျက်နှာဟာ ရုတ်ခြည်း ပြောင်းလဲသွားပြီး စိုးရွံ့ထိတ်လန့်သကဲ့သို့သော အမူအရာများ ဖြစ်ပေါ်လာကာ အသံခပ်တိုးတိုးဖြင့် . . .

"အမှန်အတည်ပါပဲ မစ္စတာအောင်။ ကျွန်မခင်ပွန်းရော၊ ကျွန်မရော ထူးဆန်းတဲ့ အိပ်မက်ဆိုး အိပ်မက်ကြမ်းကြမ်းကို မကြာခဏ ထပ်ကာတလဲလဲမက်ပြီး ချောက်ချားခဲ့ရသလို ကျွန်မမှာလည်း နိုင်လုံ တဲ့သက်သေ ပြလို့မရနိုင်တဲ့ လူတစ်ဦးကို ကျွန်မအိပ်တဲ့ ကြိုးခုတင်ပေါ်မှာ မကြာခဏ မြင်တွေ့ခဲ့ရပါတယ်ရှင်။ သိပ်မကြာခင်မှာပဲ ကျွန်မရဲ့ခင်ပွန်းဟာ ကြောက်လန့်တဲ့ ရောဂါဆိုးဖြစ်ပြီး ဆေးရုံမှာ နှစ်ကြိမ်မြောက် တက်ခဲ့ရပါတယ်"

"ဆေးရုံရောက်တော့ ရောဂါသက်သာရဲ့လား"

"ဟုတ် . . . မစ္စတာအောင်။ ဆေးရုံမှာ သူ ကောင်းစွာ အိပ်ပျော်ပါတယ်။ ဒီအိမ်ကိုရောက်ရင် ချက်ချင်း အိပ်မက်ဆိုးများမြင်မက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိန်းမရသိမ်းမရ ရောဂါပြန်ဖောက်ပါတယ် မစ္စတာအောင်။ အဲဒါ ဘာဖြစ်လို့ပါလဲရှင်''

"အမှန်မတော့ ခင်ဗျားရဲ့အိမ်အတွင်းမှာ မသန့်သောပစ္စည်းများနှင့်အတူ မကောင်းဆိုးဝါးတစ်ကောင် ရောက်နေလို့ပါပဲ''

"ရှင်. . . မသန့်သောပစ္စည်းနဲ့အတူ မကောင်းဆိုးဝါးတစ်ကောင် ရောက်နေတယ်။ အဲဒါ . . . ဘာလဲ . . . ဟင် . . . ဟင် . . .''

"အဲဒါ အဲဒီရှေးဟောင်း သစ်သားခုတင်ကြီးနဲ့ ဟိုသံကြိုးခုတင်ကြီးကြောင့်ပဲ''

"အလို . . . ထူးဆန်းလှချည်လား မစ္စတာအောင်။ ဖြစ်နိုင်ရင် အကျိုးနဲ့အကြောင်းနဲ့ ကျေးဇူးပြုပြီး ရှင်းပြပေးပါလားဟင်''

"ကျွန်တော်ရဲ့ မနောအာရုံမှာ မြင်လာတာက ဟောဒီသစ်သားခုတင်ကြီးဟာ ရိုးရိုးရှေးဟောင်းသစ်သား ခုတင်မဟုတ်ဘူး။ ဒါ . . . နာရေးကိစ္စ၊ အသုဘအခမ်းအနားမျိုးမှာသုံးတဲ့ ရှေးဟောင်း မသာခုတင်ကြီးဖြစ်နေလို့ပဲ''

"ရှင် . . . ဒါ . . . ဒါ . . . မသာခုတင်''

"ဟုတ်တယ် . . .။ ဒီခုတင်မျိုးကို မဟာယာန ဗုဒ္ဓဘာသာဝင်ဒါမှမဟုတ် ထေရဝါဒ ဗုဒ္ဓဘာသာဝင် သူတော်စင်၊ ယောဂီ၊ ရဟန်းပုဂ္ဂိုလ်များ ကွယ်လွန်ရာမှာအသုံးပြုတဲ့ လူသေကောင်တင် အသုဘအခမ်းအနားသုံး ခုတင်ဖြစ်နေတာကို အာရုံထဲမှာ မြင်သိနေတယ်။ ပိုပြီးကျိန်းသေတာက ခုတင်အလယ် ကျောခင်းအံဝှက်မှာ မြင်တွေ့ရှိခဲ့တဲ့ ကြေးပြားတစ်ချပ်ကြောင့် ပိုနိုင်လုံသွားပါတယ် ဟောဒီကြေးပြားပါ''

ဒီမှာပဲ ကျွန်ုပ်က သစ်သားခုတင်အံဝှက်မှ တွေ့ရှိခဲ့သည့် ကြေးပြားကို ထုတ်ပြလိုက်၏။ မစ္စစ်ရှိုင်းက ယခုမှတွေ့ရှိရသည့် အံဝှက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြေးပြားချပ်ကို အံ့ဩထူးဆန်းစွာ ကောက်ကြည့်ပြီး ကြေးပြားပေါ်မှ စာသားများကို နားမလည်သလို စိုက်ကြည့်ရင်းက ...

"ဒီစာက ဘာအဓိပ္ပာယ်ပါလဲ မစ္စတာအောင်"

"ဒီရှေးပါဠိလို စာပေမျိုးနှင့် ရေးသားထားပါ။ အဓိပ္ပာယ်က အနိစ္စ–အမြဲမရှိတဲ့၊ သတ္တဝါတိုင်း သေခြင်းတရားကို ကေန်ကြုံကြရည် ဖြစ်မည်တဲ့။ နောက်ဆုံးစာကြောင်းက သေခြင်းတရားသည် အသင့်ကြုံရှုနေ၏လို့ အဓိပ္ပာယ်ရပါတယ်ခင်ဗျာ"

"အိုး ... မိုင်ဂေါ့ ..."

"ဒါ့ကြောင့် ဒီခုတင်ဟာ ရဟန်း၊ ရသေ့၊ သူတော်စင် ယောဂီသို့ပုဂ္ဂိုလ်များ ကွယ်လွန်အနိစ္စရောက်ရင် အသုံးပြုတဲ့ ခုတင်လို့ ပြောခင်တာပါ။ ခုတင်ရဲ့ တိုင်လွတ်လုံးမျိုးပေါ်မှာ ထုဆစ်ထားတဲ့ လက်ရာများရဲ့ အသွင်သဏ္ဍာန်ကလည်း မြန်မာပန်းပုလက်ရာ၊ ထိုင်းပန်းပုလက်ရာ၊ ကမ္ဘောဒီယား ပန်းပုလက်ရာမျိုးပါ။ ကန်တော့နေစဉ် ဟန်ပန်မျိုးပါ။ ဒါမျိုး ... လူသာမန်များ မသုံးကြပါဘူး"

နောက်တစ်ချက် ... ဟောဟို ... ကြိုးခုတင်။

"ကြိုးခုတင်ကရော မစ္စတာအောင် မြန်မြန်ပြောပါလားရှင်"

"ကြိုးခုတင်ကလည်း ရှေးဟောင်း မင်းညီမင်းသား၊ သူဌေးသူကြွယ်၊ စော်ဘွား၊ မဟာရာဂျာလို အိန္ဒိယနိုင်ငံသားများ အသုံးပြုတဲ့ ကြိုးခုတင်ပဲ။ ဒါပေမဲ့ ဆင်းရဲသားသုံးခုတင် မဟုတ်ဘူး။ အလွန်ကြွယ်ဝသူ သို့မဟုတ် အသင့်အတင့် ကြွယ်ဝသြဇာရှိသူမျိုး အသုံးပြုတဲ့ခုတင်ပဲ"

အဲဒီခုတင်ပေါ်က အိပ်စင်ခင်းကြိုးထိုးနည်းဟာ ခုခေတ်လက်နဲ့ ကော်ဇောယက်သလို အဆင့်မြင့်ထိုးထားသလိုပဲ။ ဒါပေမဲ့လက်ထိုး



www.burmeseclassic.com

www.burmeseclassic.com



မပာုတ်ဘူး။ အလွန်ကျွမ်းကျင်သူ လက်မှုပညာရှင်တစ်ဦးရဲ့ အချိန်ယူ ထိုးထားသည့် ရွှေကြိုး ပိုးသွင်းကြိုးလက်ရာပဲ။ အဲဒီမှာ ကျွန်ုပ်မြင် လိုက်တာက ကုလားလိုလို၊ စော်ဘွားလိုလို၊ မင်းသားလိုလို လူတစ်ဦး ဓားတန်းလန်းနဲ့ ဒီကြိုးခုတင်ပေါ်မှာ သေဆုံးနေတာပဲ"

"အို ... ဘုရားသခင် ကယ်တော်မူပါ"

"မစ္စစ်ရှိုင်းတို့ တစ်ခါတစ်ရံ အနံ့ဆိုးတစ်မျိုးရတယ် ဟုတ် လား"

"ရက်(စ်) မစ္စတာအောင်၊ သွေးညှီ သွေးပုပ်နံ့မျိုးကိုပဲ"

"ဒီမှာလာကြည့်ပါ။ ခဏပြန်ဝင်ကြည့်ပါ"

ကျွန်ုပ်တို့ အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ၎င်းနောက် ကျွန်ုပ် က နှစ်ထပ်ကြိုးခုတင်ပေါ်ရှိ စိန်တုံးအကွက်ပေါ်ရှိ ထောင့်အစွန်းမှ ညို မည်းနေသည့် အကွက်အစွန်းများကို လက်ညှိုးနှင့် ထိုးပြလိုက်၏။

"အို ... ဟုတ်ပါရဲ့။ ဒါကို ကျွန်မတို့ ခုမှ သတိပြုမိတယ်။ ပြီး ... ဟိုကြေးပြားအရွယ်၊ ခုတင်အောက် အံဝှက်ထဲရှိနေတာလည်း မစ္စတာအောင် စူးစမ်းဖော်ထုတ်မှ လက်တွေ့သိရတာပါပဲ မစ္စတာအောင်။ ဒါ ... ဒီအစွန်းများက ဘာ ... ဘာလဲဟင်"

"ကျွန်ုပ်ရဲ့ မနောစွမ်းအားအမြင်ရ ပြောရရင် ဒါ သွေးစွန်း သွေးကွက်များပဲ။ ဒီအပေါ် လူတစ်ယောက် မချိမဆန့် ဓားဒဏ်ရာနဲ့ သေခဲ့တာ။ သူ မကျွတ်မလွတ်ဘဝနဲ့ သူ့အသုံးအဆောင် ဒီခုတင်ကို စွဲလမ်းတပ်မက်နေတုန်းပဲ။

ဓာတ်လမ်းကို ပြန်ချုံ့ရင် တစ်အချက် ... လူသုံးမန်များ မသုံးအပ်တဲ့ အသုဘအခမ်းအနားသုံး ရှေးဟောင်းသုံးသား ခုတင် ပေါ်မှာ အတူအိပ်စက်အသုံးပြုခဲ့လို့ မြန်မာလိုပြောရရင် မကောင်းဘေး



www.burmeseclassic.com

www.burmeseclassic.com



ဘားဆိုးသင့်နေတာပဲ။ ကျွန်တော်တို့ အရှေ့တိုင်းသားများရဲ့ ရိုးရာ ဓလေ့မှာ အသုဘအခမ်းအနားသုံး ခုတင်ကို ကွယ်လွန်ချိန်ကလွဲပြီး ခင် သူသာမန်များ လုံးဝ တို့ထိအသုံးမပြုကြဘူး"

"ဘာဖြစ်လို့ပါလဲရှင် ဟင်"

"နိမိတ်ဆိုး၊ အတိတ်ဆိုးများနဲ့ ဘေးဆိုးများ ဝင်လာလို့ပါ"

"အို . . . ဒီလိုလား။ ကျွန်မတို့က ဒါကို လုံးဝမသိဘူး မစ္စတာ"

"နှစ်အချက် . . . ကျွန်ုပ်ရဲ့ မနောအမြင်အရ ဟောဟိုကြီး ခုတင်ပေါ်မှာ ခင်ဗျားအိပ်စက်နေတာကို မူလကာယကံရှင်ရဲ့ မကျွတ် လွတ်ဝိညာဉ်က လုံးဝ အလိုမရှိဘူး။ ဒါ့ကြောင့် ခင်ဗျားကို အိပ်မက် ကနေ သတိပေးနေတာ။ ဒါကို ခင်ဗျားတို့က သဘောမပေါက်တော့ အလျှိုးသင့်ရင်း ဝိညာဉ်တစ္ဆေက လျှပ်တစ်ပြက် ကိုယ်ထင်ပြနေတာ"

"ဒါ . . . ဒါဆို . . . ကျွန်မတို့ ဘာလုပ်သင့်ပါသလဲ။ မစ္စတာ အောင်"

"ကျွန်ုပ် အကြံပြုချင်တာက ဒီမသန့်သော ဝိညာဉ်များပူးကပ် နေတဲ့ ရှေးဟောင်းခုတင်နှစ်လုံးကို အမြန်ဆုံး ပြန်ရောင်းချင်ရောင်း၊ မဟုတ်ရင် ရှေးဟောင်းပြတိုက်များ ဘုန်းတော်ကြီးကျောင်းများမှာ လှူဒါန်းချင်လှူဒါန်း။ အဲဒီလို လုပ်လိုက်ပါ"

"ဖျက်ဆီးပစ်လိုက်ရင်ရောဟင်"

"မသင့်ပါဘူး . . . မစ္စစ်ရှိုင်း။ ဒီပစ္စည်းများမှာ မူလအရင်းခံ ဆက်ဆိုင်သူ ရှိနေပါတယ်။ အဲဒီလို ဖျက်ဆီးမိရင်တောမျိုးလုပ်ရင် ခင်ဗျား တို့မှာ ဒီ့ထက်ဆိုးဝါးတဲ့ ကြမ္မာဆိုးများ ကျရောက်ဒဏ်သင့်နိုင်ပါလိမ့် မယ်။ အဲဒီပစ္စည်းများ ဒီအိမ်ကနေ အပြင်ကိုရောက်သွားရင် ခင်ဗျားတို့ အိပ်မက်ဆိုးများ အဖြစ်ဆိုးများနဲ့အတူ ပိတ်ဆို့နေမည့် လာဘ်များပါ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပွင့်ပါလိမ့်မယ် မစွစ်ရှိုင်း"

"ဒါအမှန်အကန်ပဲလား မစ္စတာအောင်"

မစ္စစ်ရှိုင်းက အံ့ဩသောအကြည့် မယုံမရဲအကြည့်ဖြင့် ကျွန်ုပ်ကို ကြည့်၍ မေးခွန်းထုတ်လိုက်သေး၏။

"ဒါ ကျွန်တော်တို့ အရှေ့တိုင်းသားများ ရရှိထားတဲ့ မနော အမြင်နဲ့ ဟောပြောမှုပါ။ မယုံကြည်တာ၊ မလိုက်နာတာက မစ္စစ်ရှိုင်းတို့ရဲ့ ဆုံးဖြတ်ချက်အတိုင်းပါ"

"အကယ်၍များ မစ္စတာအောင်အကြံပြုသလို မလုပ်ခဲ့ရင်ကော ဘယ်လိုဆိုးကျိုးများ လက်ငင်း ကျရောက်နိုင်ပါသလဲ မစ္စတာအောင်။"

"ကျွန်မပြောရရင် ဒီလိုလက်ရာမြောက်တဲ့ ရှေးဟောင်း ရှားပါးပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရရှိနေတာကို အလွန် ဂုဏ်ယူဝံ့ကြွားသလို ရှိနေလို့ပါရှင်။ ကျေးဇူးပြုပြီး ရှေ့နိမိတ်ကိုမြင်ရင် အကြံပြုပါဦး"

ရော် . . . အတော်ခက်သည့်လူစား။ ခေါင်းကြောတင်းသည့် လူရွယ်များပါပဲလားဟု တွေးပူမိလိုက်၏။

ခက်သည်။ လူသည် အကြိုက်တစ်ခုကိုတွေ့လျှင် အန္တရာယ်ကိုမမြင်။ အကြိုက်ကို စွဲလမ်းကြီးစွာ ဦးစားပေးကြ၏။

ထိုအကြိုက်ကြောင့် ဒုက္ခရောက်ကြ၏။

ဥပမာ ဆေးခြောက်နှင့်ဘိန်း။

မကောင်းမှန်းကို သိ၏။ အန္တရာယ်ရှိမှန်းကို နားလည်သဘော ပေါက်ကြ၏။ သို့သော် အသုံးပြုမိပြီး ကြိုက်နှစ်သက် စွဲလမ်းမှုအားကြီး လျှင် ဝင်းဆေးခြောက်နှင့်ဘိန်းကို မစွန့်နိုင်တော့။ ထိုသူကို ကြာတော့ ထိုဘိန်းက အန္တရာယ်ဆိုးများ ပေးတော့၏။

နောက်ဆုံး လွှဲမှားစွာ အကြိုက်ကြီး အစွဲကြီးသွားပြီး ဘဝဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေသည့်အဖြစ်နှင့် ရင်ဆိုင်ကာ ကိစ္စတုံးရတော့၏။

ယခု ကျွန်ုပ်က ကျွန်ုပ်၏ ပညာအပိုင်းဆိုင်ရာ ကျင့်ဝတ်ပိုင်းဆိုင်ရာ မနောအမြင်နှင့် ဟောပြောရှင်းပြနေသည့်ကြားမှ မစ္စစ်ရှိုင်းက အကူးတကက ပိုင်ဆိုင်ရရှိထားသည့် ရှေးဟောင်းပစ္စည်းများကို သံယောဇဉ်ကြီးနေ၏။

ကျွန်ုပ်၏ ဟောပြောချက်အပေါ်မှာလည်း သံသယများ ရှိနေရောသလားမသိ။

ဒါမှမဟုတ် ...

မောင်သစ္စာစိုး ကြိုတင်ပြောပြထားသည့် သူတို့အိမ်တွင်းရေးသို့ ဝှက်အခြေအနေကို ကျွန်ုပ်သိထားပြီး ခပ်တည်တည် ဟောပြောနေသည်ဟုများ သံသယရှိနေရောလားမသိ။

ထပ်တွန့်တက်နေ၏။

ကျွန်ုပ် မည်သို့ပြောသင့်ပါသနည်း။

"ဒီမှာ ... မစ္စစ်ရှိုင်း၊ ကျွန်ုပ် ကျွန်ုပ်ရဲ့ ပညာပိုင်းကျင့်စဉ်နဲ့ စွစ်ရဲ့အိမ်ထဲရောက် အရှေ့တိုင်းရိုးရာပစ္စည်းများရဲ့ ကံဆိုးကံကောင်း အကျိုးသက်ရောက်မှုကို ဟောပြောရှင်းပြပြီးပါပြီခင်ဗျာ။ အကယ်၍များ ဟောဒီပစ္စည်းနှစ်ခုကို ဆက်လက်အသုံးပြုနေမယ်ဆိုရင် များမကြာခင် အလွန်ထူးဆန်း အံ့ဖွယ်ရှိတဲ့ ဖြစ်ရပ်ဆန်းနဲ့ သင်တို့ ကြုံရဖွယ်ရှိပါတယ်။

အကယ်၍ ကျွန်ုပ်ဟောပြောချက်ကို မယုံရင် အဲဒီပစ္စည်းနှစ်ခုသယ်ယူရရှိရာ အရပ်ဒေသမှာ အဲဒီပစ္စည်းများရဲ့ နောက်ခံသမိုင်းကို မေးမြန်းစုံစမ်းကြည့်ပါ။ ဒါပါပဲ။ ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုပါ မစ္စစ်ရှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာအောင်။ မစ္စတာအောင်အကြံပြုသလို ကျွန်မတို့ အမြန်ဆုံး ဒီပစ္စည်းများရဲ့ နောက်ခံဖြစ်ရပ်ကို လေ့လာစုံစမ်း မေးမြန်းကြည့်ပါမယ်။ မစ္စတာအောင်ရဲ့ ဟောပြောချက်အတိုင်း မှန်ကန်နေရင် အမြန်ဆုံး တစ်ခုခုကို ဆောင်ရွက်သွားပါမယ်လို့ ကျွန်မကတိပြုပါတယ်။ မစ္စတာအောင်ရှင့်"

နောက်တစ်နေ့ မွန်းလွဲပိုင်းမှာ ကျွန်ုပ် မြန်မာပြည်သို့ ပြန်ရောက်ခဲ့၏။ ကျွန်ုပ်ဆရာသခင်များဖြစ်ကြသော လူထူးဆန်းဘတိုက်ပုံ ဦးရာကျော်၊ သမထ ဖိုးသူတော်ကြီး ဦးရာဇကိတ္တိနှင့် အဂ္ဂိရတ်ဘုန်းတော်ကြီး ဦးကေသရတို့အား သွားရောက်နှုတ်ဆက်၍ ကျွန်ုပ်၏အတွေ့အကြုံများကို ပြောပြခဲ့၏။

ဒါနှင့်အတူ နောင်လာနောင်သားများ ကျွန်ုပ်မရှိတော့သည့်အခါ လေ့လာသိရှိစေရန် မှတ်တမ်းစာအုပ်မှာ ဖြစ်စဉ်များကို ရေးသွင်းမှတ်သားထားလိုက်၏။

ကျွန်ုပ်၏မွေးနေ့ တနင်္ဂနွေနေ့သို့ရောက်သောအခါ ဘတိုက်ပုံ ဦးရာကျော် ရောက်ရှိလာ၍ ကျေးဇူးရှင်ဆရာသခင်နှင့် နွားလည်ဖို့တောင်သို့ ကျင့်စဉ်စခန်းဝင်ရန် ထွက်ခဲ့ကြ၏။

နွားလည်ဖို့တောင်မှာ (၉) ရက် သမထကျင့်စဉ် စခန်းဝင်ပြီးနောက် ဖင်းကျိုက်တောင်ရှိ ဘတိုက်ပုံ၏သူငယ်ချင်း ဝိဇ္ဇာကြီး ဦးဆံရှည်ထံသို့ ခေတ္တဝင်ရောက်ကာ လုပ်ငန်းများအကြောင်း ဆွေးနွေးကြ၏။

(၁၀)ရက်မြောက်သောနေ့မှာ ကျွန်ုပ်မှီခိုနေထိုင်ရာ ဘုန်းတော်ကြီး ဦးကေသရကျောင်းသို့ ပြန်ရောက်ခဲ့၏။

ရောက်သည်နှင့် (၁) နာရီခန့် ကြာပြီးသောအခါ မိတ်ဆွေအငြိမ်းစား အင်္ဂလိပ်စာပါမောက္ခကြီးသည် သူ၏ဇနီးလေးနှင့် ရောက်



www.burmeseclassic.com

www.burmeseclassic.com



ချလာသည်။

လက်ထဲမှာလည်း အပြာရောင်ရှည်မျောမျော စာအိတ်ထူထူ တစ်အိတ်ကိုကိုင်၍ ကျောင်းပေါ်တက်လာစဉ် ...

"ဆရာ ပြန်ရောက်နေတယ်ကြားလို့ လာခဲ့တာ"

"ထိုင်ပါ ... ပါမောက္ခကြီး။ စာအိတ်က ဘာစာများတုံး ခင်ဗျာ"

"ဆရာကြီးလိပ်စာနဲ့ ရောက်လာတဲ့စာပါခင်ဗျာ။ (...) နိုင်ငံလို့ တံဆိပ်တုံးပါတယ် ဆရာကြီး"

သေသေချာချာ ကြည့်လိုက်တော့ (...) နိုင်ငံမှ သားတပည့် မောင်သစ္စာစိုးရေးလိုက်သည့် စာဖြစ်နေ၍ အလျင်အမြန် ဖွင့်ဖတ်လိုက်ရာ ...

စာမှာ အောက်ပါအတိုင်း ဖြစ်ရပ်ဆန်းကြယ်များ ရေးသား ထားသည်ကို ဖတ်ရှုရလေသည်။

သို့

အဘဆရာကြီးခင်ဗျား ...

ကျွန်တော် သားတပည့်ဖြစ်သူ မောင်သစ္စာစိုး ရှိသေစွာ အစီရင်ခံအပ်ပါသည်ခင်ဗျား ...

ဖြစ်ရပ်ဇာတ်ကြောင်းများမှာ အဘဆရာကြီး ကြိုတင်ရှုမြင် ဟောပြောခဲ့သည့်အတိုင်း ဆန်းကြယ်စွာ ဖြစ်ပေါ်လာခဲ့ရပါသည်။

အဘဆရာကြီး (...) နေ့က ပြန်သွားပြီးနောက် မစ္စတာ ချောင်လီကွမ်း စိတ်ရောဂါဆေးရုံမှ ပြန်ဆင်းလာခဲ့သည်။ သူ၏ ရောဂါ အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိ၏။

သို့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မာမီရှိုင်းတို့က အဘဆရာကြီးရဲ့ စိတ်မနောပညာနှင့် တွေ့ရှိပုံများအကြောင်းကို မစ္စတာကွမ်းအား ရှင်းပြလိုက်သောအခါ အလွန်အံ့ဩသွားခဲ့သည်။

ပြောရလျှင် . . .

ထိုနေ့ညက သူ ၎င်းရှေးဟောင်းထူးဆန်းသော ကျွန်းခုတင်ပေါ်မှာ မအိပ်တော့ဘဲ အပေါ်ထပ်အခန်းမှာ အိပ်စက်အနားယူနေခဲ့သည်။

နောက်နေ့ရောက်တော့ လက်တွေ့အလွန်ဆန်းလွန်းလှသော မာမီရှိုင်းသည် ကျွန်ုပ်ကိုအဖော်ပြု၍ ထိုင်းနိုင်ငံသို့ ခရီးထွက်ခဲ့ကြ၏။

မစ္စတာကွမ်းကတော့ အိမ်ဖော်များနှင့် ကျန်ရစ်ခဲ့သည်။ ကျွန်တော်နှင့် ၎င်းမာမီရှိုင်းတို့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ရောက်ခဲ့၏။ ၎င်းကမှတစ်ဆင့် ရှေးဟောင်းခုတင်နှစ်လုံး ဝယ်ယူရရှိခဲ့သည့် ထိုင်းနှင့်မြန်မာနယ်စပ်အနီးရှိ တိုလီမုတ်စ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်သို့ ရောက်ခဲ့ကြသည်။

အဲဒီမှာ အလွန်အိုမင်းလှသော ထိုင်းအဘိုးအိုတစ်ဦးနှင့် အရောင်းစာရေးဟုခေါ်ရမည့် လက်တိုလက်တောင်း ခိုင်းသူနှစ်ဦးကိုလည်း အတူ တွေ့ရ၏။

ဆိုင်မှာ သိပ်မကြီးလှသော်လည်း သားကောင်မျိုးစုံ အရေခွံများ၊ အရိုးများ၊ ဦးခေါင်းများ၊ ရှေးဟောင်း ဘုရားရုပ်တုအကျိုးများ၊ နတ်ရုပ်တုအကျိုးများ၊ ဘီလူးခေါင်းတစ်ခြမ်းပဲ့များ၊ သစ်ပင်သစ်ရွက် သစ်ဖုအခြောက်များ၊ သစ်သားရုပ်တု၊ သံပုံလောင်းရုပ်တု၊ ကြေးနီတို့နှင့်လုပ်ထားသည့် ပစ္စည်းရုပ်တုအမျိုးမျိုး၊ ယွန်းပစ္စည်းအမျိုးမျိုး၊ အင်းချပ်၊ လက်ဖွဲ့အမျိုးမျိုးတို့ စီခင်းထားသည်ကို တွေ့ရှိပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ရောက်သွားချိန်မှာ ကမ္ဘာလှည့်ခရီးသွား လေးငါးဦးကလည်း ဝင်ရောက်မေးမြန်း စူးစမ်းနေကြသည်ကို မြင်ခဲ့ရ၏။

လူရှင်းသွားသည်နှင့် မာမီရှိုင်းက အင်္ဂလိပ်စကားပြောတတ်သည့် ထိုင်းအဘိုးအိုအား မိတ်ဆက်ပြီး ဓာတ်ပုံနှစ်မျိုး ထုတ်ပြလိုက်သည်။

ဓာတ်ပုံများမှာ မာမီရှိုင်းတို့ လက်ရှိပိုင်ဆိုင် အသုံးပြုနေသော ရှေးဟောင်း ခုတင်နှစ်လုံး၏ ဘက်စုံထောင့်စုံမှ အနီးကပ် အဝေးမြင် ဓာတ်ပုံများဖြစ်ကြသည်။

"ဒီဓာတ်ပုံများကို မှတ်မိပါသလား မစ္စတာ"

ထိုင်းအဘိုးအိုသည် ပါဝါမျက်မှန်ကြီးဖြင့် ဓာတ်ပုံများကို သေသေချာချာ ကြည့်ရှုပြီးနောက် ...

"မှတ်မိပါတယ် ... မစ္စစ်ရှိုင်း၊ ဘာများ ထူးခြားလို့ပါလဲ"

"လွန်ခဲ့တဲ့ ( ... ) နှစ်က မစ္စတာဖန်တို့ရဲ့ ဒီရှေးဟောင်း ပစ္စည်းဆိုင်က ဝယ်ယူသွားခဲ့တဲ့ ရှေးဟောင်းသစ်သားခုတင်နဲ့ ကြိုးခုတင်များပါ။ မစ္စတာဖန် ... ကျွန်မသိချင်တာက ဒီပစ္စည်းနှစ်ခုရဲ့ နောက်ကြောင်းသမိုင်းကို ဖြစ်နိုင်ရင် သိချင်လို့ တစ်ခေါက်ပြန်ကာ တွေ့ဆုံရတာပါ။ ကျေးဇူးပြုပြီး ရှင်းပြပေးပါလား"

ဒီမှာပဲ ထိုင်းအဘိုးအိုက မျက်မှန်ကို ပွတ်ရင်းက ...

"အသုံးမလိုတော့လို့လား"

"နိုး ... နိုး ... ဒီပစ္စည်းများရဲ့ နောက်ခံသမိုင်းကိုပဲ သိချင်တာပါ။ ပြန်မရောင်းပါဘူး။ စာရေးချင်လို့ပါ"

"ကြာတော့လည်း မေ့ကုန်ပါပြီ မစ္စစ်ရှိုင်း"

"မစ္စတာဖန် ... ကျေးဇူးပြုပြီး ကူညီပါရှင်။ အဲဒီကူညီတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်မ သင့်ကျေးဇူးကို မမေ့ပါဘူး။ ဒါက မစ္စတာဖန်အတွက် သီးသန့်ချီးမြှင့်ငွေ ဘောက်ဆူးပါ"

ဒီမှာ မာမီရှိုင်းက ဒေါ်လာ (၅၀) တိတိကို ပေးလိုက်ရော မစ္စတာဖန်ဆိုသူ အဘိုးကြီးက မျက်လုံးများကျယ်သွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

"ခဏထိုင်ပါ ... မစ္စစ်ရှိုင်း"

သူက ထိုင်းဘာသာစကားနှင့် သူ့အရောင်းစာရေးတစ်ဦးကို လှမ်းပြောလိုက်သောအခါ မကြာခင် ပူနွေးသော နွားနို့ပူပူနှစ်ခွက်နှင့် အတူ ရိုးရာအစားအစာများရောက်ရှိလာပြီး ကျွန်တော်တို့ကို သုံးဆောင်ကြပါဟု ယဉ်ကျေးစွာ ပြောလာခဲ့၏။

"သိုင့်(ခ)ကျူး ... မိုင်စန်း"

"ရက်(စ်) ... မာမီ"

အဘိုးကြီးသည် ကျွန်ုပ်တို့ကိုထားခဲ့ပြီးနောက် ဆိုင်ထဲသို့ ဝင်သွား၏။ ၎င်းနောက် နောက်ဘက်ရှိ ရှေးအုတ်ခံအိမ်နီကြီးပေါ်သို့ တက်သွားပြီးနောက် မကြာခင် မှတ်စုစာအုပ်နှစ်အုပ်ကို ကိုင်၍ ဆင်းလာခဲ့၏။

စာအုပ်မှာ သားရေဖုံးဖြစ်ပြီး ကိုင်ပါများလို့ထင် စာရွက်များ ကြေစပြုနေ၏။ သူသည် ပါဝါမျက်မှန်ကြီးကို ပင့်ကာပင့်ကာနှင့် စာရွက်များကို အတန်ကြာ လှန်နေ၏။

စာများမှာ ထိုင်းဘာသာနှင့်ရော အင်္ဂလိပ်လိုရော ရောယှက်ရေးထားရကား ရှုပ်ယှက်ခတ်နေ၏။

ခဏနေတော့ စာရွက်ပေါ်၌ စာကြောင်းအချို့ကို လက်ညှိုးနှင့်ထောက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ ... မစွစ်ရှိုင်း၊ ကျွန်ုပ်ဖတ်ပြပါမယ်။ ကျေးဇူးပြုပြီး မှတ်သားထားပါ ခင်ဗျာ"

၎င်း ကျွန်းသား ရှေးဟောင်းခုတင်ကြီးကို (၁၉၄၅) ခုနှစ်၊ ဒုတိယကမ္ဘာစစ်ဖြစ်နေချိန်က ကျွန်ုပ်တို့ ထိုင်းမြန်မာနယ်စပ်ရှိ သချိုင်း တစ်ခုမှ ရရှိခဲ့သည်။ သချိုင်းစောင့် သုဘရာဇာလုပ်သူ၏အဆိုအရ ၎င်းခုတင်ကြီးသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဟုဆို၏။ မြန်မာ ရှင်ဘုရင် အလောင်းမင်းတရားလက်ထက် ယိုဒယားကို စစ်ချီခဲ့စဉ် ကတည်းက မြန်မာဘုန်းတော်ကြီးများ၊ ထိုင်းဘုန်းတော်ကြီးများ၊ ကျေး လက်တောရွာမှာ ကွယ်လွန်စဉ် အလောင်းတင်ခဲ့တင်အဖြစ် အသုံးပြုခဲ့ သည်ဟု သိရသည်။ အချို့က တန်ခိုးကြီးသည်ဟု အဆိုရှိကြ၏။ အများ အားဖြင့် ရသေ့ရဟန်း ဝါကြီးပုဂ္ဂိုလ်များ သူတော်စင်များ ကွယ်လွန်ရာ မှာ အတီးအမှုတ်များဖြင့် အခမ်းအနားနှင့် သုသာန်ပို့ဆောင်ပြီး ခမ်းနား စွာ မီးသင်္ဂြိုလ်ရာမှာ ရှေးအခါက အသုံးပြုသည်ဟု သိရ၏။

နောင်အခါ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ မသမာသူ အနယ်နယ် သူပုန်သူကန်များကြောင့်လည်းကောင်း ကျေးရွာကြီး ပျက်စီး မီးလောင်သွားသောအခါ ...

၎င်း ရှေးဟောင်း အသုဘအခမ်းအနားသုံး ရှေးကျွန်းခုတင် ကြီးသည် ထိုင်းမြန်မာနယ်စပ်ရှိ ( ... ) သုသာန်သို့ ကာလအတန် ကြာ ရောက်ရှိနေခဲ့ပြီး အသုံးပြုမည့်သူ လုံးဝမရှိ ဖြစ်ခဲ့သည်။

ဖော်ပြပါ ရှေးဟောင်းခုတင်ကြီးအား အလိုရှိ၍ ကျွန်ုပ်တို့ အဝယ်တော်များသည် သချိုင်းစောင့်အား ငွေကြေးအနည်းငယ်ပေးပြီး ဝယ်ယူခဲ့သည်။ နောက်ခံအကြောင်းအရာ ဒီမျှပါပဲ ... မစ္စရှိုင်း"

"ကျေးဇူးတင်ပါတယ် မစ္စတာဖန်။ နောက်တစ်ချက် သိချင်



www.burmeseclassic.com

www.burmeseclassic.com



တာက ဒီခုတင်ကြီး ရှင်တို့ထံကိုရောက်တော့ ဘာများ ထူးခြားပါသလဲ ရှင်"

ဒီလိုမေးလိုက်တော့ မစ္စတာဖန်ဆိုသူ အဘိုးအိုက မဖြေချင်ခဲ့။ ဒီမှာ မာမီရှိုင်းက ဒေါ်လာအနည်းငယ် ထပ်၍ ချီးမြှင့်လိုက်မှ ...

"ဒီခုတင်ပေါ်မှာ လူသာမန်များ အိပ်လို့မရဘူး မစ္စစ်ရှိုင်း"

"အိပ်ရင် ဘာဖြစ်ပါသလဲ မစ္စတာဖန်"

"အလွန့်ကိုထူးဆန်းပြီး ကြောက်စရာလန့်စရာ အိပ်မက်ဆိုးများ မြင်မက်ပါတယ်။ အချို့ မယုံလို့အိပ်ကြတာ သေလုမျှောပါး ရောဂါဆိုးများ ခံစားရပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ဒီခုတင်ကြီးကို ဆိုင်ထဲမှာမထားဝံ့ဘဲ ဆိုင်ပြင်မှာပစ်ထားတုန်း ကြည့်ရတာ မစ္စစ်ရှိုင်းရဲ့ အဝယ်တော် ကိုယ်စားလှယ်များ ဝယ်ယူသွားပုံပါပဲခင်ဗျာ"

"သိုင်းကျူး ... မစ္စတာဖန်းဘက်၊ ကြိုးခုတင်ရဲ့ရာဇဝင်ကို ရှာကြည့်ပါဦး မစ္စတာဖန်"

သို့နှင့် ထိုင်းအဘိုးအိုဆိုင်ပိုင်ရှင်ကြီးက နောက်ထပ် သားရေစာအုပ်တစ်အုပ်ကို လှန်၍ရှာကြည့်၏။

"နားထောင်ပါ ... မစ္စစ်ရှိုင်း၊ သံထည်နှင့်ပြုလုပ်ပြီး ရှေးကျလွန်းလှတဲ့ သစ်ပင်မှ အမျှင်စများဖြင့် ထိုးယက်ထားသော ကြိုးခုတင်ကို ကျွန်ုပ်တို့အဝယ်တော်များသည် အိန္ဒိယမြန်မာနယ်စပ် စစ်တကောင်းအနီးမှ ရရှိခဲ့သည်။

မူလပိုင်ရှင်မှာ စစ်တကောင်းနယ်မှ မဟာရာဂျာ အနွယ်ဝင် မင်းသားကြီးတစ်ဦးအသုံးပြုသည့် ပစ္စည်းဟု သိရ၏။

မင်းသားကြီးသည် အမဲလိုက်ဝါသနာပါ၏။ မကြာခဏ အမဲလိုက်အပန်းဖြေရင်း ၎င်းအရပ်ဒေသ အမဲစခန်းတဲမှာ အနားယူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ငုင်းကြိုးခုတင်ကြီးကို ရှေးဟောင်းစစ်တကောင်းလူမျိုး ကြိုးပညာရှင်များက မင်းသားကြီးအတွက် အထူးသီးသန့် ထိုးပေးခဲ့သည်ဟု သိရ၏။

ငုင်းကြိုးခုတင်မျိုးသည် ထိုအချိန်က စစ်တကောင်းနယ်ဝန်းကျင်မှာ တစ်လုံးတည်းရှိခဲ့သည်ဟု ကျေးရွာလူကြီးတစ်ဦးက ဆိုခဲ့၏။ ငုင်း မဟာရာဂျာအနွယ်ဝင် မင်းသားကြီးသည် မိန်းမလည်း လိုက်စား၏။

တစ်နေ့ အလွန်ချောမောလှပသည့် ရွာသူကွမ်းတောင်ကိုင်တစ်ဦးကို ပါဝါအာဏာသုံး၍ ငုင်းကြိုးခုတင်ကြီးပေါ်တွင် ခြေတော်တင်ခဲ့သည်။

နောက်နေ့ အမဲလိုက်ရာမှ ပြန်ရောက်လာသောအခါ ငုင်းမင်းသားကြီးကို ညအချိန် ငုင်းကြိုးခုတင်ပေါ်မှာ ဓားမြှောင်တန်းလန်းစိုက်၍ မချိမဆန့် ဝေဒနာခံစားရင်း သေနေသည်ကို ရွာသူကြီးနှင့် နောက်လိုက်နောက်ပါများ သိရှိခဲ့ရသည်။

သတ်ပြီးထွက်ပြေးသူမှာ ကျေးရွာကွမ်းတောင်ကိုင် မိန်းမချောလေး၏ချစ်သူ မုဆိုးလေးတစ်ဦးဖြစ်သည်ဟု သိရ၏။ ထူးခြားချက်မှာ ငုင်းကြိုးခုတင်ကြီးသည် ရက်လည်ပြီးနောက်ပိုင်း ခုတင်လှုပ်ခြင်း၊ ခုတင်ခုန်ခြင်း၊ ဆိုးဝါးသော သွေးညှီနံ့များထွက်ခြင်း အပါအဝင် ...

ကွယ်လွန်သူ မင်းသားကြီး၏ ဓားတန်းလန်းစိုက် အော်ဟစ်နေပုံများ မကြာခဏ ကိုယ်ထင်ပြသလို ဖြစ်သည်ဟု အဆိုစကားရှိခဲ့၏။

ငုင်းလက်ရာ မြောက်ကြိုးခုတင်ကို ကျွန်ုပ်တို့ အဝေးတော်များသည် ဈေးပေါပေါနှင့်ရရှိခဲ့ပြီး ရောင်းရန်ပြုလုပ်နေစဉ် ညအချိန်

www.burmeseclassic.com



ကြိုးခုတင်ကြီး လှုပ်ခါနေသောကြောင့် ထူးဆန်းလွန်းသဖြင့် အမြန်ရောင်းရန် ကြိုးစားနေစဉ် အဝယ်တော်တစ်ဦး လာရောက်ဝယ်ယူသောကြောင့် အရောင်းသွက်သည်ကို ကြုံတွေ့ခဲ့ရသည်။ ဒါပါပဲ ... မစွစ်ရှိုင်း"

ထိုင်းအဘိုးအိုရဲ့ စာဖတ်သံဆုံးသော် မစွစ်ရှိုင်းက ကျွန်တော်ရဲ့မျက်နှာကိုကြည့်ပြီး အသံတိုးတိုးနှင့် ...

"မောင်သစ် ... မင်းရဲ့ဆရာကြီး ကြိုတင်ပြောဟောချက်ဟာ ကွက်တိနီးပါးပါပဲလား မောင်သစ်ရယ်"

"အမှန်ပါပဲ မာမီ"

BURMESE CLASSIC

သို့နှင့် ကျွန်တော်နှင့် မာမီရှိုင်းလည်း ထိုင်းအဘိုးအို ရှေးဟောင်းပစ္စည်းရောင်းသူကြီးကို ကျေးဇူးတင်စကားများ ပြောပြီးနောက် ချင်းမိုင်မြို့တွင်းသို့ ပြန်လာခဲ့ကာ တည်းနီဟိုတယ်မှာ တည်းခဲ့ကြ၏။

ဒီမှာလဲ မာမီရှိုင်းသည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။

ပထမအိပ်မက်က ...

သူတို့တိုက်အိမ်ကြီး မီးလောင်နေသည့် မြင်ကွင်းဖြစ်ပြီး၊

ဒုတိယအိပ်မက်ကား ...

ခေါင်းတလားတစ်လုံးကို အမည်မသိသူများက လာရောက်လက်ဆောင်ပေးသွားခဲ့ခြင်းဖြစ်၏။

ထူးဆန်းသည်ကား ...

ခေါင်းတလားပေါ်မှ စာတန်းဖြစ်၏။

ခေါင်းတလားပေါ်မှာ ရေးထိုးထားသည့် စာတန်းကား ...

မစ္စတာ ချောင်လီကွမ်း ...



www.burmeseclassic.com

www.burmeseclassic.com



အသက် (၅၃) နှစ် ဟူသတည်း။

နံနက်မိုးသောက်သည်နှင့် ထိုထူးဆန်းသောအိပ်မက်အကြောင်းကို ကျွန်တော့်အား မာမီရှိုင်းက ပြောပြလိုက်သောအခါ ...

မြန်မာလူမျိုး အရှေ့တိုင်းသားတစ်ယောက်နေဖြင့် ကျွန်တော် လွန်စွာ အံ့သြတုန်လှုပ်သွားခဲ့ရပါသည်။

သို့နှင့် ...

ကျွန်ုပ်တို့နှစ်ဦး လေယာဉ်လက်မှတ်များ ရသည်နှင့် (...) နိုင်ငံသို့ ပြန်လာခဲ့လိုက်ကြတော့သည်။

BURMESE CLASSIC

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

( ... ) နိုင်ငံနေအိမ်လမ်းသို့ ဝင်လိုက်သည်နှင့် တုန်လှုပ်ဖွယ်ရာဖြစ်ရပ်ကို သိရှိမြင်တွေ့လိုက်ရပြီး မာမီရှိုင်း သတိလစ်မေ့မြောသွားခဲ့၏။

ဖြစ်ရပ်ဆိုးကား ... ဤသို့တည်း ...။

တိုက်အိမ်ကြီးလည်း မီးကျွမ်းလောင်ထား၍ အတွင်းခန်းနှင့် အပေါ်ခန်းများ လုံးဝပျက်စီးပြီး မီးသတ်ရေများဖြင့် ရွှဲနစ်နေ၏။ အိမ်ဖော်နှင့် အသိမိတ်ဆွေအချို့သာ ပျားပန်းခတ် လှုပ်ရှားသန့်ရှင်းရေး လုပ်နေကြ၏။

မစ္စတာချောင်လီကွမ်းကား ...

မီးလောင်ဒဏ်ရာနှင့် ကွယ်လွန်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်ရှိုင်းသည် သတိရသည်နှင့် ခင်ပွန်းသည်၏အမည်ကို တကြော်ကြော်အော်ခေါ်၍ ...

နောက်ဆုံး ခင်ပွန်းလုပ်သူ မစ္စတာကွမ်း မီးသင့်လောင်၍ ကွယ်လွန်သွားမှန်းသိလိုက်ရသောအခါ ...

သူမလည်း သွက်သွက်ခါနီးပါး စိတ်ဖောက်ပြန် အော်ဟစ်ခုန် ပေါက်နေ၍ စိတ်ရောဂါကုဆေးရုံသို့သာ အကောင်းဆုံးအဖြစ် ကျွန်တော် ကိုယ်တိုင် ပို့ဆောင်ပေးခဲ့ရသည်။

အဘဆရာကြီး ကြိုတင်နိမိတ်ဖတ် ဟောပြောခဲ့သော အချက် အလက်များလည်း ဒက်ထိမှန်ခဲ့ပါသည်။

ဒါနှင့်အတူ ... မာမီရှိုင်း ချင်းမိုင်ဟိုတယ်အိပ်ခန်းမှာ မက်မြင် ခဲ့သည့် အိပ်မက်ဆိုးနှစ်ခုသည်လည်း ကေန်တဲ့တိုး နိမိတ်ပြအိပ်မက် များ ဖြစ်ခဲ့လေသည်။

ကျွန်တော်သည် အသက်မသေ ထိခိုက်ဒဏ်ရာ အနည်းငယ်မျှ သာရရှိခဲ့သော လူမည်းအိမ်ဖော်လင်မယားအား ဖြစ်စဉ်ကို မေးကြည့် သောအခါ လူမည်းအိမ်ဖော်အမျိုးသားကြီးက ...

"ညသန်းခေါင်မှာ အိမ်အပေါ်ထပ်က မစ္စတာကွမ်းနိုးလာပြီး ကျွန်ုပ်တို့ကို နှိုးပါတယ်။ ဘာဖြစ်လို့လဲ သခင်ကြီးလို့မေးတော့ အောက် ထပ် အိပ်ခန်းထဲက ခုတင်များ ရွှေ့နေသံကြားလို့လို့ ပြောပါတယ်။ ကျွန်ုပ်တို့ဝင်သလားလို့ မေးပါတယ်။ ဒါနဲ့ မဝင်ရပါဘူး သခင်ကြီး။ အောက်ထပ်အိပ်ခန်းတံခါးကို သခင်ကြီး မအိပ်ဘူးဆိုလို့ သခင်မကြီး ကိုယ်တိုင် ခရီးမထွက်ခင်နေ့က အသေအချာသော့ခတ်ပြီး သွားခဲ့တာပါ ဘယ်လို့ ပြောရပါတယ်။

ဒါနဲ့ မယုံလို့ အောက်ထပ်အိပ်ခန်းမီးများဖွင့်ပြီး မှန်ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ကနေကြည့်လိုက်ရော . . . ဟုတ်ပါရဲ့ . . သခင်လေး ခင်ဗျား။ သစ်သား ခုတင်ကြီးနဲ့ သံကြိုးခုတင်ကြီးဟာ လူတစ်ဦးတစ်ယောက် ရွှေ့သွားသလို ပါပဲ။ ခုတင်နှစ်လုံး ခေါင်းချင်းဆိုင်နေတာကို ထူးဆန်းစွာ တွေ့လိုက်ရ တာပါပဲ သခင်လေးခင်ဗျား။ ဒါနဲ့ ကျွန်ုပ်တို့လင်မယားရော သခင်ကြီး မစ္စတာကွမ်းရော အပြင်ကနေ ပြတင်းပေါက်တံခါးများကို လိုက်လံစစ် ဆေးပါသော်လည်း ဘာချို့ယွင်းချက်မှ မတွေ့ရပါဘူး ခင်ဗျား။

ဒါနဲ့ သခင်ကြီးကွမ်းက မင်းတို့ ဂရုစိုက်ကြည့်ကြလို့ အမိန့် ပေးတာနဲ့ သူ့အပေါ်ထပ်ကို ပြန်တက်အိပ်ချိန်မှာ ကျွန်ုပ်တို့ အဲဒီအိပ်ခန်း ကို ဂရုစိုက်ပြီး ကြည့်နေပါတယ်ခင်ဗျား။

ဒီအချိန်မှာ အိပ်ခန်းထဲမှာ ခုတင်နှစ်လုံးဟာ ရွှေ့သူကို လုံးဝ မတွေ့ရဘဲ အလိုလိုရွှေ့လျားပြီး အသံမြည်နေတာကို တွေ့လိုက်ရပြီး ကျွန်ုပ်တို့ လင်မယားနှစ်ယောက်စလုံး အလွန်အံ့ဩ ကြောက်လန့်ခဲ့ရ ပါတယ် သခင်လေးခင်ဗျား။ ဒါနဲ့ ဆက်လက်လည်း မကြည့်ရဲ သခင်ကြီး ကိုလည်း မပြောရဲတာနဲ့ ကိုယ့်အိမ်ဖော်တန်းလျားမှာ ထိုင်ပြီး စကား ပြောနေတုန်း ရှိသေးတယ်။ 'ဒုန်းခနဲ' . . . 'ဝုန်းခနဲ' အသံများကြားရ ပြီး လျှပ်စစ်မီးတာကြိုးများ လင်းလက်ပြီး အဲဒီအိပ်ခန်းကနေ မီးလောင် တော့တာပဲ။

မီးရှိန်ကများပြီး အပေါ်ကို မီးတောက်များလျှံတက်တော့ အဲဒီ မှာ သခင်ကြီးပိတ်မိနေပြီး မီးစွဲခန္ဓာကိုယ်နဲ့ ဒရောသောပါးပြေးဆင်း လာပြီးနောက် အပြင်မှာ လဲကျသွားတာပါပဲ။

အိမ်နီးနားချင်းများရဲ့ ဖုံးဆက်အကြောင်းကြားခြင်းကြောင့် မီးသတ်ကားများရောက်လာပြီး မီးငြိမ်းသတ်နေချိန်မှာ သခင်ကြီးကွမ်း မြော့မြော့ပဲ ရှိပါတော့တယ်။ ဆေးရုံရောက်တော့ အသက်မရှိတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး သခင်လေးခင်ဗျား''

အိပ်ဖော်လူမည်းအမျိုးသားရဲ့ ရှင်းပြချက်ပြီးနောက် ကျွန်တော် အိပ်ခန်းကို ဝင်ရောက်စစ်ဆေး ကြည့်ရှုလိုက်သောအခါ အိပ်ခန်းတစ်ခု လုံး ပြာပုံဘဝ ရောက်နေ၏။

ခုတင်နှစ်လုံး ပြာကျလုလုဖြစ်ပြီး သံကြိုးကုတင်ကား ကွေး ကောက်တွန့်လိမ်နေ၏။

ထူးဆန်းသည်ကား ...

ပြာပုံထဲမှာ အဘဆရာကြီးတွေ့ရှိခဲ့သည့် ကြေးဝါစာတန်းသတ္တု ပြားကို ၎င်းအတိုင်း ပြန်တွေ့ခဲ့ရသလို ...

နှစ်ထပ်ကြိုးခုတင်ကြီးဟာ မီးလောင်ပြီး ကော့လန်တက်နေ ပုံက လူတစ်ယောက် မချိမဆန့် ဝေဒနာခံစားရပြီး လက်ကားယား ခြေကားယားဖြစ်နေပုံလို အံ့သြထူးဆန်းဖွယ် မြင်လိုက်ရခြင်းပါပဲ အဘ ဆရာကြီးခင်ဗျား။

မကြာမီ အမေရိကန်နိုင်ငံမှာ ပညာသင်နေသည့် သူ့တို့သား ပါရောက်လာပြီး အံ့သြတုန်လှုပ်မကုန်နိုင်ဖွယ် ဖြစ်ရပ်ဆန်းကြွယ်များ ကို သိရှိသွားခဲ့ပါသည်။

သူနှင့်ကျွန်တော်သည် ၎င်းကြေးပြားအပါအဝင် မီးလောင် ပစ္စည်းများ၊ သံခုတင်ကောက်ကွေးကြီးပါမကျန် သန့်ရှင်းရေးသမားများ အကူအညီနှင့် စွန့်ပစ်ပုံသို့ အရောက် စွန့်ပစ်ခဲ့လိုက်ရပါသည်။

မစ္စတာချောင်လီကွမ်း၏ အသုဘကိုမူ မပေါ်ဂနီရောင် ခေါင်း တလားနှင့် ကျကျနန သဂြိုဟ်ပေးခဲ့လိုက်ပါသည်။

ထိုစဉ်က မစ္စတာ ချောင်လီကွမ်း၏အသက်မှာ ...

(၅၃) နှစ်ဟု ရေးထိုးထားပါသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မာမီရှိုင်းသည် မျက်ရည်လည်ရွဲနှင့် ချစ်လင်၏ အသုဘအခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

ကိစ္စဝိစ္စများ ပြီးဆုံးသောအခါ၊ မာမီရှိုင်းက ကျွန်တော့်ကို ရင်းနှီးပွင့်လင်းစွာ ဝန်ခံစကားပြောခဲ့၏။

"မောင်သစ် ..."

"ခင်ဗျာ မာမီရှိုင်း"

"မာမီရှိုင်း သိပ်ကိုမှားတယ် မောင်သစ်ရယ်"

"ဘယ်လိုမှားလို့လဲ မာမီရှိုင်း"

"တို့ အရှေ့တိုင်းက မင်းတို့ဆရာကြီး မြန်မာလူမျိုး မစ္စတာ အောင်ပြောသလို ဒီနိမိတ်ဆိုးပစ္စည်း၊ အမင်္ဂလာသုံးပစ္စည်းနှစ်ခုကို အမြန် ဖယ်ရှားပစ်လိုက်ရင် မာမီတို့ ဒီလိုအဖြစ်ဆိုးဒုက္ခဆိုးကို ကြုံရမှာမဟုတ် ဘူး။ မာမီရှိုင်း အသိခေါက်ခက်အဝင်နက်ပြီး ဒီပစ္စည်းများကို မက်မော တွယ်တာမှားခဲ့လို့ ခုလို ကြမ္မာဆိုး ဂြိုလ်ဆိုးရဲ့ဒဏ်ကို ခံစားခဲ့ရတာပဲ ကွယ်"

မာမီရှိုင်းသည် သူ့အမှားကိုသူ နောင်တရပြီး နှေးစဉ် ရှိုက်ငိုခဲ့ပါသည်။

အဘဆရာကြီးခင်ဗျား ...

ယခုအခါ မာမီရှိုင်းသည် ရှေးဟောင်းပစ္စည်းများ ရောင်းဝယ်ဖောက်ကားသည့်အလုပ်ကို မလုပ်ကိုင်တော့ပါခင်ဗျာ။

အခြားပရိသောဂပစ္စည်း အချောထည်များ ရောင်းဝယ်ခြင်း လုပ်ငန်းကို ဘဏ်လက်ကျန်ငွေနှင့် ရင်းနှီးလုပ်ကိုင်လျက် ရှိသည်။ အထူးသဖြင့် သူမသည် အဘဆရာကြီးရဲ့ပညာဂုဏ်ကို လေးနက်စွာ အံ့သြ ချီးကျူး လေးစားခဲ့ပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တဖွဖွလည်း ပြောရှ် မဆုံးပါခင်ဗျား ...။

ဒါနဲ့အတူ ဆန်းကြယ်အံ့သြ ဆန်းပြားလွန်းလှသော လောက သဘာဝတရားရဲ့ ဖြစ်ရပ်များကိုလည်း အံ့သြမဆုံး ဖြစ်နေရှာပါသည်။ ယခုအခါ သူမသည် သမ္မာအာဇီဝနှင့် ငြိမ်းချမ်းသန့်ရှင်းသော အမြိုက် တရား သုခချမ်းသာကို လွန်စွာလိုလား တောင့်တလျက်ရှိနေပါသည်။

ထိုကိစ္စအတွက် မြန်မာပြည်သို့အလည်လာပြီး အဘဆရာကြီး နှင့်တွေ့ဆုံကာ နှလုံးစိတ်ဝမ်းအေးချမ်းသော အမြိုက်တရားကို ရှာဖွေ ဆွေးနွေးလိုသည်ဟု ဆိုပါသည်။

ကျွန်တော်တို့အားလုံး မေလရောက်လျှင် အဘဆရာကြီးရှိရာ သို့ ဇီဇာရက်ရှည်နှင့် လာရောက်တွေ့ဆုံ ဂါဝရပြုပါဦးမည်။

မာမီရှိုင်းကတစ်ဆင့် အမှာစကားပါးလိုက်သည်မှာ သူမရဲ့ အမှားများနှင့် သက်ဝင်ယုံကြည် အားနည်းချက်ကြောင့် နှောင့်နှေး ကြန့်ကြာပြီး နောက်ဆက်တွဲ ဖြစ်ရပ်ဆိုးများအတွက် ကိုယ့်ကိုယ်ကို အပြစ်မဆုံး ဖြစ်နေပါကြောင်း ပြောလိုက်ပါသည်။ မာမီရှိုင်းရဲ့စာ ကို ပူးတွဲပေးလိုက်ပါသည်။

သားတပည့်
မောင်သစ္စာစိုး
ခေတ္တ ( ... ) နိုင်ငံ။

၎င်းနောက် ကျွန်ုပ်သည် မောင်သစ္စာစိုး၏ စာရှည်ကြီးကို စိတ်ဆွေအငြိမ်းစား ပါမောက္ခကြီးထံ ပေးဖတ်လိုက်ပြီးနောက် ...

မစ္စစ်ရှိုင်းရေးသားလိုက်သည့် စာကိုဖတ်လိုက်ပါသည်။ နိုချ ဆောင်းပန်ခြင်းများနှင့်အတူ နှောင်တတရားများ မိုက်မဲမှုများကို စာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတိုင်းလိုလိုမှာ တွေ့မြင်နေရပါသည်။

နောက်ဆုံး စာကြောင်းမှာ ...

ကျွန်ုပ်၏ ဟောပြောချက်အတိုင်းသာ လိုက်နာခဲ့လျှင် ယခု ရောက်ခဲ့မည့် မြန်မာပြည်ခရီးစဉ်မှာ သူမရဲ့ ငယ်ချစ်ငယ်ဖော် မစ္စတာ ချောင်လီကွမ်းတစ်ယောက် ရွှန်းရွှန်းဝေနေသော အပြုံးများဖြင့် အတူ ပါလာမှာ ကေန်မလွဲပါပဲဟု ရေးသားထားပြီး ...

ဘာပဲဖြစ်ဖြစ် အနာဂါတ် အမြိုက်တရား သုခကောင်းကျိုး ချမ်းသာ ရှိမရှိကို မြန်မာပြည်ရောက်လျှင် သေသေချာချာပြောပေးပါဦး မစ္စတာဦးအောင်မောင်းစည်ဟု ရေးသားထားသည်ကို ကျွန်ုပ်ဖတ်လိုက် ရလေသတည်း။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"လံဘား ..."

"ခင်ဗျာ ဆရာ"

"ဒီနေရာကို နောက်တစ်ခေါက် ပြန်မလာပါနဲ့ လံဘားရာ။ အပြင်မှာ လွတ်လပ်ငြိမ်းချမ်းတယ်။ နရသိန်ဆိုတာ အနိဋ္ဌာရုံနဲ့ အကုသိုလ်သမားတွေ စုဝေးတဲ့နေရာကွ။ မင်းတို့ကြောင့် ငါတို့လည်း ကောင်းကောင်း မအိပ်ရ မစားရဘူး။ မလာပါနဲ့တော့ လံဘားရာ။ ကောင်းရောင်းကောင်းဝယ် အလုပ်တစ်ခုခု လုပ်ကိုင်စားသောက်ပြီး ကိုယ့်ဘဝကိုယ် အကောင်းဆုံး ပြုပြင်တည်ဆောက်ပေါ့။ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

"မင်း ဒီနေရာကို မလာတော့ဘူးလို့ ကတိပေးနိုင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



လံဘား ... ထောင်မှူးကြီး ဦးသိန်းဝင်းရဲ့မျက်နှာကို မော့ကြည့်လိုက်သည်။ ထောင်မှူးကြီးက ဂရုဏာသက်သော မျက်လုံးအစုံဖြင့် သူ့ကို အကဲခတ်နေသည်။ လံဘား စဉ်းစားနေသည်။

"ပြောလေကွာ"

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာ"

"ဘာ ဟုတ်ကဲ့လဲ။ ပြော ..."

"လာတော့ လာရဦးမှာပါပဲ ဆရာ"

"ဟေ ..."

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

ကျွန်နာမည်က လံဘားတဲ့လေဗျာ။

ရဲစခန်း အတော်များများနဲ့၊ လူဆိုးလူမိုက်လောကသားတွေက ကျွန်ကို လံဘားကျောက်တံတားလို့ ခေါ်ကြတယ်။

အချို့က ကျောက်တံတားလံဘားလို့ ခေါ်လားခေါ်ရဲ့။ ကျွန်မှာ နာမည်အရင်းရှိပါတယ်ဗျ။ မောင်ချစ်ခင်တဲ့။ အဲဒါ ကျွန်ရဲ့ မွေးသမိခင် အမေပေးခဲ့တဲ့ နာမည်လေဗျာ''

အမေ ... ဟုတ်လား။

ဟား ... ဟား ... ကျွန်အမေရဲ့မျက်နှာကို ကျွန် မမြင်ဖူးပေါင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဖေ ... ဟုတ်လား။

အဖေဆိုတာ ဘယ်လိုနေမှန်းတောင် မသိဘူး။

အမေ့နာမည် ဒေါ်ခင်စိန်။

အဖေ့နာမည် ဦးချစ်မြ။

ဒါတော့ ဘဘုန်းကြီးပြောလို့ သိနေတယ်။ အဖေက ကျုပ်အမေ့ဗိုက်ထဲ ကိုယ်ဝန် (၆)လခန့်မှာ ကီလီဗောတံတားမှာ ကူလီထမ်းရင်း အမောဆို့လို့ သေသွားသတဲ့။

အမေလား ...။

အမေကလည်း ကျုပ်ကိုမီးဖွားပြီး (၇)ရက်မြောက်မှာ မတည့်သည့်အစာ စားမိပြီး မီးတွင်းအထွက် ကျုပ်နာမည်ပေးပြီးနေ့မှာပဲ သွေးတက်လို့ ကွယ်လွန်သွားတယ်။

အဲဒါ တစ်ကောင်ကြွက်ဘဝ နဲ့မဝပဲ လူ့လောကထဲ ကျန်ရစ်ခဲ့ရတယ်။ အဲဒါ ပုစွန်တောင်ရေကျော်က ဘကြီးဘုန်းကြီးကောင်းမှုကြောင့် လူဖြစ်ခဲ့ရပြီး နောက်ဆုံး အရွယ်ရောက်လာတော့ ဘုန်းကြီးကျောင်းသားဘဝနဲ့ စာသင်ခဲ့ရ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ရ။

ဘကြီးဘုန်းကြီးပျံလွန်တော့ လမ်းဘေးရောက်ခဲ့ရ။

ဒီလိုနဲ့ ပုစွန်တောင်သဘော်ဆိပ်။

အဖေခေါင်းချခဲ့တဲ့ ကီလီဗောတံတား။

ဆူးလေဘုရားရင်ပြင်၊ လမ်းနံဘေးပလက်ဖောင်း၊ ကြံ့ရာဘုန်းကြီးကျောင်း၊ ကုလားဇလီ၊ လေဟာပြင်ဈေး၊ ပုစွန်တောင်အရက်ဆိုင်၊ ရေကျော်အရက်ဆိုင်၊ ကျောက်တံတား လမ်းကြိုလမ်းကြား ... သည့်နေရာများဟာ ...

ကျုပ်ရဲ့ ဘဝဝမ်းစာရှာဖွေရာ။

---



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းချ အိပ်စက်အနားယူရာ။

အလစ်သုတ်လို့ ကောင်းသည့်နေရာများ ဖြစ်ခဲ့ရတယ်။

အိပ်စရာနေရာလား . . .။ အဲဒီအချိန်တုန်းက အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဗောတံတားပေါ့ဗျာ။

ကျုပ်လို ပျံကျ၊ ဂျလေဗီ၊ သူခိုးဂျပိုးတွေ မနည်းပေါင်ဗျာ။ အချို့က ကီလီဗောတံတားမှာ ကုန်ထမ်းကြတယ်။ ညဘက် ခြင်းကြား၊ ခြင်းတောင်းထဲ ဝင်အိပ်ကြတယ်။

အဲဒီအချိန်ကာလတုန်းက ကီလီဗောတံတားဟာ ပစ္စည်းမဲ့ခေါ် မလား၊ အိမ်မရှိ ယာမရှိ ကလေကချေလို့ခေါ်မလား။ ကျုပ်တို့လို တေလေဂျပိုး၊ သူခိုး၊ အလစ်သုတ်သမားများ အိပ်စက်အနားယူရာ နေရာပေါ့ဗျာ''

မိုးလင်းရင် လမ်းဘေးရေဘုံဘိုင်မှာ မျက်နှာသစ်။ ကီလီဈေးက ထမင်းကြော်ကို ဘဲဥတစ်ခြမ်းနဲ့စား။ ငါးမူးပဲကုန်တယ်ဗျာ။

ပြီးရင် အသီးသီး ကိုယ်သန်ရာ ကိုယ်လုပ်ကြပေါ့။

လူရိုးလူကောင်းများက ကုန်စိမ်းထမ်းကြ၊ ကျုပ်တို့က အလစ်သုတ်သမား။

ကျုပ်နဲ့တွဲဘက်က . . . ငှက်ကြီး၊ ဓားရိုး၊ ဂျပုခင်မောင်နဲ့ အပွနား။ ကီလီဈေးမှာ သစ်သီးခိုးတယ်၊ ဘဲဥခိုးတယ်၊ ဈေးဝယ်ရဲ့ ပိုက်ဆံအိတ်ကို အလစ်သုတ်တယ်။

တစ်နေ့ ခန့်ခန့်သန့်သန့် မိန်းမကြီးရဲ့ ဆွဲချင်းထဲက ပိုက်ဆံ အိတ်ဖောင်းဖောင်းကြီးကို ဈေးဝယ်များကြားကနေ လက်လျှိုပြီး နှိုက် လှည့်အပြေး . . . ကျုပ်ရဲ့ကုပ်ကို တစ်စုံတစ်ယောက်က ခေါင်းဆွဲလိုက် လို့ ခိုးရာပါပိုက်ဆံအိတ်နဲ့ ယက်ကန်ယက်ကန်နဲ့ တွန့်လန်းမိပါရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအမှုနဲ့ အင်းစိန်ထောင်ကို ရွှေးဦးပေါက် ရောက်ကရော။ ကျုပ် နှိုက်အလစ်သုတ်လိုက်တဲ့ မိန်းမခန့်ချောကြီးရဲ့ယောက်ျားက လမ်းမတော်မြို့နယ်က ဒုရဲအုပ်ရဲ့မိန်းမလေ။

အဲဒါ အင်းစိန်ထောင်မှာ (၆)လ စံမြိန်းခဲ့ရတယ်။ အင်းစိန်ထောင်ရောက်တော့ ကျုပ်အရင်ရောက်နေတဲ့ ထောင်ကျနဲ့အချုပ်က သူခိုးခါးပိုက်နှိုက်များက ဝိုင်းဟားကြရော။

အဲဒီမှာ နှုတ်ခမ်းမွေးကားကားနဲ့ ရုပ်ရှင်သရုပ်ဆောင် ဦးသိန်းမောင်နဲ့ ခပ်ဆင်ဆင်တူသူ လူကြီးကမေးရော ...

"မင်းနာမည် ဘယ်လိုခေါ်တုံး"

"မောင်ချစ်ခင်လို့ ခေါ်ပါတယ်အဘ"

"နေတော့ရော"

"ကီလီဗောတံတား"

"ရွှေတောင်ကြား မဟုတ်ဘူးလား"

"ဟင့်အင်း"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

အနီးရှိ အချုပ်ကျနဲ့ ထောင်ကျများက ဝိုင်းဟားကြလေရဲ့။

"အရပ် ကလန်ကလားနဲ့ အတော်ရှည်သားပဲ"

ဟုတ်တယ် ...။ အဲဒီအချိန်တုန်းက အသက် (၂၀) မှာပဲ ကျုပ်အရပ်က (၆)ပေနီးပါး ရှိနေပြီ။

"ချစ်ခင်လို့ မခေါ်နဲ့ဟေ့။ လံဘားလို့ခေါ်ကွ"

"ဟုတ်တယ် ...။ ချစ်ခင်ဆိုတဲ့နာမည်က ရုပ်ရှင်ဒါရိုက်တာလိုလို၊ ပြဇာတ်မင်းသားလိုလိုနဲ့။ မင်းနဲ့လိုက်တဲ့နာမည်က လံဘားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် ... လံဘား"

"ခင်ဗျာ ..."

"နောင်ကို အလစ်သုတ်ရင် ဒုရဲအုပ်ရဲ့ မိန်းမဆီက အလစ် မသုတ်နဲ့"

"ဒါ ... ဒါဆို ဘယ်လိုလူစားမျိုးထံက ..."

"စခန်းမှူးမိန်းမရဲ့ ဆွဲခြင်းထဲကအိတ်ကို နှိုက်"

"ဟာဗျာ ..."

"ဟား ... ဟား ... ဟား ... ဟား ...။ ဘာကြောင့် ကောင်လေးကို ဒီလို အကြံကောင်းဉာဏ်ကောင်း ပေးနေရတာတုံး ခါး ကြီးဘခက်ရ"

"ဒီကောင် (၆)လကျတာ နည်းတယ်လေကွာ။ စခန်းမှူးမိန်း ရဲ့ပစ္စည်းဆို သုံးလေးနှစ်နေရတာပေါ့"

"ဟား ... ဟား ... ဟား ... ဟား ... ခါးကြီးတို့ကတော့ ကွာ"

"ကောင်လေးကို ပေါက်ကရမပြောပါနဲ့ကွာ။ ကောင်းရောင် ကောင်းဝယ် လုပ်ကိုင်စားလို့ရအောင် ခါးကြီးကပဲ ပညာသင်ပေးလိုက် ပါ"

အနီးရှိ သူခိုး၊ ခါးပိုက်နှိုက်၊ လူဆိုးဓားပြ၊ အချုပ်ကျ၊ ထောင် ကျများက ခါးကြီးဘခက်ဆိုသူကို ဝိုင်းအကြံပြုကြတယ်။ ဒီမှာပဲ ခါးကြီး ဘခက်ဆိုသူ နှုတ်ခမ်းမွေးကားကားကြီးက ...

"လံဘား ..."

"ဗျာ ... အဘ"

"မင်းမှာ အဖေအမေရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

"ဆွေမျိုးသားချင်းရော ရှိလား"

"မရှိဘူး"

"ထောင်ကလွတ်ခဲ့ရင် နေစရာထိုင်စရာရောရှိလား"

"မရှိဘူး"

"ဒါဖြင့်မင်းမှာ ကိုယ်ပိုင်ဘာရှိလဲ ပြော"

ကျုပ် ဘာပြန်ဖြေရမှန်း မသိဘူး။ သူတို့ကိုကြည့်ပြီး ကြောက်လည်းကြောက်ရဲ့ဗျာ။ အချို့က လှောင်ကြည့်၊ အချို့က မိုက်ကြည့်၊ အချို့က လူသစ်မို့ ပညာပေးချင်သည့်အကြည့် ...။ အကြည့်စုံလို့။

"ပြောလေ"

"ခါးကြိုး"

"ဘာတုံးကွ ... မီးပွားရ။ ဒီမှာ မေးမြန်းနေတယ်လေကွာ"

"ဒီသူဌေးသားကို မေးမနေနဲ့။ သူပိုင်ဆိုင်တာကို မင်းရရင် ယူမလား"

"ဘာမိုလို့တုံးဟ"

" ..... "

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အဟတ် ... အဟတ် ... အဟတ် ... ခါးကြိုးမိန်းမတော့ နောက်လင်ရမည့်ကိန်းပဲဟေ့"

သူခိုးမီးပွားရဲ့ ပြောချက်ကြောင့် ကျုပ်လည်း ရှက်ရရဲ့ဗျာ။ ခါးပိုက်နှိုက် ခါးကြိုးဘခက်ကလည်း သူခိုးမီးပွားကို ကလော်တုတ်ပါရော။ ရယ်သံ၊ လှောင်သံတွေလည်း အဆောင်ထဲမှာ ညံနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဝါဒါတစ်ဦးက 'ဘာဖြစ်နေကြတာလဲဟေ့' လို့ အော်လိုက်မှ အားလုံးငြိမ်သွားကြတယ်။

ခြော် ... ထောင် ... ထောင် ... ထောင် ...။

ယဉ်ယဉ်ကျေးကျေး လှလှပပခေါ်တော့ နရသိန်။

ရှိနေကြသည်က လူဆိုးလူမိုက်၊ သူခိုးဓားပြ၊ လူသတ်သမား၊ လူလိမ်လူကောက်၊ အလစ်သမား၊ ခါးပိုက်နှိုက်၊ မုဒိမ်းကောင်၊ ဖဲသမား၊ ဆေးခြောက်သမား၊ ဘိန်းသမား စုံလို့ပါလား။

ချိုသာယဉ်ကျေးသော စကားလုံး၀ မကြားရ။

ဆဲသံ၊ ကြိုးဝါးသံ၊ စိန်ခေါ်သံနှင့် ညစ်တီးညစ်ပတ် မကြားဝံ့မနာသာ စကားလုံးများ။

ဒီလိုနှင့် ထောင်ကျ (၆)လအတွင်း အနေရလာတော့ အားလုံးနှင့် အကျွမ်းတဝင် ရှိလာခဲ့ရတယ်။ ပြီးတော့ ခါးပိုက်နှိုက်ပညာ၊ ဖောက်ထွင်းပညာ၊ အလစ်သုတ်ပညာများကို စာတွေ့သဘော၊ နှုတ်ပညာပေးသဘောကနေ၊ လက်အယူအဆအမျိုးမျိုးကို ကိုယ့်အရင်သဘာရှိသူများက မျှဝေသင်ကြားပေးကြလေရဲ့ ခင်ဗျ"

အဲဒီမှာ ကျုပ်ရဲ့ကျေးဇူးရှင်ဆရာက ခါးပိုက်နှိုက်ခေါင်းကြီး ခါးကြီးဘခက်ပဲ။

ရန်ကုန်ခါးပိုက်နှိုက်လောကမှာ နာမည်ကြီးပေါ့ဗျာ။ သူ့တပည့်တွေမှ မနည်းဘူး။ ထောင်ဝင်စာလာတွေ့ရင် ဆေးလိပ်၊ စားစရာ စုံစုံလင်လင်ပေးသွားလို့ ကျုပ်မှာ ငတ်တယ်ကိုမရှိပါဘူး။

ဆရာကြီးဘခက်ကပြောတယ်။ အပြင်ကိုရောက်ရင် ဘာမှမပူနဲ့ ငါရှိတယ်။ မင်း ထမင်းမငတ်စေရဘူးတဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ဟုတ်ပါရဲ့ဗျာ ...။

ကျုပ် ထောင်ကလွတ်ရော ဆရာကြီးဘခက်က လာကြိုနေတာပဲ။ သူက ကျုပ်အရင်လွတ်သကိုးခင်ဗျ။

အဲဒါ ဆရာကြီးဘခက်၊ ပုစွန်တောင် သဘော်ဆိပ်က သူ့အိမ်ကိုခေါ်သွားရဲ့။ အဲဒီမှာ ဘလိတ်ဓားနဲ့ခွဲနည်း၊ ဆယ်ပြားစေ့ သွေးထားသည့် ဓားနှင့်ခွဲနည်း။

အလျားလိုက်ခွဲနည်း။

ဒေါင်လိုက်ခွဲနည်း။

အင်္ဂလိပ်စာလုံး (L) ပုံသဏ္ဍာန်ခွဲနည်း ... စသည့် ဓားခွဲနည်းမျိုးစုံ သင်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . 'နှိုက်'။

'နှိုက်'က ပိုပညာကြီးတယ်။ လက်ညှိုးလက်မနဲ့ နှိုက်နည်း၊ လက်ညှိုးလက်ခလယ်နဲ့ နှိုက်နည်း၊ လက်လျှိုနှိုက်နည်း၊ ပခုံးပေါ်က နှိုက်နည်း၊ သတင်းစာအုပ်ကွယ်ပြီး နှိုက်နည်း၊ ဘေးချင်းယှဉ် လွယ်အိတ်နှိုက်နည်း၊ ဇာစ်ဖြုတ်နှိုက်နည်း . . .။

အရပ်ပုသူကို နှိုက်နည်း၊ အရပ်ရှည်သူကို နှိုက်နည်း၊ အနှိုက်ခံရမည့် သားကောင်၊ အမဲကောင်ကို လျှပ်တစ်ပြက် ရှာဖွေအကဲခတ်နည်း။

ပြီး . . . တစ်ကိုယ်တော်နှိုက်နည်း။

အဖွဲ့လိုက် နှိုက်နည်း။ အဖွဲ့လိုက်မှာ ပစ္စည်း လက်ပြောင်းလက်လွှဲလုပ်နည်း။

မတော်လို့၊ အခန့်မသင့်လို့ မိသွားပြီး လူအုပ်ကဝိုင်းရိုက်လျှင် ကိုယ့်လူကို ဝင်ကယ်နည်း စသည့် ပညာရပ်မျိုးစုံကို ဆရာကြီးဘခက်က ကျုပ်အပါအဝင် တပည့်များကို စာတွေ့ရော၊ လက်တွေ့ပါ သင်တန်းပေးလေရဲ့။

"ခါးပိုက်နှိုက်ဆိုတာ လက်အနုတ်အသိမ်း အဓိကပဲ။ ပြီး လက်ငြိမ်ဖို့ သိပ်အရေးကြီးတယ်။ လက်ချောဖို့လည်း အရေးကြီးတယ်။ လက်အနုတ်အသိမ်းမလှလို့ မငြိမ်လို့ အဖျားခတ်သွားရင် အနှိုက်ခံရသူက ရိပ်မိသွားရော။ ရိပ်မိရင် ကိုယ့်ဘဝအတွက် မလွယ်ဘူး။ လာ . . . လက်တွေ့လုပ်ကြရမယ်"

ဒီနေရာမှာ ဆရာကြီးဘခက်က လက်ငြိမ်အောင်ကျင့်တဲ့နည်း နှစ်နည်း သင်ပေးတယ်။

တစ်နည်းက အပူနည်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နည်းက အအေးနည်း။ အပူနည်းက ဒီလို ...။

ဖယောင်းတိုင်နှစ်တိုင်ကို မီးထွန်းပြီး လက်ဝါးတစ်ပြားစာကွာ ထားတယ်။ အဲဒီမီးတိုင်နှစ်တိုင်ကြားကို လက်ဝါးအပြန့်တန်းထည့်ပြီး တစ်ဖက်ကပစ္စည်းကို ယူတဲ့နည်းပဲ။

ကျုပ်တို့ လေ့ကျင့်ခါစတုန်းက လက်ဝါးမငြိမ်လို့ မီးလောင်ခံ ရသပေါ့ဗျာ။ နောင် ... လက်ဝါးငြိမ်သွားရော မီးမဟပ်တော့ဘူး။ ဆတ် ခနဲ လှစ်ခနဲ မီးတိုင်နှစ်ခုကြားကနေ ပစ္စည်းလှမ်းယူလို့ ရသွားရော။

နောက်တစ်နည်းက ရေငြိမ်နှိုက်နည်းဗျ။

ဖလားတစ်လုံးထဲမှာ ရေအပြည့်နီးပါးထည့်ထားတယ်။ အဲဒီ ရေခွက်ထဲမှာ ပထမ ဖန်ဂေါ်လီလုံးသုံးလုံး ထည့်ထားတယ်။ ရေအောက် ရောက် ဖန်ဂေါ်လီလုံးကို လက်ညှိုးလက်ခလယ်နှစ်ချောင်းနဲ့ နှိုက်ထုတ် ယူရတာ။

အဲဒါ ရေလျှံမကျအောင် လေ့ကျင့်ရတယ်။ ရေလျှံကျလို့ မရ ဘူး။ အစဦးကျင့်ကာစတုန်းက ရေထဲကဂေါ်လီက ချော်ပြီးလိမ့်လို့ နှိုက် မရဘူး။ ကြာလာတော့မှ လက်ငြိမ်လာပြီး ဂေါ်လီလုံးများကို လက်ညှိုး လက်ခလယ်နဲ့ရော၊ လက်ခလယ် လက်သူကြွယ်နဲ့ရော ညှပ်နှိုက်ယူလို့ ရလာရောဗျာ။

ရေလည်း မလှုပ်တော့ဘူး။ မလျှံတော့ဘူး။

အဲဒီကနေ နောက်တစ်ဆင့်တက်ပြီး ရေပြည့်လုနီးပါးခွက်ထဲ မှာ ဆယ်ပြားစေ့၊ ငါးပြားစေ့၊ မတ်စေ့၊ ငါးမူးစေ့ စသည်ကို ထည့်ထား ပြီး စောစောကလို နှိုက်ယူရတဲ့နည်းပဲ။

ရေငြိမ်နေရတယ်။ လျှံကျလို့မရဘူး။

ပိုက်ဆံနှိုက်ကောက်ရတာက ဂေါ်လီလုံးလို မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ဖွဲကောင်းကောင်းနဲ့ လေ့ကျင့်လို့ ရက်သားလေးရလာမ
လက်ငြိမ်ပြီး နှိုက်လို့၊ ကောက်လို့ရလာပါရော။

ကျုပ်တို့ ဆရာကြီးဘခက်ရဲ့ ကျေးဇူးကြီးပါရဲ့ဗျာ။

ပြောရရင်တော့ဗျာ။ ကျုပ်တို့လောကမှာ နှိုက်၊ ဖြတ်၊ လစ်
သုတ်ဆိုတာ ရှိတယ်ဗျ။

နှိုက်က ခါးပိုက်နှိုက်၊

ဖြတ်ဆိုတာက ဆွဲကြိုးဖြတ်ဖြုတ်နည်း၊ နာရီဖြုတ်နည်း။

အလစ်သုတ်ကတော့ ရှင်းပါတယ်။ ဈေးဝယ်နေတုန်း ဆွဲခြင်း
ထဲက ပိုက်ဆံအိတ်ကို လူမသိအောင် ခိုးတဲ့နည်း။

အဲဒီမှာ အထည်အလိပ်လည်းပါတယ်။ သူ့ကျတော့ အုပ်စု
နဲ့ ဝင်လုံးရတာ။ မိန်းမယောက်ျားရော ပေါင်းလုပ်ရတာ။ ကျုပ်တို့ဆရာ
ကြီးဘခက်အဖွဲ့မှာ ယောက်ျားခါးပိုက်နှိုက် အလစ်သုတ်ရော၊ မိန်းမ
ခါးပိုက်နှိုက် အလစ်သုတ်ပါရှိကြတယ်။

အသက်အရွယ်အစား အမျိုးမျိုးပေါ့။

ပုဆိုးဆိုင်ဝင်မယ်ဆို လေးငါးယောက်အုပ်စု ဝင်ရတယ်။ အချို့
က အခြားဈေးဝယ်များနဲ့ ရောပြွန်းပြီး ဈေးဆစ်၊ အထည်ရွေး၊ ဖြန့်
ကြည့်၊ လှုပ်ရှား။

ဒီမှာကိုယ့်အဖွဲ့က ပါကင်ပုဆိုးကို ရနိုင်သမျှယူပြီး လစ်သွား။
ဒီနည်းလည်း တွက်ချေကိုက်တာပဲ။

ကျုပ်တို့ဆရာကြီးက 'သေတ္တာမှောက်' ဗျ။

သေတ္တာမှောက်ဆိုတာ ကျုပ်တို့ 'ခါး' လောကရဲ့ စကားလုံး
မဟုတ်ဘူး။ ရုပ်သေးအနုသဘင်၊ အမြင့်သဘင်ရဲ့ စကားလုံးဝေါဟာရ။
ရုပ်သေး အမြင့်သဘင်လောကမှာ မင်းသားကိုင်ရုပ်စုံကြိုး။ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရှပ်စုံကြိုး၊ ပုဏ္ဏားကိုင်၊ ဝန်ကြီးကိုင်၊ ဇော်ဂျီကိုင်၊ မျောက်ကိုင်၊ မြင်းကိုင် စသည့် ကြိုးကိုင်ကြိုးဆွဲ ရှိကြတယ်။

အချို့ တစ်ကြိုးကောင်း နှစ်ကြိုးကောင်းပဲ ကြိုးဆွဲနိုင်ကြတယ်။

ကြိုးစုံဆွဲနိုင်သူကို သေတ္တာမှောက်လို့ ခေါ်တယ်။ ဇာတ်သေတ္တာမှောက်ချလိုက်လို့ ကျရာအရုပ်ကို ပီနေအောင် ကြိုးဆွဲနိုင်သူကိုမှ သေတ္တာမှောက်လို့ခေါ်တာ။

ခေတ်စကားနဲ့ပြောရရင် 'ဆရာကြီး' ပဲ။

ကျုပ်တို့ဆရာကြီး ဦးဘခက်က တကယ့် သေတ္တာမှောက်။ အလစ်သုတ်ပညာ၊ ဖြုတ်ဖြတ်ပညာ၊ ခါးပိုက်နှိုက်နည်း နည်းပညာမျိုးစုံတင်မကဘူး ဖောက်ထွင်းပါရတာ။

သော့တုမှာတော့ ပုစွန်တောင်ဘခက်ဆိုတာ နာမည်ကြီးတစ်ဦးစာရင်းဝင်ပဲ။

အသက်ရလာပြီး ထောင်ခဏခဏကျနေရတော့ ကိုယ်တိုင်မလုပ်တော့ဘူး။ ပညာသင်တပည့်တွေ မွေးတယ်။ စားကျက်နေရာကိုပြတယ်။

ရလာသည့်ပစ္စည်းကို အစကနဦး ဆရာကြီးထံ အကုန်အပ်ရတယ်။ သူ့ကို 'ဘတ်' လို့မရဘူး။

ဘတ် (စ်) ကားလိုင်းမှာ ဆွဲကြိုးအဖြတ်ခံရရင် အဲဒါ ဘယ်သူ့လက်ချက်ဆိုတာ ဒက်ခနဲတန်းသိတာ။

လေဟာပြင်ဈေး၊ မိုလ်ချုပ်အောင်ဆန်းဈေးမှာ အလစ်သုတ်တာ ဘယ်သူဆိုတာ တန်းသိနေတာ။

ဘယ်ဈေးမှာနှိုက်လိုက်လို့ ဘယ်သူဘယ်လောက်ပါသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူ့အိမ်မှာနေရင်း ဒါမှမဟုတ်၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်း သိနေတာပဲ။

ညာလို့မရဘူး၊ လျှော့ပြောလို့မရဘူး၊ ဘတ်လို့မရဘူး။ ဘယ်ရမှာလဲ သူ့တပည့်လက်သားတွေက ရန်ကုန်နဲ့ ဒေသစိတ်ဝန်းကျင်မှာ အများကြီးပဲဟာ။

ဘုရားပွဲဆို တယ်အလုပ်ဖြစ်ပဲဗျို့။

ရွှေတိဂုံဘုရားပွဲ၊ ဗိုလ်တထောင်ဘုရားပွဲ၊ ကျိုက္ကဆံဘုရားပွဲ၊ သန်လျင်ကျိုက်ခေါက်ဘုရားပွဲ၊ တယ်အလုပ်လုပ်လို့ကောင်းပဲ။

နယ်ဘုရားပွဲဈေးက ဖြုတ်၊ နှိုက်၊ ဖြတ်လို့ကောင်းပဲ။ တောသူတောင်သား အများဆုံး လာကြတာကိုး။ ပွဲကိုမက်ကြသကိုး။ ဈေးဝယ်မက်ကြသကိုး။

ကျုပ်တို့က အဲဒါမျိုးက အလွယ်တကူ ပစ်မှတ်လို့ သဘောထားပြီး လုပ်ကြတာ။ ရသလားမမေးနဲ့ မိခဲတယ်။ မိရင်လည်း ဘုရားဆောင်းတန်း အချုပ်ဝက်ခြံကနေ အင်းစိန်ထောင် တန်းခနဲပဲ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

စောစောတုန်းကကိစ္စ ဆက်ရဦးမယ်။ ဆရာကြီးဘခက်ကို 'ဘတ်' တဲ့ကိစ္စ။ ကျုပ်တို့အဖွဲ့သား ဆရာကြီးတပည့် 'ချွန်းတောင်း' ဆိုတဲ့ကောင် ဗိုလ်တထောင်ဘုရားပွဲဈေးညမှာ ဆွဲကြိုးတစ်ကုံးဖြတ်ခဲ့တယ်။ ဆရာကြီးကိုလာအပ်တော့ ငါးမူးသားဆွဲကြိုး။

"ချွန်းတောင်း ..."

"ခင်ဗျာ ဆရာကြီး"

"ဒါ ဗိုလ်တထောင်ဘုရားပွဲဈေးက လုပ်ခဲ့တာမဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

ဆရာကြီးဘခက်က ရွှေချိန်ခွင်မှာချိန်ပြီး ဆွဲကြိုးကို ဘယ်ပြန်ညာပြန်ကြည့်လိုက်၊ ခါးပိုက်နှိုက် ချွန်းတောင်းရဲ့မျက်နှာကို ပြုံးစိစိနှင့် ကြည့်လိုက်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ချွန်းတောင်းကလည်း ရင်ကိုကော့လို့။ ကျုပ်တို့က ထောင်ဂဏန်းလောက်ပဲ နှိုက်လို့ရတယ်လေ။ သူက ငါးမူးသားရွှေဆွဲကြိုးရလာတော့ ကျုပ်တို့ ခါးနှိုက်လစ်သုတ်အဖွဲ့မှာ ဒီနေ့ မျက်နှာရနေပြီပေါ့။

ကြည့်ပါလား။ ခေါင်းကိုမော်နေတာပဲ။

ကျုပ်တို့ဆရာကြီးကလည်း အဲဒီလို လက်စွမ်းလက်စကောင်းလာရင် ထိုက်ထိုက်တန်တန် ပြန်ချီးမြှင့်ပါတယ်။ အဲ ... သူ့ကို ဘတ်ကီးရိုက်ပြီး ပတ်တီးချချင်လာပြီဆိုရင်တော့ ...

ကောင်းကောင်း ပညာပေးလေ့ရှိတယ်။

"မိန်းမ လည်ပင်းပေါ်ကလား၊ ယောကျ်ား လည်ပင်းပေါ်ကလား"

"မိန်းမပါ ဆရာကြီး"

"အသက် (၁၆) နှစ်လောက်ရှိမယ် မဟုတ်လား"

"ဗျာ ... အဲ ... အဲ ... ဟုတ်မယ်ထင်တာပဲ ဆရာကြီး"

"ဟင်း ... ဟင်း ... ဟင်း ..."

ဆရာကြီးရယ်သံကြောင့် ခါးပိုက်နှိုက်ချွန်းတောင်း မျက်နှာပျက်သွားသလို ကျုပ်တို့တပည့်များကလည်း ဘာအဓိပ္ပာယ်ပါလိမ့်လို့ ငံ့လင့်နေကြရဲ့။

"ဒီဆွဲကြိုးက အဲဒီမိန်းကလေးဆွဲကြိုး ကျိန်းသေနော်"

"ဟုတ် ... ဟုတ် ... ကဲ့ ..."

ဒီမှာ ဆရာကြီးဘခက် ဆွဲကြိုးကို လက်ညှိုးနဲ့လှည့်ကစားရင်း ချွန်းတောင်းရှိရာကို လှမ်းလာလိုက်တယ်။ အနီးလည်းရောက်ရော ချွန်းတောင်းရဲ့မျက်နှာကို ညာလက်ဝါးနဲ့ ဖြတ်ရိုက်လိုက်ပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အား ... ဆ ... ဆ ... ရာ ... ကြီး"

"ဖောင်း"

"အား ..."

ပြင်းထန်သည့်ရိုက်ချက်နှစ်ချက်ကြောင့် ချွန်းတောင်း ချာချာလည်ပြီး ပုံလျက်လဲကျသွားပါရော။ ဒီမှာ ဆရာကြီးက ချွန်းတောင်းရဲ့ ရင်ဘတ်ပေါ်ကို ညာခြေတင်ပြီး ...

"ချွန်းတောင်း ..."

"ဗျာ ... ဗျာ ..."

"မင်းလည်တာ ဒါပညာအကုန်ပဲလား"

"ဗျာ ... ဗျာ ... ကျွန်တော် ..."

"မင်းက ငါမွေးတဲ့မျောက်တစ်ကောင်ပါ ချွန်းတောင်း။ မင်းညတုန်းကဖြတ်လိုက်တဲ့ ဆွဲကြိုးက တစ်ကျပ်သားဆွဲကြိုး"

"ဗျာ ... မ ... မဟုတ် ..."

"ကိုင်းကွာ ... ညာချင်ဦး"

"အား ... အား ... အ ... အ ..."

"မင်းဖြတ်လိုက်တဲ့ ကောင်မလေးနာမည်က ခင်မြရီတဲ့။ မရမ်းတုန်း (၅)ရပ်ကွက်က။ ဆွဲကြိုးက အပြား၊ တစ်ကျပ်သား။ ခင်မြရီနဲ့ အတူပါလာတာက သူ့အမေ၊ သူ့အစ်မနဲ့ ငါးနှစ်အရွယ်မောင်လေး"

ကျုပ်တို့အားလုံး ဆရာကြီးရဲ့စကားများကို ကြားပြီး အရမ်းကို အံ့ဩနေကြတယ်။ ဆရာကြီး ဘယ်လိုလုပ်သိနေလဲ မသိဘူး။

"ဟုတ်ရဲ့လား"

"....."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံးက ထင်မှာ တွေးမှာပဲ။ ဒါကို ဆရာကြီး ဘယ်လိုသိသလဲလို့။ ဒီမှာ အားလုံးမှတ်ထားကြ။ ငါ့မှာ တပည့်တွေ အများကြီး။ ဓားလျှိုသူလျှိုတွေ အများကြီး။ အဲဒီကောင်မလေး ဘုရားလုံခြုံရေးရဲကင်းမှာ တိုင်ချက်ဖွင့်တာကအစ ငါအကုန်လုံးသိပြီးပြီ။ မင်းက တစ်ကျပ်သားဆွဲကြိုးကို ရောင်းပြီး ငါးမူးသားဆွဲကြိုးကိုပြန်ဝယ်လို့ ငါ့ကိုလာအပ်တယ်။ ဟေ့ကောင် ... ချွန်းတောင်း"

"ဗျာ ... ဗျာ ... အား ..."

"ငါပြောတာ ဟုတ်ရဲ့လား။ ပြောလေ ... ကိုင်း ... ကိုင်း"

"အား ... အား ... ဟုတ် ... ပါ ... တယ် ... ဆ ... ရာ ... ကြီး ... ခင် ... ဗျ။ ကျွန်တော် ... လုပ် ... လုပ်မိပါတယ်။ အား ... အား ... အား ..."

ဒီမှာပဲ ဆရာကြီးဘခက်က ချွန်းတောင်းကို ဆွဲထူလိုက်ပြီး ညာလက်သီးနဲ့ သင်းရဲ့မေးရိုးကို ထိုးပစ်လိုက်တယ်။ ချွန်းတောင်း အားခနဲအော်ပြီး လဲအကျမှာ ခြေထောက်နဲ့ချည်း လိုမ့်လိုမ့်ကန်ပစ်လိုက်တာ မျက်နှာ သွေးချင်းချင်းရဲနေတာပဲ။

"ဟေ့ကောင် ... ပိုင်ငွေအားလုံး ဘယ်မှာလဲ"

"ကျွန်တော် တစ်နေရာမှာ သိမ်းထား ..."

"မင်းကိုငါ နောက်ဆုံးတစ်ခွန်းမေးမယ်။ မင်း ငါ့အဖွဲ့မှာ ဆက်အလုပ်လုပ်ချင်သေးသလား၊ ဒါမှမဟုတ် တစ်စင်ခွဲထောင်ချင်လား။ ပြောစမ်း"

"ကျွန် ... ကျွန် ... တော် ... မှား ... မှားပါတယ် ဆရာကြီးခင်ဗျာ။ ကျွန် ... တော် ... ဘယ်မှ ... မသွားပါရစေနဲ့ ခင်ဗျာ။ ဆရာကြီးကြိုက်သလို ဆုံးမပါ ဆရာကြီးရယ်။ ဟီး ... ဟီး ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ချွန်းတောင်းက ဆရာကြီးဘခက်ရဲ့ ခြေအစုံကိုဖက်ပြီး ရှိုက်ငိုလို့ တောင်းပန်နေလေရဲ့။ သူတင်မဟုတ်ဘူး ကျုပ်တို့အားလုံး ဆရာကြီးအပါးကနေ ဒီအခြေအနေမျိုးမှာ ခွဲသွားလို့မဖြစ်ဘူး။

အထူးသဖြင့် ဆရာကြီးရဲ့ ဩဇာရိပ်၊ အာဏာစက်အောက်က လွတ်ရိပ်မရှိဘူး။ ဆရာကြီးကို ပုန်ကန်သစ္စာမဲ့ပြီး အခြားနေရာမှာ တစ်စင်ထောင်ရင် သိပ်ကြာလိုက်မှာမဟုတ်ဘူး။ အဲဒီသစ္စာဖောက်၊ အချုပ်ထဲရောက်ချင်ရောက်၊ ဒါမှမဟုတ် ဘယ်သူ့လက်ချက်မှန်း မသိရပဲ အသက်ပျောက်သွားနိုင်တယ်။

ဒီလိုမှ မဟုတ်ဘူးဆိုရင် ...

ရန်ကုန်မှာက ပြိုင်ဘက်အဖွဲ့တွေ အများကြီးလေဗျာ။ သာကေတအဖွဲ့၊ ရေကျော်အဖွဲ့၊ ကျောက်တံတားအဖွဲ့၊ လမ်းမတော်အဖွဲ့၊ ဘုန်းကြီးလမ်းအဖွဲ့၊ ဗိုလ်တထောင်အဖွဲ့၊ ဥက္ကလာအဖွဲ့၊ ဒေါပုံဝါဆိုအဖွဲ့။ သူ့အုပ်စု၊ သူ့အဖွဲ့နဲ့ အသီးသီး လုပ်စားနေကြတာ။

နယ်ကျော်ဝင်လာတယ်ဆိုပြီး နယ်မြေပိုင်ရဲကို လက်တို့လိုက်ရင် (၆)လ၊ (၁) နှစ် ဂနိုင်ရော။ အဲဒါမှမဟုတ်သေးရင် သူတို့တစ်ဖွဲ့ဖွဲ့ရဲ့ လက်ချက်နဲ့ ကွဲရင်ကွဲ၊ မကွဲရင် အမှိုက်ပုံနံဘေးနဲ့ ရေမြောင်းထဲမှာ အသေဘာဝ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

❑

နောင်တော့ ကျုပ်တို့လည်း လူရည်လာခဲ့ကြတယ်။ အတွေ့အကြုံ ကြွယ်ခဲ့ကြတယ်။ ဂွင်ကောင်းကြုံတာလည်းရှိ၊ ခွေးပြေးဝက်ပြေး ပြေးရတာလည်း ရှိသပေါ့ဗျာ။

ဆရာကြီးနဲ့ နှစ်နှစ်လောက် လက်တွဲလုပ်ကိုင်ပြီးရော ဘာမှ မကြာလိုက်ဘူး။ ဆရာကြီးလည်း ရောဂါနဲ့သေရော။

ဘာရောဂါလည်း ဟုတ်လား။

ထုံးစံအတိုင်းပေါ့ဗျာ ...ကာလသားရောဂါ ဆစ်ပလစ်ပေါ့။ ဆရာကြီးက အထိုင်ကနေ အခန့်သားနေရတော့ 'ထော'တာပေါ့။ ထော တော့ အရက်နဲ့ပြည့်တန်ဆာက ကျုပ်တို့ဆရာကြီး အကြိုက်ပဲလေ။

www.burmeseclassic.com



တရုတ်တန်း လသာဘက်က ဟိုတယ်မှာလည်းဆရာကြီးပဲ။ သမ္မတဟိုတယ်မှာလည်း ဆရာကြီးပဲ။ ကမ်းနားဟိုတယ်မှာလည်း ဆရာကြီးပဲ။

သံတံတားမနုဆိုတာ ကြားဖူးမှာပေါ့။

နာမည်ကြီး ပြည့်တန်ဆာခေါင်း မိန်းမကြီးလေ။ နယ်က၊ တောက မိန်းမကောင်းလေးတွေကို အမျိုးမျိုး ဖျားယောင်းသွေးဆောင် မက်လုံးပေးခေါ်လာ၊ ရန်ကုန်ရောက်ရင် ပြည့်တန်ဆာဇာတ်ကိုသွင်း။ မလုပ်ရင် နှိပ်စက်။

သူမကြီးကလည်း 'ဇ' မသေးဘူးဆရာရေ။

တော်ရုံတန်ရုံလူများ သောက်ဂရုမစိုက်ဘူးနော်။ သူမကလည်း သူမရဲ့အပိုင်သား အပေးအကမ်း အပေါင်းအသင်းနဲ့နေတာ။ လူမိုက်တွေလည်း မွေးထားသေးတာ။

လိုအပ်ရင် ရန်ကုန်လူမိုက် နာမည်ကြီး လမ်းမတော်ဖိုးတုတ်ရဲ့တပည့်တွေ လှမ်းအကူအညီတောင်းရမလား၊ ဗိုလ်တထောင်ဖေမိုးရဲ့တပည့်တွေ လှမ်းခေါ်ရမလား။ အားလုံး အသင့်ပဲ။ ငွေပဲဗျ။ ကျုပ်တို့ခေတ်က ငွေခေတ်ပဲ။ ငွေတတ်နိုင်ရင် လူသတ်ခိုင်းလို့ရတယ်။

ပြောရရင် သံတံတားမနုရဲ့ဖိမ်ခန်းမှာ အရွယ်မျိုးစုံ၊ ဆိုက်မျိုးစုံပဲဟာ။

(၁၃) နှစ်သမီးအရွယ်လား၊ အသက် (၁၈) နှစ်လား၊ (၃၀) လား၊ ပိန်ပိန်ကြိုက်လား၊ ဝဝကစ်ကစ်ကြိုက်လား၊ တောင့်တောင့်တင်းတင်း အယ်စတုံကြီးကြိုက်လား၊ အရာကတော်ကျယူမလား၊ ရုပ်ရှင်ဇာတ်ရုံကျယူမလား၊ တောကြိုက်လား၊ မြို့ကြိုက်လား။

ကြိုက်ရာပြော၊ လိုချင်တာ လက်ညှိုးထိုး။



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ထားစမ်းပါ။ မနုက အဲဒီကောင်တွေကို ဂရုမစိုက်ပါဘူး။ အေးဆေးပါ။ အားလုံး နတ်တင်ပြီးသားပါ။ ဒေါ်နု (ခေါ်) မနု (ခေါ်) အန်တီနု (ခေါ်) အမေနုရဲ့ ဖိမ်ခန်းကို တက္ကသိုလ်ကျောင်းသားလည်း လာပျော်တာပဲ။

အရာရှိ အရာခံထဲကလည်း လာလည်တာပဲ။ ရုံးအုပ်ကြီးတို့၊ ဆရာကြီး ဆရာလေးတို့၊ ဘုန်းကြီးလူထွက်တို့၊ အရပ်လူကြီးတို့လည်း မှောင်ရင် လာနေကြညစ္စာ။ သူဌေးဆိုသူများ ပိုဆိုး။

ငွေလျှံ ရေလျှံနေတဲ့ ကျုပ်တို့ဆရာကြီး ဘခက်ဆိုတာ သံတံတားမနုရဲ့ ပုံမှန်စားဖောက်သည်ပေါ့။

တဏှာဆိုတာ ပုထုဇဉ်အများကြိုက်သည့် ခတ်စာပဲဟာ။ အကြိုက်ကြီးသူ၊ ပိုအစားများသပေါ့။ အကြိုက်နည်းသူ ရှောင်သပေါ့။

နောက်ဆုံးတော့လည်း ဆရာကြီး ကာလသားရောဂါ စွဲသွားရော။ ပင်နီစလင် မနိုင်တော့ဘူး။ အဆုံးမတော့ ဂရုတ်သီးညှော်မိပြီး ဆရာကြီးဘခက် ကွယ်လွန်အနိစ္စ ရောက်သွားလေရဲ့။

ကျုပ်တို့ဆရာကြီး ကွယ်လွန်အနိစ္စရောက်သွားတော့ ကြေကွဲဝမ်းနည်းသူလည်း ရှိကြတာပေါ့။

အရေးအကြောင်းပေါ့ဆို ဆရာကြီးက ရုံးဂါတ်ပဲဖြစ်ဖြစ်၊ ပြိုင်ဘက်များရှိရာမှာပဲဖြစ်ဖြစ် လိုက်ရှင်းပေးသကိုး။

ငွေနဲ့ပြီးတန်သည့်ကိစ္စ ငွေနဲ့ပြီးအောင် လုပ်ပေးတယ်။

လက်နဲ့ပြီးမှဖြစ်မည့် ကိစ္စဆိုရင် တုတ်တုတ်ချင်း၊ ဓားဖြားချင်း၊ ပညာပညာချင်း ပြိုင်ပစ်လိုက်တာလေ။

ဘာပဲဖြစ်ဖြစ် ဆွေမရှိ၊ မျိုးမရှိ၊ နေစရာမရှိ၊ ဘစ်ကောင်ကြွက် ကျုပ်တို့လိုအားကိုးရာမဲ့များအဖို့ ဆရာကြီးသည် အဖေ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် အမိပဲ။

ဆရာကြီးကွယ်လွန်သွားတော့ ကျုပ်တို့ မျက်ရည်ကျရတယ်။ အချို့ကောင်တွေက ဝမ်းသာကြတယ်။ သူတို့က ဆရာကြီးကို မကျေနပ်ကြဘူး။ ပညာလေးနည်းနည်းသင်ပေးပြီး ခိုင်းစား၊ ကိုင်စား၊ ခြောက်စား၊ ဟောက်စား ခေါင်းပုံဖြတ်သူကြီးတဲ့။

အဲဒါမှားတယ်လို့ ကျုပ် မပြောချင်ပါဘူး။ မှန်သင့်သလောက်မှန်ပါတယ်။ ခုတော့ ငါတို့ လွတ်လပ်ရေးရပြီဟေ့ဆိုပြီး ဝမ်းမြောက်ဝမ်းသာ လက်ခမောင်းခတ်သူလည်း ရှိကြလေရဲ့။

နောက်ဆုံးတော့လည်း သူ့စင်ကိုယ့်စင်နဲ့ ဇာတ်ခွဲကိုယ်ပိုင်ထောင်ပြီး လုပ်ကိုင်စားသောက်ကြရလေရဲ့။

အဲဒီအချိန်ကစပြီး ... ကျုပ်လည်း တစ်ကိုယ်တော်လံဘားကျောက်တံတား ဖြစ်ခဲ့ရလေရဲ့ဗျာ။

ကျုပ်နေတာ ကျောက်တံတားမြို့နယ် အပိုင်ထဲမှာလေ။ အိမ်ငှားပေါ့ဗျာ။ တစ်လကို (၁၅) ကျုပ်ပေးရတယ်။ ကျောက်တံတားရဲစခန်းနဲ့ ခပ်ဝေးဝေးပေါ့။ ဆိပ်ကမ်းမြို့နယ် အနီးဝန်းကျင်မှာပေါ့ဗျာ။

အဲဒီဝန်းကျင်က လမ်းမတော်ဘုန်းကြီးလမ်းနဲ့ ဘာမှမဝေးဘူး။ ဒလဟိုဘက်ကမ်းက လှေသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်သည့်ရေဆိပ် လှေဆိပ်လည်းရှိနေတော့ ...

ခိုးလို့၊ နှိုက်လို့၊ အလစ်သုတ်လို့ ကောင်းလေရဲ့။ အဲဒါ ငွေသားလေးများစုမိလာရင် ကျုပ်တို့ဆရာကြီးမသေခင် ကြီးပွားကောင်းစားတုန်းက ခေါ်သွားမိတ်ဆက်ပေးထားလို့ သံတံတားမနုဆိုတဲ့ ဖိမ်ခေါင်ကြီးနဲ့ ရင်းနှီးနေပြီးသားမို့လား။

အဲဒါ ငွေစုမိရင် သံတံတားမနုကို သွားပူဇော်ရလေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တဏှာရမ္မက်များ သောက်လေသောက်လေ ဝတ်မပြေပါပဲဗျာ။

ကြည်နူးစရာလဲ ကောင်းရဲ့။

ပျော်စရာလည်း ကောင်းရဲ့။

အငှားခန္ဓာ နုနုထွတ်ထွတ်တို့ကို အကြင်နာရမ္မက်၊ တဏှာ ရင်ခွင်ကြားမှာ ထောင်နှုတ်ခမ်း၊ အချုပ်နှုတ်ခမ်း၊ သေလုမြောပါး နှုတ်ခမ်းများက လွတ်မြောက်ခဲ့ရသော အနိဋ္ဌာရုံများကို မြှုပ်နှံသင်္ဂြိုဟ်ပြီး ပီတိအရသာ ဘဝသစ်ကို မွေးဖွားရတယ်။

အင်း . . . ဒါကြောင့်လည်း ကျုပ်တို့ဆရာကြီး ဒီတဏှာ အရသာအမြိုက်ဆေးကို သေသည့်တိုင် သောက်သုံးသွားသကိုး။

ပြောရရင် လုပ်ငန်းက နေ့တိုင်းညတိုင်း အဆင်မပြေဘူး။ နွေရာသီ သိပ်အလုပ်မဖြစ်ဘူး။ မိုးရာသီ ရုံးဆင်းရုံးပြန် လူကြပ်ချိန် ကားပေါ်မှာ ခွဲရနှိုက်ရတာ အလုပ်ဖြစ်တယ်။

ဘုရားပွဲကာလ ကျုပ်တို့အားလုံး အလုပ်ဖြစ်တယ်။ အလုပ် ဖြစ်လို့ မြိုးမြိုးမြက်မြက်ရရင် တရုတ်တန်းဟိုတယ်မှာ စားလိုက်၊ မွှေး ကောင်းကောင်းဝတ်ပြီး ကမ်းနားလမ်းဟိုတယ် ဝင်လိုက်၊ သူဌေးသား အတိုင်းပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

တစ်နေ့လည်းကျရော ကျုပ် ဂန့်ရောဗျို့။ 'ဂန့်' ပုံက ဒီလို ဍ . . .။ လောဘပဲဗျာ။ အကာင်းမပါးတာ၊ လူကဲခတ်ညံ့တာလည်း ပါသပေါ့။

ပညာသင်ဘဝတုန်းက ဆရာကြီးကပြောသား။

"လံဘားနော် . . . မလုပ်ခင်၊ မကိုင်ခင် လူအကဲကိုခတ်၊ တ်ဝန်းကျင်ကိုလေ့လာ၊ ကိုယ်လုပ်မည့် အမဲကောင်ဟာ ဘော့ (စ်) ား ဖွတ်ကျားလား၊ ဟန်ဆောင်ကောင်းသမားလား သေသေချာ အကဲခတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးစမိုးကောင်းတဲ့ကောင်ကို အမဲမှတ်ပြီး သွားလုပ်မိရင် လက်စ
သာကုန်ရော ပြန်ရတာ ထီလက်မှတ်နဲ့ အကြွေးစာရင်းဖြစ်ရင် အဲဒ
အရှုံးပဲ။ အရေးကြီးတာက ကိုယ်လုပ်ရမည့် နံ့သေးနံ့ဘီပဲ။ အနီးက
လူဟာ အိပ်ငိုက်နေတာလား၊ အိပ်ငိုက်ချင်ယောင် ဆောင်နေတာလား
ဝတ္ထုစာအုပ် ဖတ်နေတာလား၊ စာအုပ်ဖတ်ချင်ယောင်ဆောင်ပြီး ကိုယ့်
ကို 'ချက်' နေသလား ...အဲဒါ အလျှင်ရှိုး။

လူကြီးနဲ့လူငယ်ဖြစ်နေရင် လူကြီးကိုအမဲဖမ်း။ သူက သား
ကိစ္စ၊ မယားကိစ္စနဲ့ ဗျာများနေတာ။ ယောကျ်ားနဲ့မိန်းမယှဉ်ရင် မိန်းမ
ကိုဦးစားပေး။ သူတို့က အတွေးများတယ်၊ အငိုက်ရှိတယ်။ ယောကျ်ား
ဆိုတာ သူလိုကိုယ်လို လူချည်းပဲ။ အချဉ်မဟုတ်ဘူး။

လုပ်ရင် လောဘသိပ်မကြီးနဲ့။ အတိုင်းအတာတစ်ခုအထိရ
ရင် ကျေနပ်။ တစ်ခုသတိထားရမှာက မင်းက အရပ်ရှည်တယ်။ လူမြင်
ထင်ရှားတယ်။ မှင်မောင်းမကောင်းရင် မင်း ပြေးလို့မလွတ်ဘူး။ လွတ်
ခဲ့ရင်လည်း အရပ်ကြောင့် မှတ်မိနေသမို့ ရဲက မင်းလိုကောင်ကို (၂၄)
နာရီ လိုက်ရှာစရာမလိုဘူး။ အချိန်မရွေး 'ကွဲ' ခနဲပဲ။ လို့ သင်ကြား
ပေးခဲ့ဖူးရဲ့။

ဟုတ်ပါ့ဗျာ။

ကျုပ်အရပ်ကလည်း (၆) ပေရှိနေတော့ ဘယ်နေရာသွားသွား
ထင်းခနဲပဲ။

အဲဒါ တစ်နေ့ပေါ့ဗျာ။

ပုစွန်တောင်သီတာ သဘောဆိပ်မှတ်တိုင် (၁၂)လိုင်း ကားပေါ်
မှာပေါ့ဗျာ။ မိုးရွာနေလို့ လူကကြပ်နေတာပဲ။

မိုးရွာလူကြပ်ရင် ဖွင့်ပဲလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ...။ တိုက်ပုံအင်္ကျီ၊ ဘန်ကောက်ပုဆိုးနဲ့လူကြီး မိကျောင်းတံဆိပ် သားရေအိတ်အကောင်းစား ဖောင်းဖောင်းကြီးကို လွယ်ပြီး ကျုပ်ရှေ့နားမှာလေ။ မျက်မှန်တဝင်းဝင်းနဲ့။ အသာ လူအုပ်ကိုတိုးဝှေ့ပြီး သူ့နောက်နားကို ကပ်လိုက်တယ်။

အိတ်ကို ဘယ်လက်နဲ့ အသာစမ်းလိုက်တယ်။ ခပ်လေးလေး ပဲ။ အထုပ်လို ပစ္စည်းမျိုးလည်း စမ်းမိရဲ့။

ဒါနဲ့ ... ဆယ်ပြားစေ့ဓားကို လက်ညှိုးလက်မနဲ့ညှပ်ပြီး အသာ လေးခွဲလိုက်ရော ...

"ဒုန်း ..."

"အမယ်လေး ... သေပါပြီဗျ။ အား ... အား ..."

"ဟ ... ဟ ... ဘာဖြစ်တာတုံးဟ"

"ဟင် ..."

"ဟာ ..."

"ခွေးမသား ခါးပိုက်နှိုက်။ ငါ့အိတ်ကို ဓားနဲ့ခွဲလိုက်တာကိုး။ ချဟေ့ ... ချ ... ချ ... ခါးပိုက်နှိုက်"

"ခါးပိုက်နှိုက်တဲ့ဟေ့ ... ချ ... ချ ..."

"ဗုန်း"

"အား ..."

"ဖောင်း"

"အမယ်လေးဗျ"

"ခွပ်"

"အင့်"

"ဟေ့ ... ဟေ့ ... အရမ်းမလုပ်နဲ့။ လက်လွန်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ ဒုက္ခပေးနေတာ ကြာပြီ။ ချဟာ ချ"

ကျုပ်ရဲ့ကိုယ်ပေါ်ကို လက်သီး၊ လက်ဝါး၊ တံတောင်၊ ဒူးပျံနဲ့ ဖနောင့်အချက်ပေါင်းများစွာ ရောက်ရှိပြီးနောက် ...

ကျုပ် ရဲလက်ကိုရောက်ရော။

ကျောက်တံတားရဲစခန်းကို နောက်ဆုံးရောက်ရော။ ကျုပ် ညာဘက်ခြေထောက် လှမ်းလို့မရဘူးဗျာ။ အမယ်လေး ... နာလိုက်တာ။ ခြေချောင်းလေးတွေ ကြေမွသွားသလို ခံစားနေရတယ်။

"ကျွတ် ... ကျွတ် ... ကျွတ် ..."

"ဘယ်လိုဖြစ်ကြတာတုံး"

အသားဖြူ တရုတ်ပေါက်ဖော် ရုပ်ရေမျိုးနဲ့ ရဲအုပ်ကမေးရော။

"ခါးပိုက်နှိုက်ဆရာ။ ကားပေါ်မှာ မိလာတာ။

"ဒီကောင့်ကို ငါမြင်ဖူးပါတယ်။ ဟေ့ကောင် ... မင်းနာမည် ဘယ်လိုခေါ်သလဲ"

ရဲအုပ်က မေးတယ်။ စုပ်သပ်ရင်း ...

"အား ... ကျွတ် ... ကျွတ် ... လံ ... လံဘားလို့ ခေါ်ပါတယ်ဆရာ"

"လံဘား" ·

"ဟုတ် ... ဟုတ် ... ကဲ့ ..."

"လံချားကျောက်တံတား မဟုတ်လား"

"ဟုတ်ကဲ့ ... ပါ ... ဆရာ"

"ခွေးမသား ... ငါ့အပိုင်နယ်မြေက 'ခါး'ပဲ။ လေ့လှည်းကြွင်းပေါ့ကွာ။ နယ်ထိန်းအောင်ကြည် ..."

"ခင်ဗျား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ နယ်ထိန်းအောင်ကြည်ဆိုသူ ရောက်လာပြီး ကျုပ်ကို မြင်ရော ...

"ဟ ... လံဘား ဘာဖြစ်လို့လဲ"

"ဟို ... ဟို ..."

"ဆရာအောင်ကြည် ဒီကောင့်ကိုသိလား"

"သိတာပေါ့ဆရာ။ ဒီကောင် ခါးပိုက်နှိုက်ပဲ ဆရာ။ သေသွားတဲ့ ရေကျော်ဘခက်ရဲ့ တပည့်ပဲ။ လံဘားလို့ခေါ်တယ်။ ကျောက်တံတား ရောက်ရင် လံဘားကျောက်တံတား၊ ပုစွန်တောင်မှာနေရင် ပုစွန်တောင် လံဘား၊ ဥက္ကလာရောက်ရင် ဥက္ကလာလံဘားနဲ့ နာမည်ကြီးပဲ။ ခု ဘယ်လိုဖြစ်ခဲ့တာလဲ။ ပြော ..."

"တရားလို ဘယ်သူလဲ"

"ကျွန်တော်ပါ ဗိုလ်ကြီး။ ဦးကြဲဖျားလို့ ခေါ်ပါတယ်"

"ဖြစ်ပုံကို ပြောဗျာ"

"ဒီကောင် ( .... ) ကားပေါ်မှာ နောက်ကနေ ကျွန်တော့် သားရေအိတ်ကိုခွဲပြီး ပစ္စည်းနှိုက်တုန်း မိတာပဲ"

"ပစ္စည်းက ဘာပစ္စည်းတုံး"

"ပိသဿာလေးဆရာ"

"ဟေ ..."

"ဘာ ... ဘယ်လို ..."

"ဟောဒီ ပိသဿာလေးပါ ဗိုလ်ကြီးခင်ဗျား"

တရားလို ဦးကြဲဖျားဆိုသူက ပါလာသည့်ခရီးသည် သက်သေ နှစ်ဦးရှေ့မှာ ရဲအုပ်ကို အနှိုက်ခံပစ္စည်းပြလိုက်တယ်။

ကြည့်စမ်းပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာတံဆိပ် ပိသာလေးကြီး။

"ဟော့ကောင် လံဘား"

"ခင် ... ဗျာ ..."

"မင်းလုပ်ပုံကို အစကအဆုံး ပြောစမ်း"

"ဒီ ... ဒီလိုပါ ... ဆရာ။ သားရေလွယ်အိတ်ကြီးကို လွယ်ပြီးတက်လာတော့ အဖိုးတန်ပစ္စည်းနေမှာပဲဆိုပြီး နောက်ကနေ ခွဲလိုက်တာဆရာ"

"ဘာနဲ့ခွဲတာတုံး"

"ဆယ်ပြားစေ့ ဓားသွားနဲ့ပါ ဆရာ"

"ဆက်ပြော ..."

"အဲဒါ ဓားနဲ့အခွဲ သားရေအိတ် 'ဗျိ'ခနဲပြဲပြီး အထဲကနေ အဲဒီပစ္စည်းကြီး ကျွန်တော့်ခြေဖမိုးပေါ် ပြုတ်ကျလိုက်တာ။ အား ... ကျွတ် ... ကျွတ် ... ခြေဖျားတွေ ကျိုး ... ကျိုးကုန်ပြီနဲ့ ... တူ .. တူပါရဲ့ ဆရာရယ်။ အား ... အမယ်လေး ..."

"ဟား ... ဟား ... ဟား ... ဟား ... ဖြစ်ရမယ် ... ဖြစ်ကိုဖြစ်ရမယ်။ ခွေးမသား ... အပွကြဲလိုက်တာ ရွှေထုပ်ငွေထုပ် မဖြစ်ပဲ ပိသာလေးဖြစ်နေတော့ ပိသာလေးကမင်းကို ရဲစခန်းအရောက် ပို့ပေးလိုက်တာပဲ။ ဆရာအောင်ကြည် ..."

"ခင်ဗျာ ဆရာ"

"ဒီကောင့်ကို ဒီနေ့ကစပြီး နာမည်အသစ်ပေးလိုက်"

"ဘယ်လို နာမည်အသစ်ပေးရမလဲ ဆရာ"

"ပိသာလေးလံဘားကျောက်တံတားလို့"

"ဟား ... ဟား ... ဟား ... ဟား ... ဘဲရီးဂွတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အာစရိရေ။ ကိုင်း ... လံဘားပိဿာလေး ... ဝန်ခံတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ ..."

ကံများ ခေပုံနှယ်ရယ်ဗျာ။ ပိဿာလေး ခြေထောက်ပေါ်ပြုတ်ကျလို့ အဲဒီအမှုနဲ့ ထောင်ထဲကို နောက်တစ်ခေါက် ရောက်ခဲ့ပါရော။ အဲဒီကစပြီး ကျောက်တံတားဝန်းကျင်မှာ နောင်ကျုပ်ကို နယ်ထိန်းတွေ ကတွေ့ရင် 'ပိဿလေး ... ဘာရှိုးနေသလဲ' တဲ့။

"မရှိုးပါဘူးဆရာ။ ကားစောင့်နေတာပါ"

"ဟုတ်ရဲ့လား"

"ဘုရားစူးပါ ဆရာ"

မယုံကြဘူးလေ ...။ အဲဒါ သူတို့နဲ့တွေ့ရင် ကျောက်တံတားရဲစခန်းခေါ်ပြီး ရှာကြဖွေကြရော။ နောင် ဘယ်နေရာမှာ နှိုက်နှိုက်ခွဲခွဲ ကျုပ်ကိုပဲ လာဆွဲရော။ ပြီးရင် တစ်ညလုံးမေးရော။

မသိပါဘူး။ မလုပ်ပါဘူးလို့ ပြောလည်း မရဘူး။

နောင်တော့လည်း အင်္ကျီအိတ်ထဲက ဘာလိတ်ခါးအကျီး၊ သွေးဆားသည့် ဆယ်ပြားစေ့ခါးတွေပြီး နှိုက်ဆွဲ၊ မသကာနဲ့ အချုပ်ထဲထောင်ထဲ ရောက်ရသည့်အကြိမ် ငါးကြိမ်မြောက်ပါရောဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

နောက်တစ်ကြိမ် ကြုံရပုံက ကံကောင်းလို့ မသေတာပေါ့ဗျာ။ လူတော့ ဆေးရုံကို တန်းရောက်သွားတာပဲဗျို့။

ဖြစ်ပုံက ဒီလိုဗျ။

ရန်ကုန်မြို့ထဲသွားတဲ့ စစ်လက်ကျန် ဘတ်(စ်)ကားအိုကြီးပေါ်မှာ ထိုင်ခုံက သစ်သားထိုင်ခုံနဲ့ တန်းစီထိုင်ရတာ။

ထိုင်ခုံပေါ်မှာ ကုလားဘာဘူဝဝကြီး ထိုင်လိုက်ပါပြီး ငိုက်နေတာ။ အဖြူရောင်အင်္ကျီဖားဖားကြီး ဝတ်လို့။ အိတ်က ခါးနေရာမှာ အံမယ် ...အိတ်ကလည်း ဖောင်းနေတာပဲ။

ဒီတစ်ခါတော့ အရင်တစ်ခါလို ဝိသာလေး ခြေထောက်ပေါ် ပြုတ်ကျတာမျိုး မဖြစ်ရအောင် သတိထားပြီး ချက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားဘာဘူလူဝကြီးက ခုံပေါ်မှာ လက်နှစ်ဖက်ထောက်ပြီး အိပ်ငိုက်နေတာ။ အသာ သူ့ညာဘက်နံဘေးမှာ ကပ်ထိုင်လိုက်တယ်။

မသိမသာ ငုံ့ကြည့်လိုက်တော့ ဟိုက်ရှားပါး။

ညာဘက်အိတ်ထဲမှာ ပိုက်ဆံခေါက်လျက်သားဗျာ။ မရှိဘူးဆို သောင်းဂဏန်းအထက်ပဲ။ ပေါ်တင်ကြီးခင်ဗျ။ အင်္ကျီအိတ်ကို ကြယ်သီး လုံးဝမတပ်ဘူး။ ပြောင်ကြီးပါဗျာ။

ဒါနဲ့ သူ အမှန်တကယ် အိပ်ငိုက်မငိုက်သိရအောင် ကျုပ် ဘယ်ပခုံးနဲ့ သူ့ညာပခုံးကို အသာတွန်းချလိုက်ရော ကုလားဘာဘူကြီး လန့်နိုးပြီး ကျုပ်ကိုကြည့်လိုက်၊ ရှေ့မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် (၆)နှစ်အရွယ် ကုလားလေးကိုကြည့်လိုက် လုပ်ပြီး ပြန်ငိုက်ပါလေရော။

သူငိုက်နေတာကို ရှေ့ခုံတန်းရှည်က ကုလားကလေးကစိုက် ကြည့်လို့။ ကုလားလေးနံဘေးမှာ ဖွားသီလရှင်အိုကြီးသုံးပါး။ ဆင်း ဆင်းရဲရဲမိန်းမသားအမိနဲ့ အရက်သမားလူကြီးတစ်ဦး ထိုင်နေတယ်။

ကျုပ်ရဲ့နံဘေးမှာက လူရွယ်ချစ်သူနှစ်ဦး ခေါင်းချင်းပူးပြီး ကြည်နူးလို့။ ကုလားဘာဘူကြီးရဲ့ ဟိုဘက်မှာက ဘုန်းကြီးအိုကြီးနှစ်ပါး။ ကျောင်းသားဖြစ်ပုံရသူ နှစ်ဦး။

စပယ်ယာက မှတ်တိုင်ပါလားမေးနေဆဲ။

ဒီလိုနဲ့ ကုန်သည်လမ်းအတိုင်း ကားကသွားနေတုန်း ကုလား ဘာဘူကြီးအငိုက်မှာ ထောက်ထားသည့် ကုလားကြီးရဲ့ ညာလက်ကြား ကနေ ကျုပ်ဘယ်လက်နဲ့ ပိုက်ဆံကိုနှိုက်ပြီး ဆွဲထုတ်လိုက်ချိန်မှာပဲ ...

မျက်နှာချင်းဆိုင်ထိုင်ခုံက ကုလားကလေးလေးက 'အဲပါး' လို့ အော်ရင်း ကုလားလိုပြောလိုက်ချိန် ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လက်ကို ကုလားဘာဘူကြီးက သူ့ရဲ့ညာလက်နဲ့ ညှပ်ချုပ်လိုက်တာ အကျိုးနည်း ... သန်လိုက်တဲ့လက်ဗျာ။ ဆုပ်မိထားတဲ့ ပိုက်ဆံတွေ အကုန်ပြန်ကျပါရော။ ဒီမှာပဲ အခြေအနေမကောင်းမှန်း သိလို့ တအားရုန်းကန်ပြီး ကားပေါ်ကနေ ခုန်ချပြေးမလို့လုပ်ရော ...

အကျိုးနည်းဗျာ ...။

ကုလားဘာဘူကြီးက ကျုပ်ရဲ့လက်ကို ကုလားသိုင်းလက်နဲ့ လိမ်ချိုးပြီး မတ်တပ်ရပ်လို့ ဘယ်လက်နဲ့ လက်ပြန်ဇက်ပိုးကို ရိုက်ချလိုက်တာ ဖောင်းခနဲအသံမြည်ပြီး စစ်လက်ကျန် ဘတ်(စ်)ကားနောက်အပေါက်ကနေ အောက်မြေပြင် ကတ္တရာလမ်းပေါ်ကို ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားပါရော။

ကားပေါ်က ခရီးသည်များရဲ့အော်သံလည်း ကြားရရဲ့။

စပယ်ယာရဲ့ 'ခါးပိုက်နှိုက် ... ကားရပ်' ဆိုတဲ့အသံလည်း ကြားလိုက်ရရဲ့။ ဒီအချိန်မှာ ကျုပ်က ကားသွားနေသည့်အရှိန်ကြောင့် ကျသွားတဲ့အရှိန်ပါပေါင်းပြီး ဖျာလိပ်တစ်လိပ်လို ကတ္တရာလမ်းမပေါ် လူးလိမ့်ပါသွားပြီး စုတ်ပြတ်သပ်ကုန်ရော။

"ဟ ... ဟ ... လူတစ်ယောက် ကားပေါ်ကပြုတ်ကျသွားပဟေ့"

"ဟေ့ ... ကားသမား၊ ဘယ်လိုလုပ် မောင်းတာလဲကွ ... ဟ"

"ကားသမားရော၊ ဒရိုင်ဘာရောပါ ရိုက်ကွာ"

"လူလိုမမောင်းဘူး။ ဝိုင်းချပေ့"

ရန်ကုန်ဗျာ ...။ တဆိတ်ရှိ ချမယ်နက်မယ့်ချည်းပဲ။ အချို့



www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်ကို ပြေးထုပွေ့ကြတယ်။ လူအချို့က ရပ်သွားတဲ့ကားရှိရာကို ထီးပြောင်းပြန်ကိုင်၊ အုတ်ခဲကျိုးကိုင်ပြီး ပြေးလိုက်ကြရော။

"မင်းတို့ကားသမားတွေ ခရီးသည် ကားပေါ်ကပြုတ်ကျတာတောင် မသိရအောင် ဒုံးပျံမောင်းလာလို့လားကွ ... ဟေ"

"ပြောမနေနဲ့။ တစ်ဘို့ထဲ ကြည့်တဲ့ကောင်တွေ။ စပယ်ယာရော၊ ဒရိုင်ဘာရော ရိုက်ဟေ့"

"ချ ... ချ ..."

"နေ ... နေကြပါဦးဗျ။ ကျုပ်တို့ ပြောပါရစေဦး"

"မင်း ဘာဆင်ခြေပေးမလို့လဲ။ မရဘူး"

"ဟေ့လူ ... နေဦးဗျ။ အဲဒီလူက ကားပေါ်ကလိမ့်ကျတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်တာတုံး"

"ခါးပိုက်နှိုက်။ ကားပေါ်ကရိုက်လို့ ခုန်ချ ..."

"ဟေ ... ဟိုကောင်က ခါးပိုက်နှိုက်တဲ့ဟေ့"

"ခါးပိုက်နှိုက်ဆို ... ချဟေ့ ... ချ ... ချ ..."

"အမှုန့်ချေပစ်ဟေ့"

စောစောက ကားသမားကို ဗျင်းမယ့်လူအုပ်က ကားသမားနဲ့ ခရီးသည်များက ခါးပိုက်နှိုက်လို့ပြောလိုက်ရော ကျုပ်ရှိရာကို ပြေးလာကြပါရောဗျာ။ အဲဒီမှာ ကားသမားနဲ့အတူ ဟိုကုလားဘာဘူကြီးပါ ပြေးလာနေတာ။

ဒီမှာ ကျုပ်က ဝုန်းခနဲထပြီး ပြေးလိုက်တာ။ နောက်ကလည်း 'ခါးပိုက်နှိုက် ... ခါးပိုက်နှိုက်' နဲ့ အော်ပြီးလိုက်ကြတာ။ သိတဲ့အတိုင်း မဟုတ်လားဗျာ။ ရန်ကုန်သားအများစုက ခါးပိုက်နှိုက်ဆို ခံချက်များ



www.burmeseclassic.com

www.burmeseclassic.com



လို့ မှန်းတီးရှုရှာနေကြတာ။ အချောင်သမား၊ အလစ်သမား၊ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျမှ ပျော်တတ်တဲ့ လူ့အတ္တသမား။ ဘဝကိုက ဒီလို။

ကျုပ်က ရှေ့ကပြေး။

ဟိုလမ်းကြားဝင်၊ ဒီလမ်းကြားကွေ့။ ဖွဲကောင်းတဲ့လူအချို့က နောက်ကနေလိုက်။ ဘာကြောလဲ ...။ ကျုပ်ကို ဝိုင်းမိသွားကြရော။

ရွာစားကြီး စိန်ပေဒါ၊ စိန်ဗိုလ်တင့်၊ စိန်ဘမော်၊ မန္တလေး စိန်တင်ဟန်တို့ လက်ကျထက် သာရဲ့။

ဝိုင်းဖျင်းကြတာ။ လူကို သေပြီမှတ်တာ ... ဆရာရေ့။ တော် ပါသေးရဲ့။ ကျောက်တံတားရဲစခန်းက နယ်ထိန်းအောင်ကြည်နဲ့အဖွဲ့ ရောက်လာလို့။

နယ်ထိန်းအောင်ကြည်က အရပ် (၆)ပေနဲ့ သွေးသံရဲရဲကျုပ် ကိုမြင်ရော ...

"ဖိုသာလေးခြောက်ပေလို့ ထင်သား။ ထင်တဲ့ အတိုင်းပဲ။ ကိုင်း ...ခြောက်ပေ၊ အပြင်မှာနေရင် အန္တရာယ်များလှတယ် ငါ့လူ ရာ။ အင်းစိန်ထောင်မှာပဲ တိုက်ခန်းဝယ်ပြီး ပုံစံထမင်းစားနေတော့။ ဟုတ်လား ...။ ကိုင်း ...မင်းကို မပွေ့ချီနိုင်ဘူး။ ကိုယ့်ဘာသာ ထလျှောက်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

အင်းစိန်ထောင်ကြီးကတော့ ကျုပ်တို့အမေအရင်းလိုပါပဲဗျာ။ ရောက်တာနဲ့ လိုက်လိုက်လှဲလှဲ ခရီးဦးကြိုပြုတယ်။

ပဲဟင်းနှင့် ငပိကပ်ကို ပုံမှန်ကျွေးတယ်။ အထဲရောက်တော့လည်း အရင်ကိုယ့်လူဟောင်းတွေနဲ့ ပြန်ဆုံရပြီး သူဖြစ်ပုံ ကိုယ်ဖြစ်ပုံ ပြောလို့ ရယ်ကြ။

နောက်ဆုံး နရသိန်မှာ (၆)လ အလုပ်နဲ့နေရတယ်။

လွတ်ရက်စေ့လို့ နရသိန်ကထွက်တော့ ထောင်မှူးကြီးသိန်းအေး က ထုံးစံအတိုင်း ဆုံးမစကားပြောရဲ့။

"လံဘား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ဆရာ"

"ငါ စာရေးဆရာကြီး ဆရာမြသန်းတင့်ရေးတဲ့ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်းဆိုတဲ့ ဖြစ်ရပ်မှန်ထောင်ဝတ္ထုကို ဖတ်ခဲ့ရဘူးတယ်။ မင်းရော ဆယ်ကြိမ်မြောက် လာဦးမှာလား"

"မပြောတတ်သေးဘူးဆရာ"

"မလာပါနဲ့တော့ကွာ"

"မလာချင်ပါဘူး ဆရာရယ်။ မလာမဖြစ်လို့ပါ"

"ဟူး . . . ဒါဆိုလည်း မလာချင်အောင် မိန်းမယူလိုက်ကွာ"

"ဗျာ . . . မိန်းမ . . ."

"အေးလေကွာ . . . မိန်းမရသွားရင် မယားကျေးမှု၊ သားကျေးမှုသံယောဇဉ်နဲ့ ဆင်ခြင်တုံတရားလေးရှိသွားပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ချင်စိတ် ရှိလာမယ်။ အဲဒီဘဝထဲမှာ ရင်းနှီးမြှုပ်နှံနေလိုက်ရင် မင်း နရသိန်နဲ့ ဝေးသွားလိမ့်မယ်။ လံဘား မကောင်းမှုဒုစရိုက်နဲ့ ချမ်းသာကြီးပွား အသက်ရှည်ပြီးနေရတာထက် ကောင်းမှုသုစရိုက်နဲ့ ဆင်းရဲစွာ အသက်ရှည်ရခြင်းက ပိုပြီး အဆင့်အတန်းမြင့်ပါတယ်ကွာ။

အပြင်ရောက်ရင် ဒိုးတူဘောင်ဘက် လုပ်ကိုင်စားသောက် မှီတွဲနေထိုင်လို့ရမည့် ဇနီးတစ်ယောက်ကို ရှာကွာ။ ရှာတဲ့နေရာမှာ မင်းလိုခါးပိုက်နှိုက်၊ အလစ်သုတ်သမားမျိုး မဖြစ်စေနဲ့။ ငါတို့ထောင်အနေနဲ့က ဒုစရိုက်သမားမှန်ရင်တော့ လင်မယားပဲဖြစ်ဖြစ်၊ ညီအစ်ကိုပဲဖြစ်ဖြစ်၊ သားအဖပဲဖြစ်ဖြစ် ဝင်လာရင် ကျွေးဖို့အသင့်ပဲ။ အဲဒီလို မလုပ်ချင်တဲ့ အလုပ်ကြမ်းမှန်သမျှလည်း ခိုင်းဖို့အသင့်ပဲ။ လီမွှားတော့။ ကိုင်းသွား . . ."

www.burmeseclassic.com



ပြောရရင်တော့ဗျာ ကျုပ် အင်းစိန်အကျဉ်းထောင်မှာ မကြာခဏနေရစဉ် ကာလတစ်လျှောက်မှာ ထောင်မှူးကြီးသိန်းဝင်းက အမြဲလိုလိုတွေ့ပြီး ဆုံးမစကား ပြောလေ့ရှိပါတယ်။

သူက ကျုပ်ကို သနားရှာတယ်လေ။ ဘာလို့လည်းဆိုတော့ လည်မလိုလိုနဲ့ နုံလို့တဲ့။ အင်း ... ဆရာထောင်မှူးကြီးပြောသလို ကျုပ်ဘဝကိုနားလည်တဲ့ မိန်းမတစ်ယောက်လောက်ရရင် ကောင်းမှာပဲ။

ခက်တာက ကျုပ်လို အရပ်ကလန်ကလား လံဘားကိုရောဘယ်လိုမိန်းမမျိုးက လင်တော်ချင်မှာလဲဗျာ နော်”

တိုတိုပြောရရင် အပြင်ရောက်တော့ ရဲကအချိန်ပြည့် မသင်္ကာသူစာရင်းမှာ ကျုပ်ကို ထိပ်ဆုံးက စာရင်းသွင်းပြီး စောင့်ကြည့်နေကြရော။

မြို့ထဲမှာ ပြဿနာ တစ်စုံတစ်ရာပေါ်လာရင် ကျုပ်ကို အရင်လာဆွဲ စစ်ဆေးမေးမြန်းတော့တာပဲ။ မသိလို့ မသိပါဘူးပြောလည်း မယုံကြဘူး။

ပြီးခဲ့သည့်အပတ်က (၃၈)လမ်းတိုက်ကို ဖောက်သွားသတဲ့။ စုစုပေါင်း (၅)သိန်းဖိုးလောက် ပါသွားတယ်။ အဖောက်ခံရသည့်အိမ်ကလည်း ဩဇာရှိတဲ့လူရဲ့ နှမအိမ်။

“မင်း သိကိုသိရမယ် လံဘား”

“မသိလို့ပါ ဆရာရယ်။ ဘုရားစူးရစေရဲ့ဗျာ”

ဒီမှာတင်ပဲ အမှုလိုက်ရဲအုပ်က နာမည်ပျက်စာရင်းစာအုပ်၊ လူဆိုးစာရင်းစာအုပ်ကြီး ချပြတယ်။ အဲဒီစာရင်းက ရန်ကုန်နှင့် အနှံ့တစ်ပိုက်က ဖောက်ထွင်းပိဋ္ဌာတွေရဲ့ အမည်စာရင်း။

“ရေကျော်ပေါက်စီ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ဆရာ"

"ဗိုလ်တာထောင်ချစ်တီး"

"မသိပါဘူး ဆရာရယ်"

"လမ်းမတော် ဝက်ကြီးရော"

"မပြောတတ်ဘူး ဆရာ"

"သာကေတ ချွတ်ကရား"

"ကျွန်တော် မသိဘူးဆရာ"

"ရန်ကင်း ကျောက်ခဲ"

"မသိဘူးဆရာ"

"တိုက်ကြီးသံပရာ"

"သူ့လည်း ကျွန်တော် မရင်းနှီးဘူး"

"သန်လျင် ဝက်အူရော"

"လုံးဝပေါ်ပဲ ဆရာ"

ဒီလိုကျုပ်က မသိလို့ မသိဘူးပြောရော၊ အမှုလိုက်က လုံးဝ ကိုမယုံတာ။ ကျုပ်မျက်လုံးကို စိုက်ကြည့်နေတယ်။ သူ့အကြည့်ကို ကျုပ်ကြာကြာမခံနိုင်ဘူး။ မျက်လွှာချလိုက်တယ်။

"လံဘား ...မင်း ငါ့ကို ညာလို့မရဘူး။ ဒီဖောက်ထွင်း အုပ်စုထဲက လူအချို့နဲ့မင်း လုပ်ဖူးတယ်"

"အဲဒါ ဟိုတုန်းကပါ ဆရာ"

"အခုလုပ်သွားတာလည်း သူတို့ထဲက တစ်ယောက်ပေါက် ရဲ့အုပ်စုပဲ။ ဒါပေမဲ့ သဲလွန်စမရဘူး။ ငြိမ်ချက်သားကောင်းနေတယ်။ မင်းရိပ်မိတာ ဘယ်သူရှိလဲ"

"ကျွန်တော် အမှန်တကယ် မသိလို့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါ အခွင့်အရေးတစ်ခုပေးမယ် လံဘား"

"ဘာလဲဆရာ"

"မင်း ဒီကျောက်တံတားမြို့နယ် အပါအဝင် ရန်ကုန်တိုင်း အတွင်းမှာ နေချင်သလား၊ ဒါမှမဟုတ် နယ်နှင်ခံချင်သလား ... ပြော"

"ဒီ ... ဒီ ... မှာပဲ ... နေ ... နေ ... ပါရစေ ... ဆ ... ရာ ..."

"ဘာလို့နေချင်တာလဲ"

"အဲ ... အဲ ... ဟို ... ဟို ... အဲလေ ..."

"လုပ်စားကိုင်စားရတာ ချောင်လို့မဟုတ်လား"

"မ ... မ ... ဟုတ်ပါဘူး ဆရာ။ ဒီမှာနေတာကြာနေတော့ ဒီအရပ်ကို သံယောဇဉ်ဖြစ် ... ဖြစ် ... နေလို့ပါ ဆရာ"

"ဟား ... ဟား ... ဟား ... ဟား ... လံဘားရာ၊ ပီသသာ သေးရာ ... သံယောဇဉ်ဖြစ်နေလို့ ... ဟုတ်လား။ ဟား ... ဟား ဟား ... ဟား ... ရယ်ရသကွာ။ မင်္ဂလာဈေး၊ မိုလ်ချုပ်ဈေး၊ ပုစွန် တောင်ဈေး၊ လေဟာပြင်ဈေး၊ ကီလီဈေး၊ ရုပ်ရှင်ရုံပေါင်းစုံ၊ မီးရထား ဘူတာ၊ ဗိုလ်တထောင်ဘုရားပွဲ၊ ရွှေတိဂုံဘုရားပွဲ၊ တစ်ရာ့ရှစ်တောင် ဘုရားပွဲ၊ ပြည်ထောင်စုကျိုက္ကဆံပွဲ။

အဲဒီနေရာတွေက မင်းတို့အတွက် အမဲဈေးကွက်နေရာတွေ ပဲလေ။ မင်းတို့ သံယောဇဉ်ရှိမှာပေါ့။ အရမ်းချစ်မှာပေါ့။ ကောင်းပြီ။ ဒီနေရာမှာ မင်း ကောင်းကောင်းမွန်မွန်နေရင် ငါတို့စောင့်ရှောက်မယ်"

"တ ... တ ... ကယ်နော် ... ဆ ... ရာ"

"တကယ်ပေါ့ကွာ။ ဒီမှာ ... လံဘားရေ။ မင်းဆရာကို တစ်ခု

www.burmeseclassic.com



ကူညီကွာ။ မင်းလည်း အကျိုးမယုတ်စေရပါဘူး"

"ပြော ...ဆရာ။ ကျွန်တော် ဘာကူညီရမလဲ"

"မင်း (၃၈)လမ်းတိုက်ခန်းကို ဖောက်သွားတဲ့ ဖောက်ထွင်းသမားတွေကို စုံစမ်းပြီး ငါ့ကိုပြန်သတင်းပို့"

"ဟာ ... ဆရာ ... မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ ပြော ..."

"ကျွန်တော်ပြောမှန်းသိသွားရင် ကျွန်တော့်ကို တစ်နေ့သတ်ပစ်ကြလိမ့်မယ် ဆရာ"

"ငါတို့ရှိပါတယ် လံဘားရာ။ ငါတို့ကလည်း မင်းပြောတယ်လို့ ဖွင့်ပြောမလားကွ။ ရော့ ... ဒါ မင်းသုံးဖို့ယူထား"

အမှုလိုက် ဒုရဲအုပ် ရွှေစတင်းက ကျူပ်ရဲ့လက်ထဲကို ငွေစက္ကူအချို့ ထည့်ပေးနေရာ။

"ဖြစ် ... ဖြစ် ... ပါ့မလား ... ဆရာ ..."

"လံဘားရာ ... မင်းလုပ်ရင် မဖြစ်တာမရှိပါဘူး။ မင်းက ရန်ကုန်ရေဝနေတဲ့ စွယ်စုံကြီးပါ။ ကိုင်း ... သွားစုံစမ်းစရာရှိတာ စုံစမ်း။ အခြေအနေကောင်းရင် မင်းနဲ့ငါတို့ တွဲအလုပ်လုပ်စရာတွေ အများကြီးကွ ... လံဘားရာ။ ဟုတ်လား ..."

အမှုလိုက် ဒုရဲအုပ်ရွှေစတင်းက ကျူပ်ရဲ့လက်ကို ဆုပ်ကိုင်ပြီး မြှောက်ပင့်လို့ ပြောလိုက်တယ်။ ကျူပ်ကလည်း ငွေစလေးများရလိုက်တာရော၊ ကျူပ်ကို ကာကွယ်ပေးမယ်တို့၊ နောင်ရေးတို့ပြောတော့ ငြင်းလို့ မရတော့ဘူးပေါ့ဗျာ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

❑

သိပ်မကြာလိုက်ပါဘူးဗျာ။ ဘိုကလေးဈေးအရက်ဆိုင်မှာ ဗိုလ်တထောင်ချစ်တီးတို့အဖွဲ့နဲ့ ဆုံရောဗျို့။

"ဟ . . . လံဘားကြီး၊ လွတ်လာပြန်ပလားကွ . . . ဟေ"

"အေးကွ . . . မင်းတို့ရော . . . အခြေအနေ"

"မဟန်ပါဘူးကွာ။ ထုံးစံအတိုင်း အရက်ဖြူပဲ မှီဝဲနေရတယ်။ မင်းရော အလုပ်ဖြစ်ခဲ့လား လံဘား"

"တစ်ခွင် မိလိုက်တယ်ကွ"

"ဟုတ်လား . . . ဒါဆို ငါတို့လည်း ဒါနလေးပြုပါဦး လံဘားကြီးရာ။ ငါတို့အဖွဲ့ ရှာန်လျှောနေတာ ကြာပြီကွ။ ကျီးကန်းတွေကလည်း ခင်းသိတဲ့အတိုင်း နေရာတိုင်း ဝဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အနီသောက်မှာလား၊ အဖြူပဲလား"

"အလို ... ငါ့လူရာ။ အနီလေးများ မှိဝဲရရင် အိမ်ကမိန်းမ ကြိုက်တဲ့လူနဲ့ လိုက်သွားပါစေ မောင်လံဘားရာ။ နေ့ဟော့ ကျောက်ခဲ"

ဒီမှာ ရန်ကင်းကျောက်ခဲက ...

"တစ်ယောက်နဲ့မဟုတ်ဘူး။ သုံးယောက်နဲ့လိုက်သွားပြီး ပြန်မလာလေ ကောင်းလေပဲ ... စိန်ချစ်တီးရေ"

"ကိုင်း ... မင်းကြီးဝေသန္တရာ၊ အရှင်မင်းကြီး ရွှေကကြွ၊ ကျွန်တော်မျိုးတို့ နောက်တော်ပါးက ရှိသေစွာခစားပြီး လိုက်ခဲ့ပါမည်ဘုရား"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ... အိုးလ်ဘရန်ဒီကျေးဇူးများ ချစ်တီးတောင် လံဘားရဲ့နောက်လိုက် ဖြစ်ရရောဟေ့"

ဒါနဲ့ ကျုပ်တို့သုံးဦး ကမ်းနားလမ်းဟိုတယ်ကို ရောက်ကြရော။ အိုးလ်ဘရန်ဒီတစ်လုံး၊ ဆော်ဒါနဲ့ အမြည်းသုံးမျိုး မှာလိုက်တယ်။ ဒါကို ကြည့်ပြီး ချစ်တီးရော၊ ကျောက်ခဲရော အံ့ဩနေရော။

"ငါးသုံးလုံးစီးကရက် တစ်ဘူးချဟေ့"

"အလို ... လံဘား သူငယ်ချင်း၊ ရှင်းလို့ရတယ်နော်"

"ငါ့ကိုမေးတာ"

"အေး ... အေး"

ဒါနဲ့ကျုပ်က ရှပ်အင်္ကျီအိတ်ထဲကနေ ငွေစက္ကူအခေါက်ကြီးကို စားပွဲပေါ်ချပြလိုက်ရော ငနဲသားနှစ်ယောက် အံ့ဩယုံကြည်သွားပါရော။

"အပီရိုက်ချလိုက်တာလား လံဘား"



www.burmeseclassic.com

www.burmeseclassic.com



"ရက် (၆)"

"ဘယ်ဂွင်တုံးမောင်ရာ ဟင်"

"ဘာလုပ်မလို့လဲ၊ ရဲ သတင်းပေးမလို့လား"

"ဟာ ... လံဘားကြီးရာ၊ ကျေးဇူးရှင်ကြီးရာ။ ကိုယ့်အချစ်ဆုံးကြီးကို ငါတို့က ဒီလိုလုပ်ရက်ပါ့မလား သူငယ်ချင်းရာ။ အံ့ဩဝမ်းသာ ဂုဏ်ယူလေးစား ... အဲ ... အဲ ... ဘာပြောရပ့်"

ဒီမှာ ရေကျော်ကျောက်ခဲက ...

"ဂုဏ်ယူလေးစားပြီးရင် အားကျ၊ လိုက်လှဲ၊ ကြည်နူး၊ ရွှင်ပြ ဘစ်နေကုန်သောက်ကြမည်ပေါ့ ချစ်တီးရာ"

"ဟား ... ဟား ... ဟား ... ဟား ... အောရိုက် ... အိုကေ"

ဘွိုင်လုပ်သူများက အရက်ပုလင်းများ၊ အမြည်းများ လာချပေးပြီးရော သူတို့ကို ဝေးဝေးမှာနေ၊ လိုမှခေါ်မယ်လို့ပြောပြီး ၎င်းတို့ နှက်ကြတာပေါ့။

ကျုပ်တို့စကားဝိုင်းမှာ သံတံတားမနုရဲ့ ပြည့်တန်ဆာခန်းက ...န်းမတွေအကြောင်းက အဖွင့်ပဲ။

"မိချိုကလည်း မိုက်တယ်နော် ကျောက်ခဲ"

"အဝင်းက ပိုပြီး စွဲစရာကောင်းတယ်ကွ။ အဟီး ..."

"ဒါနဲ့ လံဘား ..."

"ဘာတုံး ... အော့ ... ဂေ့ ..."

"မင်းကို မိခင်ကြိုင်က မေးနေတယ်ကွ"

"ဟို ... တောကရောက်လာတဲ့ နားဆွဲလေးနဲ့ ကောင်မလေးလား"

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ ..။ ကြည့်ရတာ မိခင်ကြိုင်လေးက ငါ့လူကို စွဲနေပုံရတယ်။ အစ်ကိုလံဘားရောတဲ့"

"အဲဒီတော့ မင်းက ဘာပြန်ပြောလိုက်တုံး ချစ်တီး"

"အင်းစိန်တောရမှာ အမိဒ္ဒါန် (၆)လဝင်နေတယ်လို့ ပြောလိုက်ရော ကောင်မလေးကွာ မှိုင်ပြီး သက်ပြင်းချသွားလေရဲ့"

"တကယ် ..."

"ငါ ညာပြောရမလား ... လံဘားရာ။ ကြည့်ရတာ မင်းကို စွဲလမ်းနေပုံဟ။ ဒီမှာလံဘား ... ဖြစ်နိုင်ရင် မင်း ခင်ကြိုင်လေးကို ယူလိုက်ပါလားကွာ ဟင်"

"မနက လက်ခံမလားကွ။ သူက ဒီလို နုနုထွတ်ထွတ်လေး တွေနဲ့ ဘန်းပြလုပ်စားနေတာ"

"မ,ပြေးပေါ့ဟ"

"လွတ်မလား သူငယ်ချင်းရာ။ မိနုတို့ကလည်း အဖွဲ့အစည်း လူမိုက်တွေနဲ့နေတာ။ မြေလှန်ရှာကြမှာပေါ့"

"ခပ်ဝေးဝေးကို ပြေးပေါ့"

"ကြည့်ကြသေးတာပေါ့ကွာ။ ငါလည်း ခင်ကြိုင့်ကို သနားပါတယ်။ သူ ငါ့အပေါ် ကောင်းရှာတယ် သူငယ်ချင်း"

မှန်တာပြောရရင် ကျုပ် မိခင်ကြိုင်လေးကို သနားတယ်။ သူက မြစ်ဝကျွန်းပေါ်သူလေး။ ရန်ကုန်မှာ အိမ်ဖော်အလုပ်ရမယ်ဆိုပြီး စပေါ်ငွေယူ၊ ရွာကမိခင်ကြီးကို ပေးခဲ့လို့ နှစ်နှစ်စာချုပ်နဲ့ လိုက်ခဲ့ရာက သံတံတားမနုဆီကို ရောက်ရော။ ပြည့်တန်ဆာဘဝကို ရောက်သွားခဲ့ရတာ။ ရွာပြန်လို့လည်း မရဘူး။ အပြင်သွားလို့လည်း မရဘူး။

အဲဒီအကြောင်းကနေ ကျုပ်တို့ ခါးပိုက်နှိုက်အကြောင်း၊ ဖောက်



www.burmeseclassic.com

www.burmeseclassic.com



ထွင်းမှုများအကြောင်းကို ရောက်သွားကြတယ်။

"ချစ်တီးချွတ်ကရားတစ်ယောက်ရော မမြင်ပါလား"

"တစ်နေ့ကပဲ ရဲဆွဲသွားပြီ"

"ဟော ... ဘယ်လိုဖြစ်လို့လဲကွ"

"မင်္ဂလာဈေးက အထည်ဆိုင်မှာ အလစ်သုတ်ရင်း ဈေးလုံခြုံရေးအဖွဲ့ကမိသွားပြီး ရဲစခန်းပို့လိုက်တာ"

"ဖြစ်ရလေကွာ။ ခေါးမကြီးတို့အဖွဲ့ရော"

"အညာသီဟိုရှင်ဘုရားပွဲကို လိမ့်သွားကြပြီလေ။ ငါတို့တောင် ခေါ်သေးရဲ့။ နေမကောင်းချင်သလို ဖြစ်နေလို့ပေါ့ နို့မို့ ...."

"ချစ်တီး ... ချကွာ။ ဟော့ ... ဘွိုင် နောက်တစ်လုံးလုပ်ပါဟေ့။ ဒါနဲ့ မသိလို့မေးပါရစေဟ။ ဝက်ကြီးတို့၊ ခေါးပိန်တို့အုပ်စု ခုတစ်လော ပျောက်ချက်သား ကောင်းလှချည်လားကွ။ ခါတိုင်း ဘိုကလေးဈေးအရက်ဆိုင်မှာ မူးနေကြဥစ္စာ"

"မင်းမသိဘူးလား လံဘား"

"မသိဘူး။ ဘာလဲ ဂန့်နေလို့လား"

"ဖွီ ... ဒါကြောင့် မင်းကို ငါတို့လောကသားတွေက ငတုံးလို့ခေါ်တာ ပိသာလေးလံဘားရ။ ငါတို့မင်းတို့အလုပ်က ပတ်ဝန်းကျင်ကို နားမျက်စိဖွင့် လေ့လာရတယ်ကွ။ ရာသီဥတု ဘာဖြစ်နေလဲ၊ လေပြည်လေညင်းလား၊ မုန်တိုင်းလား၊ ငြိမ်သက်နေလား၊ လှိုင်းအိလေးမျှသာလား၊ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း ဖြစ်နေသည်ဆိုလား။ အဲဒါ နားစွင့်နေရမယ် ငါ့လူရ။ အဲဒီလို နားမစွင့် အကြောင်းမပါးလို့လည်း မင်း အင်းစိန်တောရကို (၇)ကြိမ်၊ (၈)ကြိမ် ဝင်နေရတာ။ အော့ ... ဂေ့ ... ဖွီ ...''



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ကလည်း မသိချင်ယောင်ဆောင်ပြီး ငြိမ်နေလိုက်ရင်းက အရက်ကို သူ့ခွက်ထဲဖြည့်ပေးလိုက်တယ်။ ချစ်တီးက ဆော်ဒါနည်းနည်းရောပြီး ဖြည်းဖြည်းချင်း သောက်လိုက်၊ အမြည်းစားလိုက်၊ ငါး သုံးလုံးဖွာလိုက်နဲ့ ဆက်ရက်မင်းစည်းစိမ်ကျလို့။

"ဆက်ပါဦးဟ ... ဝက်ကြီးတို့၊ ဓားပိန်တို့ကိစ္စ"

"တစ်လောက ဒီနှစ်ကောင် ဂွင်ကြီးတစ်ဂွင် မိသွားတယ်"

"ဟုတ်လား။ ဘယ်ဂွင်တုံး"

"(၃၈) လမ်းက အလှကုန်ဆိုင်"

"ဩော် ... ဒါကြောင့် ဒီကောင်တွေ ငြိမ်နေတာကိုး။ တော်တော်ရသွားသလား ချစ်တီး"

"ငါးသိန်းကျော်ဖိုးတဲ့ ... အေ့ ... ဇေ့ ..."

"ပီတယ်ကွာ။ ငါတို့များ ငါးရာတစ်ထောင်နဲ့ နရသိန်ညားရတာချည်းပဲ"

"ခုရော ဝက်ကြီးတို့ ဘယ်မှာဖိမ်ကျနေတုန်း"

"ပဲခူးက ဒါးပိန်တို့ရွာမှာ မယားငယ်ပါခေါ်ပြီး အောင်းနေကြလေရဲ့ ...အေ့ ..."

တော်ပါပြီ။ ဒီလောက်ဆိုလျှင် ကုန်ရကျိုးနပ်ပါပြီ။ သည့်နောက် သူတို့ အရက်ကို ဆက်သောက်ကြသည်။ သောက်လို့စားလို့ဝသည်နှင့် သူတို့နှစ်ဦးကို သုံးဘီးတိုင်စီနှင့် ပြန်ပို့ပေးလိုက်ပြီး ကျူပ် ကျောက်တံတားရဲစခန်းက ဒုရဲအုပ်ဦးရွှေစတင်းကို ဖုန်းဆက်ချိန်းလိုက်လေရဲ့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၀ ]

❑

နောက်တစ်ပတ်ထဲမှာ (၃၈)လမ်း ဖောက်ထွင်းခဲ့ကြတဲ့ လမ်းမတော်ဝက်ကြီးနဲ့ ဒါးပိန်တို့ကို ရဲက ဆွဲလိုက်ပါရော။ အစကတော့ သူတို့က ငြောင်ငြင်းကြဆိုပဲ။

နောက်ဆုံး ရဲထုံးစံအတိုင်း လူခွဲပြီး 'တိုက်မေး'လေး လုပ်ပေးလိုက်ရော ဝက်ကြီးကဖောက် ဒါးပိန်က ခိုးရာပစ္စည်းကို ထုခွဲပေးသည့်ကိစ္စ ပေါ်ပါရော။

အဲဒီတုန်းက ဒုရဲအုပ်ရွှေစတင်းက ကျုပ်ကို မင်းတော်ထွေသံဘာ။ ငါတို့နဲ့ လက်တွဲပါ။ မင်း အကျိုးမယုတ်စေရဘူးလို့ ပြောလေရဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျုပ် (....) မနုတို့တိုက်ခန်းကို ရောက်သွားတယ်။ မနုက ကျုပ်ကိုတွေ့တွေ့ချင်း အော်ရော။

"လံဘား ပျောက်လှချည်လားဟဲ့"

"အညာက အမျိုးတွေဆီ ရောက်နေလို့ မနုရဲ့"

"ဟား ...ဟား ...ဟား ...ဟား ...ဟီး ...ဟီး ဟီး ...ဟီး ...လံဘားရယ် ...နင်ကများ ငါ့ကို ရွှီးလို့ဟယ်။ ဘယ်အညာလဲ ...။ အောက်ပြည် အင်းစိန်တောရမဟုတ်လား။ ဝတော့ လာသားပဲ။ ပဲဟင်းနဲ့ နင်နဲ့ တည့်ပုံရတယ်။ အားလေးရှိတုန်း ကြိုးစား ထား ...လံဘားရေ။ ခုရော ဘယ်သူလဲ ခင်ကြိုင်ပဲလား"

"ဒါပေါ့ဗျာ"

"ခင်ကြိုင်နဲ့လည်း ညားနေဦးမယ်"

"ညားရင် ပိုက်ဆံမကုန်ဘူးပေါ့"

"ငါ့ကို ငတ်အောင်မလုပ်ပါနဲ့ လံဘားရယ်။ ဟင်း ...ဟင်း ဟင်း ..."

ဒီလိုနဲ့ ခင်ကြိုင်နဲ့ကျုပ် ပြန်ဆုံရသပေါ့။ ခင်ကြိုင်ဟာ ကျုပ် ကိုတွေ့လိုက်ရင်ပဲ ဝမ်းကိုသာပြီး ရွှင်နေတာပဲ။

"အစ်ကို ဝလာတယ်နော်"

"အေး ...အင်းစိန်ပဲနဲ့ အားဖြစ်နေတာ"

"ဟွန်း ...အဲဒီကို မသွားပါနဲ့တော့ အစ်ကိုရာ"

"မသွားချင်လည်း ရောက်သွားရတာပဲ ခင်ကြိုင်။ ဘာလို့ မသွားစေချင်ရတာလဲ ...ပြော"

"အစ်ကို့ကို ခင်လို့ပေါ့ ...လို့ ...ဟွန်း"

"ခင်ရုံပဲလား ခင်ကြိုင် ...ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သွား ..."

"ခင်ကြိုင် ... ခင်ကြိုင် ..."

"ဘာတုံး ... လူကို စိုက်ကြည့်နေလိုက်တာ"

"ခင်ကြိုင် ... မင်းကို အစ်ကိုချစ်တယ် ခင်ကြိုင်"

"ဒီစကားမျိုးက ခင်ကြိုင်နဲ့တွေ့တဲ့လူတိုင်း ပြောနေကြစကား ပါ အစ်ကို"

"အဲဒီလူတွေနဲ့ အစ်ကိုနဲ့ မတူဘူးခင်ကြိုင်။ သူတို့က တစ်ခဏ လေးကိစ္စမှာ သာယာကြည်နူးဖို့ ခင်ကြိုင့်ကို တဒင်္ဂလေး ကျွေးလိုက်တဲ့စကား"

"အစ်ကိုကရော အဲလိုမဟုတ်ဘူးလား"

"မဟုတ်ဘူး။ အစ်ကိုက ခင်ကြိုင့်ကို ဟောဒီ ဘယ်ဘက်ရင်အုံ ထဲက လှျပ်လှျပ်လှျပ်လှျပ် တုန်အောင်ချစ်နေတာ"

"ပိုလိုက်တာ။ ရင်ဘတ်ပြုတ်ကျပြီး ကျွန်မအပေါ် ပိနေပါဦး မယ်ရှင်။ ခစ် ... ခစ် ..."

"မလှောင်ပါနဲ့ ခင်ကြိုင်။ အစ်ကို ခင်ကြိုင့်ကို ချစ်သူလိုရော ဇနီးလောင်းလိုရော ချစ်တယ်။ အစ်ကို ခင်ကြိုင့်ကို လက်ထပ်ယူချင် တယ်"

"မဖြစ်နိုင်ပါဘူး အစ်ကို"

"ဘာလို့ မဖြစ်ရမှာလဲ ခင်ကြိုင်ရဲ့"

"ကျွန်မမဖတ်ဘူးတဲ့ စာရေးဆရာအောင်လင်းရဲ့ တစ်ခုသာလို ချင်သည် ဝတ္ထုထဲက ပြည့်တန်ဆာမလေးနဲ့ ဆိုက္ကားသမားလို နောက် ဆုံးတော့လည်း မျက်ရည်အလွမ်းနဲ့ အဆုံးသတ်သွားရတာမျိုး မဖြစ် ချင်ဘူး အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာက ဝဋ္ဋထဲက ဇာတ်ကောင်တွေပါ ခင်ကြိုင်။ မင်းတို့ အစ်ကိုတို့က တကယ်ဖြစ်ရပ်မှန်လောကထဲက အချစ်ကို ယုံကြည်အား ထားလို့ရတဲ့ ခံစားချက်ရှိသူတွေပါ ခင်ကြိုင်ရယ်"

"ဟူး ... မဖြစ်နိုင်ပါဘူး အစ်ကို"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ပြော။ အစ်ကိုချစ်သလို ခင်ကြိုင် က အစ်ကို့အချစ်ကို မယုံလို့လား"

"အစ်ကို့ကို ခင်ကြိုင်မေးမယ်"

"မေး ..."

"အစ်ကို့ရဲ့ လက်ရှိ အသက်မွေးဝမ်းကျောင်းအလုပ်က ဘာ လဲ"

ကျုပ် မဖြေနိုင်ဘူး။ မဖြေရဲခဲ့ဘူး။ ဒီမှာ ခင်ကြိုင် ကျုပ်ရဲ့ ပခုံးကို ကိုင်လှုပ်ပြီး အခါခါမေးနေရဲ့။

"ပြောလေ အစ်ကို၊ ရဲရဲပြောလိုက်စမ်းပါ။ အစ်ကို့အလုပ်က ခါးပိုက်နှိုက်၊ သူခိုး၊ အလစ်သုတ်သမား။ ညီမက ကံကောင်းလို့ အခြေ အနေပေးလို့ ဒီမကောင်းတဲ့ဘဝကနေ ရုန်းထွက်ပြီး အစ်ကို့နဲ့အတူ ပေါင်းသင်းနေထိုင်ပြီး အစ်ကို့ကို ယုံကြည်အားကိုး မှီခိုနေပါပြီတဲ့။

တစ်နေ့ အစ်ကို ... အစ်ကိုရဲ့အလုပ်ကြောင့် ထောင်ထဲကို ပြန်မရောက်ဖူးတဲ့လား။ အဲဒီလိုအဖြစ်မျိုး ပြန်ရောက်သွားရင် ကျွန်မ ဘဝ ဘယ်ကိုပြန်ရောက်သွားမလဲ။ လင်မရှိတဲ့၊ အညာမကောင်းခဲ့သော သစ်ရွက်တစ်ရွက်ဘဝ နွံ့ဗွက်ထဲ ကြွေကျရဦးမှာလား။ ခြေနင်းခုံဘဝ ကို ပြန်မရောက်ဘူးလို့ရော ပြောလို့ရမလား။ ပြောလေ ... အစ်ကို"

"ဟူး ..."

"အစ်ကို့ကို ကျွန်မ မချစ်ဘူးမဟုတ်ဘူး ချစ်ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို အိမ်ထောင်ရေးဘဝတစ်ခု ရေရှည်တည်တံ့ ခိုင်မြဲဖို့က အချစ်တစ်ခုတည်းနဲ့ မရဘူး။ စားဝတ်နေရေးဆိုတာ အဓိကမဏ္ဍိုင်ပဲ။ အဲဒီအတွက် စိုးရိမ်ကြောင့်ကျမှု သောကကင်းဝေးတဲ့ အလုပ်အကိုင်တစ်ခု ရှိဖို့ လိုတယ်။ အပြစ်ကင်းစင်တဲ့ သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်း ဖြစ်ဖို့ အရေးကြီးတယ်။

မကောင်းမှုဒုစရိုက်လုပ်ငန်းကနေ ဖယ်ပြန်တော့မယ်လို့ ဆုံးဖြတ်ပြီး ဘဝသစ်တစ်ခုကို ထူထောင်မယ်ဆိုရင် လူမချမ်းသာချင်နေ၊ စိတ်ချမ်းသာချင်တယ်။ ငါးပိရည်နဲ့ စားရစားရ၊ ကန်စွန်းရွက်ကြော်နဲ့ စားရစားရ အဲဒီအချိန်မှာ အချစ်နဲ့ သစ္စာတရားက သက်သေထူလိမ့်မယ်။

ဒီလိုမှမဟုတ်ပဲ ဒုံရင်းဒုံရင်း ပြန်ရောက်သွားရမယ်ဆိုရင် ကျွန်မတို့နှစ်ဦးရဲ့ စွန့်စားရှန်းကန်မှုဘဝဟာ အဓိပ္ပာယ်ရှိမှာမဟုတ်ဘူး။ ကျွန်မ ဒီအလုပ်ကို လုံးဝ မလုပ်ချင်ဘူး။ မနှစ်မြို့ဘူး။ ကိုယ်ပိုင်အသိနဲ့ ရုန်းထွက်လို့ရအောင် ကြိုးစားမျှော်လင့်နေမှာပဲ။

ဒီနေ့ကံတရား အရေးနိမ့်နေပေမဲ့ တစ်နေ့တော့ ကံတရားက ကျွန်မတို့ဘက်က အလေးသာလာလိမ့်မယ်လို့ မျှော်လင့်နေမိတယ်။ အဲဒီအခွင့်အရေး ပိုင်ပိုင်ရခဲ့ရင် ကျွန်မဒီဘဝဆိုးကို လုံးဝ ပြန်မလာတော့ဘူး။—လူဆိုတာ ယုံကြည်ချက်၊ မျှော်လင့်ချက်ရှိရတယ် အစ်ကို။

အစ်ကို ကျွန်မကို တကယ်ချစ်ရင်၊ မြတ်နိုးရင် အစ်ကို့ဘဝကို အစ်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပါ။ ကျွန်မတို့ အချစ်ရေစက်မကုန်ရင် တစ်နေ့ ပျော်ရွှင်ကြည်နူးစရာ နေ့ရက်များနဲ့ ပြန်ကြုံရမှာပါအစ်ကို။ ကိုင်း ... အစ်ကို ...”

သူမက သူမရဲ့ရင်ထဲက စကားလုံးများကို ကျွေးရေလွှတ်

www.burmeseclassic.com



ပြောပြီးနောက် ကျူပ်ရဲ့လည်ပင်းကို ဆွဲဖက်ပြီး ပါးချင်းကပ်လို့ အိပ်ရာပေါ်ကို လှဲချလိုက်တယ်။

ကျူပ်ကလည်း သူမရဲ့ ပါးဖောင်းဖောင်းလေးကို ယုယစွာ နမ်းရှိုက်ပြီး အားရပါးရ ပွေ့ဖက်ထားလိုက်တယ်။

အဲဒီနေ့က ခါတိုင်းတွေ့နေကြနေ့များလို ကာမဂုဏ်ရေယာဉ်ကြောမှာ ဒလဟော မစီးချောကြပါဘူး။

သိမ်မွေ့ညင်သာသည့် အနမ်းများနဲ့ အချိန်ကို ကုန်စေခဲ့လိုက်တယ်။ ကျူပ်အဖို့တော့ ဒါဟာ အိမ်ထောင်ရေး မင်္ဂလာဦးရဲ့ အစနိဒါန်းလို့ သဘောထားပြီး ကျူပ်ရဲ့အချစ်များကို ရင်ဖွင့်ရင်ခွဲပြတဲ့နေ့ပါပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

❑

ကျုပ်ဘဝက ခွေးမြီးကောက် ကျည်တောက်စွပ်လိုပါပဲဗျာ။ ခင်ကြိုင်နဲ့တွေ့ပြီးနောက်ပိုင်း ကျုပ်ဘဝကိုကျုပ် ပြုပြင်တော့မယ်လို့ ရည်မှန်းချက်လေး ထားခဲ့ပေမဲ့ ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက် ဆရာကြီး ဘခက်ရဲ့ ကျောင်းထွက်များနဲ့ဆုံရင် အလစ်သုတ် ခါးပိုက်နှိုက်တော့ လုပ်မိလိုက်တာပဲ။

ဒီအပြင် ရဲတပ်ဖွဲ့ကလည်း ဟိုမြို့နယ်ဒီမြို့နယ်မှာ ပြဿနာ ပေါ်လာရင် ကျုပ်ကို အရင်ဆွဲတာပဲ။

ပြီးရင် မင်းသိကိုသိရမယ်လို့ အကြွပ်ကိုင်ရော။ ကျုပ်လည်း နတ်မျက်စိရသူမှမဟုတ်တာ။ အခြားသူ ပြစ်မှုကျူးလွန်းတိုင်း ဘယ်သိ မှာလဲဗျာ နော”



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း ကျုပ်ကိုနားချပြီး ခိုင်းကြတော့ ကြာတော့ ကျုပ် ရဲသတင်းပေးလိုလို၊ ဖော်ကောင်လိုလို၊ ချွန်တွန်းလိုလို၊ သစ္စာဖောက်လိုလို ဖြစ်လာခဲ့ပါရော။

အဲဒါ ... ဖောက်ထွင်းမှုသုံးမှု ဓားထိုးမှုတစ်မှုနဲ့ လိုင်းကားပေါ် ဆွဲကြိုးဖြတ်မှုသုံးမှု စသည်တို့ကို သူ့လူကိုယ့်ဘက်သားလုပ်ပြီး သဲလွန်စဖော်လို့ ကူညီပေးခဲ့ရတယ်။

နောက်ပိုင်းလည်းကျရော ...

ဓာတ်ပေါက်သွားကြရော။ တရားခံပေါ်ပေါက်ခဲ့ရသည့် အချို့သော အမှုများမှာ ကျုပ်သစ္စာဖောက်လို့၊ ကျုပ်ဖော်ကောင်လုပ်လို့၊ ကျုပ်ချွန်လိုက်လို့ဆိုတာ အမှောင်လောကသားတွေ သဘောပေါက်ပြီး ကျုပ်ကို ရန်လုပ်လာရော။

ဗိုလ်တထောင်ငမိုးရဲ့ လက်ကျန်တပည့် လူမိုက်အဆက်ဆွေတွေရဲ့ လသာမှာ အနုကြမ်းစီးသည့်ကိစ္စ။

ကျုပ် အရက်တိုက် မေးမြန်းချော့အစ်မေးလို့သိရရော အဲဒါရဲကိုဖွင့်ပြောပြလိုက်တော့ ငမိုးရဲ့သားမြေးတပည့် အောင်ကြီးစိန်တို့အဖွဲ့ အကုန်မိသွားရော။

အဲဒါကျုပ်ကို ကျန်လူများက လိုက်သတ်မလိုလုပ်လို့ နှစ်လလောက် နယ်ကိုရှောင်နေရတယ်။

နယ်ကနေပြန်ရောက်လို့ မီးရထားဘူတာကြီးမှာ ဂွင်လေးများရမလား၊ အမဲကောင်များတွေ့မလားလို့ ‘ချက်’နေတုန်းရှိသေး နောက်ကျောကနေ ‘ရှီး’ခနဲ အသံကြားရပြီး နာလိုက်တာဗျာ။ ဒီမှာပဲ ရှုံးသွားအချို့က အော်ကြရော ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ့ကျောကုန်းမှာ သွေးတွေ သွေးတွေ"

"ဟာ ... မနည်းဘူးဟ။ ဘာဖြစ်တာတုံး"

"လဲတော့မယ် ... ဟာ ... ဟာ ... လဲကျသွားပြီ"

ကျုပ်ကျောကုန်းက သွေးတွေ စီးကျလာတယ်။ ကျုပ် နောက်ပြန် လက်နဲ့စမ်းလိုက်ရော နီရဲမောင်းမောင်းသွေးစက်များ ကျုပ်လက်မှာ စေးထိုင်းပေကျံလို့။

ကျုပ်ကိုယ်တိုင် ဘာဖြစ်လို့ဖြစ်မှန်း မသိလိုက်ရခင်မှာပဲ ကျုပ် မီးရထားလက်မှတ်ခန်းရှေ့မှာ မှောက်လျက် ပစ်လဲကျသွားရော။

ကျုပ်ရဲ့ ပုဆိုးနဲ့အင်္ကျီမှာ သွေးတွေ ရွှဲရွှဲစိုနေပြီ။ ကျုပ် မူးဝေပြီး မျက်လုံးတွေပြာလာပြီ။ ဒီအချိန်မှာ မီးရထားရဲများရောက်လာပြီး ကျုပ်ကို လှုပ်ခေါ်မေးမြန်းနေချိန်မှာပဲ ...

ကျုပ် လုံးဝကို သတိလစ် မေ့မျောသွားခဲ့ရတယ်။

ကျုပ်သတိရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ရန်ကုန်ဆေးရုံရဲ့ လူနာခုတင်ပေါ်မှာ မှောက်လျက်နေရသည့်ဘဝ။

ဆရာဝန် ဆရာမများရဲ့ ပြောပြချက်အရ ကျုပ် ဆေးရုံပေါ်မှာ သွေးလွန်ပြီး သတိလစ်မေ့မျော့နေတာ နှစ်ရက်တဲ့။

ဒဏ်ရာက ကျောကုန်းမှာ သင်တုန်းဓားလို ထက်မြသည့်အရာနှင့် ခွဲချခွဲသွားသည့်ဒဏ်ရာ။

ပြောရရင် လုပ်ကြံဒဏ်ရာ။

အဲဒါ သွေးသွင်းပြီးကုပေးလို့ ပြန်သတိရနေတာဗျာ။ ဒဏ်ရာမှာ အရှည် တစ်ပေကျော်တယ်။ ဝက်ရဲ့ရင်ဘတ်ကို ဓားနဲ့ခွဲသလို အခွဲခံရတာ။



www.burmeseclassic.com

www.burmeseclassic.com



တဝဝင့်ကြွေးပဲပေါ့ဗျာ။

ကျုပ်က ခါးပိုက်နှိုက်ဘဝနဲ့လည်း သူများရဲ့ သားရေအိတ် အကျီအိတ် စသည်ကိုခွဲပြီး ပိုက်ဆံရွှေငွေစသည်များကို နှိုက်ခဲ့သကိုး

ခုတော့ ကျုပ်ရဲ့ကျောကုန်းသားကို သင်တုန်းဓားနဲ့ခွဲပြီး ကျုပ် ရဲ့သွေးကို သူတို့ ယူသွားကြတယ်။

ကျုပ်ရဲ့အသိ ဒုရဲအုပ်ရွှေစတင်းရောက်လာပြီး စစ်ဆေးမေး မြန်းလေရဲ့။

"မင်းကို လုပ်ကြံသွားတဲ့သူကို မြင်လိုက်သလား လံဘား"

"မမြင်ဘူးဆရာ"

"ဘယ်သူလို့ မင်းခန့်မှန်းသလဲ"

"ကျွန်တော့်ကို သတ်ချင်နေသူ ရန်ကုန်မှာ အများကြီးဆိုတာ ဆရာတို့သိပါတယ် ဆရာရယ်။ ဘယ်သူပါလို့ ကျွန်တော် ဘယ်လိုလုပ် ပြောလို့ရမှာလဲ"

"ငါတို့ ရအောင်စုံစမ်းပြီး ထိုက်ထိုက်တန်တန် အရေးယူပေး ပါ့မယ် ... လံဘားရာ"

ကျုပ် ကြားရချက်စကားကြောင့် မချိပြုံး ပြုံးလိုက်တယ်။

"ဆရာ"

"ဘာတုံး ... လံဘား"

"ကျွန်တော်တစ်ခု မေတ္တာရပ်ခံပါရစေ ဆရာ"

"ပြော ... လံဘား ဘာပြောချင်သလဲ၊ ဘာလုပ်ပေးရမလဲ ပြော"

"နောင်ကို ကျွန်တော့်ကို ဆရာတို့ရဲ့ အတွင်းလူယုံဒလံ၊ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေး လုပ်မနိုင်းပါနဲ့တော့ ဆရာရယ်”

“လံဘားရာ ... မင်းကူညီလို့ အမှုမှန်အတော်များများ ..”

“တော်ပါတော့ ဆရာ။ ကျွန်တော်က ဆရာတို့ကိုကူညီရတာ မြင်တဲ့အတိုင်း သက်စွန့်စံဖျားပါပဲဆရာ။ ဒါပေမဲ့ ကျွန်တော့်ဘဝ မလုံ ခြုံဘူး။ အခြားမြို့ကိုလည်း ကျွန်တော်ပြောင်းရွှေ့မသွားနိုင်ဘူး။

ကျွန်တော် ရန်ကုန်မှာပျော်တယ်။ ရန်ကုန်မှာ ခေါင်းချချင် တယ်။ ကျွန်တော်ကို သေတွင်းမပို့ပါနဲ့တော့ ဆရာ။ ကျွန်တော့်ဘာသာ ကျွန်တော် ထောင်ထဲမှာနေရတာက ရန်သူသိပ်များဘူး။ ကြာရင် ကျွန် တော် လူ့လောကကနေ အမြန်ဆုံး ထွက်ခွာသွားရလိမ့်မယ်။

အခုကျွန်တော့်မှာ ရန်သူရော၊ မုန်းသူရော ပိုင်းနေပြီ။ ကျွန် တော့်မှာအပြစ်ရှိရင် အချိန်မရွေးဖမ်းပါ။ ထောင်ချအရေးယူပါဆရာ။ ဒါပေမဲ့ ဆရာတို့ခိုင်းသည့်အလုပ်ကို ကျွန်တော် မလုပ်ပါရစေနဲ့တော့”

ဒီလိုပြောလိုက်တော့ ဒုရဲအုပ် ရွှေစတင်း သက်ပြင်းချပြီး ငေး ငိုင်သွားခဲ့တယ်။ သည့်နောက် ကျွန်တော့်ကို ဆေးဖိုးဝါးခနဲ့ စားစရာ ပေးပေးပြီး လိုအပ်တာမေးမြန်းလို့ ပြန်သွားခဲ့တယ်။

တစ်ချိန်တုန်းက ကျုပ်တစ်ခုခုဖြစ်ခဲ့ရင် ဆရာကြီးဘခက်ရော၊ ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်များရော လာရောက်ကူညီ စောင့်ရှောက်ခဲ့ ကြပေမဲ့ အခု ကျုပ်ရဲ့အပေါင်းအသင်းများကလည်း ကျုပ်ကို အယုံ အကြည် မရှိကြတော့ဘူး။

ဘယ်အယုံအကြည် ရှိမှာလဲလို့။

ကျုပ်က ကိုယ့်လူသူ့ဘက်သားလုပ်ပြီး ကိုယ့်ဘဝတူ လေသ ‌သားတွေကို အမှည့်ခြွေ ခြွေနေတာမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ခု . . . ကျုပ်ခံရလှည့်ရောက်ပြီ။ ကျုပ် သဘောပေါက်တယ်ဗျာ။ ကျုပ်ကျောကုန်းကို သင်တုန်းဓားနဲ့ခွဲလိုက်တာ ဒါ အမှောင်ဒုစရိုက်လောကသားတို့ရဲ့ ပထမနဲ့ ဒုတိယသင်ခန်းစာဗျ။

နောက်တစ်ကြိမ်ဆိုရင် ကျုပ် သရဏဂုံမတင်လိုက်ရပဲနဲ့ ကြဲတောသချိုင်း ခြောက်ပေပကျော် ခုနစ်ပေကျင်းထဲရောက်ဖို့ ကိန်းသေနေပြီ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

❑

ကျုပ် . . . ရန်ကုန်ဆေးရုံကြီးမှာ (၁၅)ရက်လောက် ကြာသွားတယ်။ ဒေါက်တာရာလည်းပျောက်ရော ဆေးရုံကဆင်းခွင့်ပေးလို့ ဆင်းလာလိုက်တယ်။

ကျုပ် . . . ဘာဆက်လုပ်ရမလဲ။

ထုံးစံအတိုင်း ခါးပိုက်နှိုက်နဲ့ အလစ်သုတ်အလုပ်ကိုပဲ ပြန်လုပ်ရတာပေါ့။ သွားပြီ . . .။ လုံးဝ လုပ်ရှားလို့မရသလို ဖြစ်နေတယ်။

ဝွင်လေးမိလို့ လုပ်မယ်ကြံရင် ကျုပ်ကို လုပ်လို့မရအောင် ဝင်ဝင်နှောင့်ယှက်နေတဲ့ ပြိုင်ဘက်သားတွေကို တွေ့နေရတယ်။

လုပ်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမှမဟုတ်ရင် နယ်ထိန်းရဲ့အုပ်စုက နောက်ကနေ တကောက်ကောက်လိုက်နေလို့ ဘာဖွင့်မှ အဆင်မပြေဘူး။

ကျုပ် . . . စည်းပေါက်သွားပြီဗျာ။

ဘဝတူတွေဘက်က ကြည့်ရင် အမှောင်စည်းပေါက်တာ။

အလင်းဘက်က ကြည့်ရင် ဥပဒေစည်းပေါက်နေတာ။ ကျုပ်က စည်းနှစ်စည်း ပေါက်နေတဲ့လူ။ လူကောင်းဘဝကိုလည်း မကူးချင်ဘူး၊ ပညာကလည်း ဟုတ်တိပတ်တိမတတ်။

ငွေရင်းငွေနှီးကလည်း မရှိ။

အလုပ်အကိုင် တစ်ခုခုပေးဖို့ ယုံကြည်သူကမရှိ။ နောက်ဆုံးလှုပ်လို့မရသည့်အဆုံး သံတံတားမနုတို့အိမ်ကို လာခဲ့လိုက်တယ်။

"ဟဲ့ . . . လံဘား"

"မနု . . ."

"နင် တစ်လောက မားထိုးခံရလို့ သေပြီဆို"

"မသေလို့ အခု ခင်ဗျားတွေ့ရတာပေါ့ဗျ။ ဒါနဲ့ ခင်ကြိုင်ရှိလား"

"နင် . . . ခင်ကြိုင့်အကြောင်း မသိလိုက်ဘူးလား"

"မသိဘူး။ ကျုပ် ဆေးရုံတက်နေတာ တစ်လလောက်ကြာတယ်။ ခင်ကြိုင် . . . ခင်ကြိုင် . . . ဘာဖြစ်လို့လဲ ဟင် . . . မနု . . . ဟင်"

"ခင်ကြိုင် အဖမ်းခံလိုက်ရပြီဟ"

"ဗျာ . . . ခင်ကြိုင် အဖမ်းခံလိုက်ရတယ်။ နေပါဦး ခင်ဗျားက ဘာလုပ်နေလဲ။ ခင်ကြိုင်ဟာ ခင်ဗျားရဲ့လူ မဟုတ်ဘူးလား။ ခင်ဗျားလိုက်မကယ်ဘူးလား မနုရာ . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဗျာ ... ကြားရချက်ကြောင့် ဒေါသဖြစ်ပြီး အော်ပြောလိုက်ရော။ ဒီမှာ မနုက ဘာမှမဖြစ်သလို ဟန်ပန်မျိုးနဲ့ ...

"လံဘားရယ် ... ဒီလောကအကြောင်း နင်လည်းသိပါတယ်။ နင်လည်း နင့်အုပ်စုနဲ့နင် အလုပ်လုပ်နေတာပဲ။ နင့်ကို ရဲကမိသွားတော့ရော နင်တို့ဆရာသမားတွေ ဘာလုပ်ပေးလို့ရလို့လဲ။ ထောင်ကျသွားရဲ့ အပြင် ဘာရှိလို့လဲ။ ထောင်ကလွတ်လာရင် ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ကြရုံပဲ မဟုတ်လား။ အဆန်းလုပ်လို့"

"တော်ဗျာ ... ခင်ဗျား ... ခင်ဗျား ... တစ်ဘို့တည်း သမားပဲဗျ ... ဗွီ ..."

"ဟင်း ... ဟင်း ... ဟင်း ... ခင်ကြိုင့်ထက် သားနားတာတွေ ရှိပါတယ် ငါ့မောင်ရယ်။ လာ ... လိုက်ကြည့်လေ"

"တော် ... တော် ... မနု ... ကျုပ် ခင်ကြိုင့်ကိုပဲ ကြိုက်တယ်။ ကျုပ် ခင်ကြိုင့်ကို လာတွေ့နေတာ ကာမဂုဏ်အတွက် မဟုတ်ဘူး"

"အလို ... အံ့ဩစရာ စကားတွေပါလား မောင်လံဘားရဲ့။ နေပါဦး ... ငါ့အိမ်ကို ကာမဂုဏ်အတွက် လာတာမဟုတ်ရင်၊ ခင်ကြိုင့်ဆီကို ပျော်ဖို့ပါးဖို့လာတာမဟုတ်ရင် တော်က ဘာရည်ရွယ်ချက်နဲ့ လာတာတုံး ... မောင်ရဲ့။ ပြောပါဦး ...။ ဟင်း ... ဟင်း ... ဟင်း ..."

"ကျုပ် ... ကျုပ် ... သူ့ ... သူ့ ... ကို ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ... မကြောင်စမ်းပါနဲ့ ... လံဘားရယ်။ စိတ်ရှုးယဉ် အချစ်ဆိုတာ လေထဲ တိုက်အိမ်ဆောက်သလိုပဲဟဲ့။ ခင်ကြိုင်ပါ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းမ။ နင်က ခါးပိုက်နှိုက်၊ သူခိုး။ အခန့်မသင့်လို့ ညားသွားရင် တောင် အင်းစိန်ထောင်ကိုအိမ်လုပ်ပြီး နေရမည့်ဘဝ လံဘားရဲ့။ ဟား ဟား ...ဟား ...ဟား ...ဟား ..."

"တော်ဗျာ ...တော် ...တော် ..."

"ဟား ...ဟား ...ဟား ...ဟား ...အဟတ် ... အဟတ် ...အဟတ် ...။ တကယ့် သူတော်ကောင်း ခါးပိုက်နှိုက် သူခိုးနဲ့မှ လာတွေ့ရပလေဟယ်။ ဟား ...ဟား ...ဟား ...ဟား"

အဲဒီနေ့က ကျုပ်ဗျာ မနုကို သတ်ချင်လိုက်တာလေ။ နေနှင့် ဦးပေါ့ မနုရာ။ တစ်နေ့ လံဘား ဘယ်လိုကောင်လည်းဆိုတာ ခင်ဗျား သိမှာပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

❑

လုပ်ရကိုင်ရတာ ဘေးကျပ်နံကျပ်မို့ စားဝတ်နေရေး အခက်အခဲရှိလာတယ်။ ဒီလိုနဲ့ ရွှေတိဂုံဘုရားပွဲဈေး လျှောက်လှည့်ကြည့်နေတုန်း သူတောင်းစားအုပ်စုကို သွားတွေ့ရပါရော။

[မှတ်ချက် ။ ။ ၁၉၆၈ ခုနှစ်ဝန်းကျင်က သူတောင်းစားများသည် ရန်ကုန်မြို့အနှံ့ ကြံတောသချိုင်း၊ တာမွေသချိုင်း စသည်တို့ကို အမှီပြု၍ နေထိုင်လုပ်ကိုင် စားသောက်လျက်ရှိသည်။ ယခု ဝတ္ထုဇာတ်လမ်းကလည်း ယင်းခေတ်အခါကာလ ဘဝသရုပ်ကို ရေးသားရခြင်း ဖြစ်ပါသည်။]

ကြည့်စမ်း . . . ။

အလုပ်ဖြစ်နေလိုက်ကြတာ။ သူတောင်းစား အထီး၊ အမ၊ ကလေး၊ လူကြီး အရွယ်မျိုးစုံ။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ပတ်တီးဗလပ္ပ၊ ယင်တလောင်းလောင်းနဲ့။

အချို့က ခြေပြတ်လက်ပြတ် ငုံးတိုဘဝနဲ့။

အချို့က တစ်ကိုယ်လုံး အရေပြားရောဂါနဲ့ နူပြီး ရွံစရာ။ အချို့က နို့စို့ကလေး တိုးလို့တွဲလောင်းနဲ့။ အချို့က မျက်စိမမြင်။ အချို့က ချိုင်းထောက်တွေနဲ့။

သနားကြပါခင်ဗျာ ...။

ထမင်းဖိုးလေး ငါးပြားဆယ်ပြား ပေးကြပါ ...အစ်ကိုကြီးတို့၊ အစ်မကြီးတို့ရယ်နဲ့ ဒန်ခွက်စုတ်ထိုးခံပြီး ဂရုဏာသံနဲ့ တောင်းရမ်းနေကြတာ။

ကျုပ်တို့ မြန်မာလူမျိုးကလည်း စေတနာသဒ္ဓါတရား ထက်သန်ရာမှာ ပြိုင်ဘက်မရှိတဲ့လူမျိုးဆိုတော့ သူတောင်းစားတွေ ထမင်းမငတ်ကြဘူး။

အဲဒါ အနီးကပ်လေ့လာလိုက်ရော ...။ ဘုရားရေ ... အချို့က တကယ့်ဒုက္ခိတစစ်စစ်ဗျ။ တကယ့် ကိုယ်ရေပြားရောဂါသည် စစ်စစ်။

အချို့ သူတောင်းစားများက (အင်)အတုတွေကိုး။

မျက်မှန်အမည်းကြီးတပ်၊ လူတွဲလူကူနဲ့ လိုက်တောင်းစားတိုင်း မျက်မမြင်လို့ မထင်နဲ့နော်။

မျက်စိမြင်တယ်။ ကန်းချင်ယောင်ဆောင်ပြီး တောင်းစားနေတာ။ ပြီး ...ပတ်တီးဗရပွနဲ့ မြေကြီးမှာ ဖင်ဒရွတ်ဆွဲရင်း ယင်တလောင်းလောင်းနဲ့ လူတွေ့တိုင်း ဒုက္ခိတသူတောင်းစားလို့ မထင်နဲ့။

အဲဒါလည်း အချို့ အတုဗျာ။

အဲဒီခေတ်ကာလတုန်းက အတုတွေပေါလိုက်သမှဗျာ။ အရက်



www.burmeseclassic.com

www.burmeseclassic.com



အတု၊ ဘိလပ်မြေအတု၊ အချိုမှုန့်အတု၊ ရဟာန်းအတု၊ သီလရှင်အတု၊ ထောက်လှမ်းရေးအတု၊ ငွေစက္ကူအတု၊ သူတောင်းစားအတု၊ ဘိုးတော်အတု၊ ဆရာဝန်အတု အတုတွေကိုစုံနေတဲ့ ကာလကြီး။

နောက်ပိုင်း ကျုပ်လည်း သူတို့လို သူတောင်းစားအတုလုပ်ပြီးတောင်းစားရင် လတ်တလော အန္တရာယ်ကင်းပြီး ဝင်ငွေလေး ရတန်ကောင်းရဲ့ဆိုပြီး သူတောင်းစား စံကျူးဆိုသူနဲ့ အဆက်ရသွားပါရော။

ဒီကောင်စံကျူးက သူတောင်းစားအတုလေဗျာ။ ခြေရောလက်ရော ပတ်တီးအစုံစီး။ မျက်နှာလည်း ပတ်တီးစီး၊ မြေကြီးဖင်ဒရွတ်ဆွဲဂရုဏာသံလေးနဲ့ ဟစ်ပြီးတောင်း။

မိုးလင်းရင် ငါးဆယ် ပြေးမလွတ်ဘူး။

အဲဒီတုန်းက ဝန်ထမ်းလစာ သုံးကျပ်ဆယ့်ငါးပြားခေတ်။

ငစိန်ဆန်တစ်ပြည် နှစ်ကျပ်နဲ့ ပြားနှစ်ဆယ်။

လက်ဖက်ရည်တစ်ခွက် ငါးမူး။

ပုစွန်တောင်ကနေ ပန်းဆိုးတန်းကို ဘတ်(စ်)ကားစီးခ (ဆယ်ပြား) ပိုက်ဆံတစ်မတ်ရှိရင် အသွားအပြန် စီးလို့ရတယ်။ လေဟာပြင်ကချစ်တီးထမင်းဆိုင်မှာ ငှက်ပျောရွက်ပန်းကန်နဲ့ ချစ်တီးထမင်း အဝစားသုံးမတ်။ ရန်ကုန်သန်လျင် သင်္ဘောစီးခ ငါးမူး။ ကိုင်း ... ငွေတန်ဘိုးရှိလိုက်တဲ့ခေတ်ဗျာ။

စံကျူး တစ်နေ့တစ်ညတောင်းရင် အောက်ထစ် ငါးဆယ်ရတယ်။ ဒါပေမဲ့ ငါးဆယ်အကုန်မရဘူးနော်။

ဘာလို့လဲ ... ဟုတ်လား။

အဲဒီအချိန်ကာလတုန်းက ရန်ကုန်မှာ ဂိုဏ်းနဲ့ အလုပ်စားနေကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကုလီဂိုဏ်း၊ ခါးပြဂိုဏ်း၊ သူခိုးဂိုဏ်း၊ ဖောက်ထွင်းဂိုဏ်း၊ မှောင်ခိုဂိုဏ်း၊ အတုဂိုဏ်း၊ မော်လမြိုင်–ရန်ကုန် မှောင်ခိုဂိုဏ်း၊ ပြည့်တန်ဆာဂိုဏ်း၊ ငွေစက္ကူအတုဂိုဏ်း၊ သူတောင်းစားအတုဂိုဏ်း၊ စိန်ခါးမြောင် လမ်းသရဲဂိုဏ်း၊ စိန်ရဲတင်း လမ်းသရဲဂိုဏ်း . . . စသည် ရှိကြတယ်။

သူတောင်းစားအများစုက ကြံတောသချိုင်းမှာ နေကြတာများတယ်။ တာမွေသချိုင်းမှာက လူမျိုးခြားသူတောင်းစားတွေ အနေများတယ်။

ကျုပ် စံကူးရဲ့ အဆက်အသွယ်နဲ့ ကြံတောသချိုင်းကိုရောက်သွားမှ ကြံတောသချိုင်း အုတ်ဂူတွေကြားမှာ အခြေမဲ့အနေမဲ့ သူတောင်းစား အစစ်အတုကိုရောပြီး ရောဂါသည်နဲ့ ပျံကြ၊ ပြည့်တန်ဆာမျိုးစုံကို ဖြစ်သလိုနေနေကြတာ မြင်ရရဲ့ဗျာ။

သူတောင်းစားတွေကို ခိုင်းစားနေတဲ့ လူကြီးရှိတယ်။

သူက ကြံတောသချိုင်း လူမိုက်အုပ်စု။

သူ့အမည်ကို 'ဘီလူး'လို့ပဲ ခေါ်ကြပါစို့ဗျာ။

အားလုံးကို ဘီလူးက အနိုင်ကျင့်၊ ခေါင်းပုံဖြတ်အုပ်ချုပ်ပြီး မိုက်ကြေးခွဲစား နေရာပေးထားတာ။ ဘယ်သူ ဘယ်နေရာတောင်းလည်း သူတို့ကပဲ ခွဲတန်းချတာ။ အိပ်ဖို့နေရာ သူတို့က စီမံပေးသလို၊ သူတောင်းစား အတုရော၊ အစစ်ရော၊ အနူတွေရော ကြံတောသချိုင်းမှာ သားနဲ့မယားနဲ့။ အဲဒါ ဘီလူးတို့လူမိုက်အုပ်စုကို တစ်နေ့ လူကြီး (၂၅)ကျပ်၊ ကလေး (၁၀)ကျပ် ပေးရတယ်။

တောင်းရမ်းပြီးပြန်လာလို့ မပေးရင် ဘီလူးတို့ သွေးအန်အောင်ရိုက်တာ၊ နှိပ်စက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ကြံတောသချိုင်းဟာ ဆဲသံ၊ ဆူသံ၊ မူးယစ်စိန်ခေါ်သံ၊ ရန်ဖြစ်ချနက်သံ၊ ငိုသံရယ်သံနဲ့ ဆူညံနေတာပဲ။

အဲဒီမှာ ကျုပ်လည်း သူတောင်းစားအတုလုပ်ပြီး 'ဝွင်ဖန်'ရတော့တယ်ဗျ။ ဘယ်လိုလုပ်ရသလဲ သိလား။ ဒီလိုလေဗျာ ...။

ပထမဦးဆုံး ပုဆိုးဟောင်းအစုတ်ကို ဖြုပြီး ပတ်တီးစလုပ်ရတယ်။ အဲဒါ လက်ရယ်၊ ခြေထောက်ရယ်၊ မျက်နှာ၊ နားရွက်ရယ်ကို စည်းပြီးရင် ထန်းလျက်ရည်ပျစ်ပျစ်နဲ့ လောင်းဆွတ်။

အရေးကြီးတာက ခြေသည်းလက်သည်းလုံဖို့ အရေးကြီးတယ်။ ခြေသည်းလက်သည်းမလုံရင် လူကောင်းအတုမှန်း သိသာရော။

ထန်းလျက်ရည်လောင်းလိုက်တော့ ယင်ကောင် တလောင်းလောင်းပေါ့ဗျာ။ အချို့အသားနေရာကို ရေနံချေးပျစ်ပျစ် လူးရသေးတယ်။ အဆီတွေထွက်ပြီး ရွံစရာကောင်းသည့်သဏ္ဌာန် ပေါက်အောင်ပေါ့။

အဲဒါလေး စံကူးရဲ့အကူအညီ အဆက်အသွယ်နဲ့ လေ့ကျင့်သင်ကြားလုပ်ကိုင်ပြီး ကြံတောသချိုင်းက အဲဒီလို သူတောင်းစားအတုလိုက်ပို့တဲ့ဆိုက္ကားနဲ့ ကြုံရာသင့်ရာ ဘုရားပွဲ၊ ဈေးအနီးကို ရောက်သွားရတယ်။

မလှမ်းမကမ်းရောက်ရင် ဆင်းပြီး မြေကြီးမှာ ဖင်ဒရွတ်ဆွဲလို့ ပွဲရုံ၊ ဇာတ်ရုံ၊ အငြိမ့်ရုံရှေ့နား လူအုပ်ရှေ့ မြေကွက်လပ်မှာ နှာသံလေးနဲ့အော်ပြီး မရှက်မကြောက်တောင်းရတယ်။

မဆိုးဘူးဆရာရေ ...။

ဒါကြောင့် သူတောင်းစားအလုပ်ကို အချို့ မရှက်မကြောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်စားကြသကိုး။ သူလိုကိုယ်လို သူတောင်းစားအစစ်ရော အတုရော အများကြီးပဲ။

အဲဒါ ကျုပ်ကို ခါးပိုက်နှိုက်လံဘားမှန်း မသိရအောင် ရုပ်ဖျက် ခေါင်းပေါင်း ပတ်တီးပေါင်းပြီး အရပ်ရှည်တော့ မြေကြီးမှာ ခါးကုန်းဝပ် ပြီး ခေါင်းလေးမော့ တောင်းရတာပေါ့ဗျာ။

ကြည့်စမ်း ....။

မိုးလည်းချုပ်ရော ငွေ ငါးဆယ်နီးပါး ရပါရောလား ...။ ဝမ်းသာလိုက်တာ။ အဲဒါ ကြံတောလူမိုက် သူတောင်းစားဂိုဏ်းခေါင်း ဆောင် ဘီလူးကို (၂၅)ကျပ်အပ်ပြီး ကျန် (၂၅)ကျပ်နဲ့ အရက်လေး သောက်လိုက်၊ စားချင်တာလေး စားလိုက်။

ကြံတောသချိုင်းက ဟိုဟာမတွေနဲ့ ပျော်လိုက်နဲ့ ဈေးဦးပေါက် နေ့ဟာ တကယ့်ကို ပျော်စရာပဲဗျာ။

ဒါနဲ့ ဆုံးဖြတ်ချက်တစ်ခု ချရတာပေါ့။ ဒီအလုပ်က ခါးပိုက် နှိုက်၊ သူခိုးအလုပ်နဲ့စာရင် မဆိုးဘူး။ ထောင်နှုတ်ခမ်းနဲ့ ဝေးတယ် ပေါ့။

အဲဒါ လုပ်လို့ကိုင်လို့ ကောင်းတုန်းရှိသေး အကုသိုလ် ဝင်ပါ ရောဗျာ။

ဖြစ်ပုံက ဒီလိုဗျ ....။ ရွှေတိဂုံဘုရား ပွဲဈေးမှာပေါ့။ မြို့ တော်သိန်းအောင်၊ ရွှေမန်းသဘင်၊ ပန်တျာကြည်လင်တို့ဇာတ်ကြီးများ ဝင်သမို့ ပရိသတ်က စည်သလားမမေးနဲ့။

ကျုပ်တို့လည်း ဂွင်ကို တည့်နေတာပဲ။

အသံလည်း ဝင်နေပြီ။ အသံဝင်လေ ပိုကောင်းလေပေါ့ဗျာ။ အများက ပိုသနားကြသပေါ့။ ပါးစပ်ထဲဝင်တဲ့ဖုန်ကလည်း မနည်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ တောင်းလိုကောင်းနေတုန်း ပွဲဈေးတန်း ခေါက်ဆွဲဆိုင်ကနေ မီးထလောင်ပါရောဗျာ။

"မီး ... မီး ..."

"မီးလောင်နေပြီ။ ပြေးဟေ့ ... ပြေး ..."

"ဝုန်း ... ဝုန်း ..."

"ဝေါ ... ဝေါ ..."

"ဟဲ့ ... သန်းမြ ... သန်းမြ ..."

"ရှင် အမေ"

"လူစုမကွဲစေနဲ့။ ပြေး ..."

"ဝေါ ... ဝေါ ... ဝေါ ..."

မီးသတ်ကား ဥဩဆွဲသံလည်း ကြားရရဲ့။ လူတွေ ဝရုန်းသုန်းကားနဲ့ အော်ဟစ်ပြေးလွှားသံလည်း ကြားရရဲ့။ အဲဒီမှာ လူအချို့က ကြောက်လန့်တကြား ပြေးရင်း ...

သူတောင်းစားကျုပ်ကိုပါ နင်းကျော်သွားကြလို့ သူတောင်းစား မြေကြီးမှာ ပြားနေရရဲ့။ ပြားရင်းက ရှေ့ကပိုက်ဆံဒန်ခွက် ပျောက်မှာစိုးလို့ လှမ်းဆွဲတုန်း ...

ဒန်ခွက်ကို နင်းကန်သွားလို့ ရသမျှလည်းပြောင်။

ဒီမှာ မီးရှိန်က အားကောင်း၊ လူအုပ်က ကျုပ်တို့ကိုနင်း။ အဲဒီကြားမြေပြင်ကပိုက်ဆံကို လောဘဇောနဲ့ လိုက်ကောက်တုန်း အနင်းခံရတာ သေမည့်ဘေးမြင်ရော။

ဘာမျှမပြောမနေနဲ့။

မထနိုင်သည့် သူတောင်းစား ဒုက္ခိတအသွင်ကို မျက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ပတ်တီးစုံစည်းလျက်တန်းလန်းနဲ့ လူအုပ်နဲ့ ရောပြေးရပါ ရော။

ကံကောင်းလို့ပေါ့ဗျာ။

မီးသတ်အဖွဲ့ကောင်းလို့။ နှစ်ဆိုင်ပဲ မီးလောင်ပြီး မီးငြိမ်း သွားတော့တယ်။ စာရင်းချုပ်လိုက်တော့ ကျုပ်ညာလက် လူနင်းခံရလို့ တကယ်ကျိုးသွားတယ်။

ဒီမှာ လူအချို့က ဘာပြောမှတ်လို့တုံး။

"မီးဟော့လည်းဆိုရော ဒုက္ခိတသူတောင်းစားက ထပြေးတာ တို့ထက်မြန်သဟော့"

"မြန်မှာပေါ့ဟ ...။ အဲဒါ ဒုက္ခိတသူတောင်းစား အစစ်မှ မဟုတ်ပဲ။ 'အင်' တွေဥစ္စာ"

"အဆိပ်ပင် ရေမလောင်းနဲ့ဟော့။ ကုသိုလ်ရတာက ကုသိုလ် တစ်ပိုင်းပဲ။ အဆိပ်ပင်နဲ့ အတုတွေကို ရှင်အောင်ပံ့ပိုးနေရင် ရှာနာ တယ်။ လုံခြုံရေးအဖွဲ့ သွားပြောထားမှပဲ"

တော်ပါပြီဗျာ ...။ မြိုးမြိုးမြက်မြက်လေးရမလားလို့ သက် တောင့်သက်သာ အချောင်ဝင်လုပ်ကြည့်ပါတယ်။ ညာလက်တစ်ချောင်း ကျိုးသွားခဲ့ရတယ်။ အဲဒီညကစပြီး ကျုပ် ကြံတောသချိုင်းကို ခြေဦး မလှည့်တော့ဘူး။

[နောင်အခါ ရန်ကုန်မြို့တစ်မြို့လုံး သူတောင်းစားပပျောက် ရေးစီမံချက်နဲ့ ရှင်းလိုက်တာ မြို့လည်း သန့်သွားရော။]

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

❑

နောက်ဆုံးတော့လည်း ကိုယ်ကျွမ်းကျင်ရာအလုပ်ကို ကိုယ်ပြန်လုပ်ရတာပါပဲ။

တစ်နေ့ မြိုးမြိုးမြက်မြက်ရပြီးရင် တစ်နေရာမှာ သွားခိုနေမယ်ဆိုပြီး မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)က စိန်ဘာဘူ သူဌေးတိုက်ကို တံခါးအဖွင့် အလစ်ဝင်မလို့ ကြံစည်နေတာပေါ့။

နှစ်ရက်လည်းမြောက်ရော အိုကေပါရော။ ညဥ့်ဦးပိုင်းလေး သူဌေးတိုက်ရဲ့တံခါးရှေ့မှာ ကားတစ်စီးထိုးရပ်တယ်။ ပန်ချာပီအုပ်ပေါင်းဆောင်းဘီရှည်နဲ့ လူသုံးဦးပါတယ်။

ခြံစောင့်နဲ့ စကားပြောဆိုပြီးရော တံခါးဖွင့်ပေးတော့ လူသုံးယောက်နဲ့ကား ဝင်သွားရော။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း ခြံစောင့်ကုလား ဟိုဘက်အလှည့်မှာ လစ်ခနဲ ဝင်လိုက်ပြီး အမှောင်မှာ ဝင်ကပ်နေလိုက်တယ်။

အသေအချာ အခြေအနေကို စောင့်ကြည့်နေတုန်း . . .

အချိန် (၁၅)မိနစ်လောက်အကြာမှာ စောစောက ပန်ချာပီ အုပ်ပေါင်းနဲ့ လူသုံးယောက် ပြုံးပြုံးပျာပျာနဲ့ ပစ္စည်းထုပ်တွေမ,ပြီး ထွက်လာကြတယ်။

သည့်နောက် ခြံစောင့်ကုလားကို လှမ်းခေါ်ပြီး မုန့်ဘိုးပေး သလိုနဲ့ လက်ကိုင်ပဝါနဲ့ ခြံစောင့်ကုလားရဲ့မျက်နှာကို အုပ်လိုက်တာ အစောင့်ကုလား မေ့လဲကျသွားရောဗျာ။

ဒီမှာ ကုလားခါးကြားကသော့ကို ယူပြီး ခြံတံခါးကိုဖွင့်လို့ ကားမောင်းချသွားရော။ ဒါ မသင်္ကာစရာပဲ။ ကြည့်ရတာ ဒီသုံးယောက် ရိုးသားပုံမရဘူး။

ဒါနဲ့ သူတို့ ဘာလုပ်ခဲ့သလဲသိချင်လို့ ပွင့်နေသည့် ဘာကျ တံခါးကနေ အထဲကို မရဲတရဲဝင်ကြည့်လိုက်ရော . . .

"ဟာ . . ."

"ဘုရား . . . ဘုရား"

မြင်လိုက်ရသည့် မြင်ကွင်းက ကြောက်စရာ လန့်စရာများ ကြည့်စမ်း . . .။ စိန်ဘာဘူကုလားသူဌေးကြီး ဆိုဖာပေါ်မှာ ရင်ဘတ် ဓားတန်းလန်းနဲ့ သေနေတာဗျ။

လက်စသပ်တော့ ပန်ချာပီအုပ်ပေါင်းနဲ့ လူသုံးယောက်က ကုလားသူဌေးကြီးကိုသတ်ပြီး စိန်ရွှေငွေရတနာများယူ၍ ပြေးကြတာ ကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ...ဘုရား ...ခုနေ တစ်စုံတစ်ဦးများဝင်လာရင် ကျုပ်သတ်တာလို့ထင်မှာ။ မဖြစ်ဘူး။ ဒီနေရာက အမြန်လစ်မှ။

သို့သော် ဒီအတိုင်းလစ်သွားလို့ မဖြစ်ဘူး။

ရောက်မှတော့ ကြုံရာရရာလေးယူသွားမှ တွက်သားကိုက်မယ်လို့ ဆုံးဖြတ်ပြီး ဟိုဟိုဒီဒီ လိုက်ကြည့်လိုက်တော့ ...

ပြန့်ကြဲနေသည့် ငွေစက္ကူအချို့ကို သွားတွေ့လို့ အားလုံးကောက်သိမ်း၊ အင်္ကျီအိတ်ထဲထည့်၊ စားပွဲပေါ်က ရွှေရောင်လက်ပတ်နာရီလေးလှမ်းယူပြီး ခပ်တည်တည် ပြန်လှည့်ထွက်ခဲ့လိုက်တယ်။

နီးရာလူများ မရိပ်မိအောင် ခြံတံခါးကို အသာပြန်စေ့ပြီး ခပ်သုတ်သုတ် လှမ်းလာခဲ့လိုက်တယ်။

ဒါ့အပြင် ဒီဝန်းကျင်မှာ ကိုယ်ရှိနေလို့မသင့်ဘူး။ မတော် တစ်ယောက်ယောက်က မြင်သွားလို့ လံဘားပါလို့များပြောလိုက်ရင် ...ကြိုးစင်။

ဒါနဲ့ မီးရထားဘူတာဆင်းပြီး ညရထားကြုံရာ မှီရာနဲ့ ဟိုမော်လမြိုင်မြို့ရှိရာကို လစ်လာခဲ့လိုက်တော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

❑

မော်လမြိုင်ရောက်တော့ သိပေါင်းကျွမ်းပေါင်းဖြစ်တဲ့ လှ သန်းတို့အိမ်မှာ တည်းပြီး ...

"လှသန်း ... ငါ့ကို အလုပ်ကလေးတစ်ခု ရှာပေးပါကွာ"

လို့ပြောရတယ်။ အဲဒါ လှသန်းရဲ့ကောင်းမှုနဲ့ 'ချစ်မိုးကြီး' စာအုပ်အရောင်းဆိုင်ကြီးမှာ အလုပ်တစ်ခု ကံကောင်းလို့ ရခဲ့လေရဲ့။

ချစ်မိုးကြီး စာအုပ်ဆိုင်ပိုင်ရှင်က ဦးကြဲတိုင်းအောင်တဲ့ဗျ မော်လမြိုင်မြို့မှာ အရောင်းရဆုံး စာအုပ်ဆိုင်ပေါ့ဗျာ။ ရန်ကုန် လစဉ်ထုတ် မဂ္ဂဇင်းပေါင်းစုံ သူ့ဆိုင်ကနေတစ်ဆင့် အနီးဝန်းကျင်မြို့ များကို ဖြန့်ရတာ။

အဲဒါ ကျုပ်က လဆန်းတိုင်း မီးရထားနဲ့ပါလာသည့် စာအုပ် အထုပ်တွေကို စက်ဘီးနဲ့သွားသယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အကူ မိန်းကလေးနှစ်ယောက်နဲ့ စာအုပ်များကို နေရာချ။ ဦးကြဲတိုင်းအောင်ရဲ့ သမီးနှစ်ယောက်က စာအုပ်စာရင်းပြုစု။ နယ်ပို့မည့်ကိစ္စကျရင် ကျုပ်က ကားပေါ်တင်ပို့ပေး။

နီးရာဆိုင်ကို သွားပို့၊ အကြောင်းကြား။ အဲဒါ နေ့စဉ်လုပ်ရတယ်။ ကျုပ်လည်း ကြိုးစားပြီးလုပ်သမို့ ပိုင်ရှင်သူဌေး ဦးကြဲတိုင်းအောင်က ကျုပ်ကိုသဘောကျ အားကိုးလေရဲ့။

အဲဒါ လစာလည်းရတယ်။ မနက်စာလည်း စားရတယ်။ သန့်သန့်ပြန့်ပြန့်လည်း နေရတယ်။

ဒီမှာအထိုင်ကျလို့ ငွေလေးကြေးလေး စုဆောင်းမိရင်ထောင်ကလွတ်မည့် ခင်ကြိုင့်ကို လိုက်ရှာရမယ်။

ဒီမြို့လေးမှာ ခင်ကြိုင်နဲ့အတူ ဒိုးတူဘောင်ဘက် လုပ်ကိုင်စားသောက်ပြီး ဘဝကို အခြေချမယ်လို့ စဉ်းစားစိစဉ်နေတုန်း။

အခြားမြို့ကပို့လိုက်သည့် စာအုပ်ဖိုးငွေများ မီးရထားစာကိုက်မှထုတ်ပြီး စာအုပ်တိုက်ကိုပြန်အလာ။

စာအုပ်တိုက်ထဲမှာ ရဲယူနီဖောင်းနဲ့ လူတစ်ယောက်ကို စာအုပ်တိုက်ပိုင်ရှင် သူဌေးဦးကြဲတိုင်းအောင်နဲ့ ရယ်မောစကားပြောနေတာ လှမ်းမြင်လိုက်ရပါရောဗျို့။

ကျုပ်ရင်ဟာ ရဲယူနီဖောင်းကို မြင်လိုက်ရရော ချက်ချင်းတုန်ခါပြီး နောက်ပြန်လှည့်ပြေးမလို့အလုပ်။

"ဟေ့ကောင် ... အောင်ချမ်းသာ"

ကျုပ်ရဲ့အလုပ်ရှင်က လှမ်းခေါ်လိုက်ပါရောဗျာ။ ကျုပ်က ကျုပ့်နာမည်ကို အောင်ချမ်းသာလို့ ပြောထားသမို့လား"

"အောင်ချမ်းသာ"

---



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

ကျုပ် ရပ်ပြီး လှည့်လိုက်ရတယ်။ ဒီမှာ ရဲယူနီဖောင်းနဲ့လူက ကျုပ်ကိုမြင်သွားပြီး ...

"ဟင် ... မင်း ... မင်း ... လံဘား ... လံဘား မဟုတ်လား"

ရဲအုပ်ရဲ့အမေးကြောင့် ကျုပ် ဘာပြန်ပြောရမှန်း မသိဘူး။ ဒီမှာ ကျုပ်ရဲ့အလုပ်ရှင် ဦးကြဲတိုင်းအောင်က ...

"ကိုရွှေစတင်း ... ခင်ဗျား အောင်ချမ်းသာကို သိလား"

ကျုပ် ကျောက်တုံးတားအမူလိုက် ရဲအုပ်ရွှေစတင်းကိုမြင်လို့ ပြေးမယ်လည်းလုပ်ရော ရဲအုပ်ရွှေစတင်းက ခါးကြားက ခြောက်လုံးပြူး သေနတ်ကို ဆတ်ခနဲဆွဲထုတ်ချိန်လိုက်ပြီး ...

"လံဘား ... မင်း မပြေးနဲ့။ ပြေးရင် ငါပစ်လိုက်မယ်"

"ဟ ... ဟ ... ကိုစတင်း ... ဒါ ... ဒါ ကျုပ်ရဲ့ အလုပ်သမားပါဗျ"

"နောက်မှ ကျွန်တော်ရှင်းပြမယ် ကိုကြဲတိုင်းအောင်။ ဟေ့ ကောင် ... ငြိမ်ငြိမ်နေနော်"

ရဲအုပ်ကိုရွှေစတင်းဟာ ကျုပ်ကို သေနတ်နဲ့ချိန်ပြီး အနီးကို ရောက်ရော ကျုပ်ရဲ့ ညာလက်ကောက်ဝတ်ကို ခါးကြားက စတီးလ်လက်ထိပ်နဲ့ ဖျောက်ခနဲ ခပ်လိုက်လေရဲ့။

ရုန်းကန်ချိန်တောင် မရလိုက်ဘူး။ လျှင်မြန်လိုက်တာဗျာ။

"မင်းက ဒီမြို့မှာ အောင်ချမ်းသာတဲ့လား"

ရုတ်ရုတ်သည်းသည်း မြင်ကွင်းကြောင့် စာအုပ်ဆိုင်က အလုပ်သမားများရော၊ စာအုပ်ဝယ်သူများပါ ကျုပ်ကို ဝိုင်းအုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြတယ်။

ဒီမှာ ကျုပ်ရဲ့အလုပ်ရှင်က မနေနိုင်သည့်အဆုံး ကျုပ်ဘက်က ဝင်ရပ်ပေးရရော။

"ကိုရွှေစတင်း ... ဒါ ကျုပ်ရဲ့ အလုပ်သမားပါဗျာ။ လူကောင်းတစ်ဦးပါ။ သူ့နာမည် အောင်ချမ်းသာလို့ ခေါ်ပါတယ်။ ဘာကိစ္စကြောင့် ခင်ဗျား ကျုပ်ရဲ့အလုပ်သမားကို ဖမ်းဆီးရတာလဲ"

"လူသတ်၊ လုယက်မှုကြောင့်"

"ဗျာ ... ဘယ်လို ... ဘယ်လို ... အောင်ချမ်းသာဟာ လူသတ်လုယက်ခဲ့လို့။ ဟာဗျာ ... လုံးဝ မဖြစ်နိုင်တာဗျာ"

"ကျွန်တော် မလုပ်ဘူး၊ လုံးဝမလုပ်ဘူး ... ဆ ... ဆရာ"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... အခြားသူကို မင်းညာလို့ လိမ့်လို့ ရချင်ရမယ် ... လံဘား။ ငါ့ကိုတော့ မင်း လုံးဝ ညာလို့မရဘူး။ ဒီမှာ ကိုကြတိုင်းအောင် ခင်ဗျားဆီမှာ ဒီကောင် အောင်ချမ်းသာလို့ အမည်ပြောင်းပြီး လာခိုနေတာ။

အမှန်က ဒီကောင်ရဲ့နာမည်အရင်းက လံဘားကျောက်တံတား။ ခါးပိုက်နှိုက်၊ သူခိုး၊ ဖောက်ထွင်းဝိဇ္ဇာ။ ဒီကောင်နဲ့အဖွဲ့က မဂိုလမ်းက စိန်ဘာဘူ ဦးမွန်နားကို တစ်ညဦးပိုင်းမှာ ဓားနဲ့ထိုးသတ်ပြီး စိန်ရွှေငွေပစ္စည်း သိန်းငါးဆယ်ဘိုးကို ယူသွားကြတယ်။ အဲဒီမှာ ဒီကောင် ပါတယ်။ ကျိန်းသေပဲ။ ဒါကြောင့် ..."

"ဆ ... ဆ ... ရာ ... ကျွန်တော် ... မသတ်ဘူး ... မသတ်ဘူး"

"ဟုတ်ပြီ ...။ မင်းမသတ်ရင် ဘယ်သူသတ်တာလဲ ပြော"

"ကျွန်တော် မသိဘူး။ ပါလည်းမပါဘူး ... ဆ ... ရာ"

www.burmeseclassic.com



"မင်း ငါ့ကို ညာလို့ရမှာလား လံဘား"

"ဘုရားစူး၊ မိုးကြိုးပစ်ရစေရဲ့ ဆရာရယ်။ ကျွန်တော် လုံးဝ မလုပ်ပါဘူးဆရာ"

ကျုပ်ကလည်း အကြောက်အကန်ကို ဘူးခံပြီးငြင်းလိုက်တယ်။ ရဲအုပ်ကိုရွှေစတင်းကလည်း ကျုပ်ရဲ့မျက်နှာကိုကြည့်ပြီး ရယ်နေတယ်။

"လံဘား ... စိန်ဘာဘူရဲ့တိုက်ခန်းမှာ တင်ကျန်ရစ်ခဲ့တဲ့ ခြေဖဝါးရာက အရှည် ဆယ့်သုံးလက်မရှိနေတယ်။ အဲဒီခြေရာအရှည် မျိုးက ရန်ကုန်ဒုစရိုက်လောကသားထဲမှာ မင်းခြေရာစစ်စစ်ပဲ။ ကျန် တာက ရှူးဖိနပ်ခြေရာချည်းပဲ"

"ဗျာ ..."

"နောက်တစ်ချက် ... မင်းမှန်း မြင်လိုက်သူရှိသေးတယ်"

"ဘယ် ... ဘယ်သူလဲ ... ဆ ... ရာ ပြော ... ပြော"

"ပြောမှာပါ။ ငါမပိုင်ရင် မင်းကို မဖမ်းဘူး လံဘား။ မင်း ကိုမြင်လိုက်သူက ပြန်သတိရစပြုလာတဲ့ စိန်ဘာဘူရဲ့ခြံစောင့် ကုလား အီစွတ်ပဲ"

"ဟင်"

"သူကပြောတယ်။ ကနဦးဝင်လာတာ ပန်ချာပီခေါင်းပေါင်းနဲ့ မုတ်ဆိတ်ပါးမြိုင်းနဲ့ လူသုံးယောက်။ သူ့ကို ပြန်အထွက်မှာ မေ့ဆေး လက်ကိုင်ပဝါနဲ့ အုပ်ခဲ့တယ်။ ပြန်သတိရလို့ ကြည့်လိုက်တော့ အရပ် ခြောက်ပေခန့်ရှိသူတစ်ဦး ခြံတံခါးကိုပိတ်ပြီး ထွက်သွားသတဲ့။ ပြီး သေချာအောင် ငါပြောရဦးမလား ... လံဘား"

ရဲအုပ် ရွှေစတင်းဟာ ပြောရင်းကနေ ကျုပ်ရဲ့ ဘယ်လက်ကို သူ့လက်နဲ့ ကိုင်မြှောက်လိုက်ပြီး ...

---



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ... မင်းလက်ကောက်ဝတ်က Rolex နာရီပဲ"

"ဗျာ ..."

"ဒီနာရီက စိန်ဘာဘူသူ့ဋ္ဌေး မစ္စတာမွန်နား အမြဲပတ်လေ့ရှိသည့်နာရီ။ တန်ဖိုးအကြီးစား ရိုးလ်တိုက်ထွက်နာရီပဲ။ ဒီလိုနာရီမျိုးကို မင်းလိုလူစား ဘယ်လိုလုပ် ပတ်နိုင်မှာလဲ။ လံဘား ... အဲဒါ မင်းတို့ ဘာဘူကိုသတ်ပြီး ယူသွားကြတာ။ ကိုင်း ... မင်း ဘာငြင်းချင်သေးလဲ ... ပြော"

ရဲအုပ်ကိုရွှေစတင်းရဲ့ ရှင်းပြချက်စကားဆုံးရော အားလုံးသောအနီးရှိလူများ ကျုပ်ကိုကြည့်ပြီး အံ့ဩထိတ်လန့် တုန်လှုပ်သွားကြလေရဲ့။ ကျုပ်လည်း ငြင်းလို့မရတော့ဘူး။ ခေါင်းငိုက်စိုက် ကျသွားခဲ့တယ်။

နောက်ဆုံး ဖြစ်ကြောင်းကုန်စင် မြင်သမျှ လုပ်သမျှကို ဝန်ခံလိုက်ရပြီး စိန်ဘာဘူကိုသတ်သွားတာ ကျုပ်မဟုတ်ကြောင်း၊ စိန်ဘာဘူကိုသတ်သွားတာ ပန်ချိုပီခေါင်းပတ်နဲ့ လူသုံးယောက်ဖြစ်ကြောင်းနှင့် ကျုပ်ယူခဲ့ရသည့် ပစ္စည်းများအကြောင်းကို ပြောပြလိုက်ရော ...

"ဒါပေါ့ ... လုပ်ရဲရင် ခံရဲရမှာပေါ့။ မင်းနောက်ကို ငါလိုက်နေတာ ကြာပြီ။ အခု ရာထူးတိုးပြီး ဒီမြို့ရောက်မှ အခန့်သင့် မင်းနဲ့ကြုံလိုက်ရတာ။ ငါကံကောင်းသလား၊ မင်းကံဆိုးသလား။ မင်းဘာသာစဉ်းစား လံဘား။ ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ဘူး လံဘားရေ။ အမှန်က မင်းဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ။ နောင်တတရားမရှိတဲ့ကောင်ပဲ။ ကိုင်း ... မင်းကိုမိမှတော့ နောက်သုံးယောက် ပြေးမလွတ်တော့ပါဘူးကွာ။ ကိုင်း ... သွားကြစို့"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

❑

ကျုပ်က စိန်ဘာဘူလူသတ်မှုမှာ ကြံရာပါမဟုတ်ပေမဲ့ အရိပ်သုံးပါးနားမလည်ပဲ ချောင်ရင်လစ်ရင် လစ်သလို လုပ်လေ့ရှိတဲ့ မဆင်မခြင်လောဘဇီဇကြောင့် ထောင် ( .... ) နှစ် ကျခဲ့ရတယ်။

ကံကောင်းလို့ပေါ့ဗျာ။

မျက်မြင်သက်သေစာရင်းလည်း ဝင်သွားလို့ သက်သာရတာ။ ကျုပ်က ကျောက်တံတားရဲစခန်း ပြန်ရောက်တော့ ရဲစခန်းမှာ လူပုံလူပန်း ပြောပြလိုက်တော့ ရဲအဖွဲ့က စုံစမ်းလိုက်ရော။

စိန်ဘာဘူကိုသတ်တဲ့ တရားခံများက လမ်းမတော်လူဆိုးကြီး ဖိုးတုတ်ရဲ့ တပည့်လက်သစ် ဖေချဉ်ရယ်၊ စိန်ခြယ်ရယ်၊ သာယာဝတီ ထောင်ပြန် ငတိုးရယ်ဆိုတာ ပေါ်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ပန်ချာပီလို အယောင်ဆောင်ဝတ်ပြီး စိန်အရောင်း အဝယ်လုပ်မည့်ဟန်နဲ့ ဝင်ချသွားတာကိုး။ ဒါကိုမသိတော့ ကျုပ်က လက် ကျန်လေးလိုချင်လို့ ဝင်ကြိတ်ရော။

ကိုယ်ပါ အကုသိုလ်အတုံးလိုက်ဝင်ရော။

တော်ပါပြီဗျာ။ လူ့ဘဝ လူဖြစ်လာတာ အပြင်မှာ အေးအေး လူလူ နေရတယ်မရှိဘူး။ အချုပ်နဲ့ထောင်၊ ထောင်နဲ့အချုပ် ကူးချီသန်း ချီလုပ်နေရတယ်။

ကျုပ်အသက်လည်း လူရွယ်မဟုတ်တော့ဘူး။

ဒီလိုနဲ့ ပြစ်မှုကြွေးကို မုပ္ပလင်ကျောက်ထုစခန်းမှာ ချွေးနဲ့ ဆပ်ခဲ့လိုက်ရတယ်။

လွတ်ပင်ပန်းသလား မမေးနဲ့။

မုပ္ပလင် ကျောက်ထုစခန်းမှာ (၂)ရက်ခံနဲ့ အလုပ်စခန်းဝင် ပြီးရော လွတ်ငြိမ်းချမ်းသာ လျှော့ရက်ခံစားခွင့်နဲ့ ကျုပ် ပြန်လွတ်လာ ခဲ့ရတယ်။

ဟော ...အခု ကျုပ်ချစ်တဲ့ ရန်ကုန်မြေကို ပြန်နင်းရပြီ။ ကျုပ်တွယ်တာခဲ့ရတာ သံယောဇဉ်ကြီးရတဲ့ ကျောက်တံတားကို လံဘား ပြန်ရောက်ခဲ့ရပြီ။

(၃၂) လမ်းက စာရေးဆရာတွေသောက်တဲ့ လက်ဖက်ရည် ဆိုင်ကိုဝင်ပြီး ခါတိုင်းလို ပေါ့ကျလေးမှာလို့ ခပေါင်းစီးကရက်လေးခဲ ပြီး ရှေ့လုပ်ငန်းစဉ်ကို စဉ်းစားရပြီ။

ဒီမှာ ဘယ်သူ့ကို သွားသတိရလိုက်သလဲဆိုတော့...

မိခင်ကြိုင်လေးကို သွားသတိရလိုက်တယ်။

---



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြိုင် လွတ်ရောပေါ့။ အင်း ... ကျုပ် ... ကျုပ် ... ကျုပ်ပါးစပ်ကပြောတော့ ခင်ကြိုင့်ကို ရင်နှင့်အမျှ ချစ်ရချည်ရဲ့ဆိုရဲ့။

ခင်ကြိုင် ထောင်ကျနေစဉ်ကာလအတွင်း ကျုပ် ထောင်ဝင်စာ တစ်ခါက် သွားမတွေ့ဖြစ်ဘူး။ ပြန်စဉ်းစားရင် ကျုပ် ခင်ကြိုင့်အပေါ်မှာ မိတ်ဆွေကောင်း မပီသသလို၊ ချစ်သူကောင်းလည်း မပီသခဲ့ဘူး ဗျာ။

ခုလောက်ဆို ခင်ကြိုင်ကတော့ စဉ်းစားမှာပဲ။

ကျွန်မကို ချစ်တယ်လို့ပြောတာ ဒီလို ခဏလာတွေ့တဲ့လူတိုင်း ပါ အစ်ကို ... လို့။

ဘာပဲဖြစ်ဖြစ် ခင်ကြိုင့်ကိုရှင်းပြမှ ကျုပ်ကိုကျုပ် နေလို့ထိုင် လို့ရမှာ။

လက်ထဲမှာလည်း ရဲဘက်လုပ်စခန်းက ပေးလိုက်တဲ့ ငွေလေး ရှိနေလို့ သံတံတားမနုတို့ အိမ်ခန်းရှိရာကို လာခဲ့လိုက်ရော ...။

အလို ... မနုတို့ ရင်သိမ့်တုန်နန်းတော်ကြီး တံခါးသော့ခပ် လျက် တန်းလန်းနဲ့ပါလား။

"မနု ... မနု ..."

"ဗျို့ ... မနု ... မနု ... ဘယ်သွားတုံးဗျ"

ကျုပ်က သံတံတားမနုတို့ နှစ်ထပ်တိုက်အိမ်ကြီးရှေ့ကနေ မနု အမည်ကို အော်ခေါ်ရော။

အနီးအနားအိမ်က လူရွယ်တစ်ယောက် ထွက်လာပြီး ...

"ဟေ့လူ ... ဘယ်သူ့ကို တွေ့ချင်လို့တုံး"

"ဒီတိုက်အိမ်က ဒေါ်နုတို့ကို တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီမှာမရှိဘူး။ ပြောင်းသွားပြီဗျ"

"ဟုတ်လား ... ဘယ်ကိုပြောင်းသွားသလဲ နောင်ကြီးရာ။ ဘယ်တုန်းက ပြောင်းသွားသလဲဟင်"

"ခြောက်လလောက်ရှိပြီဗျ"

"ဘယ်ကို ပြောင်း ..."

"အင်းစိန်ထောင်ကို"

"ဗျာ ... အင်းစိန်ထောင်ကို"

"ဟုတ်တယ် ...။ စိမ်ချက်နဲ့ ဝင်ဆွဲလိုက်တာ ပြည့်တန်ဆာခေါင်း ဒေါ်နုရော၊ သူ့မွေးစားသမီးတွေရော အကုန် အင်းစိန်ထောင်ရောက်ကုန်ပြီ။ ဒီအိမ်ကြီးကို ရဲတပ်ဖွဲ့က ချိတ်ပိတ်ထားတာ။ နောင်ကိုခင်ဗျား မလာနဲ့တော့။ တော်ကြာ ... ပိုင်နက်ကျူးကျော်မှုနဲ့ အရေးယူခံရလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ။ မသိလို့ပါ နောင်ကြီးရာ။ ခုချက်ချင်း ထွက်သွားပါ့မယ်ဗျာ"

ဒါနဲ့ မနုတို့ခြံဝန်းကနေ ပြန်ထွက်လာပြီး မီးရထားဘူတာကြီးအနီးက ကျုပ်တို့ သူခိုး၊ ခါးပိုက်နှိုက်တွေ သောက်နေကျ လက်ဖက်ရည်ဆိုင်ကိုဝင်ပြီး မိတ်ဟောင်းဆွေဟောင်းများ မျှော်ရင်း စဉ်းစားခန်းဝင်လိုက်တယ်။

သံတံတားမနုကို စိမ်ချက်နဲ့ အရေးယူလိုက်ပြီဆိုတော့ တစ်ဇာတ်သိမ်းသွားတာပေါ့။ အဲဒီမှာ ကျုပ်ရဲ့ မခင်ကြိုင်များ ပြန်ပါသေးလေမလား။

ဘယ်သွားစုံစမ်းရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



နယ်ထိန်းတွေ သွားမေးလို့လည်း မဖြစ်။

ရန်ကုန်မြေ နင်းရရုံလေးရှိသေး နယ်ထိန်းကခေါ်ပြီး ကောင်းကောင်းနေဖို့ သတိပေးလိုက်ရဲ့။

ဒီမှာပဲ ခါးပိုက်နှိုက်လက်ပွား ဦးထုပ်ငိုက်စိုက်ဆောင်းပြီး လူရှေ့ရောက်လာရော။

"လက်ပွား"

"ရှူး ... တိုးတိုး"

"ထိုင်ပါဦးဟ ... လက်ပွားရ"

"မထိုင်ရဲဘူး။ ဒီမှာလံဘား ... မင်း မလှုပ်ရှားနဲ့တော့"

"ဘာဖြစ်လို့လဲ လက်ပွား"

"အားလုံး ခါးပိုက်နှိုက်၊ အလစ်သုတ်၊ ခွဲ အားလုံး အရေးပေါ်စီမံချက်နဲ့ရှင်းလို့ ကုန်သလောက်ရှိပြီ။ ငါလည်း အညာကိုလစ်တော့မယ်။ မင်းလည်း ကြည့်နေတော့"

လက်ပွားဟာ စကားကို တိုရှင်းလိုရှင်းပြောပြီး ဦးထုပ်ကို ဆွဲချလို့ လစ်ခနဲ ပြန်ထွက်သွားလေရဲ့။

အရေးပေါ်စီမံချက်နဲ့ အကုန်ဆွဲသွားပြီတဲ့။

အင်း ... သက်ဆိုင်ရာက ဒုစရိုက်တောမှန်သမျှ တစ်တောပြီးတစ်တော ရှင်းနေတာကိုး။

ကျုပ်တောင် မနေ့တုန်းကလွတ်လာလို့။ ရန်ကုန်မှာရှိနေရင် ကျုပ်လည်း အရေးပေါ်စီမံချက်နဲ့ ဂန့်ပဲ။

ဒါနဲ့ ဘာလုပ်ကိုင်စားသောက်ရရင် ကောင်းမလဲဆို့ အကြံထုတ် အလုပ်ရှာနေတုန်းမှာပဲ (၃၂)လမ်း စာရေးဆရာများသောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည့်အေးလက်ဖက်ရည်ဆိုင်မှာ ကျုပ်နဲ့ မျက်မှန်းတန်းနေတဲ့ စာရေးဆရာကြီး ဦးနေလရောင်တိန်ကို သွားတွေ့ပါရော။

"ဟ . . . လံဘား၊ မင်း လွတ်လာပြီလားဟေ့"

"ဟုတ်တယ် ဆရာ"

"လာကွာ . . . ထိုင်။ မောင်ခင်ရေ လံဘားအတွက် ပေါ့ကျ"

"ဟုတ်ကဲ့ ဆရာ"

ကျုပ်နဲ့ စာရေးဆရာကြီး ဦးနေလရောင်ထိန်နဲ့က ခင်မင်ကြတာ ကြာပြီ။ ဆရာကြီးက ကျုပ်တို့ ခါးပိုက်နှိုက်ဘဝတွေကို စာပေအဖြစ်နဲ့ ရေးနေသူကြီးလေ။

ကျုပ်တို့က ကျုပ်တို့ဘဝကို ကုန်ကြမ်းပေး။

စာရေးဆရာကြီးက ကုန်ချောထုတ်ပေါ့။

သူ ကုန်ချောထုတ်လိုက်တဲ့ ဝတ္ထုတိုလေးတွေမှာ ဘဝပြဿနာရော၊ နောင်တရော ရောပြွန်းလို့ပေါ့။

သူ့ဝတ္ထုတိုတွေကို ဖတ်ရရင် ထောင်ကို မဝင်ချင်တော့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ဝင်ချီထွက်ချီသမားတွေဆိုတော့ စာရေးဆရာကြီးလည်း ကျုပ်တို့ကို ပညာသိပ်မပေးတော့ဘူး။

စာရေးဆရာကြီးရဲ့ လေသံအတိုင်းပြောရရင် . . .

'မေတ္တာထားလို့ ရမည့်သူကို မေတ္တာပေးမယ်။ ဂရုဏာထားလို့ ရမည့်သူကို ဂရုဏာပေးမယ်။ မုဒိတာထားလို့ ရမည့်သူကို မုဒိတာပွားမယ်။ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ ဒီတရားသုံးပါးနဲ့ ပြုပြင်စောင့်ရှောက်လို့မရရင် ဉပေက္ခာပြုရမှာပဲ။

ဉပေက္ခာပြုတယ်ဆိုတာ ဝိုင်းပယ်တာ ဝိုင်းကြဉ်တာမဟုတ်ဘူး။ မင်းသဘောအတိုင်း မင်းကံအကြောင်းတရားနဲ့ ကိုယ့်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဆောင်တော့လို့ ပြောတာ။ နောင်တရရင်တော့ ကြိုက်ရာအကူ အညီပြောပေါ့ကွာ' တဲ့။

"မင်းအမှုကိစ္စကြားရတာ စိတ်မကောင်းပါဘူး လံဘားရယ်။ မင်းဟာ စားခုတ်ရာ လက်ဝင်လျှိုသလိုပဲ။ ခုတော့ ဘာလုပ်ကိုင်စား သောက်မတုံး။ အရေးပေါ်စီမံချက်ကတော့ ပြင်းတယ်။ ဘိလပ်မြေအတု သမားရော၊ အရက်အတုရော၊ အချိုမှုန့်အတုရော၊ ဆရာဝန်အတုရော အကုန်ဆွဲပဲ"

"ကျွန်တော် ဆရာကြီးထံမှာ အကူအညီတောင်းမလို့"

"ပြော ... ဘာလဲ နေစရာလား၊ စားစရာလား မပူနဲ့။ ငါနဲ့ သိတဲ့ ဘုန်းကြီးကျောင်းတွေ အများကြီးပဲ။ အရေးကြီးတာ မင်းရဲ့ မကောင်းတဲ့သောက်ကျင့် ဒုစရိုက်အချိုးကို ပြုပြင်ပြောင်းလဲပစ်ဖို့ပဲ။ အဲဒါပြောင်းရင် ထမင်းမငတ်စေရဘူး"

"ကျွန်တော် ပြောင်းပါ့မယ် ဆရာကြီးရာ"

"တကယ် ဟုတ်ရဲ့လား။ ခွေးမြီးကောက် ကျည်တောက်စွပ် မလုပ်နဲ့နော်။ ငါပါ ရောနာမည်ပျက်မယ်"

"စိတ်ချပါ ဆရာကြီးရာ။ ကျွန်တော် ဒီဒုစရိုက်လုပ်ငန်းတွေ ကို ရှုံ့မုန်းလို့ ဘုရားမှာ အဓိဋ္ဌာန်ပြု၊ လှူဒါန်းလိုက်ပါပြီ။ ဆရာကြီးသာ ကျွန်တော့်ကို ထမင်းစားဖို့ အလုပ်ကလေးတစ်ခုသာကူညီပါ ဆရာကြီး ရယ် ... နော်"

"ကောင်းပြီ ... လံဘား။ ကိုယ့်ဘဝကိုယ် နားလည်သလို ဒုစရိုက်နဲ့သုစရိုက်ကို ခွဲခြားနားလည်ပြီး မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိကို ကွဲကွဲ ပြားပြား သဘောပေါက်ပြီဆိုရင် လက်တွေ့လုပ်ဖို့ပဲ လိုတယ်။ လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြည့်ဗျာ။ လွတ်လပ်ငြိမ်းချမ်းခြင်းရဲ့ သဘာဝအရသာကို နားလည်ခံစားနိုင်ပြီး လူ့ရာဝင်ဘဝကို ပြန်ရလိမ့်မယ်။ ကိုင်း ... ကြာတယ် ... ထ ... ငါနဲ့လိုက်ခဲ့''

ဒီလိုနဲ့ စာရေးဆရာကြီး ဦးနေရောင်ထိန်ရဲ့ ကူညီဖေးမ,မှုနဲ့ ပန်းဆိုးတန်းလမ်းက စာအုပ်အဟောင်းရောင်းဆိုင်မှာ ပညာသင်အရောင်းအလုပ်ကို ရခဲ့လိုက်တယ်။

ကျုပ်ရဲ့ စာအုပ်ဆိုင်ရှင်က ရှားရှားပါးပါး စာအုပ်များကို လိုက်ရှာမေးမြန်းဝယ်၊ ဆိုင်ပေါ်ရောက်တော့ ကျုပ်က အမြတ်တင်ရောင်း။

ဒီလိုနဲ့ အရောင်းအဝယ်လုပ်ငန်းရဲ့ အရေးပါအရာရောက်ပုံ၊ အလေးအနက်ရှိပုံ၊ စုဆောင်းရှာဖွေပုံ၊ အလိုရှိသူတို့ လိုချင်တာရပြီး ပျော်ရွှင်ကြည်နူး ဝမ်းသာကြသည့်မြင်ကွင်းကို ကြည့်ပြီး ကျုပ် စိတ်ရောကိုယ်ပါ ချမ်းသာခဲ့ရတယ်။

နောင်တော့ ကျုပ်ရဲ့ စာအုပ်အဟောင်းလုပ်ငန်းရှင်က ကျုပ်ရဲ့ကြိုးစားမှု၊ တည်ကြည်မှုကိုကြည့်ပြီး မင်းလည်း လုပ်ငန်းသဘောနားလည်လာပြီပဲ။ စာအုပ်အဟောင်းအရောင်းဆိုင် ခွဲထောင်ပြီး ကိုယ်ပိုင်လုပ်ငန်းလုပ်တော့လို့ ခွင့်ပြုပါရော။

ဝမ်းသာလိုက်ရတာများ ... ဦးကြည်မိုးက သူ့အသိတွေဆီက စာအုပ်အချို့ကို ဈေးသက်သက်သာသာနဲ့ အကြွေးဝယ်ပေး၊ ရောင်းပြီးပြန်ဆပ်။ ဆက်ပေးတယ်။ ကျုပ်ကလည်း တစ်ရက်နှစ်ယောက် ကွင်းဆင်းပြီး ပိသုကာချိန်နဲ့ရောင်းတဲ့ စာအုပ်ကုလားများနဲ့ သွားတွေ့။

အဲဒီအလေးချိန် ကုလားများထံက ရှေးဟောင်းစာအုပ်များကို ပြန်ဝယ်။ စုတ်နေရင် အဖုံးကို အသစ်ပြန်ဖုံးချုပ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလုပ်ပြီး အလုပ်ထဲမှာ စိတ်ပါဝင်စားနေလိုက်တာ။

စာရေးဆရာ အသစ်အဟောင်းများနဲ့လည်း အလုပ်ကိစ္စကို နွယ်ပြီး ရင်းနှီး။ စာအုပ်အဟောင်းလိုက်ရှာသူ၊ စာအုပ်ချစ်သူ လူတန်းစား ပညာတတ်အလွှာများနဲ့ ရင်းနှီးလာပြီး လုပ်ငန်းအောင်မြင်လာခဲ့တယ်ဗျာ။

ကျုပ်မှာ လူရာဝင်ဆန့်လာခဲ့ရတယ်။

ပန်းဆိုးတန်းစာအုပ်အဟောင်း ဈေးကွက်မှာ လံဘားကျောက်တံတားဆိုရင် ဘယ်သူ့မေးမေး အကုန်သိတယ်။

အခု ... အလကားလံဘား မဟုတ်တော့ဘူးခင်ဗျ။

ပတ္တမြား လံဘားကျောက်တံတား ဖြစ်နေပြီ။ တစ်ချိန်တစ်ခါတုန်းက ကျောက်တံတားအပါအဝင် ရန်ကုန်နေရာအနှံ့အပြားကို ခိုးကြောင်ခိုးဝှက် ပုန်းလျှိုးကွယ်လျှိုး သွားခဲ့ရတယ်။

ရဲမြင်ရင် ရင်တုန်ပြီး ပြေးရတယ်။

မသက်ာလို့ခေါ်စစ်ရင် ဘားလမ်း၊ စတီးလ်ဝပ်အချုပ်မှာ နှစ်ည အနည်းဆုံး အိပ်ရတယ်။

စတီးလ်ဝပ်အချုပ်တော့ ခင်ဗျားတို့ ကြားဖူးမှာပေါ့။ စာရေးဆရာကြီး ပုဂံသူရရေးတဲ့ (မင်းအသက်ငါ့ပေး ဆရာကြီးမြခိုင်) ဝတ္ထုထဲက လူဆိုးတွေကို ဖမ်းဆီးထည့်ထားတဲ့ အချုပ်လေ။

အင်္ဂလိပ်ခေတ် အစိုးရရဲ့ နရသိန်အချုပ်ပေါ့။

ချေးစော်သေးစော်က နံ၊ ခြင်က ကိုက်။

ခုတော့ မရှိတော့ဘူး။ တပ်မတော်အစိုးရ လက်ထက်ရောက်တော့ အဲဒီ ဘားလမ်းစတီးလ်ဝပ် အချုပ်ထောင်ကိုဖျက်ပြီး ခန့်ငြားထည်ဝါအဆောက်အဦကြီး ဆောက်လိုက်ပြီ။

---



www.burmeseclassic.com

www.burmeseclassic.com



ယခင်တုန်းက ကျုပ်နဲ့ထိတွေ့ ဆက်ဆံရသူများက ...

သူခိုး၊ ဂျပိုး၊ ခါးပိုက်နှိုက်၊ ဖောက်ထွင်းဝိဇ္ဇာ၊ သေနတ်၊ လူလိမ်လူကောက်၊ ထောင်ထွက် ဒုစရိုက်သားတွေ။

အခုကျုပ်နဲ့ ဆက်ဆံနေရတာက ...

စာရေးဆရာ၊ တက္ကသိုလ်ကျောင်းသား၊ သမိုင်းပညာရှင်၊ ဥပဒေပညာရှင်၊ ပါမောက္ခ၊ တက္ကသိုလ်ကျောင်းဆရာ၊ အထက်တန်းပြကျောင်းဆရာ၊ စာပေချစ်မြတ်နိုးသူများ၊ ကဗျာဆရာ။

ကိုင်း ... အဆင့်အတန်းက မိုးနဲ့မြေလို မကွာလားဗျာ ... နော်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

❑

တစ်နေ့ နေ့ခင်း ...။

(၃၂)လမ်းက ဒန်အိုးဒန်ခွက်၊ သတင်းစာရောင်းတဲ့ ကုလား အုပ်စုနဲ့တွေ့ပြီး ရှေးဟောင်းသတင်းစာနဲ့ စာအုပ်အဟောင်းများကို ရွေး ဝယ်နေတုန်း နောက်ကနေ ကျုပ်ပခုံးကိုပုတ်လိုက်လို့ လှည့်ကြည့်လိုက် ရော ...

"ဟာ ... ဆရာ"

ဘုရားရေ ... ကျုပ်ကိုစိုက်ကြည့်နေတာ ဘယ်သူလဲ သိလား။ ရဲအုပ်စခန်းမှူး ဦးရွှေစတင်းခင်ဗျာ။

ကျုပ်ဗျာ ... ခေါင်းနားပန်းကြီးပြီး ရင်တစ်ခုလုံး ‌ဟောင်း လှုပ်သလို တုန်ခါသွားပါရော။



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးဦးရွှေစတင်းက အရပ်ဝတ်အရပ်စားနဲ့။ သူ့ညာလက်ကို နောက်ဘက်ပစ်ပြီး ကျုပ်ကိုကြည့်နေတာ။

"လံဘား ..."

"ဗျာ ... ဗျာ ... ဆ ... ရာ ... ဘာ ... ဘာကိစ္စ ပေါ်လာပြန်ပြီလဲ ဆရာ။ ကျွန် ... ကျွန် ... တော် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေတာ တစ်နှစ်ကျော်သွားပါပြီ ဆရာ"

"ငါသိပါတယ်"

"အခု ... ဆ ... ရာ .. ဘာ ... ဘာလုပ်မလို့လဲ"

"မင်းနဲ့ စကားပြောချင်လို့ပါ"

"ဗျာ ... ကျွန်တော်နဲ့။ ကျွန်တော် ဘာလုပ်လို့လဲ"

"ဟ ... လံဘားရ ... မင်းဘာလို့ ငါ့ကို ကြောက်နေရတာလဲ ပြောပါဦး"

"ဆ ... ရာ ... ဆရာတို့ရဲဆိုတာ ကျွန်တော်တို့ ပြစ်ချက်ဟောင်းရှိသူတွေကို လိုအပ်လာရင် ခဏလေးပါလို့ခေါ်ပြီး ... ဟို .. ဟို ..."

"ဟား ... ဟား ... ဟား ... ဟား ... ဖြစ်ရလေ လံဘားကျောက်တံတားရာ။ ရဲမြင်တိုင်း လန့်ရတယ်လို့ကွာ။ ဒီမှာ လံဘားရဲ့ ငါ အခု ရဲအမှုထမ်း မဟုတ်တော့ပါဘူးကွာ။ မင်း ငါ့ကို လုံးဝကြောက်စရာ၊ လန့်စရာ မလိုတော့ပါဘူးကွာ"

"ဗျာ ... ဆရာ ... ရဲအမှုထမ်း မဟုတ်တော့ဘူး။ ကျွန်တော်ကို မညာချင်ပါနဲ့ဆရာရယ်။ ဆရာ လွန်ခဲ့သည့်နှစ်နှစ်၊ သုံးနှစ်လောက်တုန်းက မော်လမြိုင်မှာ စခန်းမှူးလေ။ ဆရာပဲကျွန်တော့်ကို မဂိုလမ်းလူသတ်မှုကိစ္စနဲ့ ဖမ်းခဲ့သေးမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့သည့် သုံးနှစ်လောက် ငါ ရဲစခန်းမှူးဆိုတာ မှန်ပါတယ်။ အခု မဟုတ်တော့ဘူး"

ကျုပ်က သူရဲ့ ခပ်တည်တည်အပြောကို မယုံသလိုကြည့်ပြီး ရပ်တလှပ်လှပ်ဖြစ်နေတုန်းပဲ။

ဘယ်လို အမှုပောင်းနဲ့ ဆွဲချင်မေးချင်လို့များ ဘွားခနဲ ပေါ်လာသလဲမသိဘူး။

"မင်း မယုံဘူးလား"

"မယုံဘူး"

"မယုံရင် ဒီမှာကြည့်ကွာ"

"ဟင် ..."

ဦးရွှေစတင်းဟာ ပြောရင်းက နောက်ဘက်မှာ ဝှက်ထားသည့် သူ့ညာလက်ကို ထုတ်ပြီး အင်္ကျီလက်မောင်းကို လှန်ပြလိုက်ရော ကျုပ် အကြီးအကျယ် အံ့သြသွားခဲ့ရရဲ့ဗျာ။

ဘုရားရေ ...

စခန်းမှူး ဦးရွှေစတင်းရဲ့ ညာလက်ဟာ တံတောင်ဆစ်ကနေ ငုတ်တိုကြီးပြတ်လို့။

အလို ... သူ ဒုက္ခတိဘဝကို ရောက်သွားပါကလား။

"ဆရာ ... ဆရာ ... ဘယ် ... လို ... ဖြစ်ရတာလဲ ... ဟင် ... ဟင်"

" (.....) မှာ တာဝန်ကျတုန်းက အနုကြမ်းစီးသူ့ သူ့ဆိုး တွေနောက်ကိုလိုက်ရင်း ကားမှောက်ပြီး ငါ့ညာလက်ပြတ်သွားတယ်။ တိုတိုပြောရရင် ဒီလက်က အပစ်အခတ်အလုပ်ကို လုပ်လို့မရတော့ဘူး။ အဲဒါ နောက်ဆုံး ဆေးပင်စင်ယူလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖြစ်ရလေ ဆရာရယ်"

"လာကွာ ... တို့များပြန်တွေ့တုန်း စကားအေးအေးဆေး ဆေး ပြောကြရအောင်လား။ ဟိုလက်ဖက်ရည်ဆိုင်ကို သွားကြစို့"

ကျုပ်လည်း ကြားရချက်၊ မြင်ရချက်ကြောင့် စိတ်မကောင်း လိုက်တာဗျာ။ တစ်ချိန်တစ်ခါတုန်းက သူဟာ ကျုပ်ကို အချုပ်နဲ့ထောင် မကြာခဏ ပို့ခဲ့သူဖြစ်ခဲ့ပေမယ့် ခုတော့ သူ ဒုက္ခိတဘဝနဲ့ အငြိမ်းစား အရပ်သားဖြစ်နေပြီ။ ဒါနဲ့ လိုချင်သည့်စာအုပ်များကို ဈေးပြောပြီး ကုလားတွေကိုငွေရှင်း။

သည့်နောက် စာအုပ်များကို အိတ်တစ်ခုထည့်ဆွဲလို (၃၂)လမ်း က 'ချူကင်း' တို့ လက်ဖက်ရည်ဆိုင်ကို နှစ်ဦးသား ဝင်ခဲ့ကြတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျုပ်မေးလို့ သူက ကား မှောက်လက်ပြတ်ခဲ့ရသည့်ဘဝကို ပြောပြတယ်။ လူဆိုးအချို့လည်း အသေမိခဲ့သတဲ့။

"မင်း ... စာအုပ်အဟောင်း ရောင်းဝယ်ရေးလုပ်ငန်းလုပ် နေတာ ငါမြင်တယ်ကွ လံဘားရ"

"ဟုတ်လား ဆရာ"

"ငါဝမ်းသာတယ်ကွာ။ မင်းကို ငါ အဲဒီလိုမြင်ချင်တာ ဟိုတုန်း ကတည်းကပါ လံဘားရာ။ မင်းက ဆိုးနေလို့ပါ။ အခုလို ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားနေတာကို ရဲတပ်ဖွဲ့ကလည်း သိကြပါတယ်။ စိတ်ချ ...။ မင်းကို ဘယ်ရဲကမှ လာမဖမ်းတော့ဘူး"

"ဆရာ ... အခု ဆရာရော ဘာလုပ်ငန်းများ လုပ်ကိုင်နေ သေးလဲ ဟင်"

"ငါ စာအုပ်ပုံနှိပ်ထုတ်ဝေရေးရော၊ စက္ကူရောင်းဆိုင်ရော



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားတယ်ကွ"

"ဟုတ်လား ...။ ဘယ်နေရာမှာတုံး ဆရာရဲ့။ ကျွန်တော်တောင် မသိရပါလား"

"တပည့်တွေနဲ့လွှတ်ထားတော့ မင်း မသိဘူးပေါ့။ (၃၁)လမ်းမှာကွ။ ငါ့စာအုပ်ထုတ်ဝေရေး တိုက်အမည်က လူသစ်စိတ်သစ်စာပေတဲ့။

"ဝမ်းသာလိုက်တာ ဆရာ။ ခါးပိုက်နှိုက်သူခိုး ကျွန်တော်က အခု စာအုပ်အရောင်းအပေါင်း အရောင်းသမား၊ ခါးပိုက်နှိုက်သူခိုး လူဆိုးတွေကို ထောင်ထဲပို့တဲ့ဆရာက အခု စာအုပ်ထုတ်ဝေရေးသမား။ ကျွန်တော်တို့ ဇာတ်ပေါင်းပြီဆရာ။ ကျွန်တော် ဘာအကူအညီပေးရမလဲ ပြော"

"ဟုတ်တာပေါ့ လံဘားရာ။ တစ်ချိန်တုန်းက မင်းနဲ့ငါဟာ လိုက်တန်းပြေးတန်းကစားသလို ပညာပြိုင်ဘက်ပေါ့ကွာ"

"ဟား ...ဟား ...ဟား ...ဟား ...ဆရာကတော့ လုပ်ပြီဗျာ"

"ခုတော့ မင်းရဲ့ဒဿနအတိုင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းစည်းရမည့် လုပ်ဖော်ကိုင်ဘက်များပေါ့။ ဒီလိုလုပ်ကွာ ...။ ငါ့တိုက်မှာ စာအုပ်လက်ကျန်အချို့ရှိတယ်။ မင်းရောငါရော နှစ်ဦးနှစ်ဖက် အလုပ်ဖြစ်အောင် မင်းက အဟောင်းတွေကိုယူရောင်း။ ငါက အသစ်တွေကို ထုတ်။ ဘယ့်နှယ် ..."

"လုပ်လိုက်လေဆရာ ကြာသလားလို့"

"လုပ်မှာ ...။ ခုချက်ချင်းကို လုပ်မှာ"

"ဟား ...ဟား ...ဟား ...ဟား ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ဟား ..."

ကျုပ်တို့နှစ်ဦးရဲ့ ပြိုင်တူရယ်သံဟာ ...

အမုန်း မရှိဘူး။

အငြိုးအတေး မရှိဘူး။

ကောက်ကျစ်စဉ်းလဲမှု မရှိဘူး။

လောကဓံကို ဘယ်လိုရင်ဆိုင်ရမလဲဆိုသည့် အသိနဲ့ ပေါင်းစည်းနေကြတယ်။

တိုတိုပြောရရင် ကျုပ်တို့နှစ်ဦးရဲ့ စာပေလုပ်ငန်းပေါင်းစည်းမှု၊ ချစ်ကြည်ရင်းနှီးမှုကိုကြည့်ပြီး ကျောက်တံတားရဲ့အဖွဲ့က 'အိုးလိသားဗစ်' ရဲ့ကြီးတွေ အံ့သြကုန်ကြတယ်။ ဒါနဲ့အတူ အမြင်မှန်ရပြီး အလုပ်ကြိုးစားနေတဲ့ ကျုပ်ကိုကြည့်ပြီး ...

"လံဘား ...ဘာအကြောင်းကိစ္စရှိရှိ အချိန်မရွေးလာခဲ့"

... တဲ့။

ခုတော့ ကျုပ်က ကျုပ်ရဲ့ဆရာသမားများရှိရာကို ရဲရဲဝံ့ဝံ့ ဝင်ရဲထွက်ရဲပေါ့ဗျာ။

သူတို့ကလည်း ကျုပ်ကို စောင့်ရှောက်ကြလေရဲ့။

ကျုပ်က ရန်ကုန်မြေကို သိပ်ချစ်တာလေ။

အထူးသဖြင့် ကျုပ်ကျက်စားခဲ့ဘူးတဲ့ ပေါဒီကျောက်တံတားကို အမေရင်း အဖေရင်းလို ချစ်ခဲ့ရတာ။

အခု ပန်းဆိုးတန်းဆိုတဲ့ ရန်ကုန်၊ ကျောက်တံတားမြို့နယ်ရဲ့ အချက်အခြာ လေညှဉ်းသုန်သုန် လမ်းမန်ဘေးမှာ ...

ကျုပ် ချွေးစက်တွေကို စိုက်ပျိုးနေတယ်။

အပြုံးတွေကို အရောင်တင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ...ကျုပ် ကျောက်တံတားမြို့နယ်မှာ အခန်းပိုင်လေး တစ်ခု ရနေပြီ။

ကိုယ်ပိုင်စာအုပ်စင်လေး၊ စာကြည့်တိုက်လေးပါ ရှိနေပြီ။ စာအုပ်ရောင်းရင်း စာကိုဖတ်ခဲ့ရလို့ ကျုပ်စာမျိုးစုံ ဖတ်နိုင်ပြီ။

စာအုပ်စာပေရဲ့ အသိဉာဏ် ဖွင့်ပေးမှုကြောင့် ကျုပ် ပညာရှိ မဖြစ်ပေမဲ့ ပညာအသိ ရှိနေပါပြီခင်ဗျာ။

တစ်မနက်ပေါ့ဗျာ ...။

ကျုပ်ရဲ့ စာအုပ်အရောင်းဆိုင်မှာ လူငှားချာတိတ်လေးထားခဲ့ပြီး မှာထားသူများအတွက် ဗန်းမော်တင်အောင်ရဲ့ နန်းဟာမီးရယ်၊ မြသန်းတင့်ရဲ့ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် စာအုပ်ရယ်၊ အနောက်ဘက်စစ်မျက်နှာဆိုသည့် ဘာသာပြန်စာအုပ်ရယ်ကို အသိဆိုင်များက ရှာဖွေယူလာခဲ့ပြီး စားနေကျ အမေမြတို့ထမင်းဆိုင်ရှိရာ ပန်းဆိုးတန်း ကုလားဘုရားကျောင်းနားကဆိုင်ကို ဝင်လိုက်တယ်။

"ဘာဟင်းနဲ့လဲ ငလံ"

"ထုံးစံအတိုင်း ဘဲဥချဉ်ရည်ဟင်းပေါ့ အမေမြရဲ့"

"ဟဲ့ ...ငလံရဲ့၊ တစ်နေ့လာလည်း ဘဲဥချဉ်ရည်ဟင်း၊ နောက်နေ့လာလည်း ဘဲဥချဉ်ရည်ဟင်း။ နင်ဒီလောက် စီးပွားဖြစ်နေတာ ကြက်သား၊ ဝက်သားများ ပြောင်းစားပါဦးလားဟဲ့"

"မကြိုက်လို့ပါ အမေမြရာ"

"ဟွန်း ...ကောင်လေး၊ ကြည့်ရတာ မဟုတ်မှလွဲရော မိန်းမယူမလို့များ ငွေစုနေသလားမသိဘူး"

"ကျုပ်လို အရုပ်ကလံကလားကြီးကို ကြိုက်မည့်သူ၊ ယူမည့်သူလည်း မရှိပါဘူး အမေမြရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ဟင်း ... ငါအသက်ကြီးသွားလို့ ငလံရဲ့။ နှမ်မို ... နင့်ကို ငါယူတယ်"

"ဟား ... ဟား ... ဟား ... ဟား ... အမေမြတို့က တော့ဗျာ။ ကျုပ်မျက်နှာ ဘယ်ထားရမှန်း မသိဘူးဗျာ"

"နေရာရှိတယ်ဟဲ့"

"ဘယ်နေရာတုန်း အမေမြ"

"အိမ်သာထဲ"

"ဟား ... ဟား ... ဟား ... ဟား ... လုပ်ချက်ကတော့ တိန်ခနဲပဲ အမေမြရေ။ ဟား ... ဟား ... ဟား ... ဟား"

အမေမြရဲ့ပြောချက်ကြောင့် အခြားဝိုင်းမှ ထမင်းစားနေသူ များကလည်း ရယ်ကြလေရဲ့ဗျာ။

ဒီအချိန်မှာ စားပွဲထိုးမိန်းကလေးတစ်ဦးက ကျုပ်ရှေ့မှာ ထမင်းဟင်းပန်းကန်များ လာချပေးလေရဲ့။

"ဘာလိုသေးလဲ အစ်ကို"

အလို ...

ဒီအသံမျိုး ကြားဖူးသလိုရှိရဲ့။

ဒါနဲ့ ခေါင်းမော့ကြည့်လိုက်ရော ...

"ဟာ ... ခင် ... ကြိုင်"

"ခင် ... ကြိုင် ... မင်း ... မင်း ... ခင်ကြိုင်နော်။ ဟုတ် တယ်မဟုတ်လား ဟင် ... ဟင်"

မိန်းကလေးက ခေါင်းကိုငုံ့ထားတယ်။ ကျုပ် ထရပ်ပြီး ရဲရဲ တင်းကာင်းပဲ စားပွဲထိုးမိန်းကလေးရဲ့ မေးစေ့ကို ညာလက်နဲ့ပင့်ပြီး ကြည့် လိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ကြိုင် ... ခင်ကြိုင် ... ညီမလေး"

"အစ်ကို"

"ဝမ်းသာလိုက်တာ ခင်ကြိုင်ရာ"

ကြည့်စမ်းဗျာ။ ကျုပ် ရင်နင့်အောင်ချစ်ခဲ့ရတဲ့ ခင်ကြိုင်လေ။ ရှင်မတောင်သနပ်ခါး အကွက်ကြားနဲ့။

ကိုယ်သင်းနံ့လေးရှင်းလို့။

ကျုပ်တို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး စကား မပြောနိုင်ကြဘူး။ ဝမ်းသာနေကြတာ။

ကျုပ်ကလည်း သူမရဲ့လက်ကို ဆုပ်ကိုင်ထားမြဲ။

သူမကလည်း ဝမ်းသာမျက်ရည်ရွှဲရွှဲနှင့် ကျုပ်ရဲ့မျက်နှာကို ကြည့်ပြီး ပျော်ငိုလေးငိုလို့။

BURMESE CLASSIC

ဒီမှာ ကျုပ်က ထမင်းဆိုင်ရဲ့နောက်ဘက်ကို လှည့်ပြီး အသံ ကုန်အော်ပြောလိုက်ပါရော ခင်ဗျ။

"ဗျို့ ... အမေမြ ... အမေမြရေ ..."

"ဘာတုံးဟဲ့ ငလံရဲ့။ လန့်လိုက်တာတော်။ ဘဲဥချဉ်ရည်ဟင်း နေ့တိုင်းစားပြီး အသံပြဲကြီးနဲ့ ဘာလို့ အော်နေရတာတုံး"

"ကျုပ် ဘဲဥချဉ်ရည်ဟင်းစားပြီး ငွေစုနေတာ ဘာကြောင့်လဲ သိလားဗျ ... အမေမြ"

"သေရင် ခေါင်းကောင်းကောင်းနဲ့ သွားချင်လို့နေမှာပေါ့ဟဲ့ ဘဲဥရဲ့"

"မဟုတ်ဘူးဗျ ... မဟုတ်ဘူး။ အဲဒါ ကျုပ် မိန်းမယူဖို့ တင် တောင်းဖို့ဗျ ... အမေမြရဲ့ သိရဲ့လား"

"ဟဲ့ ... ငလံရဲ့၊ နင့်လို အရုပ်ချောက်ပေကျေး၊ ခေါင်းမဆန့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကလနိကလားကို ဘယ်လိုမိန်းမက ကြိုက်မှာ ယူမှာလဲတဲ့ ... ဘဲဥချဉ်ရည်ဟင်းရဲ့"

"အခု ယူမည့်သူ တွေ့ပြီဗျို့"

ဒီမှာ အမေမြကြ ယောင်းမကြီးကိုင်ပြီး ထွက်လာရင်းက ...

"နင့်ကိုယူမှာ ဘယ်သူတုံး ငလံ"

"ဟောဒီ အမေမြထမင်းဆိုင်က စားပွဲထိုးမိန်းကလေး ခင်ကြိုင်ပဲခင်ဗျ။ သိလား"

"ဟေ ... ငလံ ..."

"ဘာတုံး ခင်ဗျ"

"ခင်ကြိုင်"

"ရှင် ..."

"နင် ... နင်တို့ သိကြတယ်။ ဟိုဒင်း ... ဟို ... ဟို ... သ ... မီး ... ရည်း ... ရည်းစားတွေ ... ဟုတ် ... လား ... ဟုတ်လား"

"ဟုတ်တာပေါ့ဗျာ။ ဟုတ်လွန်းလို့ ဟုတ် ... ဟုတ်နဲ့ မြည်သေးဗျာ။ ခင်ကြိုင် ... ညီမလေး ဟုတ်ကဲ့လို့ ပြောလိုက်လေ။ မြန်မြန်ပြောလိုက်ပါဟ"

"ခင်ကြိုင် ... ငလံပြောတာ ဟုတ်သလားဟင်"

ဒီမှာ ခင်ကြိုင်က ရှက်ရွံ့စိုးကြောင် မျက်နှာလေးနှင့် ...

"ဟုတ် ... ဟုတ် ... ကဲ့"

"ဘုရားရေ ... အံ့သြစရာပါပဲလား။ ဒီနေ့မှတွေ့ပြီး ဒီနေ့ ကြိုက်ကြသတဲ့တော်။ ဘယ်တုန်းကများ သမီးရည်းစား ဖြစ်ခဲ့ကြသလဲ မသိဘူး။ ဟဲ့ ... ငလံ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး အမေမြ"

"ဒါ ... ဒါ ... ငါ့တူမဟုတ်"

"ဗဲရိုးဂွတ်ပေါ့ အမေမြရာ။ ကျုပ်ချစ်တဲ့ ခင်ကြိုင်လေးက အမေမြရဲ့တူမဆိုတော့ အမေမြဟာ ဒီနေ့ ဒီအချိန်ကစပြီး ကျုပ်ရဲ့ အဒေါ် ဖြစ်သွားပြီပေါ့ဗျာ။ ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

ဒီမှာပဲ အမေမြက ဝမ်းသာအဲလဲရယ်ရင်းကနေ ယောင်းမကြီးနဲ့ ကျုပ်ကို ရှယ်လိုက်ရော။ နဂိုကတည်းက လက်ကျမြန်တဲ့ကျုပ်က ...

ခင်ကြိုင့်ကိုရော၊ အမေမြကိုပါ လက်တံရှည်ကြီးနဲ့ ဆွဲဖက်ထားလိုက်တာ ထမင်းဆိုင်ကလူတွေ ဝက်ဝက်ကွဲရယ်ကြ။

ကျုပ် ပြောပါပကောလားဗျာ။

ကျုပ် ရန်ကုန်ကို ချစ်တယ်။

ကျောက်တံတားမြေကို ချစ်တယ်။

ဟော်ဒီ ကျုပ် ချစ်ခင်မြတ်နိုးရတဲ့ ကျောက်တံတားမြေပေါ်မှာ ကျုပ်ချစ်သူ မိခင်ကြိုင်လေးနဲ့။

အချစ်ကို ရိုးမြေကျ စိုက်ပျိုးသီးပွင့်ဝေဆာအောင် ရေလောင်းပေါင်းသင် သွားတော့မယ်ဗျာ။

ကျုပ်နာမည် ...

လံဘား ကျောက်တံတားလေ။

နတ်လှူဦး

www.burmeseclassic.com